www.burmeseclassic.com

စိန်သရဖူစာပေ

# မောင်လှမျိုး

(ချင်းဝေးချောင်းမြဲ)

## အသည်းနှလုံး၏ ဘယ်လက်ရုံး

BURMESE CLASSIC .com



အသင်စက်စက်လုံးချင်းဆွ ၊

www.burmeseclassic.com

www.burmeseclassic.com


မောင်လှမျိုး (ချင်းချောင်းရှိ)

အသည်းနှလုံး၏ ဘယ်လက်ရုံး

စာမူခွင့်ပြုချက်အမှတ် • ၅၀၁၄၂၄၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၈၀၄၁၆၁၁၀၇
ပုံနှိပ်ခြင်း • ပထမအကြိမ်
ထုတ်ဝေသည့်ကာလ • ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ
မျက်နှာဖုံးပန်းချီ • ပန်းချီဝင်း
အတွင်းကွန်ပျူတာစာစီ • မြဒါဖြိုး
စာအုပ်ရေ • ၅၀၀ — အုပ်
တန်ဖိုး • ၁၀၀ — ကျပ်

ထုတ်ဝေသူ

ဒေါ်ထင်တင်အုန်း (၀၃၇၄၈)၊ စိန်သရဖူစာပေ
အမှတ်-၆၆၊ ၆-လမ်း၊ ရန်ကုန်မြို့။


အတွင်းပုံနှိပ်သူ

ဒေါ်ချစ်၊ စန္ဒာမိုးပုံနှိပ်တိုက်
အမှတ်-၂၀၀၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ


ဒေါ်သိမ့်နှင်းသက်လွင် (မြဲ-၀၈၀၄၂)၊ သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်-၁၀၆၊ တာမွေလမ်း
တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေ၊ ရန်ကုန်။


BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးပြောတဲ့ တစ်ဆင့်စကားနဲ့၊
ကိုယ့်ချစ်သူကို စွပ်စွဲတာတား၊
သူတစ်ပါးပေးတဲ့ ဓားနဲ့၊
ကိုယ့်ချစ်သူကို ထိုးသိုက်တာနဲ့ အတူတူပဲ။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



အိပ်မယ် လှုပ်မှ
လှုပ်နှိုးသလို၊
မျက်ဝန်းချိုမြ
သူက၊ လှတယ်
မေ့မလွယ်ဘူး
အအိပ်ဆတ်တယ် ဆိုပါတော့ . . . ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

ကျွန်တော်သာ ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်ပါက (သို့မဟုတ်) ရုပ်ရှင်ဇာတ်ကားတစ်ကား၏ အဓိကဇာတ်ဆောင် တစ်ဦး ဖြစ်ပါက၊ ယခုအပြုအမူကို လော်ရောက်မှာန့်တားသောသူသည်၊ လူကြမ်း (ဒါမှမဟုတ်) ဇာတ်ပို့ဇာတ်ရံတွေ ဖြစ်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော် ကြည့်ခဲ့ဖူးသော ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားများထဲတွင်၊ လူကြမ်းဇာတ်ဆောင် တစ်ဦး (သို့မဟုတ်) ဇာတ်ပို့ဇာတ်ရံတစ်ဦးဦးက၊ လမ်းပေါ်တွင် မိန်းကလေး တစ်ယောက်ကို၊ ရည်းစားစကားလိုက်ပြောနေပါက၊ မကြာမီအချိန် အတွင်း၌ (သေချာပေါက်) ဇာတ်လိုက်မင်းသား တစ်ယောက် ဘွားခနဲ ပေါ်လာပေလိမ့်မည်။ ထို့နောက် ... "ဒီမြင်ကွင်းက၊ သိပ်အကျည်း တန်နေတယ်ကွာ ...။ မင်း၊ လိုက်မနှောင့်ယှက်ရင် ကောင်းမယ်" ... ဟသည့်ဖြင့် ဝင်ရောက် ပြောဆိုဟန့်တားပြီး ထိုးကြကြိတ်ကြ ဖြစ်ကုန် ကြပေမည်။ ထို့နောက် မင်းသား နိုင်ချင်နိုင်ပေမည်။ ရှုံးချင်ရှုံးပေမည်။ နိုင်လျှင် မင်းသမီးက ကျေးဇူးတင်ပြီ။ ရှုံးလျှင် ကရုဏာသက်ပေမည်။

ထိုသို့မဟုတ်ဘဲ၊ ဇာတ်လိုက်မင်းသားကိုယ်တိုင်က၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင်၊ ကောင်မ,လေးတစ်ယောက်ကို၊ လိုက်လံစကားပြောနေချိန်၊ တစ်စုံတစ်ယောက်က (သို့မဟုတ်) အုပ်စုတစ်စုက လာရောက်ဟန့် တားလျှင်၊ (များသောအားဖြင့်) ထိုဟန့်တားသူတို့မှာ၊ လူကြမ်းများသာ ဖြစ်ပေမည်။

"ဘယ်လိုလဲ ကိုယ့်လူ။ မိန်းကလေးတစ်ယောက်ကို၊ လိုက်နှောင့်ယှက်နေတာ၊ ကမ္ဘာမြေပြင်ရဲ့ အလှတရားကို ဆေးဆိုးနေတာနဲ့ မတူဘူးလား။ မြင်ကွင်း မလှဘူးကွာ"

အိုက်တင်ကောင်းသော လူကြမ်းခေါင်းဆောင်က, ထိုကဲ့သို့ ရှိသဲ့သဲ့လေသံဖြင့် ပြောပေမည်။

"ဟေ့ကောင်။ ဘုမသိဘမသိနဲ့၊ ဆရာကြီး ဝင်မလုပ်နဲ့။ ဒီမှာ ... ကိုယ့်ကိစ္စကိုယ် လုပ်နေတာ၊ ဝင်မရှုပ်နဲ့။ ပြဿနာတက်သွားမယ်"

ဒါက ... လူကြမ်းကို ဇာတ်လိုက်မင်းသားပြောသော စကားလုံးများ ဖြစ်ပေသည်။ ထိုအခါ လူကြမ်းက,

"ဟား၊ ရှေ့တည့်တည့်မှာ၊ ပြဿနာတက်နေတာကိုတော့၊ လက်ပိုက်ကြည့်မနေနိုင်ဘူးလေ"

မကြာမီ သူတို့ ထိုးကြကြိတ်ကြပေလိမ့်မည်။ ဘယ်လိုပဲ ထိုးထိုးကြိတ်ကြိတ်၊ ဘယ်သူပဲ နိုင်နိုင်၊ ဘယ်သူပဲ ရှုံးရှုံး၊ ကောင်မ,လေးကို စကားလိုက်ပြောသူမှာ၊ ဇာတ်လိုက်မင်းသား ဖြစ်သဖြင့်၊ ပရိတ်သတ်ကတော့၊ ဇာတ်လိုက်အပေါ် အမြင်တိမ်းစောင်းလိမ့်မည်





မဟုတ်ပါ။

ကျွန်တော် ဆိုလိုသည်မှာ ...

မိန်းကလေးတစ်ယောက်ကို အနှောင့်အယှက်ပေးသူချင်း အတူတူ၊ အမိကဇာတ်ဆောင် နှောင့်ယှက်လျှင်၊ နှောင့်ယှက်သည် ...ဟု မမြင်တတ်ကြဘဲ (မမြင်ရက်ကြဘဲ)၊ နှုတ်ခမ်းမွှေးကားကားနှင့် လူကြမ်းက၊ လိုက်နှောင့်ယှက်သည့်အခါကျမှ၊ နှောင့်ယှက်နေသည် ဟု၊ ထင်မြင်ယူဆ,တတ်ကြသော၊ သဘာဝကို သတိပြုမိစေလိုခြင်း ဖြစ်ပါသည်။

ယခု ... ကျွန်တော်ပြုမူနေသော အပြုအမူမှာ၊ လူကြမ်းလည်း ပြုမူနိုင်သကဲ့သို့၊ ဇာတ်လိုက်မင်းသားလည်း ပြုမူနိုင်သော၊ အပြုအမူတစ်ခု ဖြစ်သည်။

ကောင်မ,လေးတစ်ယောက်ကို၊ ကျွန်တော် စကားလိုက်ပြောနေခြင်းဖြစ်၏။ ခုနက ပြောခဲ့သလို၊ ကျွန်တော်သာ ဇာတ်လိုက်မင်းသားဖြစ်ပါက၊ လာရောက်ဟန့်တားသောသူသည်၊ ကုတ်အင်္ကျီ ဖားဖား၊ နှုတ်ခမ်းမွှေးကားကားနှင့်၊ လူကြမ်းများသာ ဖြစ်ပေမည်။ ထို့ကြောင့် လာရောက်ဟန့်တားသူများ၊ လူကြမ်းကြီးများ ဖြစ်ပါစေ ...ဟု၊ ဆုတောင်းမိသေးသည်။

မည်သူမျှ ကိုယ့်ကိုယ်ကိုယ် လူကြမ်းမင်းသား ...ဟု၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မထင်မြင်မိကြပါ။ ကိုယ်လုပ်သမျှ မှန်သည်။ ကိုယ်ပြုမူသမျှ သင့်လျော်သည်ဟု၊ ထင်မြင်တတ်ကြပါသည်။ သို့ဖြစ်သောကြောင့် ကောင်မ,လေးတစ်ယောက်ကို၊ စကားလိုက်ပြောနေမိသော ကိုယ့်ကိုယ်ကိုယ်၊ ဇာတ်လိုက်မင်းသားတစ်ယောက်ဟုသာ, တွေးတောထားလိုက်မိပေသည်။ ဇာတ်လိုက်မင်းသားများ ပြုမူသမျှကို၊ ပရိတ်သတ်တွေ၊ (များသောအားဖြင့်) ကြည်ကြည်လင်လင် တွေးမြင်ထားတတ်ကြလေ၏။

အနှောင့်အယှက်ပေးမိသူချင်းအတူတူ၊ ဇာတ်လိုက်မင်းသားက၊ ကောင်မ,လေးကို စကားလိုက်ပြောနေပါက၊ အဆင်ပြေပါစေ . . . ဟု၊ မသိမသာ ဆုတောင်းတတ်ကြပြီး၊ လူကြမ်းသရုပ်ဆောင်က၊ ကောင်မ,လေးကို စကားလိုက်ပြောနေပါက၊ "ပါးရိုက်ခံရပါစေ" . . . ဟုလည်းကောင်း၊ "ကယ်တင်ရှင် မြန်မြန်လာပါစေ" . . . ဟုလည်းကောင်း၊ သိသိသာသာ မျှော်လင့်ထားတတ်ကြလေသည်။

ယခု ပြုမူနေမိသော၊ ကျွန်တော့်အပြုအမူနှင့် ပတ်သက်ပြီး၊ လွန်စွာချောမောပြေပြစ်ပြီး သပ်ရပ်ခန့်ညားသည့် ဇာတ်လိုက်မင်းသားတစ်ယောက်က၊ သူနှစ်သက်သော ကောင်မ,လေးကို၊ သာယာညင်းပျောင်းစွာ၊ စကားလိုက်ပြောနေသည်၊ ရှေ့နားတော်သွင်းနေသည် . . . ဟုသာ၊ ယူဆ,ပြီး၊ အဆင်ပြေပါစေ . . . ဟု၊ ဆုတောင်းထောပနာ ပြုပေးကြပါရန်၊ မျှော်လင့်ရပ်ခံအပ်ပါသည်။





ထိုကောင်မ,လေးနှင့် မိတ်ဆက်ပေးချင်ပါသည်။ ဒါပေမဲ့, ကျွန်တော့်မှာ အခက်အခဲတစ်ခုရှိနေ၏။ ယင်းအခက်အခဲမှာ၊ အဆိုပါကောင်မ,လေး၏ နာမည်ကို၊ ကျွန်တော် မသိသေးခြင်းပင် ဖြစ်၏။

မည်သို့ပင် ဖြစ်စေ သူ့ပုံပန်းသဏ္ဌာန်ကို၊ မြင်သာထင်ရှားအောင်၊ ကျွန်တော် အတတ်နိုင်ဆုံး ဖော်ကျူးပြောပြမည်။

အဲ . . . ,အကျဉ်းချုပ် ပြောပြတာပဲ ကောင်းပါသည်။ သူ့ဆံပင်ရှည်ရှည်လေးများ အလွန်လှ၏။ သူ့မျက်ခုံး မျက်လုံးလေးတွေ တော်တော်လှ၏။ သူ့ခြေလက် သွယ်သွယ်ပျောင်းပျောင်းလေးများ အင်မတန်လှ၏။ သူ့အသံ လှ,မလှ၊ မသိသေးပါ။ ကျွန်တော် အနီးအပါးမှကပ်လိုက်နေတုန်းပဲ ရှိနေပါသေးသည်။

ဒီ အဖြစ်အပျက်နဲ့ ဆိုင်မဆိုင်တော့ ကျွန်တော် မသိပါ။ ကြားညှပ်၍ အကြောင်းအရာတစ်ခု ပြောချင်ပြန်ပါသည်။ ထိုကောင်မ,လေးကို နာမ်စားသုံးသောအခါ၊ ကျွန်တော် "သူ" . . . ဟုသာ ပြောပြပါမည်။ "သူမ" . . . ဟု၊ ကျွန်တော် မသုံးနှုန်းလိုပါ။ (သူမ . . . ဟူသော အသုံးအနှုန်းသည်၊ မြန်မာဝေါဟာရ စစ်မစစ် မသေချာသောကြောင့် ဖြစ်ပါသည်။

ထမင်းစားရေသောက် ဥပမာတစ်ခုဖြင့်၊ ကျွန်တော် ရှင်းပြချင်ပါသည်။ အင်္ဂလိပ်ဝေါဟာရတွင် အင်္ဂလိပ်စကားလုံး

He (ဟီး) = သူ (ယောက်ျား)

She (ရှီ) = သူ (မိန်းမ) . . . ဟု၊ သုံးနှုန်းကြသည့်အခါ၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ သုံးနှုန်းသည့်အနေဖြင့်၊

He (ဟီ) = သူ၊

She (ရှီ) = သူ (မ)။

ထိုမှတစ်ဆင့် မိန်းကလေးကို နာမ်စားသုံးသည့်အခါ၊ ''သူမ''. . . ဟု၊ သုံးနှုန်းနေကြသည် . . . ဟု၊ ကျွန်တော်ထင်မြင်မိသောအခါ၊ စိတ်ထဲတွင် တစ်မျိုးကြီး ခံစားရပါသည်။ ကျွန်တော် အင်္ဂလိပ်စာ ဆွေးနွေးနေခြင်းမဟုတ်ပါ။ မြန်မာ ဝေါဟာရတစ်ခုအကြောင်း၊ တင်ပြမိခြင်းဖြစ်ပါသည်။

မမြသည် လှ၏။ သူမ, စိတ်တိုနေသည် . . . ဟု၊ ရေးမည့်အစား၊ မမြသည် လှ၏။ သူ စိတ်တိုနေသည် . . . ဟု၊ ရေးရုံမျှဖြင့် မမြ စိတ်တိုနေသည်မှာ၊ ပေါ်လွင်ပေမည်။ မြန်မာ ဝေါဟာရတွင်၊ ''သူ'' . . . ဟူသော နာမ်စားသည် ကျား-မ မရွေး သုံးနှုန်း၍ရကြောင်း၊ ကျွန်တော် အာမ,ခံပါသည်။

ထို့ကြောင့် အမည်မသိသော၊ ကျွန်တော်နှစ်သက်သည့် ကောင်မ,လေးအကြောင်းကို ပြောဆိုစဉ်တစ်လျှောက်, အဲ့ဒီ ကောင်မ,လေး (ဒါမှမဟုတ်) ''သူ''. . . ဟုသာ၊ ကျွန်တော် သုံးနှုန်းချင်ပါသည်။ ''သူမ''. . . ဟု၊ မသုံးနှုန်းချင်ပါ။ (သူမ . . . ဟူသော အသုံးအနှုန်းသည်၊ မြန်မာဝေါဟာရကို သိပ်မနီးစပ်သော၊ အင်္ဂလိပ်လူမျိုး (သို့မဟုတ်) နိုင်ငံခြားသားတစ်ဦးဦးက၊ မိန်းကလေး,မှန်း သိသာစေလိုသဖြင့်၊ ''သူ''၏ နံဘေးတွင် ''မ''ကို၊ စေတနာအပြည့်ဖြင့် ထည့်သွင်းရေးသားထားသကဲ့သို့၊ ဖြစ်နေပါသည်)။





ကိုယ့်ကိစ္စကိုယ် ပြန်ဆက်ပါမည်။

ထို, အမည်မသိသေးသော ကောင်မ,လေးသည် ကျွန်တော်တို့ အိမ်ရှေ့ (မျက်စောင်းထိုး) အိမ်မှာ၊ နေပါသည်။ အဲ . . . ,နေတာတစ်လ,လောက်သာရှိသေးသည်။ ထိုမျက်စောင်းထိုးအိမ်သို့၊ မိသားတစ်စု ပြောင်းလာကြသည် . . . ဟု၊ မြင်, တွေ့, ကြား, သိကြသောအခါ၊ ကျွန်တော်တို့ သူငယ်ချင်း တစ်အုပ်စုလုံး၊ လည်ပင်းတွေသစ်ကုလားအုပ် ဖြစ်သွားကြလေသည်။ အဲ့ဒီ မိသားစုထဲမှာ၊ အဆိုပါကောင်မ,လေး ပါလာသောကြောင့် ဖြစ်သည်။

အိမ်ပြောင်းလာသော မိသားစုထဲတွင် ကောင်မ,လေး တစ်ယောက်ပါလာရုံနှင့် ဘာမျှမဖြစ်နိုင်ပါ။ သို့သော် . . . ၊ကောင်မ,လေးကသည်။ ကျွန်တော်တို့နှင့်လည်း၊ သက်တူ, ရွယ်တူ။ ထို့ကြောင့် . . . , စိတ်ဝင်တစား ''ဘူး''ထ,ကြတော့သည်။

အဖေ အမေနှင့် အစ်ကိုတစ်ယောက် ရှိသည်မှအပ၊ ထိုကောင်မ,လေးအကြောင်းကို၊ ကျွန်တော်တို့ ဘာမျှ မသိကြ။ ဘာမျှသိကြသူတွေထဲတွင်၊ ကျွန်တော်က, သူရဲကောင်း။ ''သူရဲဘောကြောင်တဲ့သူဟာ၊ မိန်းမလှလေးနဲ့ လွဲတတ်တယ်'' . . . ဆိုတဲ့၊ အဆိုအမိန့်တစ်ခုကို၊ ကြားဖူးတယ် မဟုတ်လား။

သူငယ်ချင်းများအားလုံးအနက်၊ ကောင်မ,လေး၏ အနောက်သို့ တစ်ယောက်တည်း၊ တကောက်ကောက်လိုက်ဖို့၊ စကားလိုက်ပြောဖို့ မည်သူမျှ မဝံ့ရဲကြချေ။ အာကာလည်း ကြောက်၊ ရဲမင်းလည်း ငကြောက်၊ မြတ်သူလည်း ငကြောက်၊ (ကောင်မ,လေး



www.burmeseclassic.com

www.burmeseclassic.com



အနားကပ်ဖို့ ကြောက်သည်ကိုသာ ဆိုလိုပါသည်။ ကျန်တဲ့နေရာတွေမှာတော့၊ ဒီကောင်တွေ မကြောက်အတတ်ကြပါ)။

ထိုသို့ ဤသို့ဖြင့်၊ ကျွန်တော်၏စစ်ဆင်ရေးကို၊ ယနေ့နံနက်တွင် စတင်လိုက်ရပေသည်။

ဘယ်သူ့မှတော့ လျှောက်မပြောစေလိုပါ။ အမှန်အတိုင်းဝန်ခံရလျှင်၊ ကျွန်တော်လည်း၊ ကြောက်ပါသည်။ ယောက်ျားချင်း ONE BY ONE ဆွဲရဲပါသည်။ ယှဉ်ရဲပါသည်။ ဒါပေမဲ့ ... ကောင်မလေးတစ်ယောက်၏အနားသို့၊ ကပ်လိုက်သည်နှင့်၊ တုန်သလိုလို ဘာလိုလိုကြီး ဖြစ်တတ်မှန်း ကျွန်တော်မသိခဲ့ပါ။ ဟေးလားဟားလား နောက်ဖို့ပြောင်ဖို့တော့ မကြောက်ဘူးပေါ့လေ။

အခုလို ...၊ စကားပြောဖို့ ကြိုးပမ်းလိုက်မှ၊ ဒါ ... ကြောက်စရာကိစ္စ တစ်ခုပါလား ... ဟု၊ ယခုမှ သိလိုက်ရသည်။

(ဟဲဟဲ ... ကျွန်တော် နည်းနည်းမဲ ကြောက်တာပါ)။

သူ့ကို ကြောက်တာလည်းမဟုတ်ပါ။ လမ်းသွားလမ်းလာတွေကို ကြောက်တာလည်းမဟုတ်ပါ။ ဘာကိုကြောက်မှန်းလည်း မသိပါ။ အများကြီးကြောက်လို့ မကပ်ရဲတဲ့၊ ကျွန်တော့် သူငယ်ချင်းတွေနဲ့စာရင်၊ ကျွန်တော်က, သူ့ရဲကောင်းပေါ့နော်။

ဒူးတုန်နေတာလည်း၊ ကိုယ့်ကိုယ်ကိုယ်သိသည်။ ရင်တွေတုန်တာလည်း ကိုယ့်ကိုယ်ကိုယ်သိသည်။ ခြေဖျား, လက်ဖျားတွေအေးစက်စက်ဖြစ်နေပြီး၊ မျက်နှာနှင့်နားထင်တစ်ဝိုက် ပူရှိန်းရှိန်းဖြစ်နေတာလည်း၊ ကိုယ့်ကိုယ်ကိုယ်သိသည်။





နောက်ဆုံး၊ ပန်းနှင့်တစ်ဆက်တည်းပါလာတဲ့ လက်နှစ်ဖက်ကို ဘယ်လိုထားရမှန်း မသိအောင်ဖြစ်နေရ၏။ ဒါနဲ့ပဲ, လက်နှစ်ဖက်လုံးကို၊ ဂျင်းဘောင်းဘီဘေးအိတ်ထဲသို့ ထိုးထည့်လိုက်မိ၏။

"အား"

တစ်မျိုးမထင်ပါနဲ့ခင်ဗျာ။ ကောင်မ,လေး၏အနားသို့ မမိကမ်း တိုးကပ်လိုက်စဉ်၊ ခလုတ်တိုက်မိခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

"နေကောင်းလား"

ဒီကိစ္စမှာတော့၊ ကျွန်တော် မြန်မာ မဆန်သကဲ့သို့ ဖြစ်သွားပါ ည်။ အဘယ်ကြောင့်ဆိုသော် … ကောင်မ,လေးကို စတင် ပြော သော ပဋိသန္ဓာရစကားမှာ၊ အနောက်နိုင်ငံသားများ နှုတ်ဆက် ရှိသော စကားလုံးမျိုးဖြင့်၊ နှုတ်ဆက်မိခြင်းကြောင့် ဖြစ်၏။

အားလုံး ကြားဖူးကြပေမည်။ အင်္ဂလန်နိုင်ငံသားတွေ၊ တစ်ဦး စ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်၊ တွေ့ဆုံသည့်အခါ How ou? … ဟု၊ နှုတ်ဆက်ကြလေ့ရှိ၏။ ကျွန်တော့်အနေနှင့်တော့၊ ထဲတွေ့ရာ ပြောလိုက်ခြင်းသာဖြစ်သည်။

တစ်ဆက်တည်းတွင်၊ ရယ်မောစရာ အတွေးတစ်ခု၊ ခေါင်း ဝင်လာလေသည်။ အင်္ဂလန်နိုင်ငံသားတွေ၏ နှုတ်ဆက်စကား ကျွန်တော်တို့ မြန်မာများ၏နှုတ်ဆက်စကားကို၊ နှိုင်းယှဉ်ပြီး ကြည့်မည်ဆိုလျှင် …

အင်္ဂလန်နိုင်ငံသားတွေ၊ အနောက်နိုင်ငံသားတွေ အားလုံး၊ ရေးချွတ်ယွင်းသူများ (သို့မဟုတ်) ကျန်းမာရေး အလေးထားသူ



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ကြပေမည်။ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံကြသည် နှင့်၊ ကျန်းမာရေးကိစ္စကိုသာ၊ မေးမြန်းကြသည် မဟုတ်ပါလော။

ကျွန်တော်တို့မြန်မာတွေကျတော့၊ ကျန်းမာချမ်းသာကြသည် ... ဟု၊ ယူဆ,ရပေမည်။ ကျန်းမာရေးကိစ္စကို၊ အမြဲတမ်း မမေးမြန်း ဖြစ်ကြပါ။ နေထိုင်မကောင်းခဲ့သူကို တွေ့ကြုံရမှသာ၊ "နေကောင်း လား" ... ဟု၊ မေးမြန်းဖြစ်ပေသည်။

မြန်မာတို့၏ နှုတ်ဆက်စကားတို့မှာ၊ ချမ်းသာကြွယ်ဝ,မှု ဖော်ပြနေသလို ရှိချေ၏။

"စားပြီးပြီလား"

(စားနိုင်သောက်နိုင်သည်ကို ထင်ဟပ်စေသည်)

"ဘယ်သွားမလို့လဲ"

"ဘယ်က, ပြန်လာတာလဲ"

(သွားနိုင်လာနိုင်သည်ကို ဖော်ပြနေသည်)

"ခွင်မိနေတယ်ဆို။ အဆင်ပြေနေတာ မဟုတ်လား။စမောလေးတွေ့နေတယ် ကြားတယ်"

(သုံးနိုင်ဖြုန်းနိုင်သည်ကို မြင်သာစေသည်)

"မင်္ဂလာပါ"

(ကောင်းမွန်သာယာသော အခြေအနေကို ရိပ်စားမိစေသည်)

"တွေ့ရတာ ဝမ်းသာပါတယ်"

(ပျော်ရွှင်ကြည်နူးမှုကို လှစ်ဟ,နေသည်)

... စသည်ဖြင့်သော၊ နှုတ်ဆက်စကားများစွာအန





"နေကောင်းလား" ... ဟူသော စကားကို၊ မလိုအပ်ဘဲ အသုံး များကြောင်း ... သုံးသပ် တွေ့ရှိနိုင်ပေမည်။ ထို့ကြောင့် မြန်မာတို့၏ ဝေါဟာရများသည်၊ များသောအားဖြင့် မင်္ဂလာအပေါင်း ခ,ညောင်း နေကြောင်း ကျွန်တော် သတိပြုမိသည်။

ယခုမူ ...,

ကျွန်တော့်မှာ၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အ, မင်္ဂလာဟု ယူဆ၍ရသော အသုံးအနှုန်းကို၊ သုံးနှုန်းမိပေပြီ။

"နေကောင်းလား"

အကယ်၍သာ၊ ကောင်မ,လေးက ပိန်ပိန်လှီလှီ၊ ကိုင်း ညွန်နေသော ထီးလေးတစ်ချောင်း ထောင်ထားသကဲ့သို့ ကျန်းမာရေး ချောင်းသူဖြစ်ပါက၊ ကျွန်တော် ပါးရိုက်ခံရမှာ သေချာပါသည်။

"နေကောင်းလား" ... ဟု မေးပြီး၊ ဆေးရောင်းတော့မည့် ဆရာဝန်တစ်ဦး၏ (အဲ ... ဆေးကုမ္ပဏီတစ်ခုမှ၊ အရောင်းဝန်ထမ်း တစ်ဦး၏) အိုက်တင်ဖြင့် အနားသို့ တိုးကပ်လိုက်မိသည်။

"ဒါလေး ... သုံးကြည့်ပါလား"

"ဘာဖြစ်နေတာလဲ"

"ကြည်ကြည်လင်လင်၊ ရေကိုမြင်လျက်၊ ရေတွင်ဆိပ်နိုး လေနိုးနှင့် စိုးရွံ့မသက်သာပြီတကား" ... ဟူသော၊ ကဗျာထဲက,လို အေး၊ ကြည်လင်သော သူ၏အသံ လေးကို ကြားလိုက်ရပါလျှင်၊ သူ၏စကားသံလေး နောက်ကွယ်တွင်၊ ဒေါသ, အဆိပ်ငွေ့လေး ထွက်ပါလာမည်ကို၊ စိုးရွံ့ကြောက်လန့်မိပေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို၊ မသောက်ဖြစ်တော့ပါ။ အဲ ...မဟုတ်ပါဘူး သူ့ကို ... စကားမပြောဝံ့တော့ပါ။

ဘယ်လိုလုပ် ပြောဝံ့ပါတော့မလဲ၊ ဆေးကုမှုကြီက၊ အရေး မြှင့်တင်ရေး ဝန်ထမ်းတွေအကြောင်း တွေးမိပြီး သူ့ကို ပြောလိုက်မိ စကားက၊ "ဒါလေး ... သုံးကြည့်ပါလား" ... တဲ့။ ပေါက်တတ် ကရ ထွက်ခတ်တဲ့၊ အလေထာတော ပါးစပ်။

ဘာကိုသုံးခိုင်းမှန်းလည်း မသိ။ ကယောင်ချောက်ချားဆို ဒါကို ပြောတာနေမှာပေါ့။

သို့သော် ... ကျွန်တော် အားတင်းလိုက်ပါသည်။ လ မောင်း ကြွက်သားကို၊ ကျွဲချည်ဆန့်ချည်လုပ်ပြီး ညှစ်ထုတ်နေ သည်။

"ဘာဖြစ်နေတာလဲ"

"အားတင်းနေတာလေ"

ကျွန်တော် လုံးဝ မလုပ်တတ်သော အမူအရာတစ်ခု ကောင်မ,လေးက၊ လုပ်ပြလေသည်။ တော်တော်ခက်တဲ့ အမူအ ဖြစ်၏။ မျက်ခုံးနှစ်ဖက်ကို တွန့်ခနဲလုပ်ပြီး၊ တစ်ပြိုင်နက်တည်း မျ စောင်းထိုးလိုက်ခြင်းဖြစ်၏။ အင်မတန်ခက်ခဲပါလိမ့်မည်။ (ခက် ... မခက် သိချင်လျှင်၊ သင်ကိုယ်တိုင် လုပ်ကြည့်ပါ) ကျွန်တော့်အဖို့ တော်တော် ခက်ပါသည်။

"ဘာလို့ မျက်စောင်းထိုးတာလဲ"

"အမြင်ကတ်လို့"





"ဘာလို့အမြင်ကတ်တာလဲ"

ရယ်ဖြဲဖြဲမျက်နှာဖြင့်၊ မေးလိုက်သည်။

"ကြည့်လို့မရလို့"

"ငါနဲ့လိုက်ခဲ့ပါလား"

"ဘာပြောတာယ်"

တော်တော်ကျယ်လောင်သော၊ အသံဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာပုံဒွစင်တွင်၊ "ယောသက" ... ဟု သော သူဌေးကြီးတစ်ဦးရှိ၏။ ထိုသူဌေးကြီး ငယ်ငယ်တုန်းက၊ အော်ငို သံမှာ တော်တော်ကျယ်သည် ...။ ထိုသို့ ငိုသံကျယ်လောင်သဖြင့်၊ "ယောသက" ... ဟု၊ အမည်တွင်ကြောင်း၊ လူကြီးသူမ,တွေ ပြောပြ ဖူးပါသည်။ (ဒီ ... ကောင်မ,လေး၊ ယောသကများ ဝင်စားသလား)။

"ဘာလို့ အကျယ်ကြီးအော်တာလဲ"

"နင်က ... ငါ့ကို ခေါ်ရအောင်၊ နင်က, ဘာကောင်မို့လို့လဲ။ ငါ့ကိုရော ဘာအောက် မေ့နေလဲ"

"ဟာ။ နင် ... စေတနာကို မစော်ကားနဲ့လေ။ နင်ပဲ ... ကြည့်လို့မရဘူးဆို။ ငါတို့အသွား လည်း ကြည့်လို့မရဘူး။ ကြည့်လို့မရဘူးနဲ့၊ ဆေးခန်း သွားပြလိုက်မှ၊ မျက်စိမှုန်နေတာ သိရတယ်။

နင်လည်း ... ကြည့်လို့မရဘူးဆိုတော့၊ မျက်စိအားနည်းနေတာဖြစ်မှာပဲလို့ ယူဆပြီး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းကို၊ ငါ . . . လိုက်ပို့ပေးမလို့ ခေါ်တာလေ။
စေတနာနဲ့ခေါ်တာ''

နှုတ်ခမ်းကို ဖိကိုက်ထားလေသည်။ ကျွန်တော့်နှုတ်ခမ်းကို ကိုက်ခြင်း,မဟုတ်ပါ။ သူ့နှုတ်ခမ်းကို သူ့ဘာသာ၊ ကိုက်ခြင်း ဖြစ်ပါသည်။ ပို၍မြင်သာအောင် ပြောပြရမည်ဆိုလျှင်၊ သူ၏ အောက်နှုတ်ခမ်းလေးကို၊ သူ၏အပေါ်သွားထောင့်စွန်းလေးဖြင့် ဖိကိုက်ထားခြင်းဖြစ်၏။ ကြည့်၍တော်တော်လှပါသည်။ (အကယ်၍ အပေါ်နှုတ်ခမ်းကို၊ အောက်သွားဖြင့် လှမ်းကိုက်ထားမည်ဆိုပါက၊ အထက်ပါစကားကို ကျွန်တော် ပြန်လည်ရုပ်သိမ်းပါသည်။)

ပန်းနုရောင် နှင်းဆီဖူးလေးတစ်ဖူးကို၊ လက်ညှိုးနှင့် လက်မ,အကြားတွင် ထည့်ပြီး၊ ဖြေးညှင်းဖွရွစွာ၊ ဖိညှစ်ဖူးပါသလား။ သူ့ . . . နှုတ်ခမ်းကိုက်ထားသည်နှင့် တော်တော်တူပါသည်။ တော်တော်လှပါသည်။ စိတ်ဆိုး၍ ဖိကိုက်ထားသည့် နှုတ်ခမ်းလေးသည်၊ အဖူးအငုံဘဝမှ ရုန်းကန်အံထွက်နေသော၊ နှင်းဆီဖူးငယ်၏ ပွင့်ဖတ်လေးတစ်ဖတ်နှင့်လည်း၊ လွန်စွာတူပြီး၊ လွန်စွာလှပါသည်။

''နာတော့မယ်နော်''

''ဘာ''

''နှင့်နှုတ်ခမ်းတွေ နာတော့မယ်''

''ဟဲ့၊ နှင် ဘယ်လိုကောင်လဲ။ နှင် . . . မိုက်ရိုင်းလှချည်လား''

''ဟဲ့။ နှင် ဘယ်လိုကောင်မ,လေးလဲ။ နှင်





. . . စွာလှချည်လား။ နှုတ်ခမ်းကို ကိုက်ထားတာ၊
နာမှာစိုးလို့ ပြောတာ။ ရန်တွေ့စရာလား''

ဒုတိယမြောက်၊ မျက်စောင်းထိုးပြန်၏။ လုံးဝ . . . မပြင်းထန်သော မျက်စောင်းလေး တစ်စင်းမျှသာ။

ပထမ, မျက်စောင်းသည်၊ လုံးဝ, ပေါက်ကွဲသော ဗုံးတစ်လုံး . . . ဟု၊ ဆိုပါက၊ ဒုတိယမျက်စောင်းသည်၊ ထိုဗုံး ပေါက်ကွဲပြီးကာစ, အစ,အနမျှလောက်သာ၊ ပြင်းထန်ပေတော့သည်။ ပေါက်ကွဲအားမှာ၊ ၍ (လုံးဝ) မရှိတော့။

ဒေါသ, မရှိတော့သော မျက်စောင်းလေးကို၊ မြင်ပြီးလျှင်မြင်ပြီးချင်း၊ ကျွန်တော်၏စည်းကမ်းမရှိသော ဖါးစပ်ကလည်း၊ ပို၍ရဲတင်းလာလေသည်။

''နှင် . . . ,လှတယ် . . . သိလား''

''အဲဒါ . . . ၊ ငါ ဘာလုပ်ရမှာလဲ''

''ကြော်စားရမှာပေါ့''

လွယ်အိတ်ထဲက၊ ကွန်ပါဘူးထုတ်သံကို ကြားရသည်။

''ဘာပြောတာလဲ။ ပြန်ပြော''

''ပြော် . . . ဟို။ နှင်က . . . ,လှတော့လေ . . . ''

''အေး။ ဘာဖြစ်လဲ။ လှတော့ . . . ''

''အဲ . . . ။ ကျော်ကြားလိမ့်မယ် . . . လို့ ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြားတာ၊ အဲဒီလိုမဟုတ်ဘူး။ ကျော်စားမယ် ... လို့ကြားတာ"

ကျွန်တော် ပြောင်လိမ်ရတော့မည်။

"ဘုရား ဖူးရပါစေရဲ့။ နှင် နားကြားလွဲတာပါ။ နှင့်လိုလှတဲ့ ကောင်မလေးတစ်ယောက်နဲ့ အကြော်ထိုင်စားချင်တယ် ... လို့ ငါ ... ပြောတာပါ။ အဲဒါဆို ... နှင့်ရဲ့ အရှိန်အဝါနဲ့ ငါ့ ကျော်ကြားသွားမယ်လေ။ အဲဒါပြောတာ"

လွယ်အိတ်ထဲသို့ ကွန်ပါဘူးလေး ပြန်ရောက်သွားသည်။

"မိန်းကလေး လက်နက်ဆိုတာ မျက်ရည်စက်ပါ မောင်ရယ် ... ဆိုတဲ့ သီချင်းက၊ တော်တော်မှားတာပဲ"

"ဘာဖြစ်လို့ မှားရမှာလဲ"

"ငါ့ ကိုယ်တွေ့အရကတော့၊ မိန်းကလေး လက်နက်ဆိုတာ ကွန်ပါဘူးပါ မောင်ရယ်ပဲ တွေ့ရတာကိုး"

"အဲဒါတောင်၊ ကွန်ပါဘူးထဲက၊ ခဲတံချွန်တဲ့ဓားကို မထုတ်ရသေးဘူး။ လည်ပင်းကို ဆတ်ခနဲ လှီးလိုက်တာနဲ့၊ လည်ချောင်းထဲက၊ သွေးတွေ ဖော်ခနဲ ပန်းထွက်သွားမယ်"

ကျွန်တော် ... သူ့ကို လက်ညှိုးထိုးကာ





"မငြိမ်းချောက်နဲ့နော်။ ငြိမ်းချောက်တယ် ... ဆိုတာ၊ ဥပဒေအရ အဲဒါ ပြစ်မှုမြောက်တယ်"

"နှင်လည်း၊ ငါ့ကို မနှောင့်ယှက်နဲ့လေ"

"ဟာ။ ဒါ ... နှောင့်ယှက်တာမှ မဟုတ်တာ။ ငါနဲ့နှင်နဲ့က, အိမ်နီးချင်းလေ။ သွားရင်းလာရင်း လမ်းမှာဆုံလို့၊ စကားလာပြောတာပဲ"

"ငါ ... နှင့်ကို မသိဘူး"

"နှင် ... မသိချင်ယောင် မဆောင်ပါနဲ့ဟာ။ နှင်တို့အိမ်ရဲ့ မျက်စောင်းထိုးအိမ်က, လေ"

"ဩော် ..."

"သိသွားပြီမဟုတ်လား"

"မသိပါဘူး"

"ဒါဆို ဘာဖြစ်လို့ ဩော်ရတာလဲ"

"နှင်ရှင်းပြလို့၊ မြင်ယောင်ကြည့်လိုက်တာလေ။ အိမ်ပြန်ရောက်ရင် သေသေချာချာ ကြည့်လိုက်မယ်"

ကျွန်တော် နည်းနည်းတော့ အားတက်ကျေနပ်နေမိသည်။

"ည ဘက်ကျရင်၊ ငါတို့အိမ်ရှေ့ဘက်က, သီချင်းဆိုသံ ကြားရတယ် မဟုတ်လား။ ဂစ်တာတီးက, လေ"

ကောင်မလေး၊ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ငါတို့ဝိုင်းပေါ့"

"ဘြော်"

"တကယ်ဘြော်တာလား၊ အပြင်းပြေ ဘြော် တာလား"

သူပြုံး၏။

မြိုင်ပွဲမဝင်ခင်၊ ပထမဆုကို ကြိုတင်ပိုင်ဆိုင်လိုက်ရသကဲ့သို့ ကြည်နူးမိလေ၏။

"အဲ့ဒီ ဂစ်တာဝိုင်းထဲက၊ သီချင်းဆိုရင်၊ အော် ... အော်ပြီးဆိုတဲ့အသံ၊ နှင် မှတ်မိလား။ အသံ အရမ်းကောင်းတယ်လေ၊ ကိုယ်တွေဝူ ... ဖျားနာ နေပြီ ... မောကာနေလား ... ငါ့အချစ်လေး ... ဆိုတဲ့ သီချင်းလေ။ အဲ့ဒီသီချင်းသံ နှင်ကြားတယ် မဟုတ်လား"

သူ ... ခေါင်းညိတ်၏။

"အဲဒါ ... ငါ ဆိုတာပဲ၊ အဲဒါ ငါ့အသံ"

"ဟယ်။ အဲဒါ နှင် ဆိုတာလား"

"အေး"

"စုန်းမ ... သီချင်းလေ"

"အေး ... ဟုတ်တယ်။ ငါ ... ဆိုတာ"

သူ ... ကျွန်တော့်ကို၊ လမ်းလျှောက်ရင်း၊ ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးမှ ...





"မဟုတ်နိုင်ဘူး"

"ဘာဖြစ်လို့ မဟုတ်နိုင်ရမှာလဲ၊ အဲဒါ ... ဓာကယ်။ ငါ ..."

"အဲဒါကြောင့် မဟုတ်နိုင်ဘူး ... လို့ ငါ ပြောတာပေါ့။ နှင်က, ကျွန်းမာရေးကောင်းပုံ ရပါ တယ်"

"အာ ...။ ကျွန်းမာရေးက, ခေါင်ခေါင် မြည်ပဲ၊ အသံအားလည်း၊ ခေါင်ခေါင်ခေါင်ပဲ"

"ဒါဆို ... ငါ့ အမေခန့်မှန်းတာ မှားသွား ပြီ"

"နှင့် အမေက၊ ဘယ်လို ခန့်မှန်းလို့လဲ"

"ငါ့ အမေက ပြောတယ်။ အဲ့ဒီသီချင်း အော် ဆိုတဲ့ကောင်လေးက၊ ဒီအခြေအနေနဲ့ ဆိုရင်၊ လိပ်ခေါင်းရောဂါလောက်တော့ ဖြစ်နေပြီ ... တဲ့"

မရင်းနှီး မကျွမ်းဝင်သေးသည့်၊ သူ့အမေကို၊ ကျွန်တော် စိတ်ထဲမှ အစွမ်းကုန် ကြိမ်းဝါးမိသည်။ (ယောက္ခမတော်တဲ့ နေ့ကျရင် တွေ့ပြီသာ ... မှတ်။ အသားကုန် တီးပစ်မယ်။ ဂစ်တာ)။

"ငါ့မှာ ဘာလိပ်ခေါင်းမှ မရှိဘူး"

အသံ ခပ်ဆတ်ဆတ်လေး ကျွန်တော် ပြန်ပြောလိုက်သည်။

သူက ...

"အစွင်းလိပ်က, သိပ်မသိသာဘူး ... တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ... မျက်ခုံးတွန့်လိုက်မိသူမှာ၊ ကျွန်တော်ဖြစ်သည်။ မျက်စောင်းတော့ မထိုးတော့ပါ။ အကယ်၍ မျက်ခုံးတွန့်ပြီး၊ တစ်ပြိုင်နက်တည်း၊ မျက်စောင်းပါထိုးလိုက်ပါက၊ သူ ...,ကျွန်တော့်ကို ထပ်မံ စွပ်စွဲမည့်ရောဂါသည်၊ လိပ်ခေါင်းရောဂါထက် အဆ,မတန် ကြီးမားသွားနိုင်ပေမည်။

"ငါ ... နှင်ကြားအောင် သီချင်းဆိုတာဟ"

"ဒါဆို နင်က ... ငါ့ကို စုန်းမ,လို့ ဆိုလိုတာပေါ့။ ဟုတ်လား"

"ငါ ... ရတဲ့သီချင်း ငါဆိုတာပါ။ ဘယ်သီချင်းဆိုရမလဲ ဆိုတာတော့ ငါမသိဘူး"

"ဒါဆို၊ နင့်ကို၊ ငါ, အကြံပေးရမလား"

"ပေး"

"လုံးဝ ... မဆိုပါနဲ့တော့။ ပတ်ဝန်းကျင်ကို အားမနာရင်တောင်၊ မူလ, သီချင်းဆိုတဲ့ အဆိုတော်ကို အားနာသောအားဖြင့်၊ လုံးဝ ... မဆိုပါနဲ့"

သူသာ ... ယောကျ်ားလေး ဆိုပါက၊ ကျွန်တော် ဆွဲထိုးလိုက်မိပေမည်။

❦ ❦ ❦

( ၃ )

"နင် ... ရန်ဖြစ်ဖူးလား"

ဒါ ... နဖူးရေးရေးကို သိလိုသဖြင့်၊ ဆန်းစစ်သော မေးခွန်းဖြစ်ပေမည်။

"ဖြစ်ဖူးတာပေါ့"

"ဘယ် နှစ်ခါလောက် ဖြစ်ဖူးလဲ"

"ခဏ ခဏ ဖြစ်တာပေါ့။ ဒါပေမဲ့ ..., ငါ ... ရန်စတာတော့ မဟုတ်ဘူးနော်။ ရှောင်လို့ မရမှ ငါ ... ရန်ဖြစ်တာ။ အတတ်နိုင်ဆုံး၊ ရှောင်ပါတယ်"

သူ ကျွန်တော့်ကို သေသေချာချာ ငုံ့ကြည့်သည်။ ပြီးမှ

"နင် ... ဘယ်နှစ်ခါ ရှုံးဖူးလဲ"

"ဟဲ ... ဟဲ ... အဲဒါတော့ ကြွားတာ မဟုတ်ဘူး။ တစ်ခါမှ မရှုံးဖူးဘူး"

ကောင်မ,လေး၏မျက်နှာ စိုးရိမ်တကြီးဖြစ်သွား၏။

"နင် ... ကိုယ်ခံပညာတတ်လို့လား"

"သိပ်မတတ်ပါဘူး။ ဒါပေမဲ့ ..., ငါက



www.burmeseclassic.com

www.burmeseclassic.com



အရှုပ်ကောင်းတယ်ဟာ။ ရန်ဖြစ်ရင်၊ ငါက ... ဦးအောင်ဆော်ပြီး၊ လွှတ်အောင် ပြေးတာပါ။ အဲ ... တစ်ယောက်ချင်းဆိုရင်တော့ မပြေးဘူး။ အများနဲ့ တစ်ယောက်ဆိုရင်တော့၊ နီးတဲ့ကောင်ကို ဆော်ပြီး၊ ငါ ... လစ်တော့တာပဲ"

မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး၊ သူက ...,

"အခုနေ၊ ငါ့ရှေ့မှာ နင်, တစ်ယောက်ယောက်နဲ့ ရန်ဖြစ်ဖို့ကြုံရင်၊ နင် အရှုံးပေးမှာလား"

"အာ ...။ရှုံးသွားရင်တော့ မပြောတတ်ဘူး။ တမင်တကာတော့ အရှုံးမပေးဘူး။ လူက, မနိုင်တော့ ရင်တောင်၊ လမ်းဘေးလက်နက် တစ်ခုခုနဲ့ ကိုင်ထည့်လိုက်မှာပဲ"

"တကယ်လို့၊ နင် ရန်ဖြစ်ရမယ့်သူက၊ ငါ့အစ်ကိုဆိုရင်ကော၊ နင် ... အရှုံးပေးမှာလား"

"နှီး ...။ နင့် အစ်ကိုဆိုရင်၊ ငါက, ပိုပြီးတောင်၊ နိုင်အောင် တီးရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့၊ ငါက ..., နင့်ကို ကြိုက်နေတာလေ။ နင့်အစ်ကိုနဲ့ငါနဲ့ ခင်လို့ မဖြစ်ဘူး။ ခင်သွားပြီဆိုရင်၊ သူ့နှမ နင့်ကို၊ ငါက, ငါ့နှမ,လို သဘောထားပြီး၊ စောင့်ရှောက်ပေးနေရလိမ့်မယ်။





ရန်သူဖြစ်သွားရင်၊ အားနာစရာ မလိုတော့ဘူး။ အဲဒါကြောင့် ...,နင့်အစ်ကိုဆိုရင်၊ ငါက ... ပိုပြီး အင်အားသုံးရလိမ့်မယ်"

"ဟယ် ...။နင် ရှုပ်များရှုပ်နေလား"

"မရှုပ်ဘူး၊ ငါ့မှာ သူငယ်ချင်းတွေရှိတယ်။ အဲ့ဒီသူငယ်ချင်းတွေမှာ၊ နှမတွေ အစ်မ,တွေ ရှိတယ်။ အဲ့ဒီနှမ,တွေ အစ်မ,တွေကို၊ ငါ့ရဲ့နှမ, ငါ့ရဲ့အစ်မတွေလို သဘောထားတယ်။ ငါ ... လုံးဝ, မပြစ်မှားဘူး"

"ငါ့ကိုကျတော့၊ နှမ, လို သဘောမထားဘူးပေါ့။ ဟုတ်လား"

"အေး။ ဟုတ်တယ်။ နှမ, လို သဘောထားမှတော့၊ ငါ ... ဒီလမ်းမ,မှာ စကားလိုက်ပြောပါ့မလား။ ငါက၊ နင့်ကို ချစ်သူလိုသဘောထားမှာ"

"အဲဒါဆိုလည်း၊ နင် ... ငါ့အစ်ကိုနဲ့ အဆင်ပြေအောင် နေသင့်တာပေါ့"

"တချို့ကောင်တွေ နေချင်နေလိမ့်မယ်။ ငါ ... မနေချင်ဘူး။ ရန်သူဖြစ်လေ ပိုကောင်းလေပဲ။ သူငယ်ချင်းယောင်ဆောင်ပြီး၊ ယောက်ဖ,တော်ဖို့ ကြိုးပမ်းတတ်တဲ့ ကောင်တွေထဲမှာ၊ ငါ မပါဘူး"

"ဒုက္ခပါပဲ"

"ဘာ ဒုက္ခတာလဲ"



www.burmeseclassic.com

"နှင်၊ စကားပြော ရှိင်းသလိုပဲ"

"ရိုးသားတဲ့စကားကို မှုသားမပါဘဲ ပြောရင် နားအဝင် ရှိင်းလိမ့်မယ်။ ငါပြောတာ ရိုးရိုးလေးပါ။ နှင် သေသေချာချာ စဉ်းစားရင်၊ နားရှင်းသွားလိမ့်မယ်။

နှင်၊ နားရှင်းအောင် ထပ်ပြောရရင်, နှင့်အချစ်ကို ရဖို့ နှင့်အစ်ကိုကို၊ ငါ ... မဖားဘူး။ နှင့်မိဘကို မဖားဘူး။ နှင့်ကိုလည်း မခယဘူး။ အစွမ်းကုန်ကြင်နာဖို့တော့၊ အဆင်သင့်ပဲ"

"နှင့်လို ကြမ်းတမ်းတဲ့ပုံစံမျိုးက၊ အစွမ်းကုန်ကြင်နာဦးမယ်။ ဟုတ်လား။ ယုံရခက်သေးရဲ့"

"နှင် ...၊ ဒဿဂီရိကို သေသေချာချာ မလေ့လာဖူးဘူးထင်တယ်။ ဒဿဂီရိက လူကြမ်းကြီးဟ။ ဒါပေမဲ့, သီတာဒေဝီကို ... ချစ်တဲ့ အသည်းနှလုံးကတော့၊ နုနုလေး။

ဒဿဂီရိကို ... ကြည့်ရင်၊ သူ့အစွယ်တွေကို မကြည့်နဲ့။ ချစ်တတ်တဲ့ သူ့နှလုံးသားကို ကြည့်။ လုံးဝ ... သနားသွားလိမ့်မယ်။ ငါ့ကို ကြည့်ရင်လည်း၊ လူကိုမကြည့်နဲ့။ အသည်းနှလုံးကိုပဲ ကြည့်။ နုနုလေး, ဖွဖွလေး, မွမွလေး။ နှင် ... တွန်းလိုက်လို့ လဲသွားရင်တောင်၊ အဲဒီ အသည်းနှလုံးက၊ [illegible]





ကျကွဲသွားနိုင်တယ်။

အဲဒီ ... ကျကွဲသွားတဲ့ အသည်းနှလုံး အပိုင်းအစလေးတွေကို၊ တယုတယ ကောက်ကောက်ပြီး၊ နှင် နားထောင်ကြည့်လိုက်ရင် အချစ် ... အချစ် ... လို့ အော်မြည်နေလိမ့်မယ်"

"နှင့်နာမည်ဘယ်သူလဲ"

ကျွန်တော် စာမေးပွဲအောင်သွားပြီဟု ထင်မိပါသည်။ နာမည်ကိုင် မေးမြန်းနေပြီဖြစ်၏။

"ထွန်းတောက်"

"ငါက ... လူ့နာမည်ကို မေးတာ"

"ဟ၊ အဲဒါ ... လူ့နာမည်ပဲလေ။ ငါ့ နာမည် ထွန်းတောက်"

"နာမည်ကြီးက, လည်း၊ ပုံနှိပ်စက်နာမည်ကြီး"

သူ အထင်ကြီးအောင်၊ ကျွန်တော်, ထပ်ရှင်းပြလိုက်၏။

"ကိုယ့်ဘာသာ ထွန်းမှ၊ ကိုယ့်ဘာသာ တောက်ရမယ့်၊ ယောကျ်ားတခွန် နံမည်မျိုးဟ။ ငါ့ အဖေပေးထားတာ"

"နှင် ... ကျောင်းပြီးပြီလား"

"ဆယ်တန်းမအောင်တာ လေးနှစ်ရှိပြီ၊ ဒါပေမဲ့ ... ငါ, လုံးဝ ဖွဲမလျှော့ချင်သေးဘူး။ ဟဲ ... ဟဲ"

www.burmeseclassic.com



"နာမည်ကို အားနာဖို့ကောင်းလိုက်တာ။ ကဲ ... အချိန်မရှိဘူး။ ငါ့နာမည် ... ပျိုမေခင်"

အလို။ သူ့နာမည်ကိုပင်၊ ကျွန်တော် မမေးဘဲ ပြောပြနေပြန်သည်။

ဒါ ...,တော်ရုံတန်ရုံ အရှိန်အဝါတော့ မဖြစ်နိုင်။ မဟုတ်မှလွဲရော။ ထွန်းတောက်ဆိုတဲ့ နာမည်ကိုကြားရုံမျှဖြင့်၊ ယုံကြည်ကိုးစားသွားပြီ ထင်၏။

"နင်တို့အိမ်က, ယပ်တောင်လုပ်လို့လား"

"ဘာဖြစ်လို့လဲ"

"နင့် နာမည်က၊ ယပ်တောင်လုပ်တဲ့ နာမည်မျိုးကြီး"

သူ ... မျက်စောင်းထိုးလိမ့်မည်ကို သိသော်လည်း၊ ကျွန်တော် ဂရုမစိုက်ဘဲ စကားဆက်လိုက်သည်။

"အင်း။ ဆိုတော့ မဆိုးဘူးဟာ။ တစ်ယောက်က ပုံနှိပ်တိုက်နာမည်။ တစ်ယောက်က, ယပ်တောင်နာမည်။

နှစ်ယောက်ပေါင်းပြီး အလုပ်လုပ်လိုက်လို့ကတော့၊ ပျိုမေထွန်းတောက်ခင် ဆိုတဲ့ ယပ်တောင်တွေ ပလူပျံသွားမှာပဲ"

ပျိုမေခင်က ... ပြုံးပြုံးလေးဖြင့်,

"ကဲ ... စကားမများနဲ့တော့ဟာ။ ဟိုးမှာ





... ငါ့ အစ်ကိုလာနေတယ်"

"ဟုတ်လား၊ ဘယ်မှာလဲ"

"ရှေ့ကို မကြည့်နဲ့တော့။

ငါ ပြောတာကိုပဲ နင်နားထောင်။ နင်နဲ့ငါနဲ့က, သူငယ်ချင်း။

အခု ...,လမ်းထိပ်မှာတွေ့လို့ အတူပြန်လာတာ။ နင်က ... ကျောင်းပြီးပြီ၊ မြန်မာစာနဲ့။ ငါနဲ့ နင်နဲ့ ကျောင်းမှာကတည်းက, သူငယ်ချင်းတွေ ...။ မေ့ကျာအတူတူပဲ"

"ငါ ... မြန်မာစာနဲ့ ကျောင်းပြီးပြီဆိုတာ နင် ... ဘယ်လိုလုပ်သိလဲ"

"နောက်မနေနဲ့တော့ဟာ။ ဟိုမှာ အစ်ကို လာနေပြီ။ ငါပြောသလိုပဲ နေပေးစမ်းပါ"

"နင့်အစ်ကိုနဲ့ ငါနဲ့ ထိုးကြိတ်ရဦးမှာလား"

"မထိုးရ မကြိတ်ရပါဘူးဟယ်။ နင် ... လိုက်နှောင့်ယှက်နေတယ်လို့ ပြောလိုက်ရင်တော့၊ တစ်မျိုးပေါ့"

"ဒါဆို နင်က, နှောင့်ယှက်တယ် ... လို့ မပြောဘူးပေါ့"

"စကားများလိုက်တာ" ... ဟု၊ ပြောပြီး၊ ရှေ့တည့်တည့်ကို ကြည့်လျက် ရယ်ပြသည်။ သူ ရယ်ပြရာသို့၊ ကျွန်တော် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်ထက် သုံးလေးနှစ်လောက်ကြီးမည့်၊ အစ်ကိုကြီး
တစ်ယောက်ကို တွေ့၏။ သူ့အစ်ကိုပဲ ဖြစ်လိမ့်မည်။

"ဟဲ့၊ ဆိုက္ကားနဲ့ မပြန်ဘူးလား"

"ဟိုဘက်ဂိတ်မှာ ဆိုက္ကားမရှိလို့။ ဒီမှာ ...
သူငယ်ချင်းနဲ့လည်း တွေ့နေလို့လေ။ ထွန်းဘောက်
... တဲ့။ ကျောင်းက, သူငယ်ချင်း။ ဒီမှာ ပြန်တွေ့
တာ။ ဟို ... ဖျိုးမေတို့ မျက်စောင်းထိုးအိမ်က, လေ"

"ဪ ... ဟုတ်လား"

ကျွန်တော် နည်းနည်းပါးပါးတော့၊ "ဟုတ်ကဲ့" ... လိုက်
သည်။ "အေး။ သွားကြ ... ,သွားကြ။ လမ်းမ, ဘက်မှာ လက်
ရည်ဆိုင် သွားထိုင်မလို့" ... ဟု၊ ပြောသွားသည်။ လွန်ခဲ့ပြီးနောက်
...သော
...,

"နှင်က ... ငါ့နာမည်ကိုမေးတာ၊ နှင့်အစ်
ကို ဖြေပြဖို့မေးတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ။ ဟိုးအဝေးကြီးက,
အစ်ကိုလာနေတာ၊ ငါမြင်လို့၊ နှင်, ရန်ဖြစ်တ
သလားမေးတာ။ နှင့်ပုံစံက၊ ကျွမ်းကျွမ်းကျင်ကျ
ထိုးကြိတ်တတ်မယ့်ပုံ။ အဲဒါကြောင့် နှင့်နာမည်
မေးပြီး သူငယ်ချင်းလုပ်လိုက်တာ။

ပြီးတော့ .... ငါ့အစ်ကိုက, အေးတယ်
စိတ်တိုတတ်တယ်။ ဒါပေမဲ့ ...။ နှင်နဲ့ရန်ဖြစ်





တော့၊ မနိုင်လောက်ဘူး။ အဲဒါကြောင့်, အကောင်း
ဆုံးလမ်းကို ရွေးလိုက်တာ။

နှင်, ထိခိုက်မှာစိုးလို့ မဟုတ်ဘူးနော်။ ငါ့
အစ်ကို မနိုင်, နိုင်ဘူးထင်လို့ နှင်နဲ့ တွေ့မပေးလိုက်
တာ။ ပြီးတော့ ... ငါတို့က, လူသစ်တွေ။ နှင်တို့
ရန်ငြိုးထားရင်၊ ငါ့အစ်ကို ဒုက္ခရောက်မှာ"

"ဪ ...။ နှင်, တော်တော်လည်တဲ့
ကောင်မ,လေးပဲ။ တစ်ခုတော့ ပြောချင်တယ် ဖျိုးမေ
ခင်။

လူတစ်ယောက်ကို နှောင့်ယှက်စော်ကား၊
ရန်ငြိုးထားတာမျိုးတော့၊ ငါ ... ဘယ်တုန်းကမှ
မလုပ်ဖူးဘူးနော်။ ငါ့ သူငယ်ချင်းတွေလည်း မလုပ်ဖူး
ကြဘူး။

နှင့်ကို စကားလာပြောတာ၊ နှောင့်ယှက်သလို
တော့ ဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ ... ,လာနှောင့်ယှက်
တာ မဟုတ်ဘူး။ ငါ့ဘဝမှာ ... အခုလို စကားလိုက်
ပြောမိတာ၊ နှင် တစ်ယောက်တည်းကိုပဲ ပြောဖူးတာ။

နှင် ... စုံစမ်းကြည့်ပါ။ နောက်တာပြောင်
တာက,လွဲရင်၊ အခုလို သေသေချာချာ စကားပြော
ဖူးတာ ဒါ ... ပထမဆုံးပဲ"။

"ပထမဆုံးသာ ပြောတယ်။ အဆွက် လျှာ



www.burmeseclassic.com

www.burmeseclassic.com



ဘုက်ပဲ . . . နော်"

"ငါ့မှာ၊ အရည်အချင်း တစ်ခုရှိတယ်ဟ။ အဲဒါ ဘာလဲဆိုတော့။ ငါ . . . ဘာမှ မကြောက်တတ်ဘူး။ အဲ့ဒီ မကြောက်တတ်တဲ့ စိတ်နဲ့ပဲ နင့်ကို ငါ, စကားလာပြောတာပါ"

"လာပြောတဲ့ ရည်ရွယ်ချက်က ဘာလဲ"

"ချစ်သူ ရည်းစားဖြစ်ချင်လို့ပေါ့ဟာ။ ငါ့မှာတော့ ရည်းစား မရှိဘူး။ နင့်မှာ ရှိမရှိလည်း ငါ . . . စိတ်မဝင်စားဘူး။

ငါဟာ . . . နင့်ချစ်သူ ဖြစ်သင့်မဖြစ်သင့်၊ နင် . . . သုံးသပ်ပေါ့ . . .။ အသက် အစိတ်ပြည့်တော့မယ်၊ လောလောဆယ် ဘာအရည်အချင်းမှ မရှိဘူး။ အချစ်ဆိုတာက,တော့၊ ကိုယ်ရည်ကိုယ်သွေး အားလုံးတို့ထက်၊ ပိုပြီး မြင့်မားတယ်။ ပိုပြီး မြင့်မြတ်တယ်"

မဲ့တဲ့တဲ့လေး ပြုံးလေ၏။ ပြီးနောက် . . .

"ငါက, နင့်ကို စဉ်းစားပေးရမှာပေါ့၊ ဟုတ်လား"

"တတ်နိုင်ရင် မစဉ်းစားစေချင်ဘူး။ စဉ်းစားတယ်ဆိုတာ . . . ဦးနှောက်ကိစ္စ။ ဦးနှောက်ဆိုတာ မှန်၊ မမှန်၊ သင့် မသင့်၊ အရှုံး၊ အမြတ်၊ တွက်ချက်ငံ





ယန္တရား။

အဲဒါကြီးနဲ့တော့။ ဘဝကိုပဲ တွက်ပါဟာ။

အချစ်ကို မတွက်ပါနဲ့။ မှားသွားလိမ့်မယ်"

ကျွန်တော်တို့အိမ်ရှိရာ လမ်းသွယ်ထိပ်သို့ရောက်သည်။ ကျွန်တော်က . . .

"ငါ . . . နေခဲ့တော့မယ်"

"အေး"

နှုတ်မဆက်, လက်မပြအဲ၊ ပုံမှန်ခြေလှမ်းတို့ဖြင့် ဆက်လက်ထွက်ခွာသွားသည်။

လွန်သွားမှ ကျွန်တော် သတိရသည်။

ကျွန်တော် သူ့ကို "ချစ်တယ်" ဟု သေသေချာချာ မပြောလိုက်ရသေး။

ဘာပဲဖြစ်ဖြစ်၊ သူ . . .

နည်းနည်းပါးပါးတော့၊ ကြားတတ်ပေလိမ့်မည်။

သူ့နှလုံးသား၊ နားပါးလျှင် ကောင်းပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

"မင်းရဲ့ Education ကို သူ ... သိလို့လား" ... ဟု
မြတ်သူမေးသည်။ "မသိလောက်ဘူး ထင်တယ်။ ဆယ်တန်းကျတာ
လေးနှစ်လောက်ရှိပြီ လို့ ငါ ... ပြောခဲ့တယ်" ... မှာ၊ ကျွန်တော်
ဖြေပြော, ပြောလိုက်၏။

အာကာက ...

"မင်းကို အထင်သေးသွားရင် မင်း၊ ဘယ်လို
လုပ်မလဲ"

"အဲဒါ ... သူ့ ပေတံပဲလေ။ အထင်ကြီး
လေးစားပြီးမှ နှစ်သက်မြတ်နိုးပါတယ်ဆိုတာက
တော့၊ အရုပ်ထဲက, ဘယ်မိန်းကလေးဖြစ်ဖြစ် လုပ်
... လို့ရတယ်။

ဆယ်တန်း မအောင်ဘူး ပြောလို့ အနား
အကာမ်မခံတော့လည်း တော်တာပေါ့ကွာ"

"ဟာ။ မင်း လေသံကြီးကလည်း ခိမ်းတား
လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းက၊ ဝင်ပြောသည်။ ကျွန်တော်က . . . ,

"ငါ့မှာလည်း ဘာမှ အထင်ကြီးစရာ မရှိပါဘူး။ ဒါပေမဲ့ . . .

တစ်ယောက်နဲ့တစ်ယောက် ချစ်ကြကြိုက်ကြရင်၊ ဂုဏ်တင်စရာလေးတွေ ကြည့်ကြည့်ပြီး ချစ်ဖို့ကြိုက်ဖို့ ဆုံးဖြတ်ကြတာ၊ ငါ . . . သိပ်၊ မကြိုက်လို့ပါ။

မိန်းကလေးပဲဖြစ်ဖြစ်၊ ယောက်ျားလေးပဲဖြစ်ဖြစ်။ ရိုးသားကြိုးစားတဲ့ ဂုဏ်အင်္ဂါလေးရှိရင် တော်ရောပေါ့။ ပညာအရည်အချင်းက၊ ဘယ်လိုကြွယ်ဝ,မှုကဘယ်လို၊ ကျော်ကြားမှုက ဘယ်လောက် ဆိုတာမျိုးတွေနဲ့၊ ချစ်ခြင်းမေတ္တာကို၊ မလဲလှယ်စေချင်ဘူးကွာ။ အဲဒါကြောင့်ပါ"

ရဲမင်းက . . . ,

"တောမှာ သွားပြော . . . ဆိုတဲ့စကားကို မင်း ကြားဖူးတယ် မဟုတ်လား"

"အင်း"

"အခု . . . မင်းပြောတဲ့ အယူအဆတွေကို ပိုးတောထဲမှာ သွားပြော၊ လူတွေကြားထဲမှာ သိပ်မပြောနဲ့။ မင်းကို ဝိုင်းဟားကြလိမ့်မယ်။

ဘယ်သူပဲဖြစ်ဖြစ်၊ မိန်းကလေးဆိုရင်လည်း ကျွန်မ, ချစ်သူကို ဘွဲ့ဘယ်နှစ်ဘွဲ့ရတာ။ မျိုးရိုးက





ဘယ်လိုသန့်တာ။ ချမ်းသာတာမှ ကျိုကျိုတက်။ သူ့အဖေက . . . ဘယ်သူ။ အဲဒီလိုမျိုး ဂုဏ်ယူဝံ့ကြွားချင်တာပဲ။ ယောက်ျားလေးလည်း၊ ဒီလိုပဲ။ ကျွန်တော့်ချစ်သူက . . . ဒီပလိုမာ ဘယ်နှစ်ခုရထားတာ။ ဘယ်လိုချောတာ၊ ဘယ်လိုလှတာ။ ငွေရေးကြေးရေးလည်း ပြည့်စုံတဲ့ အသိုင်းအဝိုင်းက,ပေါ့။

သူ့အမေက၊ ဂျနီဖာလိုပက်ရဲ့၊ အစ်မ, ခုနစ်ဝမ်းကွဲရဲ့ သူငယ်ချင်းဖလေ။ သူ့အစ်မက၊ ဘရော်ပစ်ဌားစီးဖူးတဲ့ ဆိုက်ကားဂိတ်ရှေ့က၊ တိုက်အိမ်ကြီးကို ပိုင်တာပေါ့။ ဘာ . . . ညာ . . . ပြောကြ ဆိုကြ၊ ကြွားဝါကြတာ သဘာဝပဲ၊ အဲ့ဒီသဘာဝ,ကို မင်းက ဆန့်ကျင်ချင်လို့လား"

"ငါ မဆန့်ကျင်ပါဘူး၊ ငါလည်း လက်ခံပါတယ်။ ဒါပေမဲ့ . . . ငါ ဖြစ်စေချင်တာက၊ ရိုးသားကြိုးစားမှုအတွက် ဂုဏ်ယူစေချင်တာလေ။

ကျွန်မ, ချစ်သူက ဘယ်ဌာနက၊ ဝန်ထမ်းကောင်းပေါ့။ လာဘ်မစားဘူး၊ အောက်ဆိုက် မရှာဘူး။ ရေသာမခိုဘူးလေ။ နိုင်ငံပိုင်ပစ္စည်း၊ ဌာနပိုင်ပစ္စည်းဆိုရင်၊ စက္ကူတစ်ရွက်တောင်၊ ကိုယ်ကျိုးအတွက် အသုံးမပြုဘူး။ အဲဒီလောက်အထိ, ရိုးသားတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မချစ်သူက ဆရာဝန်လေ။ အရမ်းတော်တာ။ ငမ်းသပ်ခတွေ ခြေကြွခတွေ လုံးဝမယူဘူး။ ဒီ ... ဆရာဝန်အလုပ်နဲ့ ချမ်းသာအောင် စီးပွားရှာမယ်ဆိုတဲ့စိတ် လုံးဝ မရှိဘူး။

အဲ ... ကျွန်တော့်ချစ်သူက ကျောင်း ဆရာမ။ ဆရာ ... ဆိုတဲ့ဘဝကို အရမ်း ခုံမင်တာ။ ရတဲ့ လစာလေးနဲ့ပဲ တပည့်တွေအတွက် အသက်ရှင်တာ။ ကျူရှင်လုံးဝ ... မဖွင့်ဘူး။ သူ့စာသင်ခန်းထဲမှာပဲ စေတနာ အပြည့်နဲ့ ပညာကုန်သင်တာလေ။ နိုင်ငံရဲ့ ဘယ်နေရာကိုပဲရွှေ့တ်ရွှေ့တ်၊ ဘယ်အဆက်အသွယ်နဲ့မှ၊ ပြန်ပြောင်းဖို့ မကြိုးစားဘူး။ ဆရာ ... ဆိုတဲ့ ဘဝကို တော်တော် တန်ဖိုးထားတာ။ တပည့်တွေ ဆီက၊ စာသင်ပေးခ၊ ယူတာ၊ တပည့်တွေဆီမှာ ပြန်ပြီး ဒူးထောက်တာမျိုးပဲ၊ တပည့်တွေ ဘာပေးပေးလုံးဝ ... လက်မခံဘူး ... ဆိုတာမျိုး၊ ဂုဏ်ယူစေချင်တာ"

ကျွန်တော့်စကားအဆုံးတွင်၊ အာကာက ...

"ငါလည်း ... ရဲမင်း ပြောသလိုပဲ ပြောမယ် ကွာ။ အဲ့ဒီစကားတွေ တော်မှာသွားပြော။

တောင်တောင် ဟိုနား ဒီနားက၊ ရှိုးမ၊ တောထဲ သွားမပြောနဲ့။ အာဖရိက တောနက်ထဲမှာ သွားပြော"





ကျွန်တော် နှုတ်ပိတ်လိုက်သည်။ ထိုအခါ မြတ်သူက၊

"မင်းတို့ နှစ်ယောက်ကလည်း ... သူလိုကိုယ်လို၊ ကောင်တွေပါလား။

ထွန်းတောက်ပြောတာ၊ မင်းတို့ သဘော မပေါက်ဘူးလား"

"ပေါက်တယ်လေ"

"ပေါက်ရင်၊ ဘာဖြစ်လို့ စိုင်းလောင်နေတာ လဲ"

"ဒါတို့မလောင်ရင် သူ့ကို ... ဒီပြင် လူတွေ စိုင်းလောင်နေမှာစိုးလို့လေကွာ"

"သူ့စကားထဲမှာ လှောင်စရာပါလို့လား"

မြတ်သူက လေသံမာဖြင့်၊ မေးလေ၏။ မည်သူမျှ မဖြေ။

"လူလောကမှာ၊ ဒီလိုဖြစ်စေချင်တယ် ... လို့၊ ဆိုလိုတဲ့စကားမျိုးကို၊ ဖြစ်အောင်လုပ်ဖို့ နှလုံး မသွင်းဘဲ၊ ဖြစ်မှာမဟုတ်ပါဘူးဆိုပြီး၊ ထွက်ပြေး ပုတ်ထုတ်သလိုမျိုး၊ မင်းတို့ မလုပ်သင့်ဘူး"

မြတ်သူက၊ အာကာနှင့်ရဲမင်းကို ကြည့်ပြီး ...

"ထွန်းတောက် ပြောတဲ့အထဲမှာ ... မကောင်းတာ ပါလား"

"မကောင်းတာတော့ မပါဘူးပေါ့။ ဒါပေမဲ့ ... မဖြစ်နိုင်တာတွေ ပြောနေလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဖြစ်နိုင်အောင်၊ ဘယ်သူတွေ လုပ်တာလဲ၊ မင်းသိလား"

"မသိဘူး"

"လူတွေပဲ၊ လုပ်တာကွ။ မင်းတို့ ငါတို့လို လူတွေပဲ လုပ်တာ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ စစ်တိုက်ခဲ့တာ၊ သူ့မိဘ, ဆွေမျိုးတွေ စည်းစိမ်ခံစားဖို့ တိုက်ခဲ့တာ မဟုတ်ဘူး။ တိုင်းပြည်ကို ကာကွယ်ဖို့ ဆိုတဲ့၊ စစ်သားစိတ်တစ်ခုတည်းနဲ့ တိုက်ခဲ့တာ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လေးချိုးကြီးတွေ ရေးခဲ့တာ၊ စာမူခ, လိုချင်လို့ ရေးခဲ့တာ မဟုတ်ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် ရေးခဲ့တာ။

ရွှေငွေ ကျောက်သံပတ္တမြားတွေ၊ စည်းစိမ်ဥစ္စာတွေမပါတဲ့ ဂုဏ်ယူမှုမျိုးဆိုတာ၊ အုတ်ရောရော ကျောက်ရောရောတွေထဲမှာတော့၊ ညပ်မနေဘူးကွ။ မင်းတို့ပြောသလို၊ အုတ်တွေ ကျောက်တွေထဲ မညပ်ချင်လို့၊ မြင့်မြတ်တဲ့ တောထဲတောင်ထဲမှာလည်း ပုန်းချင်ပုန်းနေမှာပေါ့"

ရဲမင်းက ...

"ထွန်းတောက်ကို ထိရင်၊ မြတ်သူမခံဘူး။ အဲဒီတော့ ... ဆက်လက်ပြီး ငြင်းခုံမနေပါနဲ့တော့ အာကာရယ်။





တော်ကြာ ... အချစ်အကြောင်း ပြောရာက, နေ အချစ်မဟုတ်တဲ့အကြောင်းတွေ ပါလာတော့မယ်"

ရဲမင်းက စကားဖြတ်၏။

ခဏမျှ စကားသံများ ဇာတ်ဆိတ်သွားသည်။ ပြီးနောက်, မြတ်သူက ...,

"မင်း ... အဲဒီ ပျိုမေခင်ကို ချစ်တယ် ... လို့ သေသေချာချာ ပြောခဲ့ပြီလား"

"သေသေချာချာတော့ ဘယ်ပြောရဦးမှာလဲ။ ရိပ်ဖမ်း သံဖမ်းပေါ့"။

"တကယ်ရော ချစ်တာလား"

"မဖြေတတ်သေးဘူး။ တစ်ယောက်တည်း ရှိတဲ့ အချိန်ကျမှ၊ ရင်ထဲကို ချောင်းကြည့်လိုက်ဦးမယ်"

မြတ်သူက ဘာမျှ မပြောတော့သဖြင့်၊ ကျွန်တော် ... [illegible]ား ဆက်လိုက်သည်။

"မင်း ... ဘာဖြစ်လို့မေးတာလဲမြတ်သူ"

"ချစ်တယ် ... လို့ မပြောစေချင် ... လို့"

"ဘာ"

မြတ်သူက၊ လက်ကာပြလျက် ...,

"ဒီကိစ္စ၊ မင်းနဲ့ငါ နှစ်ယောက်တည်းကျမှ၊



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ဆွေးနွေးမယ်။

အခု . . . ဒီကောင်တွေ ရှိနေတယ်ကွ။ သူတို့ရှေ့မှာ ပြောရင်၊ လှောင်လိမ့်မယ်၊

ဒီကောင်နှစ်ကောင်က ရိုးသားမှုကို လှောင်ပြောင်ပြီး၊ ချစ်ခြင်းမေတ္တာကိုပါ ဟားတိုက်ကြမယ့်ကောင်တွေ။

ငါ . . . ဘာမှ မပြောသေးဘူး . . . ထွန်းတောက်။ နောက်မှ"

"ဟာ၊ ပေါ်တင်ကြီးကို၊ ဖယ်ထုတ်နေတာပါလား" . . . ဟု အာကာ ပြော၏။ ကျွန်တော် ရယ်နေမိသည်။

ရယ်မောနေမိပါသော်လည်း . . .၊ မြတ်သူ၏ . . .

"ချစ်တယ်လို့ မပြောစေချင်လို့" . . .

ဟူသော စကား၏အဓိပ္ပာယ်အနက်၊ အရှုပ်အထွေးများ၊ များစွာတို့ ဦးခေါင်းအတွင်းသို့ ၊ တပ်နှင့်ချီ၍ ဝင်ရောက်လာလေသည်။

တားဆီးစကားသံ ကြားကာမှ၊ ပုံမှန်ခြေလှမ်းတို့ ရှေ့ဆက်ရန် လမ်းရှာမိတော့သည်။ မချစ်နဲ့ ပြောကာမှ၊ ချစ်မိလိုက်ခြင်းသည် အဲဒါ . . . အချစ် ဖြစ်ပေမည်။

( ၅ )

မြတ်သူ၏ "ချစ်တယ်လို့ မပြောစေချင်လို့" . . . ဟူသော စကားကို၊ ကျွန်တော်၊ ဘဝင်မကျ။ ဘာဖြစ်လို့ "ချစ်တယ်" . . . လို့ မပြောရမှာလဲ။ မျိုးမေခင်ကို၊ သူ . . . ကြိုက်နေလို့လား။ အဲဒါဆိုရင်တော့ ပြဿနာမရှိပါ။ ကျွန်တော်တို့ သူငယ်ချင်းတွေက၊ တစ်ယောက်အလိုကို တစ်ယောက်က ဖြည့်ပေးဖို့ အဆင်သင့်။ အထူးသဖြင့် ကျွန်တော် ဘာမဲလိုလို၊ မြတ်သူက၊ ဆောင်ရွက်ပေးလေသည်။ မြတ်သူ ဘာပဲ ခက်ခဲခက်ခဲ၊ ကျွန်တော်က၊ အဆင်သင့်ပဲလေ။

အကြောင်းတစ်စုံတစ်ခု ရှိသောကြောင့်သာ၊ ဟန့်တားခြင်း ဖြစ်မည်ဟု၊ ကျွန်တော် တွေးဖြေလိုက်သည်။

အာကာနှင့်ရဲမင်းတို့တွင် ရည်းစားကိုယ်စီ ရှိလေ၏။ မြတ်သူနှင့် ကျွန်တော့်တွင်၊ မရှိ။ အရွယ်ရောက်ပြီးစ၊ လူငယ်တစ်ဦး၏ သုံးစားထားချင်သော စိတ်သက်သက်ဖြင့်၊ မျိုးမေခင်အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချဉ်းကပ်ခဲ့ခြင်းဖြစ်သည်။ အာကာနှင့် ရဲမင်းတို့လည်း မကပ်ပိရဲ။ မြတ်သူလည်း မကပ်ဝံ့။

ဟို နှစ်ကောင်မကပ်ရဲတာက ကိစ္စမရှိ။ သူတို့မှာက, ကိုယ်ပိုင် ရည်းစားတွေနှင့်၊ မြတ်သူမှာက ... ရည်းစားရှိဖို့ နေနေသာသာ မိန်းကလေးများနှင့် စကားပြောဖို့ ကံပါလာဟန် မတူ။ ဤသည့်ကို တွေးရင်း ... ပျိုမေခင်ကို မြတ်သူများ ချစ်ကြိုက်နေသလား။ အဲဒီလို ချစ်ကြိုက်နေလို့ “ချစ်တယ်လို့ မပြောစေချင်” ... ဟူသောစကားမျိုး ကို၊ ပြောထွက်ခဲ့ခြင်းလား။ ကျွန်တော်အတန်တန် စဉ်းစားပါသည်။ မဟုတ်နိုင်ဟု ဆုံးဖြတ်ပြီး၊ စိတ်ကို အေးအောင်နေရသည်။

လူဆိုသည်မှာ ...

ဟန့်တားခြင်း ဟူသမျှကို ကျော်လွှားချင်ကြသည်။ ကျူးလွန် ချင်ကြသည်။ နဂိုက ကြိုက်မကြိုက် မသေချာသော အရာတစ်ခု အပေါ် တစ်စုံတစ်ယောက်က၊ ဒီပစ္စည်းကို၊ မည်သူမျှ မကြိုက်ရ ... ဟု၊ တားဆီးပြီဆိုလျှင်၊ နဂိုက မကြိုက်တကြိုက်ပစ္စည်းသည် အလွန် အင်မတန် ကြိုက်ချင်စဖွယ် ကောင်းသောအရာ ဖြစ်သွားတတ် ပေသည်။

ဆိုလိုသည်မှာ ...

ပျိုမေခင်ကို၊ ကျွန်တော် စကားလိုက်ပြောမိခြင်းသည် စကားလိုက်ပြောရုံသက်သက်မျှသာ ဖြစ်သည်။ (အပျော်အပျက် နှောင့်ယှက်တာမျိုးတော့ မဟုတ်ပါ)။ အနီးကပ်၊ သွားရောက် လေ့လာ ခြင်းမျိုးဟု ယူဆနိုင်ပါသည်။ ထိုသို့သော အချိန်ပိုင်း လေ့လာရုံမျှဖြင့်





ပျိုမေခင်သည်၊ ကျွန်တော်အပါအဝင် မည်သူမျှ မငြင်းဆန်နိုင်သော မိန်းမလှတစ်ယောက်, ကြာခြေရှည်တစ်ယောက် ... ဟု၊ သိမြင်ခဲ့ပေ သည်။

ထိုမှတစ်ဖန်၊ သူငယ်ချင်းဖြစ်သူက၊ ပျိုမေခင်ကို၊ “ချစ်တယ် လို့ မပြောစေချင်ဘူး” ... ဟု၊ စဉ်းငယ်မျှ တားဆီးပိတ်ပင်လိုက်သော အခါကျမှ၊ ပြောချင်သော စကားများ၊ တဖွားဖွား ပေါ်ပေါက်လာပြီး၊ ချစ်ချင်သော အချစ်များ၊ တလွှားလွှား တလွင့်လွင့်ဖြင့်၊ ရင်နှင့်မဆံ့စွာ တိုးဝေ့လာလေသည်။

လောက၌ မည်သည့်အရာကိုမျှ၊ မည်သူကမျှ၊ မတားဆီး သင့်။ အထူးသဖြင့် ချစ်ခြင်းမေတ္တာကို ပို၍ပင် မတားဆီးအပ်။

လူဆိုသည်မှာ ...

“အသံမထွက်ရ” ... ဟူသော အဝန်းအဝိုင်းကိုရောက် တာမှ၊ ချောင်းဆိုးချင်တတ်သည်၊ သလိပ်ဟက်ချင်တတ်သည်။

အပိတ်အပင် အတားအဆီးကို၊ အသိစိတ်က သိမြင်လက်ခံမိ ခဲ့လျှင်တောင်၊ မသိစိတ်က, မသိမသာ ဆန့်ကျင်နေတတ်ကြလေ၏။

ယခင်နေ့များက၊ အိမ်ရှေ့ မျက်စောင်းထိုးဘက်သို့၊ ဘာ အကြောင်းကြောင့်မျှ သတိတထား ငဲ့မကြည့်ဖူးခဲ့ချေ။ ယခုတွင်မူ၊ အိမ်ပြတင်းပေါက်မှ ပြူတစ်တစ်လုပ်၍ မကြည့်မိသော်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



စောင်းတောင်းတောင်းလေး ကြည့်မိသည်။ ငုံ့တုံ့တုံ့လေး ငေးမိသည်။

ယခင်အခါများက၊ ပျိုမေခင်၏ အိမ်ရှေ့မှ ဖြတ်လျှောက်ဖြစ်စဉ်၊ မည်သို့သော အလှုပ်အခတ်မျှ မဖြစ်။ ယခုတွင်မူ ပျိုမေခင်နှင့် စကားပြောဖူးပြီးသည့်နောက်ပိုင်း၊ သူ့အိမ်ရှေ့ကို မရောက်ခင်နှင့် ရောက်နေစဉ်တွင်၊ လျှောက်လှမ်းရသည့် ခြေလှမ်းများသည် မတည်ငြိမ်။ ခန္ဓာကိုယ်အနှံ့အပြားသည်လည်း ဂနာမငြိမ်။ ရင်ခုန်သံများသည်လည်း။ ပုံမှန်ထက် အဆ, များစွာ ပိုမိုမြန်ဆန်ကျယ်လောင်နေလေ၏

"သူ ... ရှိရာ အဝန်းအဝိုင်းကို မဆိုထားနှင့်၊ ထို ... အဝန်း အဝိုင်း၏ အနီးအနားကို ဖြတ်သန်းလျှောက်လှမ်းမိရုံဖြင့်၊ လျှပ်မြေ နင်းလျှောက်ရသကဲ့သို့၊ တုန်လှုပ်ထိတ်ပျာ နေမိသည်။ ယင်း ထိတ်ပျာတုန်လှုပ်နေရင်းမှ၊ အရဲစွန့်ကာ မကြာမကြာ ငုံ့ကြည့်မိ သည်။ ဒါ ... အချစ်များလား။ (အချစ်က, တုန်တတ်သလား ကျွန်တော်မသိ)။

ပျိုမေခင်နှင့် စကားတွေ ရောက်တတ်ရာရာပြော ဖြစ်ခဲ့စဉ်က သိပ်ပြီး၊ မတုန်ရင်ခဲ့ပါ။ သို့သော် ..., ထိုသို့ စကားတွေပြောပြီးသည် နောက်ပိုင်းမှာတော့ ..., သူ့ အကြောင်းလေး၊ တွေးကြည့်ရုံ၊ သူ့ မျက်နှာလေး တွေးမြင်ရုံ၊ သူ့အသံလေးကို မှန်းဆ, ကြားယောင် မျှဖြင့်၊ ရင်ထဲမှာ ... တလှုပ်လှုပ်ဖြစ်လာ၏။

တစ်ခါတစ်ရံ တကူးတက မတွေးတောပါဘဲနှင့်၊ ဖျတ် မြင်ယောင်ကာ၊ ရင်ထဲတွင် လှုပ်ခနဲဖြစ်ခဲ့ရသည်မှာ အခါခါ။ ပန်းနှ အနီးအပါးတွင် တည်ရှိနေခဲ့စဉ်က၊ ရနံ့ကိုလည်း သတိမမူ၊ အဆင်





ကိုလည်း မတွယ်မက်ခဲ့ဘဲ၊ ပန်းပွင့်ဖတ်နှင့် ဝေးလာခွာလာခဲ့ကာမှ၊ အဆင်းသဏ္ဌာန်သည်လည်းကောင်း၊ အသင်းအနံ့သည်လည်းကောင်း ဘဝ၏ နေရာအနှံ့သို့၊ ခြေဆန့် လွှမ်းမိုးနေချေ၏။

လမ်းခုလတ်တွင် ကျောက်ခဲတစ်ခဲကို ခလုတ်တိုက်မိခဲ့စဉ်က၊ မည်သို့မျှ မခံစားရ။ အတော်အတန်ကြာလပ်မှ၊ ခြေ၏ တစ်နေရာတွင် အနာတရဖြစ်နေပြီကို၊ သတိပြုမိသူကဲ့သို့၊ ကျွန်တော့်နှလုံးသည်းခြေတွင် ပျိုမေခင် ... ဟူသော ကျောက်ခဲငယ်ကို၊ ခလုတ်တိုက်ခဲ့မိသည်။ အနာတရ ဒဏ်တစ်ခုတော့ ကိန်းအောင်းနေပေပြီ။ အချစ် ဒဏ်ရာ ဝေဒနာ ... ဟု၊ အမည်တပ်ရပေတော့မည်။

နိပါတ်တော်ထဲတွင်၊ "ဥမ္မာဒန္တီ" ဟုခေါ်သော၊ မိန်းမလှ တစ်ယောက်ကို၊ တွေ့မြင်မိသဖြင့်၊ ရူးရင့်စွဲလမ်းခဲ့ရသော သိဝိမင်းကြီး အကြောင်းကို၊ လူတော်တော်များများ၊ ကြားနာဖူးကြပေလိမ့်မည်။

မနှိုင်းတောင်းနှိုင်းကောင်း၊ နှိုင်းဆပြရလျှင်၊ သိဝိဘုရင်ကြီးက၊ ဥမ္မာဒန္တီကို မြင်လျှင်မြင်ချင်း၊ ရူးမူးစွဲမက်ခဲ့ခြင်းဖြစ်၏။ ကျွန်တော့်မှာမူ၊ ပျိုမေခင်ကို မြင်လျှင်မြင်ချင်း စွဲလမ်းစုံမက်ခဲ့သည် မဟုတ်။ မြင်တွေ့ပြောဆိုပြီးမှ၊ တစိမ့်စိမ့်တွေး၊ တရေးရေး မြင်ကာ၊ တသွင်သွင် စီးမျောမြင့်တက်လာရသည့် ဒီရေပမာ၊ ရေမြင့်လေ အရူးရင့်လေဖြစ် နေခဲ့လေပြီ။ (နေမြင့်လေ အရူးရင့်လေဟူသော စကားကို၊ တမင်



www.burmeseclassic.com

www.burmeseclassic.com



မသုံးနှုန်းခြင်း ဖြစ်ပါသည်)။

ပြီးတော့ . . . ,

ကျွန်တော့် ပျိုမေခင်က၊ ဥမ္မာဒန္တီလောက် လှသည် မလှ သည်ကို၊ ကျွန်တော်မသိပါ။ သို့သော် . . . , ပျိုမေခင်က အပျိုစင် တစ်ယောက်ဖြစ်သည်။ ဥမ္မာဒန္တီက, အဘိပါရက စစ်သူကြီး၏ ဇနီး မယား ဖြစ်ပါသည်။

ကျွန်တော် ကြားဖူးနားဝ ရှိခဲ့သည်က,တော့၊ ဥမ္မာဒန္တီကို မိန်းမကောင်း မိန်းမမြတ်အဖြစ်၊ ဖွဲ့နွဲ့ကြလေသည်။ လင်ယောက်ျား အပေါ် သစ္စာကြီးသူအဖြစ်၊ စရိုက်ဖော်ရေးသားကြလေသည်။ ထို အနေအထား၊ အဖွဲ့အနွဲ့တို့ကို၊ မည်သို့မျှ ကျွန်တော် မဝေဖန်လိုပါ။ (ရိုးရိုးသားသား ဝေဖန်ရလျှင်တော့၊ အားလုံး ကောင်းပါသည်)။

"ဒါပေမဲ့ . . . ကျွန်တော် သာမန်လူတစ်ယောက်မို့ သာမန် အတွေးလေးတစ်ခုတော့၊ တွေးဖူးခဲ့ပေသည်။ ထိုအတွေးမှာ စစ်သူ ကြီး အဘိပါရက,က၊ သူ့ဇနီးဥမ္မာဒန္တီကို၊ သိဝိမင်းကြီး တိုင်းခန်းလှည့် လာသည့်အခါ (သူ့မျက်နှာကို မြင်လျှင်၊ စွဲလမ်းလိမ့်မည်စိုးသဖြင့်) ထွက်မကြည့်ဖို့ မှာကြားခဲ့ပေသည်။ လင်ယောက်ျားက၊ မှာကြားခဲ့ပါ လျက်၊ (အလှဂုဏ်မောက်သော မိန်းမသားစိတ်ကြောင့်) ထွက်ကြည့် ဖြစ်အောင် ကြည့်ခဲ့လေသည်။ ထိုသို့ကြည့်ခဲ့သဖြင့်လည်း၊ သိဝိ မင်းကြီး တွေ့မြင်ပြီး . . . ဘာဘာ ညာညာတွေ၊ ဖြစ်ခဲ့ရခြင်း မဟုတ် ပါလား။

လင်ယောက်ျားမှာကြားခဲ့သည်ကို၊ မလိုက်နာခဲ့ခြင်းသည်





(တခြား ဘာအကြောင်းပဲရှိရှိ) သစ္စာကြီးသော မိန်းမသား . . . မျိုး ထဲတွင် မပါဝင်နိုင်တော့ . . . ဟု၊ တွေးတောမိခြင်း ဖြစ်သည်။ ဇနီးမယားကောင်းတို့မည်သည်၊ ခင်ပွန်းယောက်ျား၏ ကောင်းစွာ မှာကြားအပ်သော အမှာစကားမျိုးကို၊ လိုက်နာသင့်သည်မဟုတ်လော။ (ဒါ . . . ကြုံလို့ ပြောခြင်းဖြစ်ပါသည်)။

အစီက ပြောချင်သည်က,တော့၊ ဥမ္မာဒန္တီကို မြင်မြင်ချင်း ရူးမူးခဲ့ကြသကဲ့သို့၊ ပျိုမေခင်ကို မြင်မြင်ချင်း၊ ကျွန်တော် ရူးမူးခဲ့သည် မဟုတ်ပါ။ မြင်တွေ့ကြုံဆုံပြီးပါမှ၊ ထပ်မံ မြင်တွေ့ ကြုံဆုံလိုသည်ကို သတိရခြင်းသက်သက် . . . ဟုတော့၊ သွယ်ကာဝိုက်ကာ၊ ကျွန်တော်, မလှည့်စားချင်ပါ။ ကိုယ့်ကိုယ်ကိုယ် မညာမတာ မလှည့်စားဘဲ၊ သတိ ပြုမိလိုက်သည့်အခါ၊ အချစ် . . . ဟု အမည်ရသော လေယဉ်ပျံလေး တစ်စင်း၊ ကျွန်တော့် နှလုံးသားကွင်းပြင်ကျယ်ကြီးအတွင်းသို့၊ မြန်ဆန်ကျယ်လောင်စွာ၊ ထိုးဆင်းဆိုက်ရောက်လာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

"ငါ မင်းနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်
တယ် မြတ်သူ"

"ဟာ။ မင်းနဲ့ငါနဲ့ အကြားမှာ၊ ဆွေးနွေးရလောက်တဲ့ ကိစ္စ
ကြီး ငယ် ပေါ်နေပြီလား" ... ဟု၊ ကျွန်တော့်ကို မြတ်သူ မေးခွန်း။
ရုတ်တရက် ကျွန်တော် ဘာ ပြန်ပြောရမှန်း မသိ။ ပြီးမှ ...

"မင်း ... ဥမ္မာဒန္တီပျို့ သင်ဖူးတယ် မဟုတ်
လား"

"နုမခေါင်ဆွေ၊ မယ့်အံနေကို၊ မြလေ
သလော၊ လှယောင်ချောသည်၊ သဘောငြိုကို၊ သံချို
ချိုနှင့်၊ ဆိုပါရိုးရိုး မယ်မစိုးနှင့်။ ဟဲဟဲ ...။ တချို့
အပိုဒ်တွေ အလွတ်ရနေပါသေးတယ်။

ဒါ ... အဘိပါရကာ စစ်သူကြီးက၊ ဥမ္မာဒန္တီကို
မေးတဲ့ အပိုဒ်လေ။ ဘာလဲ ... မင်းက ငါနဲ့ ဥမ္မာ
ဒန္တီပျို့၊ ပြိုင်ပြီး ရွတ်ချင်လို့လား။ အကုန်လုံးတော့
အလွတ်မရဘူး၊ စာမေးပွဲဖြေနိုင်ရုံ ကျက်ဖူးထားတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်''

ကျွန်တော်က ...,

''ငါ ... ၊ မင်းအပေါ်မှာ၊ အဘိပါရက စစ်သူကြီးလို၊ ပေးဆပ်နိုင်စွမ်းရှိတဲ့ သူငယ်ချင်းမျိုး ဖြစ်ချင်တယ် မြတ်သူ''

''မင်းက၊ ငါ့ကို ဘာပေးမှာလဲ၊ ဥမ္မာဒန္တီ ပေးမလို့လား''

''အေး''

''မင်းမှာ ... ဥမ္မာဒန္တီ ရှိလို့လား''

''ရှိချင်ရှိမှာပေါ့ကွာ၊ အဘိပါရက စစ်သူကြီးက၊ သူ့ရဲ့အရှင်သခင်လည်းဖြစ်၊ သူ့ရဲ့ သူငယ်ချင်းလည်း ဖြစ်တဲ့၊ သိဝိမင်းကြီး အလိုရှိရင်၊ ဇနီးမယားကိုပါ ပေးဆက်နိုင်စွမ်းတဲ့၊ ပေးဆပ်မှုမျိုးလေကွာ၊ ငါ ... ပြောတာ၊ အဲဒီလိုမျိုး''

''မင်း ... ပြောတဲ့၊ ဥမ္မာဒန္တီပုံပြင်တို့ ငါ သိတယ်၊ ဒါပေမဲ့ ..., မင်း၊ ဘာပြောတယ်ဆိုတာ၊ ငါမသိဘူး ထွန်းဇော်ကို။

မင်းပြောနေတဲ့လေသံက၊ မင်း အိမ်ထောင်တွေ ဘာတွေကျပြီး၊ မင်းမိန်းမကို၊ ငါ လိုချင်ရင် မင်းက, ရက်ရက်ရောရော ပေးမယ်ဆိုတဲ့ ပုံစံကြီး၊ အဲဒီလို အဓိပ္ပါယ်ကြီးကို၊ မင်း ..., ဘာဖြစ်လို့





ပြောတာလဲ။

မင်းစကားကြားရတာ၊ ငါ ကြက်သီးထ လိုက်တာ။ နေရင်းထိုင်ရင်း၊ သိဝိမင်း မဖြစ်ဘဲ၊ ငါ ... ကြာကူလီဖြစ်နေပြီ၊ စကားကို ဆင်ဆင်ခြင်ခြင် ပြောစမ်းပါ။ ဒါမှ မဟုတ်၊ တိုက်ရိုက်ပြောစမ်းပါ''

''ဒါဆို၊ ငါ ... တိုက်ရိုက်ပဲပြောမယ်''

''မင်း ... ပျိုမေခင်ကို ကြိုက်နေသလား''

''ဗုဒ္ဓေါ ... !''

''မင်းကြိုက်နေရင်၊ ငါ ... နောက်ဆုတ်ပေးမယ်၊ အေး၊ နောက်ဆုတ်ပေးတဲ့အပြင်၊ ငါ ... ကိုယ်တိုင် အောင်သွယ်ပေးမယ်''

''မင်း ..., လက်သီးစာမိချင်လို့လား ထွန်းဇော်ကို''

ကျွန်တော်က ...,

''မိန်းကလေးတစ်ယောက်အတွက်နဲ့၊ ယောက်ျားသား နှစ်ယောက် လက်သီးချင်းယှဉ်ထိုးတာ၊ သေနတ်ချင်းပြိုင်ပစ်တာ၊ ရုပ်ရှင်ထဲမှာပဲ ကြည့်လို့ကောင်းမယ်၊ အပြင်မှာ၊ ကြည့်လို့လည်း မကောင်းဘူး၊ ကြားလို့လည်း မကောင်းဘူး။

ပြီးတော့ ... မင်းနဲ့ငါနဲ့က ငယ်သူငယ်ချင်းတွေ၊ လက်သီးချင်း ယှဉ်ထိုးစရာမလိုဘူး။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုချင်ရင်၊ တစ်ယောက်ပေးလိုက်ရုံပဲ။ ပေးတိုင်းရတဲ့ ကိစ္စတော့ မဟုတ်ဘူးပေါ့ ကွာ။ ဒါကြောင့် … တစ်ယောက်အတွက် တစ်ယောက် နောက်ဆုတ်ပေးလိုက်ရုံပဲ။ ငါ … နောက်ဆုတ်ပေးမယ်လို့ မင်းကိုပြောတာ။ စိတ်ဆိုးမာန်ဆိုး၊ အုန္နကျွဲခတ်စိတ်မျိုးနဲ့ ပြောနေတာ မဟုတ်ဘူး။ လိုလိုလားလား …"

"အာ …။ ဟော့ကောင်"

မြတ်သူ ကျွန်တော့်ကို ဆောင့်တွန်းလေသည်။

"လက်မပါနဲ့ မြတ်သူ။ မင်းနဲ့ငါနဲ့က, အသက်ပေးပြီး ချစ်ကြတဲ့သူငယ်ချင်းတွေ။ ငါ အေးအေးဆေးဆေးဆွေးနွေးတာ။ ဝုန်းဒိုင်းမကျဲနဲ့"

မြတ်သူက …,

"မင်း ပြန်မလာ။ ငါ … ဓားနဲ့ထိုးရမလား"

"မင်း ထိုးချင်ထိုးလိုက်။ ငါ … ပြန်တော့ မပြန်ဘူး။

မင်းနဲ့ ဆွေးနွေးစရာရှိတာ ဆွေးနွေးပြီးရင် ငါ … ပျိုမေခင်ဆီကို သွားမယ်လို့။ မသွားခင် … မင်းအတွက်သွားရမှာလား။ ငါ့အတွက် သွားရမှာလား။ သေချာချင်လို့ ငါလာမေးတာ"

"ဟော့ကောင် ထွန်းတောက်။ ငါ … နားမရှင်းဘူးနော်။ ဒါပေမဲ့ … ငါစိတ်တိုနေပြီ"





မြတ်သူက, အံကြိတ်သံဖြင့် ဒေါသ, တကြီးပြောသည်။

ထို့ကြောင့် ကျွန်တော်က …

"ပျိုမေခင်ကို၊ ချစ်တယ်လို့ သေသေချာချာ ပြောခဲ့ပြီလား … တဲ့။ မင်း ငါ့ကို မေးတယ်။ သေသေချာချာ မပြောရသေးဘူးဆိုတော့၊ မင်းက …, တကယ်ရော ချစ်တာလား … တဲ့။ ငါက … ရင်ထဲကို ချောင်းကြည့်လိုက်ဦးမယ်၊ ဘာညာပြောပြီး မင်းဘာဖြစ်လို့ မေးတာလဲ … လို့၊ ငါ ပြန်မေးတယ်လေ။

မင်းက … ပြန်ပြောတယ်။

ချစ်တယ် … လို့၊ မပြောစေချင် … လို့ … တဲ့။ အဲ့ဒီစကားကိစ္စကို၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းကျမှ၊ ဆွေးနွေးမယ် … ဆို။ အခု … ငါ လာဆွေးနွေးတာလေ။

ချစ်တယ် … လို့ မပြောစေချင် … လို့၊ ဆိုတဲ့ စကားအဓိပ္ပါယ်ကို၊ ငါ သိချင်လို့၊ တိုက်ရိုက်မမေးတာတ်လို့၊ ထင်တဲ့အတိုင်းဖွင့်ပြောပြပြီး၊ စ, ဆွေးနွေးတာလေကွာ။

မင်း … ဒေါသဖြစ်သင့်လို့လား"

မြတ်သူ ကျွန်တော့်ကို၊ မျက်ထောက်နီဖြင့်ကြည့်၏။ ပြီးနောက် …,



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ စကားအဓိပ္ပါယ် သိချင်တယ် ... လို့ တစ်ခါတည်းပြောပါလားကွ"

"အေး။ ငါ ... လောသွားတယ်။ အဲ့ဒီ စကားအဓိပ္ပါယ် ငါ ... လာမေးတာ"

"မပြောဘူးကွာ"

"မပြောလို့ မရဘူးဟေ့ကောင်။ ငါ ... အခု လမ်းမ,ဘက် သွားတော့မှာ။ ပျို့မောင် ဆိုက်ကားနဲ့ ပြန်လာရင်၊ ငါ ... ငင်သွားလိမ့်မယ်။

ဒီနေ့ ငါ ... သူ့ကို ရင်ထဲက, စကားတွေကို အပီအပြင်ပြောမလို့၊ ပြီးတော့ ... စာတွေ ... ကဗျာ တွေလည်း ရေးလာသေးတယ်။

မင်း, သူ့ကို စိတ်မဝင်စားဘူးဆိုရင်၊ ငါ ... ချစ်ပစ်လိုက်တော့မယ်"

"လာပြန်ပြီလား၊ ဒီစကား"

"ချစ်တယ်လို့ ... ငါ့ကို၊ မပြောစေချင်ဘူး ဆိုမှတော့၊ မင်းများပြောချင်လို့လားလို့ ငါ တွေးမိ တာပေါ့ကွာ။

ကဲပါ ...၊ မင်း ငါ့ကို ဘာကြောင့် တားရ တာလဲ။ ငါ သိချင်ပြီ"

မြတ်သူက ...,

"မင်း ရေးလာတဲ့၊ စာတွေ ... ကဗျာတွေကို





ဆုတ်ဖြဲပစ်လိုက်။ အဲဒါဆို ...,

ငါ ... ပြောပြမယ်"

"အာ ...။ငါ တစ်ညလုံး၊ ဟိုကူးဒီကူးနဲ့ ရေးထားရတာကွ။ မလုပ်ပါနဲ့"

"မလုပ်လို့ မရဘူး ထွန်းတောက်။ ငါ ပြောတဲ့စကားကို မင်း ... လိုက်နာဖို့အတွက်၊ အဲ့ဒီ ရည်းစားစာတွေ ... ဘာကဗျာ ညာကဗျာတွေကို၊ လုံးဝ ... သုတ်သင်ပစ်ရလိမ့်မယ်"

"ရက်စက်လှချည်လား မြတ်သူရာ"

မြတ်သူက ...

"မင်း ရေးထားတဲ့ ဟာတွေပေး။

ငါ ... ပြောတာကို လက်ခံရင်၊ အဲဒါတွေကို ဖြဲပစ်လိုက်။

လက်မခံရင်တော့၊ မင်း သဘောပဲ"

မြတ်သူလက်ထဲသို့၊ ဘောင်းဘီအိတ်ကြားမှာ စာရွက် ...က်ကို ပေးလိုက်ပြီး ...


"ပျို့မောင်မှာ၊ ဘာအရှုပ်အရှင်း ရှိလို့လဲဟင်"

မြတ်သူ ဘာမျှ မပြော။

ကျွန်တော့် စာရွက်တွေကိုသာ၊ ဖွင့်, ဖတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အိပ်လို့ မပျော်လို့ အိပ်ရာပေါ်မှာ ဟိုလိမ့် ဒီလိမ့် လိမ့်နေတာကို ရေးထားတာကွ။ ငတုံးရဲ့”

“မင်းကမှ တုံးတာ။ အိပ်မပျော်တာပဲ၊ အိပ်ဆေးသောက်ပြီး အိပ်လိုက်ပေါ့။ ပြီးတာပဲ”

“သတိရတဲ့စိတ်က၊ အိပ်ရမှာကိုတောင် နှမြောနေမိတာပေါ့”

“အွားပြီ” . . . မှာ၊ မြတ်သူ ပြောဏ်။

“ဘာသွားတာလဲ”

“မင်းကို ငါတို့ ရဲမင်းနဲ့အာကာတို့က၊ အဲဒီ ပျို့မေခင်ဆိုတဲ့ ကောင်မ,လေးကို စကားလိုက်ပြောရဲလား . . . လို့ ချွန်ပေးလိုက်တာ။ ပျော်စေ ပျက်စေ။

အခု . . . မင်းက, ဟက်တက်ကွဲတော့မယ့် အသည်းအပြင်းစားကြီးနဲ့၊ ရေရေလည်လည်ကို၊ လောင်ကျွမ်းတော့မယ့် ပုံစံဖြစ်နေပြီ။ ဘယ်လိုဖြစ်တာလဲ”

“ဘယ်လိုဖြစ်ရမလဲ။ မင်းက, ချစ်တယ်လို့ မပြောစေချင်ဘူး . . . လို့လည်း, Talking ရိုက်လိုက်ရော။ ငါ . . . လုံး၀, နှစ်မျောသွားတော့တာပဲ”

“ဘာလဲ။ ငါ ကြိုက်တော့မယ်ဆိုတဲ့ စထင်နဲ့ မင်းက မနာလိုဖြစ်သွားတာပေါ့။ တူကြလား”



www.burmeseclassic.com

www.burmeseclassic.com



"မနာလိုစိတ်လေးတော့ နည်းနည်းဖြစ်သွားတာပေါ့ကွာ။ နောက်ပြီး . . . ,မပြောနဲ့ဆိုမှ ပြောချင်စိတ်ပေါက်သွားတာကွ။ ဘာဖြစ်သွားတာလဲတော့ ငါ မသိဘူး"

"အဲဒါ . . . တော်လှန်တဲ့ စိတ်လို့ ခေါ်တယ်" . . . ဟု မြတ်သူ ပြောၿ၏။ "ဘာမှ မဆိုင်ဘူး" . . . ဟု၊ ကျွန်တော် ပြန်ပြောသည်။

"ဆိုင်တယ်ကွ။ အဲဒါ . . . မွေးရာပါ တော်လှန်တတ်တဲ့ စိတ်။ "ဟဲ့ . . . စာကျက်နော် ဆိုရင် မကျက်ချင်တော့တာမျိုး။ ဟဲ့ ကြိုးစားနော် ဆိုရင် မကြိုးစားတော့တာမျိုး။ မလုပ်နဲ့နော် . . . ဆိုရင် လုပ်ဖြစ်အောင်၊ လုပ်ပစ်လိုက်တာမျိုး။ အဲ့ဒီစိတ်မျိုး တော်လှန်တဲ့စိတ်လို့ ခေါ်တယ် ဒါပေမဲ့ . . . , တော်လှန်တဲ့စိတ်က, နေ့စဉ်းမရှိ ကမ်းမရှိ အလိုလိုနေရင်းကို ဆန့်ကျင်နေချင်တာ ကျတော့။

အဲဒါ . . . သူပုန်စိတ်"

ကျွန်တော်က . . .

"သူပုန်ပဲဖြစ်ဖြစ်၊ ဓားပြပဲဖြစ်ဖြစ်ကွာ။ မချစ်လို့ တားရင်၊ သူပုန် အဖြစ်ခံပြီးလည်း ချစ်ပစ်လိုက်မယ်။ ဓားပြအဖြစ်ခံပြီးလည်း ချစ်ပစ်လိုက်မယ် ဘယ့်နှယ့်လဲ။ အဲ့ဒီစိတ်ကိုရော . . ဘယ်လိုခေါ်မလဲ"





"အဲ့ဒီ စိတ်က, တော့၊ သေသေချာချာ, ဆန်းစစ်ပြီး၊ ဝေဖန်ရမယ်ဆိုရင် . . . အဲဒါ . . . ခွေးစိတ်ပဲ"

" . . . "

မြတ်သူကို၊ ကျွန်တော်၊ "ခွေး" . . . ဟူသော ဝေါဟာရပါသည့် စကားကြမ်းဖြင့် ဆဲလိုက်မိတော့သည်။

"ကဲ . . . မြတ်သူ။ ပြောပြတော့ကွာ။ ပျိုမေခင်ကို၊ ချစ်တယ် . . . လို့ မပြောရှေ့ချင်တဲ့ ကိစ္စ"

မြတ်သူက၊ ကျွန်တော့်ကို သေသေချာချာကြည့်လျက် . . .

"မင်း . . . ပျိုမေခင်ကို၊ တကယ် ချစ်သလား။ အဲဒါ . . . ကို အရင်ဖြေ"

"ချစ်တယ်"

"ချစ်တယ်ဆိုတာ၊ သေချာရင်၊ ချစ်တယ် . . . လို့၊ မပြောနဲ့တော့ သူငယ်ချင်း"

"ဘာလဲကွာ။ မင်း စကားက၊ ပြန်လည်လာပြန်ပြီ"

မြတ်သူက, ကျွန်တော့်ကို၊ ဘာမျှ ပြန်မပြောဘဲ . . .၊ ကျွန်တော့် လက်ဝဲဘက် ပခုံးစွန်းကို၊ တစ်ချက်စိုက်ကြည့်သည်။ ပခုံးစွန်းပေါ်တွင်၊ ပုရွက်ဆိတ်တစ်ကောင် တင်နေ၏။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အသာအယာ ဖယ်ထုတ်ပစ်လိုက်သည်။

မြတ်သူက ...,

"မင်းပခုံးပေါ်မှာ၊ ပုရွက်ဆိတ်တင်နေတာ မင်း ဘယ်လိုလုပ် သိလဲ"

"မင်း ... ငါ့ ပခုံးကို လှမ်းကြည့်လိုက်လို့ ငါ ... ကြည့်ရင်း၊ သိတာလေ"

"ပခုံးပေါ်မှာ ပုရွက်ဆိတ် ... လို့ ငါ ... ပြောမိသလား"

"ပြောတော့ မပြောဘူးပေါ့။ ဒါပေမဲ့ အမူအရာအားဖြင့် သိတာပေါ့"

"အေး။ ငါ ပြောချင်တာ။ အဲဒါပဲ"

"လူ့ အစဉ်အလာမှာ၊ မိန်းကလေးတစ်ယောက်ကို၊ ယောကျ်ားလေးတစ်ယောက်က၊ ချစ်ခင်မြတ်နိုးရင်၊ ချစ်ခင်မြတ်နိုးတဲ့အကြောင်း၊ စာတွေ ... စကားတွေနဲ့၊ ပြောခဲ့၊ ရင်ဖွင့်ခဲ့, ကမ်းလှမ်းခဲ့ကြတာ၊ တော်တော်ကြာပြီ။

ပါးစပ်က၊ ထုတ်မပြောဘဲ။ ဖြစ်နိုင်ရင်၊ အမူအရာနဲ့တောင် မပြဘဲ၊ စိတ်ထဲက, ပြောပြီး၊ သူ့စိတ်ထဲကပဲ သိအောင်၊ ကြားအောင်၊ မင်း ... လုပ်ကြည့်ပါလား"

"ပါးစပ်က, ထုတ်မပြောဘဲ၊ ဘယ်လိုလုပ်





သိနိုင်မှာလဲကွ။ ပြီးတော့ ... ပျိုမေခင်ကို ငါ ... ရိပ်ဖမ်းသံဖမ်းတွေ ပြောပြီးခဲ့ပြီးပြီ"

"ရိပ်ဖမ်းသံဖမ်း ပြောခဲ့မိရင်လည်း၊ တရားဝင် ချစ်စကားကို၊ စိတ်နဲ့ပဲ ပြောကြည့်ပေါ့ကွ"

"သူ ... ဘယ်လိုလုပ် ကြားမှာလဲ"

မြတ်သူက ...

"ပြောမှ ... သိ၊ ထိမှ ... နာ။ သာမှ ... နေ။ သေမှ ... ခင်၊ ဤ(လေး)အင်၊ လူတွင် မကျင့်ရာ ... တဲ့။

လူကြီးသူမ, တွေ၊ ပြောပြောနေတဲ့စကား။

လူဆိုတာ၊ ပြောမှ သိတာထက်။ မပြောဘဲ သိရင်၊ ပို မကောင်းဘူးလားကွာ။

ထိမှ နာတာထက်၊ မထိဘဲနဲ့ နာတာ ပို မကောင်းဘူးလားကွာ။ အမျိုးဘာသာ, သာသနာကို ထိပါးရင်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို၊ ကိုယ့်ယဉ်ကျေးမှုကို ထိပါးရင်။ ကိုယ့်ကို၊ တိုက်ရိုက် လာမထိပေမယ့်၊ လာထိသလို နာတတ်တာ။ အဲဒါ ... မထိဘဲနဲ့ နာတာမျိုးပဲ။

ဒီနေရာ၊ ဒီရေမြေ၊ ဒီလိုလူတွေနဲ့ ပေါင်းရသင်းရ ဆက်ဆံရတာ ကိုယ့်အတွက် မသာယာပေမယ့်၊ ကိုယ့်အတွက် အမြတ်အစွန်း မရှိပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်ခါပြီ။ နေထိုင်ပေါင်းသင်းရင်၊ သာမှ နေတဲ့ လူတွေထဲမှာ၊ မပါတော့ဘူးပေါ့။ အခု ကာလမှာ လူ တော်တော်များများက၊ သာရာမှာ နားချင်ကြ တယ်ကွ။

လူတစ်ယောက် သေမှ၊ ခင်မင့်သယောင် ပြောဆို ချီးကျူးနေမယ့်အစား၊ မသေခင်မှာ၊ ခင်ခင် မင်မင်နဲ့၊ ဖေးဖေး မမ, ဆက်ဆံလိုက်ရင်ကော မကောင်းဘူးလားကွာ"

ကျွန်တော် ခေါင်းကုတ်လျက် . . .

"အဲဒါတွေ၊ ငါ မသိချင်ဘူးကွာ။ မပြော ဘဲ သိတဲ့ . . . နည်း ငါ့ကို . . . ပေး"

"မပေးတတ်ဘူးကွ။ ငါက, ပြောပဲ ပြော တတ်တာ။

မိဘတွေက သားသမီးတွေကို၊ အရမ်းချစ် ကြတာ။ သားသမီးတွေ၊ အလိုလို မသိကြဘူးလား"

"သိတာပေါ့"

"ဘာဖြစ်လို့-သိတာလဲ"

"မိဘ . . . မေတ္တာကြီးမားလို့ပေါ့"

"သားသမီးရဲ့၊ ကိုယ်ခန္ဓာပေါ်မှာ ခြင်လေး တစ်ကောင် နားနေရင်တောင်၊ ကမန်းကတန်း မောင်းကြ၊ ယပ်ကြတာလေ။





သားသမီးတစ်ခုခု ဖြစ်ရင်၊ သူတို့ကိုယ်တိုင် ဖြစ်ကြရသလို၊ ထပ်တူမက, ခံစားကြရတာလေ။ အဲဒါ . . ., မင်းပြောသလို၊ မေတ္တာကြီးမားလွန်း လို့ပေါ့။

အဲ့ဒီတော့၊ မင်းရဲ့ ချစ်ခြင်းမေတ္တာ တကယ် ကြီးမားတယ်ဆိုရင်၊ ပျိုမေခင်ကို၊ ချစ်တယ် . . . လို့ မပြောနဲ့။ သူ့အလိုလို သိသွားလိမ့်မယ်"

"အဲဒီလိုသိအောင်၊ ငါက . . . ဘယ်လို သက် သေပြရမှာလဲ"

"သက်သေပြစရာ မလိုပါဘူး။ အရှိ အရှိ အတိုင်း နေဖို့ပဲ လိုပါတယ်။

မိဘတွေက . . . သားသမီးတွေကို၊ စား, ဝတ်နေရေး အကုန်အစင် တာဝန်ယူပေးနေတာ၊ သူတို့ချစ်ကြောင်း၊ သားသမီးတွေသိအောင်၊ သက် သေပြနေတာလား။ သူတို့၊ လုပ်ချင်တာကို လုပ်နေ ကြတာလား"

"လုပ်ချင်တာကို၊ လုပ်နေတာ"

"အေး။ မင်းလည်း၊ လုပ်ချင်တာကို လုပ်၊ နေချင်သလို . . . နေ။ ပျိုမေခင်ကို ချစ်တဲ့စိတ်နဲ့ ပဲ၊ အရာရာကို၊ ရင်ဆိုင်။ အဲဒါဆို . . . မပြောဘဲနဲ့၊ သူ့ဘာသာ သိလာလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်တာကို၊ ဖွင့်ပြောပြမှ သိမယ့်သူတိုင်း ကိုယ့်ချစ်သူအစစ်အမှန် ဟုတ်ချင်မှ ဟုတ်မယ်နော်။ နှုတ်က ဖွင့်မပြောဘဲ၊ တစ်ဦးနဲ့တစ်ဦး ချစ်သွားကြတဲ့ ချစ်သူတွေ၊ လောက,ကြီးထဲမှာ ရှိနိုင်ပါတယ်ကွာ''

''ငါက … ဖွင့်မပြောမိလို့ ဖွင့်ပြောတဲ့ တခြားတစ်ယောက်နောက်ကို ပါသွားရင် … ဘယ်လိုလုပ်ရမလဲ''

''ဖွင့်ပြောရုံနဲ့ ပါသွားရင်း ဖွင့်မပြောဘဲ ထုတ်သိမ်းထားတဲ့ ထုထည်ကို၊ သူ … မမြင်တတ်လို့ပေါ့ကွာ။

တချို့ ယောက်ျားလေးတွေက၊ ထုထည် မရှိဘဲ၊ ''ချစ်တယ်'' … ဆိုတဲ့စကားကို၊ ကျွမ်းကျွမ်းကျင်ကျင်၊ ပြောတတ်ကြတယ်ကွ။ အဲ့ဒီ အပြောအဆိုတွေအပေါ် နားဝင်ပီယံဖြစ်တတ်တဲ့ မိန်းကလေးရဲ့ နှလုံးသားက၊ အင်မတန် နုနယ်လို့ပေါ့ကွ။

ပျို့မေခင်ဆိုတာ၊ နုနုနယ်နယ်လေး မဟုတ်ပါဘူး။ ခေတ်ပညာတတ်တစ်ယောက် ဖြစ်မှာပါ။ ပါးစပ်က ဖွင့်မပြောတဲ့ မင်းရဲ့ ရင်ထဲက ထုထည်ကို သူ … ကြည့်တတ်မှာပါ။

အချစ်ဆိုတာ၊ မကောင်းဘဲနဲ့ ပေးနေတဲ့





လက်ဆောင်တစ်ခုဆိုတော၊ သူ … အလိုလို သိသွားပါစေကွာ။

တစ်ယောက်က ချစ်ပါ … လို့လည်း၊ မတောင်းဆိုဘူး။ တစ်ယောက်က၊ ချစ်တယ် … လို့လည်း၊ ဖွင့်မပြောဘူး။ အဲ့ဒီနှစ်ယောက်၊ ချစ်သူတွေ ဖြစ်သွားခဲ့ရင်၊ အဲဒါ … ကမ္ဘာလောက,မှာ … တကယ့်အချစ်စစ်တွေ ရှိနေသေးတယ်ဆိုတဲ့ သက်သေပဲ''

''မင်း … ပြောသလိုဆိုရင်၊ အခု လက်ရှိကာလ,မှာ၊ ချစ်နေကြတဲ့သူတွေက၊ အချစ်မစစ်ဘူးလို့ ဆိုလိုချင်တာလား''

''ငါ … အဲဒီလို မစွပ်စွဲပါဘူး။ ဒါပေမဲ့ လူ … တော်တော်များများက၊ ချစ်စရာကောင်းလို့ ချစ်နေကြတာ၊ ချစ်စရာရှိလို့ ချစ်နေကြတာ။ ချစ်ချင်လို့ ချစ်နေကြတာ မဟုတ်ဘူး။

ချစ်စရာ ကောင်းကောင်း၊ မကောင်းကောင်း၊ ချစ်စရာ ရှိရှိ မရှိရှိ၊ ချစ်ချင်လို့ ချစ်နေတာကမှ ''အချစ်'' … ကွ''

စကားကို၊ စိတ်ဝင်စားသော်လည်း၊ ကျွန်တော် လက်မခံချင်၊ သက်ခံဖို့ ခက်လွန်းနေရ၏။ မြတ်သူက …၊

''သားသမီးဆိုးဆိုး မဆိုးဆိုး၊ မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်မဟုတ်လား"

"အေး။ အဲဒါတော့ ဟုတ်တယ်"

"အဲဒါဆို၊ မင်းကောင်းကောင်း မကောင်းကောင်း၊ ပျိုမေခင်က၊ ချစ်နေရင်။ ပျိုမေခင် ကောင်းကောင်း မကောင်းကောင်း။ မင်းက ချစ်နေရင်။ အဲဒါ . . . အချစ်ပဲ။ အချစ် စစ်စစ်ပဲ"

" Right " . . . ဟု ကျွန်တော် ပြောလိုက်သည်။ ပြီးနောက် စားပွဲပေါ်ရှိ ကဗျာစာရွက်နှင့် အခြားစာကြောင်းများ ပါသော စာရွက်တွေကို၊ မြတ်နိုးစွာ စူးစိုက်ကြည့်ပြီး၊ သေသေချာချာ ဖြဲလိုက်တော့၏။

"ဖြဲ"

"ဖြဲ"

"ဖြဲ"

ကပဲ

( ၈ )

"ငါ . . . မြန်မာစာနဲ့ ကျောင်းပြီးတယ်ဆိုတာ၊ နင်, ဘယ်လိုလုပ်သိလဲ"

ပျိုမေခင်က, နှုတ်ခမ်းမဲ့ကာ . . .

"အနားကို လာပြီးတော့ စကားပြောချင်တယ်ဆိုလည်း၊ တခြားစကားနဲ့ ချဉ်းကပ်ပါဟာ။ နင့် Dialogue ကြီးက ရိုးလွန်းပါတယ်"

"ဟဲ့။ ချဉ်းကပ်ဖို့ လာမေးတာ မဟုတ်ဘူး။ ငါ . . . တကယ်သိချင်လို့ လာမေးတာ။ နင့်ကို ငါ ပြောထားတာ။ ဆယ်တန်းလေးခါကျ။ နင် . . . ဟိုနေ့က၊ နင့်အစ်ကိုကို ပြောဖို့ ငါ့ ပညာအရည်အချင်းကို၊ နင် . . . ပြောနိုင်းတာ မြန်မာစာနဲ့။ ကျောင်းပြီးပြီ . . . တဲ့။ အဲဒါ . . . မတန်မရာကြီး ဖြစ်နေမှာစိုးလို့"

"နင်က . . . တော်တော် ဒုံးဝေးတာပဲ။ ငါက, မြန်မာစာနဲ့ ကျောင်းပြီးတဲ့သူ။ ငါ့သူငယ်ချင်း . . . လို့



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို ပြောမိမှတော့။ မေဂျာတူ အရည်ချင်းတူ
ပြောမှာပေါ့ဟဲ့။

တော်ကြာ ...၊ ငါ့အနားမှာ လာကပ်နေ
တဲ့ကောင်က၊ ဆယ်တန်းလေးခါကျတဲ့ကောင်မှန်း
ငါ့အစ်ကိုသိသွားရင်၊ ငါ့ကို စိတ်ဆိုးချိန်တောင်မရတဲ့
နေရာတင်၊ ပွဲချင်းပြီး သေသွားနိုင်တယ်''

''နှင် ...၊ တော်တော် Big Star တာပဲ''

''ဘာလဲ ... ဘစ်စတား''

''ကြီးကျယ်တာကို ပြောတာ''

''ပေါက်ကရတော့ တော်တော် ပြောတတ်တယ်'' ... ဟု
ပျိုမေခင်က၊ မဲ့ကာရွဲ့ကာ ကဲ့ရဲ့လေ၏။ ကျွန်တော်က ...

''နှင့် အစ်ကိုက၊ ဘာမို့လို့လဲ''

''အင်ဂျင်နီယာ''

''အင်ဂျင်နီယာကလည်း။ လက်ဖက်ရည်ဆိုင်
ပဲ ထွက်ထွက်ထိုင်နေတယ်''

''ဟဲ့။ အလုပ် လျှောက်ထားတုန်းမို့ပေါ့''

''အလုပ်ဆိုတာ၊ သူများဆီမှာ မလျှောက်
ရဘူးဟ။ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ရတယ်''

''ဘာတွေပြောမှန်းလဲ၊ မသိဘူး''

''နှင်း အခု ဘယ်က ပြန်လာတာလဲ''

''နှင် ... ဘာလုပ်မလို့လဲ''





''မပြောချင်လည်း နေပါဟာ။ ဒါလေး မေး
တာပဲ။ ကမ္ဘာပျက်မယ့်နေ့ မေးတာကျနေတာပဲ''

''ကျောင်းပြီးပြီ။ အလုပ်မရှိသေးလို့ ကွန်ပျူ
တာ သွားသင်နေတာ''

''ကွန်ပျူတာ တတ်ရင်၊ အလုပ်ရှိသွားပြီလား''

''အထောက်အကူတော့ ပြုမှာပေါ့ဟဲ့''

''မရေမရာကြီး'' ... ဟု၊ ကျွန်တော် ကဲ့ရဲ့ဟန်ဖြင့် ပြော
လိုက်သည်။

''နှင်က, တော့။ ဘာ့ ရေရာလို့လဲ။ ဘာ
ကောင်မို့လဲ''

''ငါက, တော့၊ ဘာ့ကောင်မှ မဟုတ်ပါဘူး။
ဒါပေမဲ့ ...၊ ငါ့အဖေက ... ဒါ''

ကျွန်တော် ပခုံးပေါ်သို့ လက်သုံးချောင်းတင်ပြီး ကြွားပြ
လိုက်သည်။

''ဘာ။ နှင့်အဖေက, ဗိုလ်မှူးကြီးလား''

''မဟုတ်ဘူး။ ငယ်ငယ်တုန်းက, ဈေးထမ်း
ရောင်းဖူးတယ်လို့ ပြောတာ။ အဲ့ဒီလို ဘဝက, နေ
ကြိုးစားရှန်းကန်ခဲ့လို့၊ ငါတို့ ဒီလိုနေရတာပေါ့''

''ဘယ်လို နေရတာလဲ''

''လမ်းလျှောက်နေရတာလေ''

''အဲဒါ ... ကြွားစရာလားဟဲ့။ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေရတာကို''

"ရှိးသားတာကို ပြောပြတာပါ၊ ငါ့အဖေ
ကျောင်းဆရာ။ အဲ ... ကျောင်းအုပ်ဆရာကြီး''

"ဒါဆိုတော်တာပေါ့။ အဖေနဲ့သားနဲ့ တခြ
စီပဲ''

"ငါ ... အဖေကို၊ ငါ ... ငယ်ငယ်
အောက်ဆိုဒ်ရှာဖို့ အကြံပေးသေးတယ်။ ငါ့အ
အသည်းအသန်ငြင်းလို့၊ ငါတို့၊ ကားမစီးနိုင်တာ''

"နင်က ... ဘယ်လို အကြံပေးတာလဲ''

"ကျောင်းဆရာဆိုတော့၊ ဘာအောက်ဆ
ရှိမှာလဲဟ။ ကျောင်းမှာ မြေဖြူခဲတွေပဲ ရှိတာ။ အဲ
မြေဖြူခဲတွေ ခိုးပြီး၊ နိုင်ငံခြားပို့ဖို့ ငါ ... အကြ
ပေးလိုက်တာ။ ငါ့အဖေ ... ငါ့ကို ရေရေလည်လည
ဆဲရော ...''

"မြေဖြူခဲက၊ နိုင်ငံခြားပို့လို့ ရလို့လား''

"ရတာပေါ့။ အင်္ဂလန်ကို အများဆုံး ပို့တာ''

"ဟုတ်လို့လားဟယ်''

"ဟုတ်တယ်။ နိုင်ငံခြားသူတွေ၊ အသာ
ဖြူတာ၊ နင် သတိမထားမိဘူးလား''

"အင်း ... ထားမိတယ်''

"အဲဒါ ...၊ ငါတို့မြန်မာပြည် ဈေးကွက်





မြေဖြူခဲတွေကို၊ တစ်နေ့သုံးကြိမ် သောက်ပြီး ည
အိပ်ရာဝင် တစ်ကြိမ် သွေးလိမ်းလို့ သူတို့အသားတွေ
ဆွတ်ဆွတ်ဖြူကုန်ကြတာ။ မယုံရင် နင်၊ လိမ်းကြည့်
ပါလား''

ပြောပြီး ကျွန်တော် ရယ်လိုက်သည်။ ဖျိုမေခင်က,

"နင့် ... ကြီးတော်ကြီးပဲ၊ လိမ်းနိုင်း''

"ငါ ... ကြီးတော်ကြီးက၊ မြေဖြူမလိမ်းဘူး၊
ထုံးသုတ်တာ''

ဖျိုမေခင်က၊ မျက်နှာတည်တည်ထားပါလျက်၊ တည်၍မရတော့
ည့် နှုတ်ခမ်းကို၊ လက်ဖြင့်ကွယ်လျက်၊ ရယ်လေတော့သည်။
က်ဖြင့် ကွယ်ဝှက်ရယ်မောသော်လည်း၊ သူ့ သွားဖြူတန်းလေး
ကို၊ တောက်ပ,စွာ၊ ကျွန်တော် မြင်ခွင့်ရလိုက်၏။

"နင့် သွားလေးတွေက၊ ဖွေးနေတာပဲနော်''

"အဲဒါ ဘာဖြစ်လဲ''

"မြေဖြူခဲတွေ ကိုက်စားထားတဲ့ အတိုင်းပဲ''

လက်ထဲရှိ ခေါက်ထီးငယ်ဖြင့်၊ ကျွန်တော့်ကို၊ မထိတထိ
လေသည်။

"နင် ... ငါ့ကို ဘာဖြစ်လို့ စကား လာလာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာလဲ''

"ချစ်လို့ပေါ့" ... ဟူသော၊ နှုတ်ထွက်စကားကို ကျွန်[illegible]
မျိုချပစ်လိုက်သည်။

"ပါးစပ်ပါလို့ စကားလာပြောတာပေါ့"

"နင် ... အားမနာဘူးလား"

"ဘာကို အားနာရမှာလဲ"

"ငါက ... မိန်းကလေးလေဟယ်"

ပြောမှသိရသော မိန်းကလေးသည်၊ ပြောသလောက်[illegible] သိနိုင်သူဖြစ်၏။ (မြတ်သူ၏ အလို)။ ထို့ကြောင့် ထို့ထက်ပို၍ [illegible] လိုသော အလို့ငှာ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အမှိုက်စ တစ်[illegible] သတ်မှတ်ပစ်လိုက်သည်။

"နင့် မြင်ကွင်း၊ နင့်ရဲ့လမ်းခရီးမှာ ငါ [illegible]
အနှောင့်အယှက် ဖြစ်နေလို့လား"

"အင်း"

"ငါ့ မျက်နှာကို နင် မြင်ရတာ ဒီနေ့ [illegible]
ဆုံးပဲ ပျိုမေခင်။

နှောင့်ယှက်မိတာ၊ ပြောမိဆိုမိတာ[illegible]
တော့၊ ဇွဲမယူပါနဲ့ဟာ။ ငါ သွားတော့မယ်"

ကျွန်တော် ခြေလှမ်းပြင်စဉ် ...၊

"ဟဲ့ ...။ ငါ ပြောတာက၊ နင့်ကို [illegible]
မာန်ဆိုးနဲ့ ပြောနေတာ မဟုတ်ဘူး။ ငါ့အပြင် [illegible]





လာလာစောင့်နေသလိုဖြစ်နေလို့ ပြောတာ။ အဲဒါ
... သင့်တော်လို့လား"

"မသင့်တော်ဘူးလေ။ အဲဒါကြောင့်၊ နောက်
နေ့ ငါ့ ... မျက်နှာကို နင် မမြင်စေရဘူးလို့ ငါ
... ပြောတာ။ ငါ တကယ်သွားပြီ"

လက်ပြလိုက်သည်။

ပြီးနောက် ...၊ အတူလျှောက်ခဲ့ရာ၊ လမ်းမဘက်သို့
[illegible]ကျွန်တော် ညင်သာစွာ လှည့်ထွက်ခဲ့၏။

သူ ဘယ်လို ကျန်ခဲ့မလဲ။ သိချင်သည်။

သို့သော် ...

လှည့်မကြည့်ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

မြတ်သူ၏ ညီမ, "ဒေဝီ"က၊ "ကိုကိုကြီး ခေါ်ခိုင်းလိုက်လို့" ... ဟု၊ ကျွန်တော့်ကို ပြောသည်။ "အရေးကြီးလို့လား" ... ဟု၊ ကျွန်တော် မေးသည်။ "ဟုတ်မယ် ထင်တယ်" ... ဟု၊ သူ ... ပြောသည်။

"အမေ။ ကျွန်တော် မြတ်သူ အိမ်သွားလိုက်ဦးမယ်" ... ဟု အိမ်အတွင်းသို့ လှမ်းအော်လိုက်သည်။ "အေး၊ နင်လည်း တစ်နေ့တစ်နေ့ အိမ်မှာ ဖင်ပူအောင် မနေနဲ့။ အိပ်ချိန်ကျမှ ပြန်လာနော်" ... ဟူသော အမေ့အသံကို ကြားလိုက်သေးသည်။

အိမ်ဝင်းအပြင်ဘက် ရောက်သည်နှင့် ...,

"ဟဲ့၊ ဒေဝီ။ ဘာကိစ္စလဲ နင် သိလား"

ဒေဝီက ...,

"သေသေချာချာတော့ မသိဘူး။ ကိုအာကာနဲ့ စကားပြောနေတာပဲ သိတယ်။ ကိုကိုကြီးက, တော့ စိတ်တိုနေပုံရတယ်"

ကျွန်တော့်အိမ်သို့ ကိုယ်တိုင်ဝင်ထွက်၍ ရပါလျက်, အခေါ်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သည်ဆိုကတည်းက၊ အကြောင်းကြီးငယ်တော့ ရှိပေမည်။

ခြေလှမ်းမြန်လိုက်ရင်း ဖျံမြေမခင်၏ အိမ်ရှေ့မှ ဖြတ်လျှောက် မိလျက်သား ဖြစ်နေသည်ကို သတိပြုမိသဖြင့်၊ အိမ်ဘက်သို့ မငဲ့ မိအောင် ကြိုးပမ်းတစား ခေါင်းလှည့်လိုက်ရ၏။

မြတ်သူ၏အမေ ဒေါ်လင်းသူက၊ ဈေးရောင်းထွက်နေပေ လိမ့်မည်။ ဒေဝီက ... "ကိုကိုကြီး၊ ကိုတောက်၊ ပါလာပြီ" ... ဟု ပြောပြီး၊ အိမ်နောက်ဘက်သို့ ဝင်သွား၏။ ပြီးမှ ... ကျွန်တော့်ကို လှည့်ကြည့်ကာ၊ "အပေါ်ထပ်မှာ" ... ဟု၊ ပြောသည်။ အိမ်အပေါ် ထပ်သို့၊ ကျွန်တော် တက်လိုက်၏။

"ဘာဖြစ်တာလဲ မြတ်သူ"

"ငါ ... ဖြစ်တာ မဟုတ်ဘူး၊ ဒီကောင် ဖြစ် တာ။ အဲဒါ ငါဝင်ရှင်းမလို့။ ဒီကောင်, လက်မဲ့ တာနဲ့၊ မင်းကို ခေါ်ခိုင်းလိုက်တာ"

အာကာ့လက်ထဲတွင်၊ မြတ်သူ၏ ဓားမြှောင်ကို တွေ့ရ၏။

"ဟာ့။ ဓားတွေဘာတွေနဲ့ပါလား။ ပွဲက အကြမ်းစားကြီးလား"

အာကာ မဖြေ။ "ကြမ်းကိုကြမ်းရမယ့် ကိစ္စ" ... ဟု မြတ်သူ ဝင်ပြော၏။





"ကဲ ... မြတ်သူ။ စိတ်, သိပ်မလောနဲ့။ အဖြစ်အပျက်လေး၊ ပြောပြစမ်းပါ"

"ရဲမင်းကို ငါ သတ်မလို့"

"ဘာလဲ။ အာကာ့ရည်းစား ဇီဇဝါနဲ့ ရဲမင်းနဲ့ ကြိုက်သွားကြပြီ မဟုတ်လား"

"မင်း ... ဘယ်လိုလုပ်သိလဲ"

"အထွေအထူး လေ့လာစရာ မလိုပါဘူးကွာ။ ရဲမင်းတို့ မိသားစုနဲ့၊ ဇီဇဝါတို့မိသားစု၊ ချောင်းသာ ခရီး အတူတူ သွားကြတာတစ်ခုပဲ၊ ငါ ... သိတာပါ။ အဲဒါလေးကို ... အခြေခံပြီး၊ တွေးကြည့် လိုက်ရင်၊ ပြဿနာ တက်စရာဆိုလို့၊ ဒီပြဿနာပဲ ရှိတာပဲ"

"နှစ်ယောက်စလုံး သစ္စာမရှိဘူး။ ငါ ... နှစ်ယောက်စလုံးကို၊ သတ်မှာ"

"မြတ်သူ။ မင်းက,လည်း သတ်စကားပဲ ပြော နေတာပဲ။ မင်းက, သတ်လိုက်လို့ ဟိုက, သေသွား ရင်၊ မင်းအမေနဲ့ မင်းနှမ၊ နှစ်ယောက်တည်း ကျန်ခဲ့ ရမှာ။ မင်းက, ထောင်ထဲသွားနေရမှာ။ စိတ်ရှိတိုင်း ဆတ်ချင်မနေနဲ့"

အာကာက,

"ငါ့မှာ ... ။ ပြောရတာလည်း ရှက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့လည်း ခက်တယ်ကွာ။ ငါ . . . ရင်လာဖွင့်တာ ပါ။ အဲဒါ . . . ငါ့ ပြောပြုပြုချင်း၊ ဒီက . . . ဓားမြှောင် ခါးထိုးလို့ ဓားကိုး ငါ့ . . . ,လုထားတာ။

ဒီကောင်နဲ့ငါနဲ့၊ မင်းဆီကိုလာကြမလို့။ ဒီ . . . ဓားကြီးနဲ့တော့ မလာချင်ဘူး၊ အဲဒါကြောင့် သူ့ ညီမလေး၊ မင်းကို လာခေါ်ရတာ"

"မင်း . . . ,အတိအကျ သိထားပြီးပြီလား"

"သိတယ်၊ ဇီဇဝါကိုလည်း၊ ငါ . . . မေးပြီးပြီ မကျေနပ်ရင်၊ ဘူ့ကိုဖြတ်လိုက်ဆိုတာပဲ ပြောတယ်။

ရဲမင်းနဲ့ သွားဆွေးနွေးတော့လည်း၊ ကာယ ကံရှင်၊ ဇီဇဝါက၊ အဓိက, . . . တဲ့၊ သူ့မှာ အပြစ်မရှိ ဘူး . . . တဲ့။

ငါ . . . သူငယ်ချင်း အချင်းချင်း လက်မပါချင် ဘူးကွာ။ အဲဒါကြောင့် မင်းတို့ဆီ ငါရောက်လာတာ"

"မင်း, ဘာလုပ်ချင်လဲ" . . ဟု၊ ကျွန်ုပ်တော် မေးလိုက်သည်။

"ထွေထွေထူးထူး ဘာမှ မလုပ်ချင်ပါဘူး။ လုပ်လို့လည်း၊ မရနိုင်ပါဘူး။ ကိုယ့်ရည်းစားက ကိုယ့်ဘက်မှာ မရှိတာ။ ဘာလုပ်လို့ရမှာလဲ"

"ငါ . . . ။ဇီဇဝါနဲ့တော့ မရင်းနှီးဘူး။ အဲဒီ တော့၊ ရင်းနှီးတဲ့ ရဲမင်းနဲ့ပဲ၊ ငါ . . . သွားတွေ့လိုက် မယ်။ မင်းပါလိုက်ခဲ့"





"ငါ . . . မလိုက်ချင်ဘူး။ အမှန်အတိုင်း၊ ပြောရရင်၊ ရဲမင်းမျက်နှာ၊ ငါ မကြည့်ချင်တော့ဘူး"

"ငါ လိုက်ခဲ့မယ်"

အာကာ့လက်ထဲမှ ဓားမြှောင်ကို၊ မြတ်သူ လှမ်းလုလိုက်ပြီး, ခြွေလှမ်းပြင်၏။

"မြတ်သူ၊ အဲဒီ . . . ဓားယူလာမယ်ဆိုရင်၊ မင်း . . . ,မလိုက်နဲ့။

ယောက်ျားချင်း၊ ရင်ဆိုင်တာပဲကွာ။ လက် နက် မလိုပါဘူး"

"ဒီကောင့်မှာ လက်နက်ရှိနေရင်၊ မင်း . . . ဘယ်လိုလုပ်မလဲ"

"ကိုယ်ပိုင်အင်အား နည်းတဲ့သူက၊ လက် နက်အားကိုးတယ်ကွ။ မင်းကိုယ်မင်း အားကိုးနိုင်စွမ်း မရှိဘူးထင်ရင်။ ယူခဲ့ပေါ့ကွာ"

"ဟော့ကောင် ထွန်းဝောက်။ လက်သီးနဲ့ ထိုး သတ်ရင်၊ ကြာဘယ်ကွ။ ဓားနဲ့ဆို တစ်ချက်တည်း။ စွပ်ခနဲပဲ"

"လက်သီးလည်း ထိုးတတ်ရင်၊ ချက်ကောင်းကို၊ တစ်ချက် တည်းပါပဲကွာ" . . . ဟု၊ ကျွန်ုပ်တော် ပြောလိုက်သည်။ ပြီးနောက် . . .

"မင်းရဲ့ . . . ဓားမြှောင်ကို၊ မင်း . . . တန်ဖိုး မထားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ထားတာပေါ့ကွ။ ဒါ ... ငါ့အဖော်ပဲ"

"မင်း ... တန်ဖိုးထားတဲ့ ဓားကို၊ သစ္စာမရှိတဲ့ သတ္တဝါရဲ့ သွေးတွေ၊ စွန်းသွားရင်၊ မင်း ဓားက၊ မီးဖိုချောင်ထဲမှာ၊ သား, ငါးလှီးတဲ့ဓားနဲ့ အတူတူပဲ ဖြစ်သွားမှာပေါ့။

တန်ဖိုးထားတဲ့ဓားကို ဘုန်းမနိမ့်စေနဲ့လေကွာ။

ငါသာ ... ရဲမင်းနဲ့၊ အဲ့ဒီ ဇီဇဝါဆိုတဲ့ နှစ်ယောက်ကို၊ သတ်ခွင့်ရမယ်ဆိုရင်၊ လက်နဲ့တောင် မသတ်ဘူးကွာ။ ငါ့လက်ကို သစ္စာမဲ့သူတွေ၊ ဘယ်နည်းနဲ့မှ မထိစေရဘူး။

ခြေထောက်ကို မစင်သုတ်ပြီး၊ လည်ပင်းကို တက်နင်းပစ်လိုက်မယ်ကွ။ မှတ်ထား"

ပြောရင်း၊ ကျွန်တော့်စကားသံ၊ ဒေါသ, ဟန်ပါသွား၏။

"အခု ...။ ဒီကောင့်ကို သွားသတ်မှာလည်း မဟုတ်ဘူး။ သွား ဆွေးနွေးမှာလည်း မဟုတ်ဘူး။ သူငယ်ချင်း စာရင်းထဲက၊ ဖယ်လိုက်ပြီဆိုတဲ့ အကြောင်း၊ သွားပြောမှာ ..."

မြတ်သူက၊ ဓားမြှောင်ကို၊ အံဆွဲအတွင်းသို့၊ ထည့်သိမ်းလိုက်၏။

သစ္စာမဲ့သူသည်၊ တန်ဖိုးထားအပ်သော လူသတ်ဓားနှင့် မျှပင်၊ မထိုက်တန်။

( ၁၀ )

"ဇီဇဝါက၊ အာကာ့မိန်းမ,မှ မဟုတ်တာ။ ငါ့မှာ၊ ချစ်ခွင့် ကြိုက်ခွင့်ရှိတာပဲ။ မိသားစုချင်း ရင်းနှီးလို့၊ သွားရင်းလာရင်း ချစ်သွားကြိုက်သွား ကြတာ။ ဘာထူးဆန်းလို့လဲ။ ဇီဇဝါကိုယ်တိုင်က၊ အာကာ့ကို မနှစ်သက်တော့လို့၊ ငါ့ကို နှစ်သက် လိုက်တာ နေမှာပေါ့။ အဲဒါကို မင်းတို့က, ဘာအပြစ် ပြောချင်လို့လဲ"

အာကာက၊ ဘာမျှ ဝင်မပြော။ ရဲမင်း၏မျက်နှာကိုပင် မကြည့်ချေ။ ကျွန်တော့်မှာ၊ ကိုယ်စိုင် ဒေါသ, ဖြစ်နေရသည့် အပြင်၊ မြတ်သူက၊ ဒေါသ, ပိုကြီးနေမည်စိုးသဖြင့်၊ စကားကို ငြိမ်သက်စွာ ပြောရသည်။ မြတ်သူ၏ ပခုံးကို ဖက်ထားသလိုလိုနှင့်၊ အင်္ကျီကုပ်ပို ကို၊ ဖိကိုင်ထားရသေး၏။

"မင်းကို၊ အပြစ်တင်ဖို့ လာတာမဟုတ်ဘူး။ အပြစ်တင်ချင်လို့ အပြစ်စကားပြောပြီး၊ မင်းကို အပြစ် ပေးမယ်ဆိုရင်တောင်၊ မင်းနဲ့ ထိုက်တန်တဲ့ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ် မရှိလောက်ဘူး''

''ငါက ... ဘာမှုဒ်မ,နဲ့ ငြိနေလို့လဲ'' ... မှာ၊ ရဲမင်းက, ရိုသဲ့သဲ့မေး၏။ ကျွန်တော်က ...,

''နိုင်ငံတကာ၊ ဥပဒေမှာရော၊ အမျိုးသား ဥပဒေမှာရော ... သူငယ်ချင်းရဲ့ ချစ်သူရည်းစား ကို တခြားသူငယ်ချင်းက၊ ချစ်လိုက်ကြိုက်လိုက်ရင် ပုဒ်မ, ဘယ်လောက်ဆိုတာတော့၊ မရှိပါဘူးကွာ။

အေး။ ငါသာ ... အဲ့ဒီအပြည့်ပြည့်ဆိုင်ရာ ဥပဒေကို၊ ရေးဆွဲခွင့်ရခဲ့ရင်တော့၊ အဲဒီလို စည်းမရှိ တဲ့ ကောင်မျိုးတွေအတွက်၊ သေဒဏ်၊ ဒါမှမဟုတ် ပုဒ်မ, သုံးရာခုနှစ်ဆယ့်ခြောက်နဲ့ တခြားပိုဒ်ခွဲတွေ အများကြီး တပ်ပစ်လိုက်မယ်''

''မင်း ... စကားပြောတာ မရိုင်းနဲ့နော် ... ထွန်းတောက်''

''ရိုင်းတော့ မင်းက, ဘာလုပ်ချင်လို့လဲ ... လို့၊ မေးပြီး။ မင်းနဲ့ငါနဲ့ ထိုးလားကြိတ်လား၊ မလုပ် ပါဘူးကွာ။ လောလောဆယ် ငါတို့က သုံးယောက် ဖြစ်နေတယ်လေ။ ,အနိုင်မကျင့်ပါဘူး။

မင်း ... ဘာကြောင့်၊ လုပ်ရဲသလဲဆိုတာ တော့ ငါသိချင်တယ် ရဲမင်း။ ဘာကြောင့်, လုပ် ရက်သလဲ ဆိုတာလည်း၊ ငါ ... သိချင်သေးတယ်





''ဘာ မလုပ်ရဲစရာရှိလဲကွာ။ နှစ်ဦး သဘော တူ ကိစ္စပဲ။ ချောင်းသာကို အတူတူ သွားကြတယ်။ အတူတူ ကစားကြတယ်။ နောက် ... သံယောဇဉ် ဖြစ်သွားကြတယ်။ ဒါပဲပေါ့။ ရိုးရိုးလေးပဲ''

''အဲဒီလို ... အတူသွား၊ အတူကစားနေတဲ့ အချိန်မှာ ... မင်းနဲ့အတူတူ ရှိနေတဲ့သူဟာ၊ အာကာ ဆိုတဲ့ သူငယ်ချင်းရဲ့ ချစ်သူရည်းစားပဲ ... လို့ မင်း, မတွေးဘူးလား''

''ဖိုဖိဝါဟာ။ မိန်းမ,တစ်ယောက် ဆိုတာပဲ ငါသိတယ်။ ကျန်တာတွေ မတွေးဘူး''

''ဒါဆို။ အခု လောလောဆယ်၊ ဖိုဖိဝါက, အာကာနဲ့ လုံး၀, မပတ်သက်တော့တဲ့၊ မင်းရဲ့ ရည်း စားပေါ့။ ဟုတ်လား''

''ဒါပေါ့''

''အဲ့ဒီ ... ,မင်းရဲ့ ရည်းစားကို၊ ငါက ကြိုက် လိုက်မယ်ဆိုရင်ကော။ မင်း ... ဘယ်လို နေမလဲ''

''သူ လက်ခံရင်၊ ငါ, ဘာပြောလို့ရမှာလဲ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာ။ ပန်းဆို တာ၊ ခူးတဲ့လူ ရှိရင် ကြွေမှာပဲ''

မြတ်သူက၊ ရဲမင်းကို စူးစိုက်ကြည့်နေသည်။ မြတ်သူ ပန်းကို သုံးစပ်လိုက်ရင်။ ကျွန်တော်က ...,



www.burmeseclassic.com

www.burmeseclassic.com



"ခူးသင့်တဲ့ ပန်းလား။ မခူးသင့်တဲ့ ပန်
လားဆိုတာတော့၊ ထည့်တွေးသင့်တာပေါ့ကွာ။

မင်း ... ပြောသလို ပန်းဆိုတာ ခူးရင်တော
ကြွေမှာပဲ။ အုန်းသီး ... ထန်းသီးတွေတောင်၊ မှ
ဘဲနဲ့ ကြွေကျတတ်သေးတာပဲ၊ ပန်းဆိုတော့ ...,န
က,မှ အညာက, သိပ်နိုင်တာ မဟုတ်တော့။ ကြွေ
ပေါ့ကွာ။

ဒါပေမဲ့ ..,ငါတို့တွေက, ပညာမဲ့တွေ မဟုတ်
ဘူး။ တက္ကသိုလ်ကျောင်းသားတွေ။ ပေါးလားဟာ
လား နေမိပြောမိရင်သာ၊ ရှိခဲ့မယ်။ ဘယ်ဟာ အမှ
ဘယ်ဟာအမှားဆိုတာတော့၊ ခွဲခြတတ်ကြတယ်
ဘယ်ဟာ တရားတယ်, ဘယ်အရာ မတရားဘူ
ဆိုတာ ... လည်း၊ ခွဲခွဲခြားခြား သိကြတယ်။

မင်းရဲ့လုပ်ရပ်က၊ မှားတယ်, မတရားဘူ
... ဆိုတဲ့ စကားလုံးထက်တောင်၊ ပိုပြင်းထန်တယ်
စကားလုံး ရှာကြံသုံးရမယ်ဆိုရင်တော့ ...,ယုတ်
တယ်ပေါ့ကွာ"

"ယုတ်မာတော့၊ မင်းက, ဘာလုပ်ချင်လဲ"

"ဘာမှ မလုပ်ချင်ဘူး။ အာကာကလည်း
ဘာမှမလုပ်ပါဘူး။ ဒီကိစ္စမှာ ...၊အာကာ့ကို၊
ချီးကျူးတယ်။ ဒေါသ,ကို ထိန်းနိုင်တယ်။





အခု ... မင်းကို၊ ငါတို့လာပြောတာက၊ ငါတို့
အားလုံး၊ မင်းရဲ့ သူငယ်ချင်းမဟုတ်တော့ဘူးဆိုတာ၊
လာပြောတာ။

သူငယ်ချင်းသုံးယောက်နဲ့၊ ရည်းစား တစ်
ယောက်ကို၊ လဲလှယ်လိုက်တယ် ... လို့ပဲ၊ မင်း,
ကိုယ် ... မင်း ယူဆ,လိုက်ပေါ့ကွာ။

အေး။ နောက်ထပ်၊ သူငယ်ချင်းဆိုတာမျိုး၊
မင်းဘဝမှာ ရှိခဲ့သေးရင်။ အဲ့ဒီသူငယ်ချင်းရဲ့ ပတ်
သက်ရာ ပတ်သက်ကြောင်းတိုင်းကို၊ ကူညီကာကွယ်
ပေးနိုင်အောင်တော့၊ မင်း, ကြိုးစား။နို့မဟုတ်ရင်၊
မင်း, သောင်ကျဉ်းသွားလိမ့်မယ်"

မြတ်သူက၊ ကျွန်တော့် လက်အောက်မှ ရုန်းထွက်လိုက်ပြီး၊
မင်းကို ပြေးထိုးသည်။ ရဲမင်းကို မထိခင်၊ ကျွန်တော် မြတ်သူကို
ထိုးလိုက်၏။ ကျွန်တော်ရော မြတ်သူပါ၊ မြေကြီးပေါ်သို့ လဲကျ
သည်။ မြေကြီးပေါ်တွင် လဲလျက်က, မြတ်သူ၏ လည်ပင်းကို
ကျွန်တော် တံတောင်ကွေးလျက်၊ ဖိညှစ်ထားရသည်။

"ဟောကောင်။ မင်း သွားတော့"

ရဲမင်း လှည့်ထွက်သွားသည်။ အာကာက,

"မြတ်သူ။ သူငယ်ချင်း။ စိတ်လျှော့လိုက်
တော့ကွာ"

ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သူ။ မလုပ်နဲ့လေကွာ။ ပြီးပြီပဲ။ စိတ်လျှော့လိုက်တော့"

မြတ်သူက . . .

"မင်း . . . သောက်စကားတွေ များနေတယ်

မျက်ခွက်ကို ဆောင့်ကန်ပစ်လိုက်ပါလား။

မင်း ကြောက်နေလို့လား"

"မင်း, ဝင်ပါမှာစိုးလို့ပါကွာ" . . ဟု ကျွန်တော် ပြောရသည်။

"အာကာ။ မင်းလည်း အတူတူပဲ။ ကြောင်တွေ။ မင်း . . . အဲ့ဒီကောင်ကို သတ်ပစ်ရမှာကွ"

အာကာ့ကို အပြစ်တင်နေသေးသည်။ အာကာက,

"ငါ . . . , အသည်းလည်း ကွဲရသေးတယ် ထောင်ထဲလည်း ထပ်ဝင်ရဦးမယ်ဆိုရင်၊ နှစ်ခါ နာသွားမှာပေါ့ သူငယ်ချင်းရာ။ အသည်းကွဲသွားတာတောင်၊ မနည်းကုရမှာကွ။

မင်းတို့နှစ်ယောက်ကို၊ ငါ . . . အားနာတယ်ကွာ။ ရန်မဖြစ်ကြပါနဲ့။ ကံတရားအတိုင်းပဲ ထားလိုက်ပါတော့"

အာကာ မျက်ရည်ကျ၏။ ထိုအခါကျမှ မြတ်သူငြိမ်သွားသည်။ သူငယ်ချင်းဟူသည့် ဝေါဟာရ၏ အဓိပ္ပါယ်, အကျယ်အဝန်းသည်၊ မဟာမြိုင် ဂနိုင်တော။

ချစ်တယ်ဆိုတဲ့

စကားရဲ့ အရှိုအင်အားထဲမှာ၊

ယုံကြည်မှု ဆိုတာ၊

အပြည့်အဝ, ခြံရံပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

ကျွန်တော် အလုပ်လုပ်တော့မည် ဆိုသဖြင့် အဖေနှင့်အမေ စိတ်မကောင်းကြ။ အစ်ကိုနှစ်ယောက်၏ အထောက်အပံ့ဖြင့် ကြီးပြင်းရသော၊ ကျွန်တော့်ကို အဖေနှင့်အမေက, ကလေးငယ်တစ်ယောက်ကဲ့သို့သာ၊ ထင်မြင်နေပေမည်။

"မင်း . . . ပြောတော့၊ ကျောင်းပြီးရင်, တစ်နှစ်လောက်တော့ အလေလိုက်,လိုက်ဦးမယ် . . . ဆို။ အခု . . . အလေလိုက်ရတာ ပျင်းသွားပြီလား" . . . ဟု၊ အဖေ ပြော၏။ "လေတယ်ဆိုတာလည်း၊ ပိုက်ဆံရှိမှ ကောင်းတာ အဖေရဲ့" . . . ဟု၊ ကျွန်တော် ပြောပြဖြစ်သည်။ အဖေက, အငြိမ်းစား ကျောင်းအုပ်ဆရာတစ်ယောက် ဖြစ်သည်။ ကျွန်တော် တက္ကသိုလ်ဝင်တန်း အောင်သည့်နှစ်တွင် အငြိမ်းစားယူသည်။

အစ်ကိုအကြီးဆုံးက . . . ပြည်ပ, တွင်လည်းကောင်း၊ အစ်ကိုအလတ်က, နယ်ဒေသတစ်ခုတွင်လည်းကောင်း၊ စီးပွားရှာ, အမှုထမ်းလျက်ရှိ၏။ ကျွန်တော့် တက္ကသိုလ်ပညာရေး တစ်ခုလုံးသည်၊ အစ်ကိုနှစ်ယောက်၏, အထောက်အပံ့ဖြင့် ဖြတ်သန်းခဲ့ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆိုစမ်းပါဦး။ မင်းက, ဘာ အလု
လုပ်မှာလဲ"

"မြို့လယ်ခေါင်မှာ၊ ပလက်ဖောင်းဈေးသ
သွားလုပ်မလို့ အဖေ။ ကျွန်တော့်သူငယ်ချင်း မြ
လုပ်နေတာ၊ ကြာပြီ . . .။ အရင်းအနှီးလည်း သိ
မလိုဘူး။ ကျွန်တော် စုထားတဲ့ ငွေနဲ့ရင်းမှာ"

အဖေက . . . ;

"ကျောင်းအုပ်ဆရာကြီး ဦးဘရွှေရဲ့သ
ဆိုတာကို၊ မင်းကိုယ်မင်း ထည့်မတွက်ရင်တော
မင်းဟာ . . . တက္ကသိုလ်က ဘွဲ့တစ်ဘွဲ့ယူရတေ
မယ့်၊ ကျောင်းသားတစ်ယောက်ဆိုတာတော့ မ
ကိုယ့်ကိုယ်ကိုယ် မမေ့စေချင်ဘူး ထွန်းတောက်"

"အဖေ၊ ခေတ်ပြောင်းသွားပြီ အဖေ
တက္ကသိုလ်ကျောင်းသားတွေ . . . ကြော့ကြော့
နေတဲ့ ခေတ်မဟုတ်တော့ဘူး။

ရရာအလုပ်ကို၊ ရသလိုဝင်လုပ်နေရတဲ့ ခေ
ကို ရောက်သွားပြီ၊ ဘာလုပ်ရင်ကောင်း မလဲ . . .
စဉ်းစားနေရင်တောင်၊ မစဉ်းစားဘဲ ထ, လုပ်လိ
တဲ့သူက, ကျော်တက်သွားတဲ့ ခေတ်ရောက်နေ

ကျွန်တော် သေသေချာချာ စဉ်းစားတာ
ကုမ္ပဏီတို့ ဘာတို့မှာ၊ ဝင်လုပ်ဖို့ ကျွန်တော့် မြ





ဘွဲ့နဲ့ ဘာမှ ရမှာမဟုတ်ဘူး။ ရရင်တောင်, လ,ခက,
မများနိုင်ဘူး။

ပလက်ဖောင်းပေါ်မှာ၊ ပေါ်တဲ့ပစ္စည်း ပေါ်လာ
သလိုရောင်းရင်၊ ကုမ္ပဏီလစာလောက်တော့ အေး
အေးဆေးဆေးပဲ"

အဖေ . . . ပြုံးလေ၏။

"မင်း . . .။ လုပ်လိုက်ရင်၊ ဇောက်ထိုးတွေ
ချည်းပဲ နော်။

တာချီလိတ်က, အလတ်ကောင်းဆီပဲ သွား
သွား။ ကိုရီးယားက အကြီးကောင်ဆီပဲ သွားသွား။
သွားလို့ ရတဲ့ဟာ။ ရန်ကုန်မြို့လယ်ခေါင်က, ပလက်
ဖောင်းကို၊ မင်း, ရွေးတယ်။ မင်း, မရှက်ဘူးလား"

"ပလက်ဖောင်းပေါ်မှာ ဈေးရောင်းတာ၊ ရှက်
စရာလား အဖေ၊ ကျောင်းပြီး ဘွဲ့ရ၊ မိဘက, ရှာပေး
မယ့် အလုပ်ကို၊ ထိုင်စောင့်နေတဲ့သူတွေနဲ့ စာရင်၊
ကျွန်တော် . . . ရှက်စရာမကောင်းသေးဘူး ထင်
တယ်"

"မင်း . . . , အဲ့ဒီ အတွေးအခေါ်တွေ ဘယ်
က, ရသလဲ"

"ကျွန်တော်က, မြန်မာစာကျောင်းသားလေ။
စာများများ ဖတ်ဖြစ်တယ်။ ဖတ်တဲ့အထဲမှာ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



. . . တွေ ပါတယ်။

ဘဝ . . . ဆိုတာ သိလို့၊ သိသလိုပဲ၊ ရင်ဆိုင်
လိုက်တာပေါ့။

ဘွဲ့ရတာ . . . မရတာက, ပညာရေးကို
အလုပ်, လုပ်တာ မလုပ်တာက, ဘဝကိစ္စ။ လုပ်
အလုပ်, မထည့်ဝါတာ ထည့်ဝါတာက၊ ကံတရား
အခြေအနေကိစ္စ။ အားလုံး သူ့အကန့်နဲ့ . . . သ
ငါ . . . ဘွဲ့ရထားတာပဲ . . . ဆိုပြီး၊ ထိုင်နေရင်။
သွားလိမ့်မယ်။ ကျောင်းတက်တုန်းက, သွားရင်
လာရင်း၊ ကြုံရတာတွေ ရှိသေးတယ်။

မြန်မာစာ . . . တို့၊ ဖလော်တို့ဆိုရင်၊ တခြ
ကျောင်းသားတွေက၊ သူတို့လောက်ပဲ မတေ
မတတ်သလိုလို ဘာလိုလို၊ လှမ့်တတ်ကြသေးတယ်
နောက် . . . ကျောင်းပြီးကြတော့ ရင်ဆိုင်ရတဲ့ အခြ
အနေချင်း အတူတူပဲဆိုတာ သိပ်မသိကြဘူး။

နိုင်ငံရပ်ခြားမှာ တတ်နိုင်ရင်, အလုပ် သွ
မလုပ်ချင်ဘူး အဖေရယ်။ ဒီမှာပဲ . . . အဆင်
သလို၊ ရှာဖွေ ရပ်တည်ကြည့်ချင်တယ်''

''မင်း, ဆုံးဖြတ်ပြီးပြီပေါ့''

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ပြီးနောက် . . .

''အမြဲတမ်း ပလက်ဖောင်းဈေးသည်





မယ်တော့ မဟုတ်ဘူးပေါ့ အဖေ။ ဘာမှ မလုပ်ဘဲ၊ နေနေရတာထက်စာရင် တစ်ခုခုလုပ်သင့်တယ် ထင်လို့ လုပ်တာပါ။ အဖေရော . . . အမေရော စိတ်မဆိုးပါနဲ့''

အမေက . . .

''မဆိုးပါဘူး။

ဒါပေမဲ့ . . . , သားသမီး ထည့်ဝါတာကိုတော့၊ မိဘတိုင်း မြင်ချင်တာပေါ့ သားရယ်''

''ရိုးသားခြင်းဟာ အထည့်ဝါဆုံး ဥစ္စာပစ္စည်းပဲ . . . အမေ။ ကြိုးစားခြင်းဟာလည်း၊ အနိုင်မာဆုံး အစွမ်းအစ, အရည်အချင်းတွေပါပဲ။

ကျွန်တော် . . . အဲ့ဒီနှစ်ခုနဲ့၊ ပလက်ဖောင်းပေါ်မှာ၊ နေကြည့်လိုက်ဦးမယ်''

''မင်း . . . ပင်ပန်းလိမ့်မယ်နော်'' . . . ဟု၊ အဖေ ပြော၏။

''မပင်ပန်းတဲ့ အလုပ်မျိုး၊ ကမ္ဘာပေါ်မှာ မရှိသေးပါဘူး'' . . . ဟု၊ ကျွန်တော် ပြန်ပြောလိုက်၏။ အဖေ မဲ့ပြုံးပြုံးသည်။

ရဲမင်းနှင့်ဖြစ်ပျက်ခဲ့သော၊ ပြဿနာသည်၊ ကျွန်တော်နှင့် တိုက်ရိုက်သက်ဆိုင်သော ပြဿနာမဟုတ်သော်လည်း၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်ကဲ့သို့ ခံစားရသည်။

ခံစားမှုဟူသည်၊ ဖောက်ထွက်ခွင့်ရမှ၊ အန္တရာယ်ကင်းနိုင်ပေ ကျွန်တော့်ခံစားမှုမှာ၊ ကိုယ်ထိလက်ရောက် ပြုမှုလိုက်ရမှ၊ ကျေနပ် သက်သာစေမည့်၊ ခံစားနာကြည်းမှုမျိုး။ ကြာလျှင် နှစ်ဦးနှစ်ဘက် ပြဿနာကြီးနိုင်သည်၊ အန္တရာယ်ကြီးနိုင်သည်။ ထို့ကြောင့်၊ မြတ်သူ၏ ကိုယ်ပိုင်စီးပွားရေးဖြစ်သော (စိတ်ပြေ လက်ပျောက်၊ ပလက်ဖောင်း လျှောက်ချင်စိတ်ဖြင့်) ပလက်ဖောင်းဈေးသည်ဘဝကို၊ ပြင်ဆင်လိုက်ရ ခြင်းဖြစ်၏။ လေး, ငါး ရက်အတွင်း မြတ်သူကို၊ ဟိုမေးဒီမေးဖြင့် အနော်ရထာလမ်းမကြီး၏ ပလက်ဖောင်းပေါ်တွင်၊ ကျွန်တော် ကျပန်း ဈေးသည် ဖြစ်သွားသည်။

ဝတ္ထုတွေ ... ရုပ်ရှင်တွေထဲမှာ ရှိခဲ့, တွေ့ခဲ့,ရှုဖူးသော ဘဝ ကြမ်းကြမ်းတွေကဲ့သို့၊ တကယ့် ပလက်ဖောင်းပေါ်တွင်၊ တကယ့်ဘဝ အကြမ်းစားများကို၊ တွေ့မြင်ခဲ့ရသည်။ တချို့သော ဇာတ်လမ်းတွေ ထဲက၊ ဘဝကျပ်ကျပ်တို့သည်၊ ရုံခါတွင်၊ ဇာတ်သိမ်းခန်း၌ ထွက်ပေါက် တွေ့သွားကြစမြဲ။ ချောင်လည် ပြေလည်သွားကြရစမြဲ။

ယခု, ကျွန်တော် တွေ့မြင်နေခဲ့ရသော၊ ဘဝကြမ်းကြမ်းတို့ မှာမူ၊ နေ့စဉ်နှင့်အမျှ၊ ထွက်ပေါက်မရှိ။ ကျဉ်းတျပ်လွန်းဘိသည် သားသမီး ဇနီးကြင်ယာတို့အတွက်လည်းကောင်း။ မိဘ မောင်နှမ လင်ယောကျ်ားတို့အတွက်လည်းကောင်း၊ ရုန်းကန်ရှာဖွေ အော်ဟစ် ရင်း၊ နေဝင်မိုးချုပ်လျှင် ခဏအိပ်၊ နေထွက်လျှင် ပလက်ဖောင်းပေါ် ပြန်ရောက်။ ကြုံသလိုစား ကြုံသလိုသောက်။ ဘဝဆိုတဲ့ ဖောက်





ပက်ချောက်ကမ်းပါးကြီးအတွင်းမှာ၊ တွယ်တက် ဖြတ်သန်းရင်း ..., မနက်ဖြန် ဟင်းလင်းပြင်ဆီသို့ တရွေ့ရွေ့ တစ်နေ့တစ်နေ့ ပုံသန်းနေ ကြရသော အတောင်ပံ ခတ်သံများ။

နားထောင်တတ်မှ ကြားရပေလိမ့်မည်။ စာနာတတ်မှ မြင် တတ်ပေလိမ့်မည်။ ညှာတာသနားမှ ခင်တတ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ကျွန်တော့် ရှေ့တည့်တည့် ခြေနှစ်လှမ်းအကွာလောက်တွင် ပျို့မေခင်ရှိနေ၏။ ကျောပိုးအိတ်ကို ပခုံးထက်သို့ ပို့မို့ ပင့်တင်ပြီး ပျို့မေခင်ကို ကျွန်တော် ကျော်တက်လိုက်သည်။

"ဟဲ့"

ချစ်သူ့ ခေါ်သံ။ (ဟဲ့ဟဲ့ ... ။ ပိုင်စိုးပိုင်နင်းနဲ့ ပြောတာပါ)

ပျို့မေခင်၏ ... ခေါ်သံ။ ကျွန်တော် လုံးဝ, လှည့်မကြည့်ပါ။

"တဲ့ ... ထွန်းတောက်"

ခြေလှမ်းကိုတော့ စုံရပ်လိုက်သည်။

"နင် ..., ပျောက်လှချည်လား"

ပျို့မေခင် ကျွန်တော့် နံဘေးသို့ ရောက်လာသည်။ သူ့အရိပ်ကို လှစ်ခနဲ မြင်လိုက်သည်နှင့် ကျွန်တော် သူ့ကို ကျောပေးလိုက်သည်။ ကျောပိုးအိတ်သိုင်းကြိုးနှစ်ကြိုးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားပြီး ခန္ဓာကိုယ်ကို ခပ်တောင့်တောင့် ပြုလျက် ခြေစုံရပ်နေလိုက်၏။

"ဟဲ့"

ပျို့မေခင် ကျွန်တော့် ရှေ့တည့်တည့်သို့ လာရပ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ဘက်သို့ မျက်နှာမမူ။ ချက်ချင်း မျက်နှာလွှဲပစ်လိုက်၏။

"နင် ... ဘာဖြစ်နေတာလဲ၊ ထွန်းတောက်။ လမ်းလယ်ခေါင်ကြီးမှာနော်။ ငါ့ကို အရှက်ခွဲနေတာလား"

ပြောရင်း၊ ကျွန်တော့် ပခုံးကို အတင်းဆွဲသည်။ ယှိုင်နဲ့နဲ့ ဖြစ်သွားရ၏။ သူနှင့် မျက်နှာမူသလိုလို ဖြစ်သွားသောအခါ၊ ကျွန်တော့် မျက်နှာကို လက်ဖြင့် ကွယ်ထားလိုက်သည်။

"နင်၊ ဘာဖြစ်နေတာလဲ။ ငါနဲ့ ... စကား မပြောချင်တော့ဘူးလား။ ဟုတ်လား"

လက်အကွယ်ကို မရုတ်ဘဲ၊ ကျွန်တော်က ...,

"ငါ ကတိမပျက်ချင်ဘူး ဖျိုမေခင်"

"ဘာ ကတိလဲ"

"နင်, ငါ့မျက်နှာကို မမြင်စေရဘူး ... လို့ ငါ ...,ကတိပေးထားတာလေ။ အဲဒါကြောင့်, ငါ ...,နင့်ကို မျက်နှာချင်း မဆိုင်တာ"

သနားကမားလေသံမျိုးဖြင့်၊ ကျွန်တော်ပြောသည်။

"ကဲပါဟာ ... လက်ဖယ်စမ်းပါ"

ပြောရင်း ဖျိုမေခင်က၊ မျက်နှာကို ကွယ်ထားသည့်၊ ကျွန်တော့် လက်နှစ်ဖက်ကို ဆွဲဖယ်လေသည်။ လက်ကို ယှိုဟာန်ပြုလျက် ...,

"နင် ...,ဖယ်တာနော်။ ငါ ဖယ်တာ မဟုတ်ဘူး"

ပြောပြီး၊ လက်နှစ်ဖက်စလုံးကို ဖယ်ပစ်လိုက်၏။ မြင်





ကွင်း၏အကွယ်လက်ကို၊ ဖယ်လျှင်ဖယ်ချင်း၊ နှုတ်ခမ်းတင်းတင်း လေးကို၊ မြင်ရသည်။

"ဟဲ ဟဲ"

"ဘာ ဟဲ ဟဲလဲ"

"ငါ ... နင့်နောက်က လျှောက်နေတာ။ အဲဒါ ... ကျော်တက်လိုက်တာ"

"သိသားပဲ"

"ဘာသိတာလဲ"

"ငါ့ နောက်က၊ နင် ပါလာတာကို သိတယ်"

"ဟင်။ နင်, လှည့်မကြည့်ဘဲနဲ့၊ သိတယ်"

"သိတာပေါ့"

"ဘယ်လိုလုပ်သိလဲ"

"ခွာသံကြားတယ်လေ။ ပြီးတော့ ..., ချူသံ ကြားတယ်။ ခွာသံနဲ့ချူသံကြားမှတော့ ...,ဒါ ... ထွန်းတောက်ဆိုတဲ့ သတ္တဝါပဲ ... ဆိုတာ၊ လှည့် မကြည့်ဘဲ သိတာပေါ့"

"နင်, ငါ့ကို ဘာကောင်နဲ့ နှိုင်းလိုက်တာလဲ"

"နွားနဲ့ ကျွဲ တစ်ကောင်ကောင်ပေါ့ဟာ"

ကျွန်တော် တျောပိုးအိတ်ကို သေချာစွာ ပင့်လွယ်ပြီး၊ နှုတ် ခမ်းကို တင်းတင်းစေ့သည်။ နှာခေါင်းကို တွန့်သည်။ လေကို ပြင်းစွာ ရှူသည်။ ပြီးမှ လေကို ပြင်းစွာ ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့။ အဲဒါ ဘာလုပ်တာလဲ"

"နှာ မှုတ်တာလေ၊ နှားနဲ့ ပိုတူသွားအောင်လို့"

ပြောရင်း၊ လမ်းထိပ်ဘက်သို့ ဆက်လျှောက်ဖြစ်ကြသည်။

"နှင် ... နှာမှုတ်တာ နည်းနည်းပြင်းထန်သွားတယ် ထွန်းတောက်"

"အေး။ အဲဒါပဲ ပျိုမေခင်၊ မှတ်ထား။ ဒီတောင်, ငါ ဒေါ်သ, ပြင်းပြင်းနဲ့ နှာမမှုတ်ရသေးဘူးလေ, အပြင်းစားပဲ ရှိသေးတယ်။ ဟဲ ဟဲ ... နှင် လန့်သွားတယ် မဟုတ်လား"

"မလန့်ပါဘူး"

"မလန့်ဘဲနဲ့၊ ငါ နှာမှုတ်တာ ပြင်းထန်တယ် ... လို့၊ နှင်, ဘာဖြစ်လို့ ပြောတာလဲ"

"နှင့် ... နှုတ်ခမ်းအပေါ်ဘက်၊ နှာခေါင်းအောက်မှာ နှပ်ချေးခြောက်တွေ ကပ်နေတယ် ... ဟဲ့။ အဲဒါကို ကြည့်ပြီး ငါ, ပြောတာ"

ကျွန်တော် ... သူပြောရာနေရာသို့ ကမန်းကတမ်း လက်ညှိုးဖြင့် ပွတ်လိုက်သည်။ သူပေးသော သတင်း၊ မှန်ကန်ပါသည်။ လက်ညှိုး, လက်မ, တို့၏အကူအညီဖြင့်၊ အညစ်အကြေးဖတ်များ နေရာမှ ဖယ်ခွာသွားရ၏။ မူလ, နေရာမှ ဖယ်ခွာသွားသော်လည်း ထိုအရာများသည်၊ သံယောဇဉ်ကြီးလွန်းသည် ထင်၏။ လက်





ခါထုတ်လို့မရ။

"ဟဲ့၊ နှင် မညစ်ပတ်နဲ့ဟာ။ တစ်သျှူးလေး ဘာလေးနဲ့ လုပ်ပါလား။ ရွံစရာ။ လက်နဲ့"

ကျွန်တော်က ...,

"သိပ် ရွံစရာ မကောင်းပါဘူး။ စိုစိစိတွေမှ ရွံစရာ၊ ကောင်းတာ။ ငါ့ နှပ်က, မာမာခဲခဲလေး။ ရော့ ...။ နှင် မယုံရင် ကိုင်ကြည့်"

ပျိုမေခင် မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြီး၊ ကျွန်တော့်ကို လှမ်းရိုက်သည်။ ကျွန်တော်က, ကျွန်တော့် မာခဲခဲလေးများကို တစ်စုတစ်စည်းတည်းဖြစ်အောင်၊ သေသေချာချာ လုံးပြီး၊ လမ်းမ, ပေါ်သို့, ကျွမ်းကျင်စွာ ပစ်တောက်လိုက်၏။

"နှင်, တော်တော်ရွံတတ်တာပဲနော်"

"မရွံလို့ရမလား။ ဘေးနားမှာ ... နှင်, ဒီလောက် ပျစ်ပျစ်နစ်နစ် ညစ်ပတ်ပြနေတာ"

"နှင် ... မြန်မာ ဆိုင်းဝိုင်းကြည့်လား"

"တစ်ခါတလေ ကြည့်တာပေါ့။ ကြုံရင်"

"ငါ စေတနာနဲ့ ပြောတာ။ နှင်, နှပ်ကို ရွံတတ်ရင်၊ ဆိုင်းဝိုင်းနားကို မသွားနဲ့။ ပြီးတော့ ..., ဇာတ်သဘင်ကော ကြည့်သလား"

"တစ်ခါတစ်ရံပေါ့"

"အေး ...။ ငါ ... ခွဲခွဲခြားခြား၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း မှာထားမယ်။ နှပ်, စိုကို ရှုရင်၊ ဇာတ်သဘော
မကြည့်နဲ့။ နှပ်, ခြောက်ကို ရှုရင်, ဆိုင်းဝိုင်းနာ
မသွားနဲ့"

ပျိုမေခင်က, မျက်နှာရယ်မဲ့မဲ့ဖြင့် ...

"ဘာဆိုင်လို့လဲ"

"ဇာတ်မင်းသား ဇာတ်မင်းသမီးတွေ ငိုချ
ချရင်၊ နှပ်ထွက်ကြတယ်ဟ။ နှပ်ကလည်း ထွက်
ငိုလို့, ပြောလို့ကလည်း မပြီးသေးရင်၊ တချို့က
နှပ်ကိုညှစ်ပြီး, နီးစပ်ရာ အဝတ်အဆင်နဲ့ သုတ်တယ်
တချို့ကတော့၊ သုတ်နေရင် ကြာလို့၊ နှပ်ကို ညှစ်ပြီ
တာနဲ့၊ ပရိတ်သတ်ထဲကို၊ ဘတ်ခနဲ ခွဲဝေပေးလိုက်
တော့တာပဲ။

နှပ်ပစ်ခံရတယ် ... ဆိုတဲ့ ဇန်းစကား၊ နင်
ကြားဖူးတယ်မဟုတ်လား။ အဲ့ဒီက, လာတာ"

ရွံရှာစွာသော မျက်နှာဖြင့်၊ ကြည့်ရင်းမှ၊ ပျိုမေခင်က ...

"နှပ်ပစ်ခံရတယ် ... ဆိုတဲ့စကားက၊ ဇန်း
စကားမှန်း၊ နင်, ဘယ်လိုလုပ်သိလဲ"

"မြန်မာဝေါဟာရ အဘိဓာန်ထဲမှာ မပါဘူး
လေ။ မြန်မာဝေါဟာရ မဟုတ်ရင်, အဲဒါ ... ဇန်း
စကားပေါ့ဟ"

"နင်က, ဆယ်တန်းလေးခါသာ ကျတာ





ပြောတယ်။ ဒါတွေကျတော့၊ သိနေပါလား"

သူ့စကားအဆောက်တွင်၊ ကျွန်တော်က ချက်ချင်းတုံ့
ပြန်သောအားဖြင့် ...

"ဆယ်တန်းဆိုတဲ့ အရည်အချင်းက နည်း
နည်းနောနော အရည်အချင်းမဟုတ်ဘူးလေဟ။
မြန်မာစာကို ဆယ်နှစ်ကျော်ကျော် ထိတွေ့လာခဲ့ရတဲ့
အရည်အချင်း။ အထင်မသေးသင့်ဘူး"

သူ့မှုဟန်အတိုင်း၊ နှုတ်ခမ်းလေး မဲ့ပြန်သည်။ ပြီး ...

"ဘာပဲ ပြောပြော။ နှပ်ပစ်ခံရတဲ့စကားက၊
ဇန်းစကား ဟုတ်ခဲ့ရင်တောင်၊ နင်ပြောသလို ဇာတ်
သဘင်က, လာတာတော့ မဟုတ်နိုင်ဘူးနော်"

"မဟုတ်ဘူးဆိုလည်း၊ ဝါက, ငြိုင်မငြင်းပါ
ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ ဒီ ... ဝေါဟာရက,
ဆေးရုံ ဆေးခန်းတွေက, လာတာလည်း ဖြစ်နိုင်
တာပဲ"

"ဘာဖြစ်လို့လဲ"

"ဖျားတဲ့နာတဲ့သူတွေ၊ နှာရည်တရွှဲရွှဲနဲ့လေ။
အဲ့ဒီနားသွားရင်လည်း၊ နှပ်ပစ်ခံရမှာပဲ"

ပျိုမေခင်ရယ်လေ၏။

ကျွန်တော်ကတော့၊ ကိုသို့ဟာသ,ကို ... ကိုယ်၊ ပြန်မရယ်
မိအောင် နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ၊ ဆိုင်းဝိုင်းနားကို မသွားနဲ့ဆိုတာ ကရော။ ဘာလဲ။ ဆိုင်းဆရာတွေကလည်း၊ နှပ်နဲ့ ပစ်လို့လား"

"မပစ်ပါဘူး။ ဆိုင်းဝိုင်းကျတော့၊ သူက ... နှပ်အစို မဟုတ်ဘူး။ အခြောက်။

နင် ... ပတ်စာ သိတယ်မဟုတ်လားဟို ... ပတ်လုံးတွေရဲ့ မျက်နှာပြင်မှာ ဖိကပ်ရတဲ့ဟာလေ"

"အေး သိတယ်"

"အဲ။ အဲ့ဒီ ပတ်စာက၊ နှပ်ချေးခြောက်နဲ့ ထမင်းနဲ့ နယ်ထားတဲ့ဟာတွေ"

"ထွန်းတောက်။ နင့် ... အဲဒါတော့၊ ငါက မရှိနဲ့။ ပွဲ့လျှက်နဲ့ ထမင်းလုံးနဲ့ နယ်တာ။ နှပ်ချေးနဲ့ နယ်တာမဟုတ်ဘူး။ နင်လေ ... ရယ်စရာပြောမယ်ဆိုရင်၊ ခပ်တည်တည်နဲ့ ပြောတော့တာပဲ။ သေသေချာချာ လေ့လာမထားတဲ့သူဆိုရင်၊ နင်ပြောတာကို အဟုတ်မှတ်တော့မှာပဲ"

"မဟုတ်မှန်း၊ နင်သိတယ်မဟုတ်လား"

"သိတယ်"

"သိရင်လည်း၊ မငြင်းတော့ပါဘူး" ... ဟု၊ ကျွန်တော် ပြောလိုက်သည်။





"နင် ... ၊ အခု ... ,ဘယ်သွားမလို့လဲ" ... ဟု၊ ဖျိုမေခင် မေး၏။

"မိန်းမ, သွားခိုးမလို့"

ဖျိုမေခင်က, မျက်လုံးကို တမင်ဝိုင်းလျှက်,

"တကယ်"

"တကယ်ပေါ့"

"ဒီ ... ကျောပိုးအိတ်က ဘာလုပ်တာလဲ"

"ထည့်စရာရှိတာ ထည့်ဖို့ပေါ့"

"နင် ... သွားခိုးမယ့် မိန်းမက၊ အရုပ်မို့လို့လား"

"မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ"

"ဪ ... ။နင့် ကျောပိုးအိတ်ထဲ ထည့်ခိုးမယ် ထင်လို့ပါ"

"ကျောပိုးအိတ်ထဲ ထည့်စရာလားဟ"

"သုံးပိုင်း,လောက် ပိုင်းထည့်ရင်တော့ အဆင်ပြေမှာပါ"

"နင်လည်း ... ငါ့ကို ပျော်တော်ဆက်တတ်သားပဲ" ... ဟု၊ ကျွန်တော် ပြောလိုက်သည်။ ဖျိုမေခင်က ...,

"ငါက ... နင့်ကို ပျော်တော်ဆက်ရအောင်၊ နင်က, ဘာမို့လို့လဲ။ စကားက, တင်းတင်းစီးစီး"



www.burmeseclassic.com

www.burmeseclassic.com



"နှင်လည်း၊ နောက်တတ် ပြောင်တတ်တယ် ... လို့ ငါ ပြောတာပါဟာ။ မာန်မဖီပါနဲ့"

ပျိုမေခင်က, ကျွန်တော့်ကို လှမ်းရိုက်သည်။

"စိတ်မဆိုးပါနဲ့ ... လို့ပြောတာ"

ကားမှတ်တိုင်သို့ ရောက်သည်နှင့်၊ ကျောပိုးအိတ်ကို ကျွန်တော် ခဏချထားလိုက်သည်။

"နှင် မနိုင်မနင်းကြီးဖါလား"

"အင်း"

"အဲဒါ ... ဘာတွေလဲ၊ ဘယ်သွားဖို့မှာလဲ"

"ဩော် ...၊ မိန်းမ, သွားခိုးမလို့ပါဆို"

ရယ်ဖြုံဖြုံဖြင့် ကျွန်တော် ပြောသည်။ ပျိုမေခင်က ...

"အတည်ပြောတာ။ နောက်မနေနဲ့"

"မြို့ထဲသွားမှာ၊ ဈေးသွားရောင်းမှာ"

"ဟင့်၊ နှင်က, လမ်းဘေးဈေးသည်ပေါ့"

"ပျိုမေခင်။ စကားပြောရင် နှိမ်သလိုလို မလုပ်စမ်းပါနဲ့။ လမ်းဘေးဈေးသည် မဟုတ်ဘူး ပလက်ဖောင်းဈေးသည်"

"နှင်, တစ်ယောက်တည်း သွားရောင်းမှာလား"

"သူငယ်ချင်း တစ်ယောက်နဲ့ သွားရောင်းမှာ သူက, နေရာသွားခင်းထားနှင့်ပြီ။ သူ့ဆီမှာလည်း ဒီလို တစ်ထုပ်ပါသွားတယ်။ နာရီတွေ ... ရောင်း





တာ။ တကယ်လို့ နာရီတွေ့အရောင်းအဝယ် ပါးသွားရင်၊ တခြားပစ္စည်းရောင်းတာပေါ့။ ကျပန်းဈေးသည်ပေါ့ဟာ။ ပေါ်ပင်တွေ ရောင်းတာ"

"ရောင်းကောင်းလား"

"ကောင်းပါတယ်။

စည်ပင်ရဲ့လာရင်တော့၊ နည်းနည်းပါးပါး ရှောင်ရတိမ်းရတာပေါ့"

"နှင်, ပျော်လား"

"ဟဲ့၊ နိုင်ငံကြီးတစ်နိုင်ငံမှာ ဘောလုံးပွဲကြီး တစ်ပွဲကို ဇိမ်ကျကျ ကြည့်နေရသလောက်တော့, ဘယ်ပျော်ပါ့မလဲ"

"နှင် ... ဆယ်တန်း ပြန်မဖြေဘူးလား"

"အားရင်တော့ ဖြေမှာပေါ့"

"နှင့် သူငယ်ချင်းကရော ... နှင်လိုပဲ၊ ဆယ်တန်း တဖုန်းဖုန်းပဲလား"

"ကျောင်းပြီးသွားပြီ"

"ဟို တစ်နေ့က, လမ်းထိပ်က သစ်ပင်အောက်မှာ၊ နှင်နဲ့ နပန်းလုံးနေတဲ့တစ်ယောက်လား"

"ဟာ ... နှင်တွေ့တယ်။ ဟုတ်လား"

"အင်း"

"နပန်းလုံးတာ မဟုတ်ဘူးဟ။ ရန်ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ ငါ, ဝင်တားနေတာ။ အဲ့ဒီကောင်နာမည်က ... မြတ်သူ။ အမေနဲ့ နှမတစ်ယောက် ရှိတယ် ငါထက်စာရင် သူက, နည်းနည်းပိုရုန်းကန်ရတယ်

"နင် တခြားအလုပ်,လုပ်ပါလားဟာ"

"ပလက်ဖောင်းဈေးသည်မို့ မခေါ်ချင် မပြောချင်ရင်၊ အခု ... လာနေတဲ့ ကားနဲ့ နင် ... လိုက်သွားတော့။ ငါ ... နောက်ကားပဲ စီးမယ်"

"ငါ ..., နင့်ကို ပင်ပန်းမှာစိုးလို့ ပြောနေတာ"

"လမ်းဘေးမှာ ဈေးရောင်းရတာ၊ ရန်ကုန်ကနေ တာဝ။ ရန်ကုန်ကနေ ရွာသာကြီး ... တို့ကို ကျောင်းသွားတက်ကြရတဲ့ တက္ကသိုလ်ကျောင်းသားတွေလောက် မပင်ပန်းပါဘူးဟ"

"နင်, ရောက်ဖူးလို့လား"

"ငါ ... မှာ တက္ကသိုလ်ကျောင်းသား သူငယ်ချင်းတွေ အများကြီး ရှိပါတယ်"

"အဲဒါ ... နင်, ကြွားတာလားဟင်"

"ဟဲ ဟဲ ... နင်, အထင်ကြီးသွားမှာစိုးလို့။ ဒီလောက်ပဲ ကြွားထားတာ" ... ဟု ကျွန်တော် ပြန်ပြောလိုက်၏။

ဘတ်(စ်)ကား တစ်စီးတည်းပေါ်သို့ အတူတူ တက်ဖြစ်ခဲ့ကြသည်။

( ၁၃ )

မြတ်သူနှင့် ကျွန်တော် တစ်နေရာတည်းတွင်၊ အတူ ရောင်းသည်။ ပျို့မေခင် မပြန်သေး။

"ပျို့မေခင်။ သင်တန်းနောက်ကျနေမယ် လေ"

"ရတယ်။ ငါ ... နင်, ဈေးရောင်းတာ ကြည့်ချင်လို့"

"အဲဒီလို ကြည့်နေရင်တော့၊ ငါ, မရောင်းတတ်ဘူး။ နင်, ဈေးရောင်းတာ ဝါသနာပါရင် ပြောနော်။ ငါ ... ပလက်ဖောင်း ဈေးရုံကြီးပေါ်မှာ၊ နောက်ထပ်, ဆိုင်နေရာတစ်နေရာ ဖွင့်ဖေးလိုက်မယ်"

ပျို့မေခင် ခေါင်းယမ်း၏။ ပြီးနောက်, ကျွန်တော့်ကို ငေးကြည့်နေသည်။ ပြီးနောက် ...

"နင်, ထမင်း ဘယ်လိုစားသလဲ"

"ကျွဲသလိုပေါ့။ ရောင်းမကောင်းရင်, ဟိုနားက ချစ်တီးထမင်းဆိုင်မှာ၊ ကုလားဟင်းနဲ့ စားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်းကောင်းရင်၊ တခြားဟာင်း ကောင်းကောင်းနဲ့စား တယ်"

"သင်တန်း ခဏနားချိန်ကျရင်၊ ငါ့, လာပို့ပေး ရမလား"

"မပို့ပါနဲ့။ နင် . . . သင်တန်းသွားပါတော့ ပျိုမေခင်ရယ်။ နင်, ဒီအနားမှာရပ်နေသမျှ နင့်ကို . . . လူတွေ ကြည့်နေကြလိမ့်မယ်။ နင်နဲ့ ပလက် ဖောင်းနဲ့ မလိုက်ဖက်ပါဘူးဟာ။ ပလက်ဖောင်းက ကြမ်းတယ်။ နင်က . . . ,လှတယ်"

"နင် . . . ဆယ်တန်း ပြန်ဖြေပါလားဟင် နင်, သေသေချာချာ ဖြေရင်အောင်မှာပါ"

"နင် . . . စိတ်မကောင်းဖြစ်နေတာလား" . . . ဟု ကျွန်တော် မေးသည်။ ပျိုမေခင် မဖြေ။

"ဆယ်တန်းအောင်လို့ တက္ကသိုလ် သွား တက်ရရင်လည်း၊ နေပူတယ်ဟာ။ နေပူမယ့် အတူ တူ၊ ပလက်ဖောင်းပေါ်မှာပဲ အပူခံလိုက်တော့ မယ်ဟာ။ စိတ်မကောင်းဖြစ်မနေပါနဲ့"

"ငါက . . . ဒီ တစ်လ, လောက်ပြီးရင် ကုမ္ပဏီတစ်ခုမှာ၊ အလုပ်ဝင်တော့မှာ။ နင်, ပြော သလို တက္ကသိုလ် ကျောင်းသွားတက်ရတာ နေပူ တယ်ပဲထား။





တကယ့်လုပ်ငန်းခွင် ဝင်တဲ့အခါ၊ ပညာ အရည်အချင်းရှိရင်၊ နေပူထဲမှာ ဝမ်းစာမရှာရတော့ ဘူးပေါ့"

"ရှေ့တန်းထွက်နေရတဲ့ စစ်ဗိုလ်တွေလည်း၊ တက္ကသိုလ်ကျောင်းသားတွေပါပဲဟာ။ သူတို့လည်း နေပူတာပါပဲ၊ သူတို့မှာ ထီးတောင် ဆောင်းခွင့် မရှိနိုင် ပါဘူး"

"ငါ့ကို စကားနိုင်လုမနေနဲ့၊ ထွန်းတောက်။ နင်, လုပ်ချင်သလိုလုပ်တော့။ ငါ . . . မပြောတော့ ဘူး။ ငါ . . . သွားမယ်"

"နေပူတယ်။ ထီးဆောင်းသွား" . . . ဟု ကျွန်တော် ပြော လိုက်သည်။ "မလိုပါဘူး" . . . ဟု သူ . . . ပြော၏။

"ဘယ်လိုလဲ ထွန်းတောက်။ မပြောဘဲနဲ့၊ သိနေကြပြီ မဟုတ်လား"

မြတ်သူ၏ စကားကို၊ နားမလည်ဟန်ဖြင့်၊ ကျွန်တော်က,

"ဘာ သိရမှာလဲ"

"ပျိုမေခင်။ မင်းကို ချစ်နေတယ်ကွ"

"ခင်မင်စိတ်ရော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်တယ် မင်တယ်ဆိုရင်၊ ပြုံးပြ၊ နှုတ်ဆက်ရုံပဲ။ ထဲထဲဝင်ဝင် ဘာမှ ပွင့်ပွင့်စကားပြောဖို့ မလိုဘူးလေ"

"ထားပါတော့။ သူ့ကို ငါက၊ သိနေပြီး သူက၊ ရှော့ . . . ငါ့ကို သိပါ့မလား။ ချစ်နေ ကြိုက်နေတယ်ဆိုတာ။

ငါက . . . မင်း၊ ပေးတဲ့ အကြံကြောင့်သာ သံယောဇဉ်စကားတွေ ထည့်ထည့်မပြောတာ အတည်အတံ့ ပြောရမယ့်ချစ်စကားကို၊ ရှောင်ပြီး ပြောနေရတော့။ အနောက်အပြောင်တွေ ပိုများနေတယ်။

နောက်လွန်း၊ ပြောင်လွန်းလို့ ပေါ့ပျက်တယ် အထင်ခံရပြီး၊ စွန့်ပယ်သွားရင်၊ မင်း . . . တရားခံ"

"လူရှင်တော်တွေ၊ လူပျက်တွေလည်း နောက်ပြောင် ကျီစယ်နေကြတဲ့သူတွေပါပဲ။ ဒါပေမဲ့ . . ., သူတို့တစ်တွေရဲ့၊ ရင်ထဲမှာလည်း . . . လူတွေကို ဖွင့်မပြောဘဲ၊ မျိုသိပ်ထားတဲ့ သောက၊ ဒုက္ခ ရှိနေတာပဲ။ အဲဒါကို . . . မြင်အောင်ကြည့်မှ မြင်မှာပေါ့"

"ငါ့ ရင်ထဲကို၊ ပျို့မေခင် မမြင်ရင်၊ ငါ ကြေကွဲနော် မြတ်သူ"





"မင်း၊ ရိုမီယိုနဲ့ဂျူလီယက် ပြောထားဖူးတယ့် မဟုတ်လား"

"အင်း"

"တော်ပြီပေါ့။ သိလောက်ပါတယ်။ မင်းသာ သူ့ကိုသိအောင် လုပ်"

"ဘာ သိအောင် လုပ်ရမှာလဲ"

"မင်းအပေါ်မှာ၊ ထားမယ့် သူ့သဘောထားကို ပြောတာ"

"နှစ်ဦးသဘောထားကို၊ ကိုယ်စီသိပြီပဲ ဆိုပါတော့။ ပျို့မေခင်ကတော့၊ နင့်ကို ငါချစ်တယ် . . . လို့တော့၊ လာပြောမယ် မထင်ဘူးနော်"

"ပြောစရာမလိုဘဲ၊ ချစ်သူတွေ ဖြစ်မသွားနိုင်ဘူးလားကွာ"

ကျွန်တော် ခေါင်းခါပြီး . . .

"နှစ်ယောက်စလုံး၊ အ, နေတယ်ဆိုရင်တော့၊ မင်းပြောသလိုဖြစ်နိုင်လိမ့်မယ်။ တစ်ယောက်နဲ့ တစ်ယောက်၊ ဘယ်လောက်ပဲ နားလည် နားလည်။ ယောက်ျားလေးကတော့၊ စ,ပြီး လမ်းဖွင့်ရမှာ၊ အမှန်ပဲ။

ဆရာဝန်တော့ ဆရာဝန်ပေါ့ကွာ။ နားကြပ်လေးကိုင်ထားတော့၊ ပိုပြီးပြည့်စုံတာပေါ့။ စစ်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



တော့ စစ်ဗိုလ်ပေါ့ကွာ။ ယူနီဖောင်း ဝတ်ထားတော့ ပိုပြီး သိသာတာပေါ့။

ခင်တွယ် မြတ်နိုးတာနဲ့ ချစ်ခင်တွယ်တာနဲ့ မတူဘူးနော်။ သဲကွဲအောင်တော့ ပြောပြမှ ဖြစ်မယ်

"စိတ်ချင်း နားလည်တာမျိုးကို၊ ငါ ... မြင်ဖူးချင်လို့ပါ"

"မင်း ... အဲဒီလို မြင်ဖူးချင်ရင်တော့။ မလေးရှားစုန်းကား များများကြည့်။ မော်ကား များများကြည့်။ အပြင်မှာတော့၊ ရှိလိမ့်မယ် မထင်ဘူး။

ချစ်တယ် ... လို့ မပြောဘဲ၊ ရင်ထဲက, ချစ်နေရတာမျိုးကို ငါ ကြိုက်ပါတယ်။ ဒါပေမဲ့ ... ချစ်တယ်လို့ ဖွင့်မပြောသမျှ ချစ်သူဖြစ်ဖို့ မလွယ်ဘူး။

အေး ..., ငါက မပြောလို့။ ပျို့မေခင်က စ, ပြောမှာလည်းမဟုတ်ဘူး။ မိန်းကလေးက, ရည်းစားစကား စ, ပြောတာကို၊ အပြင်လောကမှာ မရှိ နဲ့။ ရုပ်ရှင်တွေ ဗွီဒီယိုတွေ ဥတ္တုဇာတ်လမ်းတွေမှာ ပါရင်တောင်၊ ဆင်ဆာက, ခွင့်ပြုတာမဟုတ်ဘူး။

အဲဒါကြောင့် ...,

အချိန်တန်တဲ့အခါကျရင်၊ ချစ်တယ် ... ဆိုတဲ့ စကားတစ်ခွန်းလောက်တော့၊ ငါ ... ပြောရစေ မြတ်သူရာ။ နော်"





"မင်းကွာ။ ကြွကြွခံပြီး, စမ်းသပ်နိုင်စွမ်း မရှိတော့ဘူးထင်တယ်"

"ငါ ... ကြွကြွခံနိုင်ပါတယ်။ သူ ... ငါ့ကို နားလည်ပြီး ငါ ... သူ့ကို နားလည်ပြီး တစ်ယောက် နဲ့ တစ်ယောက်နားလည်ရုံနဲ့ ချစ်သူ တွေဖြစ်သွားကြ ပြီ ... လို့၊ ဘယ်လိုလုပ် သုံးနှုန်းနိုင်မှာလဲ"

"ချစ်တယ် ... ဆိုတာ၊ တကယ်တော့ ... နှစ်ယောက်ကြားမှာ၊ အသုံးပြုနေတဲ့၊ အသုံးခံ ဝေါဟာရပါကွာ။ အဲဒီ ဝေါဟာရမပါဘဲ ... ချစ်လို့ မရဘူးလား"

"ရချင်ရမှာပေါ့။ ဒါပေမဲ့ ... ဒါ ... လူ့ပြည်။ လူ့ကမ္ဘာ။ လူ့လောက။

လူ့ပြည်မှာနေတဲ့ လူမှာတောင်။ လူဖြစ်ရင် ပြီးရော ... ဆိုပြီး နေလို့မရဘူး။ ကျွန်တော်, ကျွန်မ, ဘယ်သူ ဘယ်ဝါရဲ့ သားသမီးပါ, မြေး မြစ်ပါ။ ဘာလူမျိုး။ ဘယ်နိုင်ငံသားပါ ... ဆိုတဲ့၊ အသိ အမှတ်ပြု ကတ်ပြားတစ်ခုတော့ လိုအပ်တယ်။

ငါ ... မင်းကို ပြောတဲ့တရားဝင်စကား၊ အဲ ... ချစ်စကားက၊ အချစ် ... ဆိုတာကို၊ အသိ အမှတ်ပြုဖို့ သုံးကိုသုံးရမယ့်၊ အချစ်ကတ်ပြားလေး တစ်ကတ်ပေါ့။ အဲဒါ လိုကိုလိုတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . , ချစ်တယ် . . . ဆိုတဲ့စကားဟာ ချစ်သူနှစ်ဦးကြားမှာ၊ မရှိမဖြစ်လိုအပ်တဲ့ သံယောဇဉ် စိစစ်ရေးကတ်ပြားပေါ့ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဒါဆို၊ မင်း၊ ဖျိုမေခင်ကို၊ ချစ်တယ် . . . လို့ ဖွင့်ပြောတော့မယ်ပေါ့"

"ဖွင့်ပြောမယ် . . . လို့၊ ငါဆိုလိုတာ မဟုတ်ဘူး။ ဖွင့်ပြောဖို့ လိုအပ်တယ်လို့ ငါ ဆိုလိုတာ။ သိအောင် မပြောဘဲ၊ သိသွားခဲ့ရင်၊ နင် . . . သိတာ ဟုတ်ပါတယ် . . . ဆိုတဲ့ သဘောမျိုး"

မြတ်သူက,

"အဲဒါဆိုလည်း၊ ဆယ်တန်းလေးခါကျတွေ ဘာတွေ၊ လုပ်မနေနဲ့တော့လေကွာ။ အမှန်အတိုင်း ပြောပြလိုက်တော့ပေါ့"

"ငါ . . . တမင် လိမ်ထားတာမှ မဟုတ်တာ သူ . . . ထင်နေတဲ့အတိုင်းလေ။ တမင်, ငြိမ်နေလိုက်တာ"

"လောကကြီးမှာ၊ ငါ . . . သိချင်တဲ့ အချစ်ဆိုတာနဲ့ လူတွေ သုံးစွဲနေတဲ့ အချစ်ဆိုတာနဲ့၊ ဖော်ဖော်ကွဲလွဲနေတယ်" . . . ဟု မြတ်သူ ပြော၏။ "ကွဲလွဲတာမဟုတ်ပါဘူး။ အသုံး မပြုတတ်တာ ပါ" . . ဟု၊ ကျွန်တော် ပြောရသည်။



BURMESE CLASSIC .com

( ၁၄ )

"မျက်စောင်းထိုးအိမ်က၊ ကောင်မ,လေး လာတယ်။ ဆယ်တန်းစာမေးပွဲ အထူးထုတ်စာအုပ် . . . တဲ့။ လာပေးသွားတယ်"

အမေ့စကားကို ကြားကြားချင်း ကျွန်တော့ဆံပင်တွေ၊ နား ...တွေ၊ မွေးညှင်းတွေ အကုန်လုံး ထောင်တက်သွားသကဲ့သို့ ...ခဲ၏။

"အမေ၊ အမေ ဘာပြောလိုက်သေးလဲ၊ အဲ့ဒီ ကောင်မ,လေးကို"

"နည်းနည်းပါးပါးတော့၊ မေးရမြန်းရတာ ပေါ့။ အထူးထုတ်စာအုပ်က, ဘယ်သူ့ပေးရမှာလဲ . . . လို့ မေးတော့။ ထွန်းတောက်အတွက် လက် ဆောင်ပေးတာပါ . . . တဲ့။

ထွန်းတောက်က ကျောင်းကျောင်းပြီးပြီပဲ၊ ဘွဲ့ယူဖို့ပဲရှိတော့တာ . . . လို့ ပြောတော့။ ...လေး မ,လေး တအံ့တသြ။ မင်းက, ဆယ်တန်းလေးခါကျ

www.burmeseclassic.com

www.burmeseclassic.com



ထားတာ ... လို့ ပြောတာဆို"

အတွေးထဲတွင်၊ ပျိုမေခင်၏မျက်လုံးအတွင်းမှ မျက်စောင်းနှင့်အတူ မိုးကြိုးသွားများ ဆက်တိုက် ထွက်လာသည်။ နားထဲ လျှပ်စစ်လိုင်းများ၊ နှာခေါင်းပေါက်ထဲမှ၊ အဆိပ်ငွေ့များ၊ ပြင်းထ ပေါက်ကွဲစွာ ထွက်လာလေ၏။ လက်ညှိုးငေါက်ငေါက် ကျွန်တော့် ထိုးသောအခါ၊ လက်ညှိုးထိပ်ဖျားမှ၊ သေနတ်ကျည်ဆန်များ ဒလဟေ ထွက်လာပြီး၊ ကျွန်တော့်တစ်ကိုယ်လုံး ဆန်ကာပေါက်ဖြစ်သွား ပြီးနောက် ...သူ၏ကြီးမားသော လက်ချောင်းများဖြင့်၊ ကျွန်တော့် ကိုင်ပေါက်ချိုးဖဲ့ပြီး၊ သွား ချွန်ချွန်ကြီးများဖြင့်၊ တကျွတ်ကျွတ်ဝါး နေလေ၏။

"အား။ သွားပါပြီ အမေရယ်"

"ဟဲ့။ ဘာသွားတာတုန်း"

"ကျွန်တော်က, အဲ့ဒီကောင်မလေးကို ထားတာ အမေရ"

"ဘာလို့လိမ်ရတာလဲ။ လိမ်တယ်ဆို ဘယ်နေရာမှာမှ၊ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး ဘာဖြစ်လို့လိမ်တာလဲ။ အဲဒါ ...၊ ရည်းစားလား"

"ရည်းစားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ... ကျွန်တော်က, သူနဲ့ရည်းစားဖြစ်ချင်နေတာ လုပ်ဖို့ ကြိုးစားနေတုန်းပေါ့။ နောက်ချင် ပြော





တာနဲ့၊ ဆယ်တန်းမအောင်သေးဘူး ... လို့၊ ပြော ထားမိတာ။ အခုတော့ .. ပေါ်သွားပြီထင်တယ်"

"ပေါ်ပြီပေါ့။ အမေက, သေသေချာချာ ပြော ပြလိုက်တာ။ မြန်မာစာနဲ့ ကျောင်းပြီးထားတာ။ သမီး ကို နောက်ပြောင်ထားတယ် ထင်တယ် ...လို့၊ ပြောလိုက်တယ်။ ပေးမယ့်စာအုပ်လေးတော့၊ ပြန်ယူ သွားလေရဲ့"

အတွေးထဲတွင်၊ ပျိုမေခင်က၊ ကျွန်တော့်ကို ကိုင်ပေါက် လိုက်သည်။ ကျွန်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး၊ မြေပြင်ပေါ်တွင်၊ ပြန့်ကျဲသွား၏။

ရလိုမှ တစ်ခုခုဖြင့် လိမ်လည်လှည့်ဖျားနေသူတွေတော့၊ ညီသို့ခံစားပျော်ပိုက်နေတတ်ကြမည်ကို၊ ကျွန်တော် မခန့်မှန်းတတ်။ ညှိနှိုယ်ချက်မဲ့စွာဖြင့်၊ နှုတ်တွေ့ရာ ပြောဆိုနောက်ပြောင် လိမ်လည်ခဲ့မိ သော၊ ကျွန်တော့်မှာ၊ စိတ်ရောကိုယ်ပါ နေစရာ မရှိတော့လောက် အောင်၊ ပျာယာခတ်နေမိလေပြီ။ ချစ်သော ဂါယကာရှင် ပျိုမေခင်၏ နောက်ဝယ်ဝယာ မည်သည့်အရပ်တာက်တွင်မှု၊ ကျွန်တော် လိပ်ပြာလုံစွာ ထိုင်ကပ်, မရပ်နားဝံ့တော့ပေ။

"အိမ်ထဲဝင်ပြီး၊ ပျိုမေခင်ရှိလားလို့ မေးလိုက်ပေါ့" ...



www.burmeseclassic.com

www.burmeseclassic.com



ဟု၊ မြတ်သူ အကြံပြု၏။ "အိမ်ထဲတော့ မဝင်ချင်ဘူး" ...ဟု ကျွန်တော် ပြောသည်။ "မဝင်ချင်တာလား၊ မဝင်ရဲတာလား" ...ဟု မြတ်သူ မေးပြန်သည်။

ကျွန်တော်က ...,

"မဝင်ချင်တာ။ အိမ်ထဲကိုဝင်ရင်၊ သူ့ အိမ် ရင်းနှီးသွားမယ်။ အနည်းဆုံး သူ့အစ်ကိုနဲ့ ရင်း သွားမယ်။ မင်း၊ သိတဲ့အတိုင်းပဲ။ ငါ ... အဲ့ဒီ ရင်း မှုမျိုး မလိုချင်ဘူး"

အာကာက ...၊ မြတ်သူဘက်သို့ လှည့်ကာ ...,

"မင်း၊ ညီမ၊ ဒေဝီကို၊ လှွတ်လိုက်ပါလား"

"ဘယ်လိုအကြောင်းပြချက်နဲ့ လွှတ်မလဲ" ...ဟု၊ ကျွ တော် မေးပြော၊ပြောသည်။ မြတ်သူက၊ လက်ဖျောက် တစ်ချက်တီး ...

"ကျူရှင်စာအုပ် တောင်းခိုင်းလိုက်ရင်၊ မင်း လွှတ်လိုက်မှန်း၊ ပျိုမေခင် သဘောပေါက်မှာပဲ"

"မဖြစ်နိုင်ဘူး။ ဒေဝီကို၊ သူမှ၊ မသိတာ"

"သိသိ မသိသိလေကွာ။ကိုထွန်းတော လွှတ်လိုက်တာပါ။ စာမေးပွဲအထူးထုတ်စာအုပ် ... တောင်းခိုင်းလိုက်လို့ပါဆို။ အို ... ကောပေါ့"

"ပျိုမေခင်နဲ့ မတွေ့ဘဲ၊ တခြားသူတွေနဲ့ တွေ့ ရင်။ မင်း နှမ၊ ဒေဝီ၊ အိုးနင်းခွက်နင်းတွေ၊ ဖြစ်





လိမ့်မယ်။

ပြီးတော့ ..., ဒေဝီကို ခိုင်းတာ၊ မင်း အမေ သိသွားရင်၊ အကုန်လုံး အဆူခံနေရလိမ့်မယ်"

အာကာက ...,

"မင်း၊ အခု ... ဘာလုပ်ချင်လဲ"

"ဩော် ...၊ ဘာလုပ်ရမှန်းမသိလို့ မင်းတို့ ကို၊ သံတော်ဦးလာတင်တာပေါ့ကွ။ သူ ... တော် တော် စိတ်ဆိုးသွားမှာ၊ အမှန်ပဲကွ။ ငါ့၊ ရှင်းလည်း ရှင်းပြချင်တယ်။ ဘာရှင်းပြရမှန်းလည်း မသိဘူး"

"စိတ်မဆိုးနဲ့နော်။ ခွင့်လွှတ်ပါကွယ်။ ကိုယ် ရိုင်းနေရင်၊ ကိုယ့်စိတ်က အရင်ဒီလို မဟုတ်ဘူးကွဲ့။ မင်းနဲ့မှ၊ ပြောင်းလဲကုန်ပြီ ... အဲ ... အဲဒီသီချင်း သွားဆိုမလား။ သူ့အိမ်ရှေ့မှာ၊ ည၊ ကျရင်"

အာကာ၏ အတည်အတန့်ပေးသည့်၊ အကြံပြုချက်။ ကျွန်တော် မဖြစ်မနေ ပယ်ချလိုက်ရသည်။

"သီချင်းဆိုပြီး တောင်းပန်တာ၊ ကုလားကား ထဲမှာပဲ ရှိတယ်ကွ၊ ဗမာကားထဲမှာတောင်၊ သိပ်မရှိ တော့ဘူး။ အပြင်မှာဆို။ ပိုဆိုးလိမ့်မယ်"

ကျွန်တော်၏ ပယ်ချချက်ကို၊ အာကာက၊ သိပ်ကျေနပ်ပုံ မပေါ်သေး နောက်ထပ် တစ်ခု၊ အကြံပြုသေးသည်။

"မင်း ..., အရုပ်မိုးသတ်တာပ်ဖွဲ့ထဲဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလား''

''ဘာဆိုင်လို့လဲ''

''အရံမီးသတ်တွေက၊ ရပ်ကွက်ထဲမှာ
စာရင်းစစ်ရင်း လိုက်ရတယ်၊ မင်းလည်း . . . မီးသ
ယူနီဖောင်းဝတ်ပြီး၊ သူတို့အိမ်ပေါ်ကို ညည့်စာ
တက်စစ်ပေါ့ကွ။ မဟုတ်ဘူးလား။ တောင်းပ
စာတစ်စောင်တော့၊ အဆင်သင့် ရေးထားပေါ့။ ပြီး
. . . ,လူအလစ်မှာ ပေးလိုက်''

''မင်း, ငါ့ကို အချုပ်ထဲသွားစေချင်နေ
လား အာကာ။ နောက်ပြီး . . . အဖွဲ့အစည်းထဲ
တာ၊ လွယ်တယ်ထင်လို့လား။ ယူနီဖောင်းက, ဘ
လိုနည်းနဲ့မှ၊ ချက်ချင်းမရနိုင်ဘူး။ ငါက အမြန်
ချက်ချင်း၊ တောင်းပန်ချင်တာကွ။ ရှင်းပြချင်တာ
မြတ်သူက . . . ,

''မင်းက . . . ဘာကို ရှင်းပြမှာလဲ၊ အဲဒါ
. . . စဉ်းစားပြီးပြီလား''

''ကြုံလို့ နောက်လိုက်မိတာပါ။ ဘာမ
ရွယ်ချက်မှ မရှိပါဘူး၊ ဘာ . . . ညာ ပေါ့ကွာ''

''စာရေးပြီးတော့၊ တောင်းပန်ရင်ရော . . .

''ရေးတဲ့စာကို၊ ဘယ်သူက, ပေးပေးမှာ
မင်း, ပေး, ပေးမလား။ ငါတော့ . . .





လောဆယ့်, မသွားရဲဘူး။ အနားကို''

''ရေးမှာသာ ရေးစမ်းပါ။ ငါညီမ,ကို သွား
ပေးနိုင်းလိုက်မယ်''

''အိမ်ကို သွားပေးနိုင်းမှာလား''

''လမ်းထိပ်,က သွားစောင့်နိုင်းမှာပေါ့''

''ငါ . . . စောင့်ကြည့်သေးတယ်ကွ။ မတွေ့
ဘူး''

''ဩော် . . .။ ရှောင်နေတဲ့သူပါဆို။ မင်း
တွေ့အောင်တော့ ဘယ်နေပါ့မလဲ''

ကျွန်တော် ခေါင်းတညိတ်ညိတ်၊ ရင်, တလှပ်လှပ် ဖြစ်နေရသည်။ ချစ်သူ၏ အထင်လွဲမှုသည်၊ အမုန်းခံရသည်ထက် ပိုမို ဆိုးသွားကြောင်း . . .။ အားလုံးကို ပြောပြ ရင်ဖွင့်လိုက်ချင်၏။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ( ၁၉ )

လာနေကျလမ်းတစ်ကြော၊ လွမ်းမောစွာ ငေးကြည့်မိသည်။

လှနေရပ်ကွက်နှင့် ကားလမ်းမ,ကြီး အကြား၊ ရှည်လျားစွာ ...ွယ်ဖောက်ထားသည့် ကတ္တရာလမ်း။ ဟိုးယခင်, ကျွန်တော် ငယ် ...ဲ့တာ၊ မြေနီလမ်းမျှသာ ဖြစ်သည်။

ကားလမ်းမကြီးရှိ၊ ဘတ်(စ်)ကားမှတ်တိုင်မှ၊ ရပ်ကွက် ...တွင်းသို့၊ တချို့က ဆိုက်ကားဖြင့် ဝင်,ထွက်သွား,လာကြသည်။ ...ချို့က လမ်းလျှောက်ကြ၏။

နှစ်ပေါင်း နှစ်ဆယ်ကျော်၊ လျှောက်လှမ်းကူးလူးခဲ့သည့် ဤ ...မ်းသွယ်ကို ဘယ်တုန်းကမှ၊ သတိမထားခဲ့မိသော်လည်း၊ ချစ်သော ...ူ ခြေချ လျှောက်လှမ်းခဲ့ပြီးသည့်နောက်၊ လမ်း၏ အရောင်အဆင်း၊ ...နီးဝန်းကျင်၏ အရှည်အသွယ်၊ အဝေးမြင်ကွင်း၊ အနီးမြင်ကွင်း၊ ...စသည်တို့ကို ငေးကြည့်ခံစားဖြစ်ခဲ့ပြီ။

ချစ်သောသူ ခြေချဖူးရာ လမ်းတစ်လျှောက်၊ မမြင်မတွေ့ ...ိမှန်း သိပါလျက်၊ ယခင်လှမ်းခဲ့ လျှောက်ခဲ့ရာ ခြေရာ အကြွင်း ...ကျန်တို့ကို ငုံ့ကြည့်ရှာဖွေနေမိသည်။ မရှိတော့သူကို ရှာဖွေရသည်



www.burmeseclassic.com

www.burmeseclassic.com



ထက်၊ ရိုးလျက် မြင်တွေ့ကြုံဆုံခွင့် မရသူကို၊ ရှာဖွေ တမ်းတ
သည်မှာ၊ လူရောစိတ်ပါ မောလွန်းဘိ။

အထူးသဖြင့်၊ . . . ချစ်ရသူ၏ အရိပ်အယောင်ကို ရှာ
လှမ်းမောရခြင်းသည်၊ အလင်းမဲ့ကမ္ဘာ့ ညအတွင်း၊ လမင်းကို ရှူး
ဖွေရှာရသကဲ့သို့ အထိတ်တလန့် ပင်ပန်းလွန်းလှသည်။ ချွေးတပြို
ပြိုက် သွေးတလိုက်လိုက်၊ မစီးထွေ၊ မကျဆင်းသော်လည်း၊ ချစ်သ
သူကို တမ်းတမိခြင်း၏ စိတ်ခန္ဓာအဟုန်သည်၊ ချွေးပင်လယ်
လက်ပစ်ကူးရသကဲ့သို့၊ သွေးတံခွန်ပမာ စီးထွေကျဆင်းသကဲ့
မနာကျင်စွာ ခံစားလိုက်ဖို့ရချေသည်။

ဤသို့၊ ထိုသို့သော၊ ကြေမွေ့ခံစားရခြင်းများတို့သည်
လျှင်၊ ပြုမှားမိရာ အပြစ်အမှု၏ အပြစ်ဒဏ်ချက်တွေများလား . . .
တွေးသိဆင်ခြင်ကာ၊ ရင်ခွင်ကို လက်ဖဝါးဖြင့် ညင်သာစွာ ဖိကပ်
ရသည်။ ချစ်ခြင်း၏ နောက်အပါးမှ ကပ်တွယ်လာတတ်သော . . .
သောက, အစွယ်အပွားတို့သည်၊ လွန်စွာများပြားလှ၏။ လွန်
စူးရှလှ၏။ လွန်စွာ တုန်လှုပ်စေ၏။ ပြင်းထန်လှဘိတကား။

*

“ဟိုမှာ”

ဘတ်(စ်)ကားပေါ်မှ ဆင်းလာသော ပျိုမေခင်ကို၊ မြင်
လှမ်းပြသည်။ ဒေဝီက, သေသေချာချာ ကြည့်၏။ ဒေဝီ့လက်





ကျွန်တော်ရေးထားသော တောင်းပန်စာ။

“ဟဲ့၊ ဒေဝီ”

“ရှင်”

“ငါ . . . ၊ နှင့်ကို ကျေးဇူးတင်တယ် သိလား။
အားလည်း နာတယ်”

“သြော် . . . ။ရပါတယ်” . . . ဟု၊ ပြောပြီး ပျိုမေခင် လာ
ရာဘက်သို့ သွားလေ၏။ မြတ်သူနှင့်ကျွန်တော်က၊ လမ်းမြောင်
အတွင်းသို့ အပြေးဝင်ပြီး၊ သစ်ပင်တစ်ပင်ဖြင့်၊ အကွယ်ပြုသည်။

BURMESE CLASSIC .com

*

“အခြေအနေကောင်းလား” . . . ဟု၊ ဒေဝီ့ကို မြင်မြင်ချင်း၊
ကျွန်တော်မေးသည်။ ဒေဝီ ခေါင်းညိတ်၏။ ခေါင်းညိတ်သည်ကိုသာ
တွေ့ရသည်။ ဒါပေမဲ့, သူ့လက်ထဲမှာ၊ ကျွန်တော့်စာ။

“စာက၊ ဘာဖြစ်လို့ ပြန်ပါလာတာလဲ။
အခြေအနေ ကောင်းတယ်ဆို”

“မဖတ်ချင်ဘူး . . . တဲ့၊ အဲဒီအစ်မကလည်း၊ စာတစ်စောင်
ပြန်ပေးခိုင်းလိုက်တယ်” ဟု၊ ပြောပြီး၊ ဒေဝီက, ကျွန်တော့် စာနှင့်
ပျိုမေခင့် စာကို၊ ပေးသည်။ စာအိတ်နှစ်အိတ်စလုံးကို ကိုင်ရင်း၊
ကျွန်တော်က . . . ,

“ဘာလို့ မဖတ်ချင်တာလဲ, ဘာလဲ နှင် . . .



www.burmeseclassic.com

www.burmeseclassic.com



မမေးဘူးလား။ ဟို ...။ ငါ ... အရမ်း ကြောက် နေတယ် ဘာ, ညာ မပြောဘူးလား''

ဒေဝီက ...

''မေးပါတယ်။ ပြောပါတယ်။ ကိုယ်တိုင် လာ တောင်းပန်နိုင်းလိုက်ပါတဲ့။ မှာတာ။ တော်တော့် ကြောက်နေလို့၊ ကိုယ်တိုင်မလာရဲတာနဲ့၊ ကျွန်မကို လွှတ်လိုက်တဲ့အကြောင်း၊ ကျွန်မ ပြောပါတယ်''

''အေး။ ကျေးဇူးပဲ''

မြတ်သူက,

''သူလည်း။ မင်းအတွက် စာတစ်စောင် ရေး ထားတယ်ဆိုတော့။ ဘာပဲပြောပြော။ သူ့ စိတ်ထဲမှာ မင်း ... ရှိနေတာ အမှန်ပဲ။ ငါ ... ပြောချင်တဲ့ တစ်ယောက်နဲ့တစ်ယောက် မပြောဘဲ သိတယ် ... ဆိုတဲ့ စိတ်, ဆိုတာ၊ အဲဒါကို ပြောတာ''

''မပြောဘဲ သိတဲ့စိတ်ဆိုတာ၊ ဘာကိုပြော တာလဲ''

ဒေဝီ ...,ဝင်မေး၏။ ''နင် ... သိဖို့ မလိုသေးဘူး'' ...ဟု မြတ်သူက၊ ပေါက်ငမ်းငမ်းဖြင့် ပြောသည်။ ဒေဝီ နှုတ်ခမ်းလေး ရှုံ့ သွား၏။

''မင်းတို့မောင်နှမ, ရှေ့က သွားကြကွာ''

''ဘာဖြစ်လို့လဲ''





''မျိုမေခင့် စာလေးကို ငါ ... တစ်ယောက် တည်း ခံစားချင်လို့''

''သေသေချာချာလည်း ခံစားဦး။ အထဲက မြွေထွက်လာ ဦးမယ်'' ...ဟု၊ မြတ်သူ ပြော၏။ ပြောပြီး, မောင်နှမ နှစ်ယောက် ရှေ့မှ လျှောက်ကြသည်။

ကျွန်တော်က၊ လမ်းလျှောက်ရင်း စာအိတ်ကို၊ ညင်သာ တုန်ရင်စွာ ဖွင့်၏။ ဖြည်းဖြည်းဖွင့်လေ ပိုတုန်လေဖြစ်ပြီး၊ မြန်မြန်ဖွင့် လေ, ပိုကြာလေ ဖြစ်နေရသည်။ အချစ်သည် ...,ကမ္ဘာလောက တစ်ခွင်လုံးကို၊ စစ်ကဲ့သို့ပင် တုန်ခါစေနိုင်သည် ...ဟု၊ တစ်ကိုယ် တည်း တွေးမိ၏။

စာခေါက်ကို ချက်ချင်း မဖွင့်ရဲ။

စိတ်ဆိုးမာန်ဆိုးဖြင့် ရေးသားထားသောကြောင့်၊ လက်ရေး လက်သားတွေ ဆိုးရွားနေလေမလား။ ဒေါသ,တကြီး ရေးသားထား သောကြောင့်၊ စကားလုံးတွေ ကြမ်းတမ်းနေလေမလား။ မည်သို့ ပင်ရှိစေ ...

ချစ်သူဖန်တီးသော အရာရာသည်၊ (ဒေါသ,ဖြင့် ဖန်တီးသည် ဖြစ်စေ၊ မာန်မာနဖြင့် ဖန်တီးသည်ဖြစ်စေ) နူးညံ့နွေးထွေး ပျော့ပျောင်း စွာ လှပ, နေလိမ့်မည် ...ဟု၊ မြတ်နိုးစိတ်ဖြင့်၊ တွေးမိသည်။

ထိုစိတ်၊ ထိုအတွေးဖြင့်သာ၊ စာခေါက်လေးကို ရဲရဲစွာ ဖွင့်ပစ် လိုက်၏။ စာရွက်ငယ်၏မျက်နှာပြင် တစ်ပြင်လုံးသည်၊ မုလဲမိုးမှုန်း သွန်း ဖြိုးထားသော၊ အပြာရောင် ကောင်းကင်တစ်ခုနှင့်၊ တူလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်း(၃))

စကားလုံး ပုလဲမိုးများသည်၊ ကောင်းကင်စာရွက်ပေါ်၌၊ ညီညာသိုသိပ်စွာ ရေးသားရှာချထားလေ၏။ မိုး . . . ဟူသည့် ကား၊ ကမ္ဘာလောက၏ မရှိမဖြစ်လိုအပ်သော၊ သော်ငွေရောင် ငြိမ်းချမ်းရေး ရတနာတစ်ပါး။

ချစ်သောသူ ရေးသားထားသော စာတွင်၊ ကျွန်တော့် အမည် မပါ။ သူ့အမည် မပါ။

ကျွန်တော့်ကဲ့သို့သော၊ လူအားလုံးအတွက်၊ ရေးသား လိုက်လေသည် . . . ဟု၊ ကျွန်တော်ခံစားရ၏။

ထိုခံစားမှုဖြင့်၊ တစ်လုံးချင်း၊ တစ်ပါဒချင်း၊ တစ်ကြောင်း ချင်းကို၊ သေချာစူးနစ်စွာ၊ ကျွန်တော် ဖတ်ဖြစ်သည်။ ဒေသနာ တစ်ခုခုမှ ကူယူထားခြင်းဖြစ်ပေမည်။ ဒေသနာ၏ မူလ, ပိုင်ရှင်, ဘုရားရှင်ကိုလည်း၊ ကျွန်တော် ဦးညွှတ်လိုက်လေ၏။

"မှုသားဆိုလျှင်၊ ရယ်မောပြောင်လှောင်သော သဘောအဖြစ်ပင်၊ မပြောအပ်။

ထိမ်ဝှံသောသူ၊ မပြုလုပ်ရဲသော၊ အကုသိုလ် ဟူ၍ မရှိတော့ပေ။

ပေါက်ထားသော ရေခွက်အတွင်း၌ ရေ တစ်စက်မျှ မကျန်၊ ဘာမျှ မရှိတော့သကဲ့သို့၊ ထို·· လိမ်ဝှံသူ၌ အရည် အချင်းကောင်း ဟူသမျှ ဘာမျှ မရှိနိုင်တော့···"

(ဓမ္မပဒ ၀ုဒ္ဓ)

( ၁၆ )

ကျွန်တော် တတွတ်တွတ် တောင်းပန်နေသော်လည်း ပျိုမေခင့်ထံမှ၊ ပြေလည်ရာပြေလည်ကြောင်းစကား၊ မကြားရ။

"နင် . . . ,လိုက်မလာနဲ့တော့နော်"

ဟန့်တားစကားဆိုရင်း၊ ပျိုမေခင် ခြေစုံရပ်၏။ ကျွန် တော့်ခြေလှမ်းကိုပါ၊ ရပ်တန့်လိုက်ရသည်။

"ငါ . . . ၊ တကယ်မှားသွားတာပါ ပျိုမေခင်၊ ငါ . . . ၊ နင် ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်"

"မလိုပါဘူး။ တောင်းပန်ရအောင်လည်း၊ နင်နဲ့ငါနဲ့က, ဘာပတ်သက်မှုမှ ရှိထားတာမဟုတ် ဘူး။

နင့်ဘာသာ တောင်းပန်ချင် တောင်းပန်။ မတောင်းပန်ချင် . . . နေ၊ ငါ့ အနားကိုတော့၊ လုံးဝ, မလာပါနဲ့။

နင်နဲ့ငါနဲ့က၊ လမ်းပေါ်မှာ သိခဲ့ကြတော့၊ နင်က, လမ်းဘေးဈေးသည်ပီပီ။ လမ်းဘေးစကား



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ငါ့ကို ပြောခဲ့တာပဲ။

အဲဒီတော့ . . . ,

လမ်းပေါ်မှာ စ,ခဲ့တဲ့ ဇာတ်လမ်း၊ လမ်းပေ

မှာပဲ အဆုံးသတ်လိုက်ပါ။ ဒါပဲ"

ပြောပြီး၊ ပျိုမေခင် ခြေလှမ်းဆက်သည်။

ကျွန်တော်က, ထက်ကြပ်မခွာ။

"ဟဲ့။ နင် ရဲစခန်းရောက်ချင်လို့လား"

"ပြောချင်တာ ပြောခွင့်မရမယ့်အတူ ရော

ချင်ရာ ရောက်ပွေစေတော့ဟာ။ ငါက,တော့ နော

ပြန်လှည့်မှာ မဟုတ်ဘူး"

ပျိုမေခင် နှုတ်ခမ်းမဲ့သည်။ ပြီးမှ . . .

"နင်, လမ်းဘေးမှာ၊ ဈေးရောင်းရဦးမယ်

မဟုတ်လား။ သွားရောင်းလေ။ ဒီလို

ဆယ်တန်းမအောင်ရင်၊ လမ်းဘေးဈေးသည် လု

မှာပဲ။ သွား . . . သွား။ ငါတို့က, တက္ကသိုလ်ကျောင်

သူ"

ကျွန်တော်က . . .

"ရှ Education ကို နောက်ပြောင်ပြီး ပြော

တာနဲ့၊ ငါ . . . ဈေးရောင်းတာနဲ့၊ ဘာမှ မဆိုင်

ဘူးဟာ။

ဈေးရောင်းတာ၊ ငါ . . . ရောင်းချင်လို့ ရောင်





တာပါ။ ဆယ်တန်းမအောင်သေးဘူး . . . လို့ ပြော

တာက၊ ပါးစပ်ထဲ တွေ့ရာပြောမိတာပါ"

"နင့်ဘာသာ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြော

ပြောလေ။ နင်က . . . မိုလ်လောင်းကြီးဆိုရင်ကော၊

ငါက, ဘာလုပ်ရမှာလဲ။

ယောက်ျားဆိုတာ၊ မိန်းကလေးတစ်ယောက်

ရဲ့ ကရုဏာကို လိမ်မယူရဘူးဟဲ့။ မြဲမြဲမှတ်ထား"

"ငါ့မှာ၊ အဲဒီရည်ရွယ်ချက် မရှိဘူး ပျိုမေခင်။

နင့်ကရုဏာကို လိမ်ပြီးယူရအောင်။ ငါက, ကျိုးကန်း

နေတဲ့ ဒုက္ခိတလည်း မဟုတ်ဘူး။

နင်, ငါ့အပေါ်ထားတဲ့ စေတနာကို၊ ငါ . . .

အရမ်းတန်ဖိုးထားလွန်းလို့၊ ငါ . . . အနူးအညွတ်

လိုက်တောင်းပန်နေတာပါ။ နင် . . . , ခွင့်မလွှတ်ချင်

လည်း နေပါ။ ဒါပေမဲ့ . . . , ရည်ရွယ်ချက်တစ်ခုခုနဲ့

လိမ်ခဲ့ညာခဲ့တာ မဟုတ်ဘူး ဆိုတာကို၊ နင်, လက်ခံ

ရင်၊ ငါ . . . နေသာပါပြီ"

"ဟဲ့။ လိမ်တတ်တဲ့သူ ပြောတဲ့စကားကို၊

ဘယ်သူမှ ယုံမှာမဟုတ်ဘူး။ လိမ်တယ်ဆိုတာ၊ ဘာ

အရည်အချင်းမှ မရှိလို့လိမ်တာ။ လိမ်တဲ့သူတွေက၊

ကိုယ့် မှုသားတွေနဲ့ကိုယ်၊ ပိ, ပိတ်သေမယ့် အူတွေ။

လိမ်တတ်တဲ့သူတွေအတွက်၊ ဝေဘာကကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ နေရာမရှိဘူး။ အေး . . . , နေရာရှိတယ် ဆိုရင်လည်း၊ အဲဒါ . . . လိမ်ညာလှည့်ဖျားပြီး ယူထားတဲ့ နေရာမို့လို့၊ ပလ္လင်နဲ့ထိုင်နေရင်တောင်၊ ပွဲခင်းထဲက ဖျာစုတ်တစ်ချပ်လောက်၊ တန်ဖိုးရှိမှာမဟုတ်ဘူး"

ကျွန်တော် သူ့ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ငါ . . . ဘာပြောပြော၊ လိမ်ပြောတာ . . . လို့ပဲ၊ နှင်း ထင်နေတော့မှာလား။ ပျိုမေခင်"

"ဟုတ်တယ်။ သိပ်၊ ဟုတ်တာပေါ့"

"ငါ . . . , နှင့်ကို သိပ်ချစ်တယ် ပျိုမေခင် အဲ့ဒီ စကားဟာ။ ငါ့ရင်ထဲက၊ ထွက်လာတဲ့ စကား

သိပ်ချစ်တယ်ဆိုတဲ့၊ ငါ့ရင်ထဲက၊ စကား လိမ်ညာလှည့်စားပြီး ပြောတယ် . . . လို့ နှင်း ယူ ရင်။

ရဲစခန်းတွေ ဘာတွေ တိုင်မနေနဲ့တော့။ ကြ တယ်။ အခုချက်ချက်၊ နှင် . . . ငါ့ပါးကို ဘယ်ပြ ညာပြန်ရိုက်လိုက်ပါ"

ပျိုမေခင်၏ လက်ဝါး မြောက်တက်သည်။

ကျွန်တော် သူ့လက်ဝါးကိုမကြည့်။ ဒေါသ,သင့်ရာ သူ့ မျက်နှာကိုသာ၊ မြတ်နိုးစွာ ငေးစိုက်ကြည့်နေလိုက်မိသည်။

ကျွန်တော် ကံကောင်းပါသည်။ ကျွန်တော့်ပါးနှစ်ဖက် မှ၊ မည်သည့် ပေါက်ကွဲသံမှ၊ မကြားရ။



အသည်းနှလုံးစကားလက်ယက်စွဲ

"လမ်းဘေးဈေးသည်က၊ လမ်းဘေးမှာ ရည်းစားစကား လာပြောနေသေးတယ်။ ဒုက္ခပဲ။ နေ့ပြော ညပျောက်။ လမ်းဘေးပြော၊ လမ်းဘေး ပျောက်"

စကားတွေ၊ ကြမ်းတမ်းရိုင်းစိုင်းလှနိုင်လှန်းသည် . . . ဟု၊ ကျွန်တော် မထင်။

"I Love You ဆိုတဲ့စကားက၊ လမ်းဘေးမှာ ပြောလည်း၊ ဒီ . . . အဓိပ္ပါယ်ပဲ။ အိမ်ထဲမှာ ပြော လည်း၊ ဒီအဓိပ္ပါယ်ပဲ။

ရုပ်ရှင်တွေထဲက,လို၊ ဟိုတယ်ကြီးတွေ . . . ပန်းခြံကြီးတွေ၊ ပင်လယ်ကမ်းစပ်တွေမှာ ပြောလည်း။ ဒီအဓိပ္ပါယ်ပဲ။

ကမ္ဘာ့ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ လူနှစ်ဦး အတွက် အသုံးဝင်နေတဲ့၊ ချစ်တယ်ဆိုတဲ့စကားရဲ့၊ တန်ဖိုးကို နေရာ ဌာနလိုက်ပြီး၊ လျှော့ပေါ့ဖို့၊ နှင် . . . မစဉ်းစားပါနဲ့ ပျိုမေခင်။

ဘယ်ယောက်ျားလေးက,မှ၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို ချစ်တဲ့အကြောင်း၊ လမ်းပေါ်မှာ, မပြောချင်ကြပါဘူး။ အစ်ကို မောင်တွေ . . . ဝန်းကျင် အသိုင်းအဝိုင်းတွေကို၊ ရှောင်ရင်းရှားရင်း၊ ချစ် စကားတွေ . . . လမ်းမ,ပေါ် ရောက်ခဲ့ကြရတာ"



www.burmeseclassic.com

www.burmeseclassic.com



"သိလှချည်လား" ... ဟု၊ ပျိုမေခင် ခနဲ့၏။

"တတ်နိုင်ရင်၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို ဘယ်၍ဘယ်မျှ ချစ်တယ်ဆိုတဲ့အကြောင်းကို ကာယကံရှင်ရော ... ကမ္ဘာတစ်ဝှမ်းလုံးရော ... ကြားအောင်၊ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ တစ်ခုခုအပေါ်က,နေ၊ အော်ပြောချင်ကြတဲ့ သူတွေ ချည်းပဲ"

"ဘာလဲ ထွန်းတောက်။ ငါ့ကို လိမ်ရတာ အားမရလို့ ပြင်သစ်က အီဖယ်(လ)မျှော်စင်ကြီးကို လိမ်ပြီး ဝယ်ဦးမလို့လား"

"ချစ်ခြင်းမေတ္တာကို၊ မနောက်ပြောင်ကောင်းဘူး ပျိုမေခင်၊ ငါလေ ... နင့်ကိုပဲ နောက်ခဲ့ ပြောင်ခဲ့ မိမှာပါ။ နင့်ရဲ့ စေတနာစိတ်ကို၊ ဘယ်တုန်းက မနောက်ပြောင်ခဲ့ပါဘူး။

လမ်းမှာ စကားလိုက်ပြောတာကို၊ အလွယ်တကူ လက်ခံခဲ့တယ် ... လို့၊ ငါ ... တစ်ခါမှ မတွေးဖူးဘူး။ ရွယ်တူချင်း၊ အိမ်နီးချင်းမို့၊ မာမာ ထန်ထန် မဆက်ဆံဘဲ၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတာပဲလို့၊ ငါ ... တွေးပါတယ်။ အဲ့ဒီအတွက်လည်း၊ နင့်ကို ငါ ..., အရမ်းကျေးဇူးတင်ပါတယ်"

"နင် ...။ နောက်ထပ် ဘာပြောဦးမလဲ"





"ပြောချင်တဲ့ စကားတွေက,တော့ အများကြီး ပေါ့။ အဲ့ဒီအများကြီးကို ဆန်ကာစစ်လိုက်ရင်၊ ချစ်တယ် ... ဆိုတဲ့စကားတစ်ခွန်းပဲ ... အရေးတကြီးပြောချင်တာပါ"

"အခု ... ပြောပြီးပြီ၊ မဟုတ်လား"

"နောက်ဆုံး ထွက်သက်အထိ၊ ပြောသွားချင်တယ် ဟာ"

"အဲဒါဆိုလည်း၊ နင် ... သေခါနီးရင်၊ ငါ့ကို ခေါ်လိုက်"

လမ်းဆက်လျှောက်ကြသည်။ လျှောက်ရင်းမှ ကျွန်တော်က,

"သေခါနီးရင်၊ ငါ့ကို ခေါ်တဲ့အခါ၊ နင်, ကြားရဖို့။ ငါ့အနားမှာ၊ နင် ... အမြဲတမ်း နီးနီးကပ်ကပ် ရှိမှဖြစ်မှာ"

"နီးပါတယ် ဟယ်။ အိမ်, မျက်စောင်းထိုးပဲ ဟာ။ စိတ်ချ။ နင် မသေမချင်း, ငါ အိမ်မပြောင်းဘူး"

စကားအတည်အတံ့ ပြော၍မဖြစ်တော့မှန်း၊ ကျွန်တော် သိသည်။ ဒေါနှင့်မာန်နှင့် မတုံ့ပြန်ဘဲ၊ ဆန့်ကျင်ဘက်ပြုရာစကား မျိုးကိုသာ၊ ညင်သာစွာ ပြောဆိုနေသဖြင့်၊ ကျေနပ်မိပါသည်။

မိုးခြိမ်းသော်လည်း၊ မုန်တိုင်း မထန်သဖြင့်, ကမ္ဘာတစ်ခွင်လုံး၊ သာသာယာယာ ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com

( ၁၇ )

ရက်သတ္တပတ် နှစ်ပတ်လောက်၊ ကျွန်တော်ချော့ရသည်။ ...တားကို ကန့်လန့်တိုက်၍သာ သူ ပြောဖြ၏။ စိတ်ဆိုးသည့်ထက်, စိတ်မကောင်းဖြစ်သွားဟန် တူပေသည်။ ကျွန်တော်လည်း၊ တကယ် စိတ်မကောင်းဝါ။

သို့သော် ... မှာလန့်ကြဲသော ကျွန်တော့်ပါးစပ်က, မှာလန့် ကြဲသော စကားများသာ ထွက်တတ်သည်။ ထိထိရောက်ရောက် ...ကားတစ်ခွန်းလောက်ကို၊ သေသေချာချာ မပြောတတ်။ သူ့ကို ...တောင်းပန်သည့်စကားထက်၊ ကျွန်တော် ပို၍ တောင်းပန်တတ်ချင် သည်။ သူ့ကို ပြောသည့်ချစ်စကားထက်၊ ပို၍ချစ်နေသည်ကိုလည်း ကျွမ်းကျင် ကျွမ်းဝင်စွာ၊ ပြောတတ်ချင်သေးသည်။

"ရှေ့"

ကျွန်တော် ဈေးရောင်းရာ နေရာသို့၊ ပျို့မေခင် လာ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူက ခပ်လှမ်းလှမ်းတွင် ရောင်းချနေသည်။ ကျွန်တော်ပေးသော နာရီလေးကို ကိုင်လျက်၊ ပျိုမေခင်က ...

"ဒါ ... ဘာလုပ်ဖို့ပေးတာလဲ"

"လာဘ် ထိုးတာလေ။ ငါက ... အမှုကျူးလွန်ခဲ့တဲ့သူ။ နင်က၊ သက်သက်ညှာညှာ စီရင်ချက်ချပေးတဲ့သူ။

အပြစ်ဒဏ်က၊ လွတ်ပေးတဲ့အတွက် ငါက နင့်ကို ကျေးဇူးတုံ့ပြန်တာ"

"မလိုချင်ဘူး" ... ဟု၊ ပြောရင်း၊ ပျိုမေခင် ပြန်ပေး၏

"လမ်းဘေးမှာ ရောင်းတဲ့နာရီဆိုပေမယ့် ငါ နင့်ကို မြတ်မြတ်နိုးနိုးပေးတာပါဟာ။ နင်၊ မငြင်းပါနဲ့"

"လာဘ်ထိုးတယ်ဆို။

လာဘ်ထိုးတဲ့ပစ္စည်းဆို၊ ငါ ... မယူဘူး"

"အေး။ Sorry။ ငါ စကားမှားသွားပြန်ပြီ။ ငွေမယူပါနဲ့ဟာ။ ငါ ... အမှတ်တရ ပေးတာပါ"

ပြောရင်း နာရီလေးကို ကျွန်တော်ကိုယ်တိုင် ပတ်ပေးလိုက်၏

"ငါ ... နင့်အိမ်ကို အလည်လာချင်တယ် ပျိုမေခင်။ လမ်းပေါ်မှာပဲ၊ စကားပြောနေရတာ၊ နင့်ကို အားနာတယ်"

"အားနာရင်လည်း၊ စကားလုံးဝ၊ မပြောနဲ့ပေါ့"





"တောမှီ မင်းသားက၊ အကြောင်းရှိမှ စကားပြောတယ်။ ငါက ...၊ အချစ်ရှိမှ စကားပြောဖြစ်တာပါ"

"ငါ့ အိမ်မှာတော့၊ အဲ့ဒီအချစ်တွေ ... အနှစ်တွေ ပြောလို့ မဖြစ်ဘူးနော်"

"အဲဒါတော့၊ သိပါတယ်။ ဒါပေမဲ့ ...၊ နင်၊ ငါ့ကို တစ်ခုလောက်ကူညီပါဦး"

"ဘာကိုလဲ"

"နင့်နဲ့ငါ၊ ချစ်သူဖြစ်ပြီးမှ၊ နင့်အိမ်ကို ငါ၊ ဝင်ထွက်ချင်တယ်။ ဝင်ထွက်ပြီးမှ၊ ချစ်သူ ဖြစ်ရတာမျိုးကို၊ ငါ ... လုံးဝ မနှစ်မြို့လို့ပါ"

"နင့် ... စကားကို၊ ငါ သေသေချာချာ နားမလည်ဘူး"

"အိမ်တစ်အိမ်။ မိသားစုတစ်စုနဲ့ ခင်မင်ရင်းနှီးပြီ ဆိုရင်။ အဲ့ဒီ ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး၊ ချစ်တဲ့ ကြိုက်တဲ့ ငိုစွန်းတဲ့ ကိစ္စမျိုးတွေ၊ ငါ ... မဖြစ်ချင်ဘူး။

ချစ်ပြီး ကြိုက်ပြီး ... လို့၊ ဝင်ထွက်သွားလာတာမျိုးပဲ၊ ငါ ... လိုပ်ပြာသန့်တယ်"

"နင်၊ ဘာကိုဆိုလိုတာလဲ။ ငါ မသိဘူး"

"နင်နဲ့ ချစ်ကြိုက်ပြီးမှ၊ နင့်အစ်ကိုနဲ့ ငါ၊



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးချင်တယ်ဟာ။ နင့်အစ်ကိုနဲ့ ရင်းနှီးပြီးမှ နင့်ကိုချစ်တဲ့ကြိုက်တဲ့ကိစ္စ မဖြစ်ချင်ဘူး။

ငါ ... နင့်ကို ပြောဖူးမယ်ထင်ပါတယ်။ သူငယ်ချင်းရဲ့ နှမသားချင်းကို ငါ ... စောင့်ရှောက်ကာကွယ်ချင်တယ်။ ငြိစွန်းတာတွေ စည်းကျော်တာတွေ လုံးဝ ... ဝါသနာမပါဘူး။

အဲဒါကြောင့် ...၊ နင့်အစ်ကိုနဲ့ငါ ရင်းနှီးပြီးတဲ့ အချိန်မှာ၊ နင်နဲ့ငါ ချစ်သူဖြစ်ပြီးသား အခြေအနေမျိုး ရောက်နေချင်တယ်။ ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး ငါ့နှမကို ကြိုက်ရသလားလို့၊ နင့်အစ်ကို စွပ်စွဲလို့ မရတော့ဘူးပေါ့''

''အဲဒီလို မစွပ်စွဲစေချင်ဘူး မဟုတ်လား''

''အင်း''

''ငါ့ကို မကြိုက်နဲ့တော့ပေါ့။ လွယ်လွယ်လေးပဲ။ ငါ့အစ်ကိုနဲ့နင် သူငယ်ချင်းဆိုရင်၊ နင်က ... ငါ့ကို နှမသားချင်းလိုပဲ သဘောထားရတော့မယ်။ ဟုတ်တယ်မဟုတ်လား။ နင် ဆိုလိုတာ 'အဲဒါမဟုတ်လား''

''ဆိုလိုတာတော့၊ ဟုတ်တယ်။ ဒါပေမဲ့ ...၊ ဖြစ်ချင်တာက၊ အဲ့ဒီလိုမဟုတ်ဘူး။

ငါက ... နင့်ချစ်သူ ဖြစ်ချင်တာ။ နင့်အစ်ကို နဲ့ခင်ချင်တာတော့ မဟုတ်ဘူး။ မဖြစ်မနေ ခေါ်ရ





ပြောရမယ်ဆိုရင်လည်း၊ နင့်ချစ်သူအဖြစ်နဲ့ပဲ ခေါ်ပြောနှုတ်ဆက်ချင်တယ်''

ရောင်းချသော ပစ္စည်းများကို၊ ရပ်ကြည့်သူတွေများလာသဖြင့်၊ ပျိုမေခင်က ...၊

''ကဲ ... ဈေးရောင်းတာကို အာရုံထားလိုက်ဦး''

''နင် ... ပြန်တော့မလို့လား''

''တအောင့်နေရင် ပြန်မယ်''

''မပြန်ခင်၊ ငါ့ကို အဖြေပေးသွားပါဦး''

''နင့် နာရီပြန်ယူတော့''

''ဘာဖြစ်လို့လဲ''

''နင်က ...၊ တကယ်လာဘ်ထိုးတာပဲ။ လာဘ်ထိုးပြီး အဖြေတောင်းတာ မကောင်းပါဘူး''

''ကဲ ကဲ ... မတောင်းတော့ဘူး။ နာရီတော့ ပြန်မပေးပါနဲ့''

ပျိုမေခင်ရယ်လေ၏။

ကလေးပတ်နာရီတစ်လုံးကို၊ ဝယ်သူတစ်ဦးက၊ ဝယ်ယူသွားပြီးနောက်၊ ကျွန်တော်က ...

''ငါ ... တစ်ခုတော့ မေးချင်တယ်''

''ဘာမေးမှာလဲ''

''ငါ နင့်ကိုချစ်တာ၊ နင် သိတယ်မဟုတ်လား''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"နှင် . . . ,ငါ့ကိုချစ် မချစ် ငါ မသိသေးဘူး"

"သေလိုက်"

"နှင် . . . ပြန်ချစ်ရင်၊ ငါ သေပျော်ပါပြီ"

"တကယ်လား"

"တကယ်ပါ"

"သေချာတယ်နော်"

"သေချာပါတယ်"

"ဟိုမှာ . . . ကားတွေလာနေပြီ။ နှင့်ကို ငါချစ်တယ်။ သွား . . . ,အဲဒီ ကားတွေအောက်ကို ပြေးဝင်"

"အမ်"

"မအမ်နဲ့။ သွားလေ . . .။ နှင် . . . သေ ပျော်ပြီဆို။ အခု . . . သေပြ"

"သေခြင်းတရားနဲ့ကြုံရင်၊ ရဲရဲဝံ့ဝံ့ သေပြီ သေပျော်ပြီလို့ ပြောတာ။ အခု . . . ချက်ချင်းကြီး သေမယ်လို့ ပြောတာမဟုတ်ဘူး"

ကျွန်တော့်လက်မောင်းကို၊ စာအုပ်ငယ်တစ်အုပ်ဖြင့် လှမ်း ရိုက်၏။ ဒါ . . . ,ချစ်သူတွေ ဖြစ်သွားကြပြီဆိုသည့် အရိပ်လက္ခဏာ

( ၁၈ )

"မနေ့ညက, ပိုမြေခင်နဲ့ငါ, နေရေးထိုင်ရေး ကိစ္စ စကားပြောဖြစ်ကြတယ်"

"မင်းတို့က၊ ယူကြတော့မလို့လား" . . . ဟု၊ မြတ်သူက, ခရိုလေးများကို စီစီရီရီ ပြုရင်းမေးသည်။ ကျွန်တော့် ရောင်းချရာ နေရာနှင့်၊ မြတ်သူ၏ရောင်းချရာနေရာသည်၊ အခြား ဈေးသည်တစ်ဦး ၏ တစ်ဖက်တစ်ချက်။ ကျွန်တော်က, ခင်းကျင်းပြီးပြီ ဖြစ်သဖြင့်၊ မြတ်သူကို စကားလာပြောနေခြင်း ဖြစ်၏။

"သမီးရည်းစားဖြစ်ပြီဆိုရင်၊ တစ်နေ့နေ့မှာ၊ လက်ထပ်ရမှာပေါ့ကွ။ အဲဒါကြောင့်၊ ညက, တစ်ည လုံး ဆွေးနွေးဖြစ်တယ်"

"ပြေလည်ရဲ့လား"

"သိပ်တော့ . . . မပြေလည်သေးဘူး။ အတိုက်အခံကိစ္စလေးတွေ ဖြစ်တယ်"

"သေသေချာချာ ညှိပေါ့ကွာ"

"ညှိတာပေါ့။ ဒါပေမဲ့ . . . ,သူ ဒါဆို ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ... အိမ်ဖော် မိန်းကလေး၊ သုံးယောက်
ဒရိုင်ဘာက တစ်ယောက်၊ အိမ်ဒလဝမ် တစ်ယော
ထားမယ်ဆိုတာ။ သူက ...,အိမ်ဖော်မထားဘူ
သူ ... ကိုယ်တိုင် အိမ်အလုပ်, လုပ်မယ် ... တဲ့
အဲဒါ ... ငါ့ကို စော်ကားတာလေ''

''ဘာစော်ကားတာလဲ''

မြတ်သူက ... ခင်းလက်စ, နာရီငယ်များထံမှ လက်ကို
ပြီး၊ မျက်ခုံးတွန့်လျက်၊ မေး၏။

''အိမ်ဖော်မိန်းကလေးတွေနဲ့ ငါ့ကို စိတ်
ဘူး ... တဲ့။

ငါ, တော်တော် စိတ်ဆိုးသွားတယ်။ ကို
အိမ်က အိမ်ဝန်ထမ်းနဲ့ပါ ဖောက်ပြန်မှာ စိုးရိမ်တာ
ကိုယ့်ခင်ပွန်းရဲ့ အဆင့်၊ သိက္ခာကို စော်ကားတာ
... လို့ ငါ ပြောပစ်လိုက်တယ်။

ငါ ... ဒေါသ, ဖြစ်လွန်းလို့ သူ့ရင်ဘတ်
ဆောင့်တွန်းလိုက်တာ၊ တစ်ခါတည်း ဆိုဖာပေါ်
ပက်လက်ကျသွားရော။ သူ့အဖေနဲ့အမေ ဝင်မဆွဲ
ဘူး။ ငါ ... ဒေါသ, ဖြစ်နေမှန်း သိလို့''

မြတ်သူက၊ ဆိုင်ကို၊ ဆက်မခင်းတော့ဘဲ၊ ကျွန်တော့်
ကို သေသေချာချာ၊ မမှိတ်မသုန် နားထောင်နေ၏။

''နောက်ပြီး ...၊ ကားကိစ္စ စကားမှာ





သေးတယ်။ ကားက, သုံးစီးပဲ ရှိတာ။

အလုပ်သုံးဖို့ တစ်စီး၊ အိမ်သုံးဖို့ တစ်စီး။
အိမ်သုံးဖို့ဆိုတာက, သူ စီးဖို့ပဲပေါ့။ အဲဒါ ... ပိုတဲ့
တစ်စီးကို၊ သူ့ မိဘအတွက်၊ ပေးမလို့တဲ့။ ငါက

နှင့်မိဘလည်း မပေးဘူး။ ငါ့မိဘလည်း
မပေးဘူး။ မြတ်သူတို့ မောင်နှမနဲ့ သူတို့အမေ
အတွက်ပေးဖို့ ငါ ... စီစဉ်ပြီးသား ... လို့ ပြော
တာ။

မြတ်သူတို့မောင်နှမက၊ ဘာကျေးဇူးရှိလို့လဲ
... တဲ့။ နှင့်အပေါ်မှာ မရှိပေမယ့် ငါ့အပေါ်မှာ ရှိ
တယ် ... လို့ ပြောတာ။ ကျေးဇူးဆပ်ချင်တယ်ဆို
လည်း၊ ငွေ ဆယ့်လေးငါးသိန်း ပေးလိုက်ပေါ့ ...
တဲ့။ ကားတစ်စီးလုံး ပေးစရာမလိုဘူး ... တဲ့။

ငါ ... ဒေါသ, ဖြစ်ပြီး သော့က်လက်စ,
ကျော်နီဝေါ့ကားပုလင်းနဲ့ တီဗီကြီးကို ပစ်ခွဲလိုက်တာ။
မင်းကို မြင်စေချင်တယ်ကွာ။ သူတို့တစ်မိသားစုလုံး
ပျာယာခတ်သွားကြတာ''

''အဲဒါ ... ဘယ်တုန်းက, ဖြစ်တာလဲ''

''မနေ့ညက ပါဆို''

မြတ်သူက၊ ကျွန်တော့်ကို၊ နားမလည်ဟန်ဖြင့် ကြည့်နေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ...,

"မြတ်သူ စကားဖြတ်မပြောနဲ့ကွာ။ ငါစကား
မှ မပြီးသေးဘူး"

"အေးပါ"

"ဆောက်ထားတဲ့အိမ်ကိုလည်း ငါ ...
မကြိုက်ဘူး။ အိမ်ဝန်းက, ပေ နှစ်ရာပတ်လည်
လေးထောင့်စပ်စပ်ကြီး။

အဲဒါ ... ငါက, တစ်ဖက်အိမ်ဝန်းကး
ငါးဆယ်ဝယ်ပြီး၊ ပန်းခြံလုပ်မလို့၊ မာလီတစ်ယော
ထပ်ငှားရဦးမယ် ဘာ... ညာနဲ့ ဝင်တားသေးတ

မာလီ မငှားစေချင်ရင်၊ နှင့်အစ်ကို၊ အင်
နီယာကို မာလီလုပ်ခိုင်းလိုက်ပေါ့ ... လို့ ပြော
တာ၊ တစ်ခါတည်း၊ သူ့ အစ်ကိုကို ပြောရမလား
ဆိုပြီး၊ ဝတ်ထားတဲ့ ညအိပ်ဝတ်စုံကြီးကို၊ တစ်
ဆွဲဖြဲပစ်တာ၊ မြင် ... မကောင်းဘူး မြတ်သူရ

"သူ့ အစ်ကို မရှိဘူးလား"

"ရှိတယ်။ ငါ ... တမင် ပြောလိုက်တ
အမြင်ကပ်လို့။ သူ့အစ်ကို လှုပ်တောင်၊ မလှုပ်ရဲ
အဲ ..., ဒါပေမဲ့ ... အဲဒီ၊ ပေနှစ်ရာပတ်လည်
အိမ်ဝင်းထဲက, တိုက်အိမ်ကို၊ သူ့အစ်ကို အဆ
အသွယ်နဲ့ ဆောက်ထားတာ"





"ပြော်"

"နောက် ... ပြဿနာတစ်ခုက၊ ခွေး
ပြဿနာပဲကွ။

အိမ်ဝင်းထဲမှာ၊ ခွေးမွေးထားတာချည်းပဲ။
သိန်းတစ်ရာကျော်တန် နှစ်ကောင်။ သိန်းငါးဆယ်
တန် နှစ်ကောင်။ ခြောက်သိန်းတန် လေးကောင်။
ဟာ ... ပက်ပက်စက်စက် ဝိုက်ဆံဖြုန်းတယ်ကွ။
ငါက ... တစ်သိန်းနှစ်သိန်းတန် နှစ်ကောင်လောက်
မွေး။ တော်ရောပေါ့ ... လို့ ပြောတာ။

သူက ... ဒါကို ကျောတောင်တောနဲ့ မေး
တယ်။ ခွေးအကြောင်း၊ နင်ဘယ်လောက် သိလို့လဲ
... တဲ့။ ငါကလည်း၊ ဘယ်သူ့မျက်နှာမှ မထောက်
ဘဲ၊ ပြန်ပြောပစ်လိုက်တယ်။

ငါတို့ ဆွေမျိုးထဲမှာ ခွေးမရှိတော့၊ ခွေး
အကြောင်းကို၊ နင့်လောက်မသိဘူးလို့၊ ပြောလိုက်
တာ။ တစ်ခါတည်း၊ ပျို့မေခင်, ဆွေ့ဆွေ့ကို ခုန်နေ
တာပဲ။

ပြီးတော့ ...,မိုက်ရိုင်းသေးတယ်။ ဟဲ့ ...,
အကောင်တဲ့။ နင်ကရော ခွေးလောက် တန်ဖိုးရှိလို့
လား ... တဲ့။ ငါ ...,ဘယ်လိုမှ စိတ်မထိန်းနိုင်
တော့ဘဲနဲ့၊ ပြေးကိုက်ပစ်လိုက်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ခြောက် . . . မြေးရိုက်ပစ်လိုက်တယ် . . .
ပြောတာ။ အဲဒါ . . . သူကိုက်၊ ကိုယ် . . . ကိုက်
ဘယ်သူမှ ဝင်ဆွဲလို့မရတော့ဘူး၊ အဲ . . . သူ
ကိုယ်ရိုက်နဲ့ ကိုက်လိုက်ကြတာ။အဲ . . . ရိုက်လိုက်
တာ။ သူ့ဖွေးတွေချည်းပဲ နေတဲ့ ဆိတ်ငြိမ်ရပ်ကွ
တစ်ခုလုံး ခွေးသံတွေနဲ့ ဆူညံသွားတော့တာ

"ခွေးသံတွေက၊ ဘယ်ကဝင်လာတာလဲ"

"ငါတို့နှစ်ယောက်၊ ရန်ဖြစ်လို့ အိမ်ဝင်း
က၊ ခွေးတွေဟောင်ကြတာပေါ့ကွ။ မှင်းကလည်
သေသေချာချာ နားမထောင်ဘူး"

မြတ်သူ ခေါင်းကုတ်ရှလသည်။

"လူကိုဆိုရပ်ကွက်ဆိုတော့ သိတဲ့အတိုင်
ခွေးသံကြားတော့ အံ့လာတာပေါ့ကွာ။ တချို့ကတေ
ကိုယ်တိုင် မလာဘူး၊ ဖုန်းဆက်ပြီး အကြောင်းကြ
ကြတယ်။ သက်ဆိုင်ရာကို။

ညကြီး မင်းကြီး အိမ်မှာ၊ လူဖတော်ပေ
စည်သွားတယ်ကွ။

ရပ်ကွက်လူကြီးက, ခွေးသံတွေ ဆူလွန်
လာမေးတာပါ . . . တဲ့၊ ငါကလည်း ပြောလိုက်တယ်
သူဖွေးရပ်ကွက်ဆိုတော့ . . ., တစ်ရပ်ကွက်လုံး ဖွ





တွေချည်းပဲ။ နည်းနည်းပါးပါးတော့၊ ဟောင်မှာပေါ့
. . . လို့။

အဲဒါ . . . ရပ်ကွက်လူကြီးက၊ စကားကို
ဆင်ခြင်ပြောပါ . . . တဲ့။အဲဒီစကားကို ဆင်ခြင်ရ
မှာလဲ . . . လို့ ငါ . . . မေးတော့။ တစ်ရပ်ကွက်လုံး
ခွေးတွေချည်းပဲ ဆိုတဲ့စကားကို၊ ဆင်ခြင်ပါ . . . တဲ့။

အဲဒါ . . . ညတွင်းချင်း၊ ပျိုမေခင်နဲ့ငါနဲ့
ကွဲကြတယ်။ ထရားသူကြီးရော . . . ရှေ့နေရော
. . . သက်သေတွေရော . . . စုံနေတာပဲ။

အဲဒါ . . . ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ယောက်
တစ်ဝက်ခွဲဖို့ဟာ။ စာရင်းတွက်တာ . . .၊ ပိုင်ဆိုင်မှု
တွေ များလွန်းတော့ မပြီးဘူး"

"အဲဒါ . . . ဘယ်တုန်းကလဲ"

မြတ်သူ မေးပြန်သည်။

"မနေ့ညကပါဆို"

"ဘယ်မှာဖြစ်တာလဲ"

"အိမ်မှာ . . . ။အိမ်မှာ . . . "

"ဘယ်အိမ်မှာလဲ . . . လို့၊ ငါ မေးတာ"

"ငါနဲ့ ပျိုမေခင်နေတဲ့အိမ်ပေါ့ကွ"

"အဲ့ဒီအိမ်က, ဘယ်မှာလဲ။ ဘယ်နေရာ . . .
ဘယ်အရပ်မှာလဲ . . . လို့၊ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၊ သေသေချာချာ စဉ်းစားပြီး . . .

"ငါ . . . သေသေချာချာ မမှတ်မိဘူး"၊

"မင်းတို့အိမ်ဆို"

"ငါတို့အိမ်ဆိုပေမယ့်၊ အိမ်ပုံစံပဲ၊ သေသေချာချာ မှတ်မိတာကွ။ နေရပ်ကိုတော့ ငါ . . . မမှတ်မိဘူး"

"ဘာဖြစ်လို့ မမှတ်မိတာလဲ"

"အိမ်မက်ထဲက၊ အိမ်လိပ်စာကို မှတ်မိဖို့ဆိုတာ၊ တော်ရုံတန်ရုံ၊ မှတ်ဉာဏ်နဲ့ မမှတ်မိနိုင်ဘူးကွ"

"ဩော် . . .။ ခွေးကောင်။ ငါက,တော့ အဟုတ်မှတ်ပြီး၊ သေသေချာချာ နားထောင်နေတာ ဘာတွေပြောနေတာလဲ မသိဘူး . . . လို့တော့၊ ငါ . . . တွေးမိသေးတယ် . . ။ မင်း . . . တော်တော် ဗလွတ်ရွတ်တ, ပြောနိုင်တဲ့ကောင်"

ကျွန်တော် ဟားဟားရယ်မိသည်။

အိပ်မက်တိုင်းသည်၊ တကယ့်ဘဝနှင့် နီးစပ်ဖို့ ခဲယဉ်းလှ

ဇာ။

❦ ❦ ❦

( ၁၉ )

"ပျို"

ကျွန်တော့်ခေါ်သံကို ကြားပါလျက်၊ ပျိုမေခင် ငဲ့မကြည့်။

"ပျို"

နီးနီးကပ်ကပ်၊ အတူတကွ ထိုင်နေရင်း၊ ညင်သာ တိုးညင်း ခေါ်ပါလျက်၊ သူ . . . လှည့်မကြည့်။ ခေါ်သံများ၊ တိုးလွန်းသွား သလား တွေးမိသဖြင့်၊ လေသံမြှင့်ကာ၊ ကျွန်တော် ခေါ်လိုက်သည်။

"ပျို"

လုံးဝ . . . , လှည့်မကြည့်ပါ။ ထို့ကြောင့်၊ ကျွန်တော်က, ပခုံးစွန်းကို၊ ကျွန်တော့် ပခုံးဖြင့် တွန်းတိုက်ပြီး . . .

"ဟဲ့"

"ဘာလဲ"

"ငါ နင့်ကိုခေါ်နေတာ။ မကြားဘူးလား"

"ဘယ်တုန်းက, ခေါ်လို့လဲ"

"အခုလေးတင်၊ ခေါ်တာလေ"

"မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရော် . . .။ခက်ပြီ။ ငါ . . . ,နှင့်ကိုခေါ်နေတာ"

"နှင်,တကယ်ပြောနေတာလား . . . ထွန်းတောက်"

"နှင် . . . ,နားလေးနေလို့လား" . . . ဟု ကျွန်တော် မကျေမချမ်း မေးသည်။

ပျိုမောင် ခေါင်းခါပြ၏။

"ပျို . . . လို့ခေါ်တာလေ နှင်, မကြားဘူးလား"

"ဩော်။ ပျို . . . လို့ ခေါ်တာလား"

"ဟုတ်တယ်"

"အဲဒါတော့၊ ကြားပါတယ်"

"ကြားရက်နဲ့၊ ဘာဖြစ်လို့ လှည့်မကြည့်တာလဲ"

"ပျို . . ဆိုတာ၊ ငါ့ နာမည်မှမဟုတ်တာ"

"အဖျားစွပ် ခေါ်တာလေ"

"ဘာဖြစ်လို့ အဖျားစွပ်ခေါ်ရတာလဲ"

"ချစ်သူ ရည်းစားဆိုတာ၊ အဖျားစွပ် ခေါ်ရတယ်ဟ"

"နှင်က . . . ,ရည်းစားရှိခဲ့ဖူးလို့လား"

"ရှိတော့ . . . ,မရှိဖူးဘူးပေါ့။ တခြားသူတွေ





ခေါ်နေ . . . ထူးနေတာ၊ ကြားဖူးတာပေါ့"

ပျိုမောင်က, ပခုံးလေးပင့်လျက်၊ မခို့တရို့ ပြုမူသည်။ ပြီးမှ . . . ,

"ဘယ်လို ခေါ်တာတွေကို နှင် ကြားဖူးလဲ"

"မောင် . . . တို့။ အသည်းလေး . . . တို့။ ကိုကိုတို့။ အသက်လေး . . . တို့။ ပြီးတော့ . . . , နာမည်လေးတွေကို၊ အဖျားစွပ်ပြီး ခေါ်ကြတာပေါ့။ အဲ . . . ပြီးတော့။ ဟန်နီ . . . တို့၊ ဒါလင် . . . တို့ အဲ . . . ဘော်ဘီတို့ ရှိသေးတယ်၊ အများကြီးပဲ"

"နှင်က, ငါ့ကို၊ ပျို . . . ဆို့၊ ခေါ်ချင်တာလား"

ကျွန်တော် . . . ,လိုလား ကိုးစားစွာ၊ ခေါင်းဆတ်ဆတ် ညိတ်လိုက်သည်။

"ငါ . . . မကြိုက်ဘူး"

"ဘာလဲ။ ပျို . . . လို့ ခေါ်တာ မကြိုက်တာလား"

"ဟုတ်တယ်"

"ဒါဆို . . .။ မေ . . . လို့။ ခေါ်မယ်လေ။ နော် . . . ,မေ။ မေ . . ."

"နှင် . . . ရှယ်တူချင်း၊ ငါ့ကို အမေ ခေါ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး"

"မေ ... လို့ ခေါ်တာပါဟာ"

"မခေါ်ပါနဲ့ဟာ"

"ဒါဆို ..."

စဉ်းစားသည်။ ပြီးမှ ...။

"မထူးပါဘူး၊ ရိုးရိုးလေးပဲ ခေါ်တော့မယ်။ ခင် ... လို့ ခေါ်မယ်"

"ဘယ်သူ့ကိုခေါ်မှာလဲ"

"နှင့်ကိုလေ"

"ဒီနေ့ ဘယ်နှစ်ရက်နေ့လဲ"

"ဇန်နဝါရီ တစ်ရက်နေ့"

"မဟုတ်ဘူး၊ အဲဒါမေးတာ မဟုတ်ဘူး။ ခုနှစ် ...၊ အတိအကျ မေးတာ"

"နှစ်ထောင့် တစ်ခုနှစ်။ ဇန်နဝါရီလ၊ တစ်ရက်နေ့"

"နှစ်ထောင့်တစ်ခုနှစ်ဆိုတာ။ ဘာကို တိုင်းတာပြီး ... သတ်မှတ်တာလဲ၊ နင်၊ သိတယ်မဟုတ်လား"

"သိတယ်"

"သိရင်ပြောပြ"

ကျွန်တော်က, မှတ်သားဖူးသမျှကို၊ အကျဉ်းရုံး၍ ပြော





ဆိုက်သည်။

"ခရစ်တော် ပေါ်ပြီးတဲ့အချိန်က, နေ့ စပြီးရေတွက် သတ်မှတ်တာ။ အခုဆိုရင် နှစ်ပေါင်း နှစ်ထောင်ကျော်၊ နှစ်ထောင့်တစ်,နှစ်ကို ရောက်ပြီ ... လို့ ဆိုလိုတာပဲ"

ပျိုမေခင်က ...,

"နှစ်ထောင်ဆိုတာ၊ ရာပေါင်းဘယ်နှစ်စုလဲ"

"ရာပေါင်း ... နှစ်ဆယ်ပေါ့"

"အဲဒါကို ဘယ်လိုခေါ်လဲ"

"နှစ်ဆယ်ရာစု ... လို့ခေါ်တာပေါ့"

"အခု ... ဆိုရင်၊ ဘယ်နှစ်စုထဲကို ရောက်လာပြီလဲ"

ကျွန်တော် ပျိုမေခင့်ကို၊ နားမလည်ဟန်ဖြင့် ကြည့်ရင်း။

"နှစ်ထောင့်တစ်ဆိုတော့။ နှစ်ဆယ်ရာစုကို ကျော်သွားပြီပေါ့။ နှစ်ဆယ့် တစ်ရာစုထဲကို၊ ရောက်ပြီလေ။ ဘာဖြစ်လို့လဲ"

ပျိုမေခင်က ...

"မဆိုးပါဘူး။ နင်, ဗဟုသုတရှိသားပဲ။ ဒါပေမဲ့ ... သတိမထားဘူး။ ခေတ်ကို ... သတိမပြုဘူး"

"နင် ... ဘာကိုဆိုလိုတာလဲ၊ နင့်ကို ... ခင်, လို့ ခေါ်မယ်ပြောတာနဲ့၊ နှစ်ဆယ့်တစ် ရာစုတွေး



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တွေနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ခင်, ... ဆိုတဲ့ အသုံးအနှုန်းက၊ သီပေါမင်း ပါတော်မမူခင်ကတည်းက, အသုံးအနှုန်း၊ အခေါ်အဝေါ်။

အခု ... နှစ်ဆယ့်တစ်ရာစုထဲကို ရောက်နေပြီ။ ခင်တွေ မောင်တွေ၊ မလုပ်ပါနဲ့တော့ဟာယ်။ ငါ့ကို အားမနာတာတောင်၊ ခေတ်ကို အားနာပါ"

"ခေတ်က၊ ဘာဖြစ်နေလို့လဲ" ... ဟု၊ ကျွန်တော် မေးလိုက်သည်။

"အရမ်းကို၊ မြန်မြန်ဆန်ဆန်ပြောင်းလဲနေတယ်လေ။ နှင် သိတယ်မဟုတ်လား"

"သိတာပေါ့"

"သိတယ် ... ဆိုရင်။ အဟောင်းတွေကို ထားခဲ့စမ်းပါဟာ"

"ဟောင်းတာသစ်တာ၊ ငါမသိဘူး ပျို့မေခင် ငါ ... သိတာ။ ငါ ... ချစ်တဲ့နှင့်နာမည်ကို၊ အဖျားစွပ် ခေါ်ချင်တာပဲ သိတယ်။

နှင့်, မှည့်ထားတဲ့ နာမည်ကိုက၊ ခေတ်မှမီတော့၊ ငါ့မှာ၊ ဘယ်ဟာကို အဖျားစွပ်ခေါ်ရမလဲ မသိဘူး။ နှင့် မိဘသား၊ ပျို့မေခင် ... လို့ မမှည့်ဘဲ၊ ပျို့မေဒေဇီ ... လို့ မှည့်လိုက်ရင်၊ သိပ်ကောင်းမှာပဲ"





ကျွန်တော် ... စကားနိုင်လုပစ်လိုက်ခြင်းဖြစ်သည်။

"ထွန်းတောက်။ ငါက, နှင့်ကို ခေတ်မီနိုင်းတာနော်။ နိုင်ငံရပ်ခြားက, အခေါ်အဝေါ်တွေကို နိုင်းချနိုင်းတာမဟုတ်ဘူး။

ငါ ဆိုလိုတာက, ကိုကိုရေ ... မောင်မောင်ရေ၊ မေရေ ခင်ရေ ...၊ အသည်းရေ အသက်ရေ ... လုပ်မနေနဲ့။ အခေါ်အဝေါ်တွေကို၊ ဘေးချိတ်ထားလိုက်တော့။

စိတ်ခံစားမှုရဲ့ အရှိအတိုင်း၊ ပြုမူခေါ်ဝေါ်ပါ ... လို့၊ ဆိုလိုတာ။ ချစ်သူကိုပဲဖြစ်ဖြစ်၊ သူငယ်ချင်းကိုပဲဖြစ်ဖြစ်။ အလုပ်အကိုင်အပေါ်ပဲ ဖြစ်ဖြစ်။ တကယ့်စိတ်နှစ်ထားရင်။ အခေါ်အဝေါ်တွေ၊ မလိုတော့ဘူး။ အစီရင်ခံစာတွေ မလိုတော့ဘူး။ ရှင်းပြတာတွေ, မလိုတော့ဘူး။ အဲဒါကို Emotion ... လို့ ခေါ်တယ်။

ချစ်တယ် မဟုတ်လား။ ချစ်တဲ့အတိုင်း ပြုမူလိုက်။ ကိုရေ ... မောင်ရေ ကိုကိုရေ အသည်းရေ ခေါ်ခဲ့ကြပြီးမှ၊ နောင်ကျိန်ချနေတဲ့ သူတွေ နှင်, မြင်ဖူးမှာပေါ့။ အဲဒါ ... တစ်ယောက်နဲ့တစ်ယောက် Emotion မဖြစ်ဘဲ၊ ဝေါဟာရတွေကို အသုံးနှုန်းခဲ့ကြလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ နင့်ကို၊ ငါ . . . ပျိုမေခင်လို့ပဲ ခေါ်တော့မယ်"

"ဒါပေါ့။ အရေးကြီးတာ၊ ချစ်နေကြဖို့ပဲ မဟုတ်လား၊ ကိုကိုထွန်းတောက်ရယ်"

ပြောပြီး၊ ပျိုမေခင် ရယ်မောလေ၏။ အတူတကွ ရယ်မောဖြစ်ကြသည်။

❦ ❦ ❦

( ၂၀ )

"ငါ . . . ကိုရီးယားကို သွားမလို့"

ကျွန်တော့် အသိပေးစကားကို၊ ပျိုမေခင်က, သာမန်စကား တစ်ခွန်းအဖြစ်သာ နားထောင်သည်။

"ဟိုတုန်းကတော့ သွားဖို့အစီအစဉ် မရှိဘူး။ အခု . . . ငါ့ အစ်ကိုခေါ်လို့၊ သွားမှာ"

"ဟိုတုန်းက, သွားဖို့ အစီအစဉ်မရှိဘဲ၊ အခုမှ . . . ဘာ, စိတ်ကူးနဲ့သွားမှာလဲ။ ဘာလဲ . . . ကိုရီးယားမှာ မင်းသား သွားရွေးမလို့လား။

ဘယ်နိုင်ငံ . . . ဘယ်တိုင်းပြည်ပဲ ဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံရဲ့ အလှအပ, ပသာဒလေးတွေကို ရုပ်ရှင်ထဲ ထည့်ရိုက်ကြတာနော်။ ရှုံ့ယွင်းချက်တွေ၊ အကျိုးဆိုးတွေကို၊ တတ်နိုင်သလောက် ဖုံးကွယ်ထားကြတာ။

ရုပ်ရှင်လေး ဗီဒီယိုလေးကြည့်ပြီး၊ ရုပ်ရှင်ထဲက, အတိုင်း၊ နုနုဖတ်ဖတ်လေးတွေ . . . လို့ မထင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့။ အကြမ်းစားကြီးတွေ တွေ့ပြီး လန့်ဖျပ်ပြီး ပြန်ပြေးလာရဦးမယ်''

''အရင်က၊ သွားဖို့ စိတ်မဖြစ်ဘူး။ အခု ငါ့ ဘဝမှာ၊ နှင်း ရှိလာပြီလေ၊ သုံးလေးနှစ်တော့ တခြားမှာ၊ စီးပွားသွားရှာရင်း ပိုကောင်းမယ် ထင်လို့၊ ငါရော ... မြတ်သူရော သွားကြမှာ''

''လမ်းဘေးမှာ ဈေးရောင်းတဲ့ဘဝကို၊ နှင်းကိုယ်တိုင် အထင်မကြီးတော့ဘူးလား ထွန်းတောက်''

''အဲလို မဟုတ်ပါဘူး။ ဟိုမှာ ... ငွေပိုရှာနိုင်လို့ပါ။ နောင်ရေးတွေ ရှိသေးတယ်လေ''

''ကိုမြတ်သူ တစ်ယောက်တည်းကိုပဲ သွားခိုင်းလိုက်ပါလားဟာ။ ငါက, နှင်း၊ ကျိုကျိုတက်ချမ်းသာမှ လက်တွဲမယ် ... လို့၊ တစ်ခွန်းမှ မပြောဘူးနော်။

လူတိုင်းလူတိုင်း ငွေလိုကြတာပါပဲ။ ဒါပေမဲ့ ...,ငွေနောက်တော့ သဲကြီးမဲကြီး မလိုက်သင့်ဘူး နှင် ... သွားရင်၊ နှင့်ကို ငါဖြတ်မယ်ဆို၊ နှင်း သွားမှာလား''

''အဲဒီလို အတိုက်အခံလုပ်ပြီးတော့ ... ငါ, ဘယ်သွားချင်ပါ့မလဲ။ Passport တော့၊ လိုမယ်ရ လုပ်ထားပါရစေဟာ။





မြတ်သူကိုလည်း၊ ငါ ကူညီချင်လို့ပါ။ စရိတ်စကအားလုံး၊ ငါ့ အစ်ကိုက, တာဝန်ယူမှာ ဆိုတော့၊ မြတ်သူကိုပါ သွားဖြစ်စေချင်တယ်။ သူတို့က, ငါ့ထက် ကျပ်တည်းတယ်။ သားအမိ သုံးယောက်တည်း။ ဆွေမျိုးညာတိ မရှိဘူး။

အဲဒါ ..., ငယ်ရွယ်တုန်း၊ အိမ်နဲ့ခွဲပြီး၊ ရှာကြဖွေကြမလို့''

''နှင် သွားတုန်း၊ နောက်ရည်းစားတစ်ယောက်၊ ငါ, ထပ်ထားလိုက်ရင်၊ နှင် ဘယ်လိုလုပ်မလဲ''

''မခြိမ်းခြောက်ပါနဲ့ဟာ''

''ခြိမ်းခြောက်တာ မဟုတ်ပါဘူး။ နှင်, ငါ့ကို စိတ်ဖြောင့်လက်ဖြောင့် ထားခဲ့နိုင်ရဲ့လား ... လို့ မေးတာပါ''

''ချစ်တယ်ဆိုတဲ့ စကားရဲ့ အရံအင်အားထဲမှာ ယုံကြည်မှုဆိုတာ အပြည့်အဝ, ခြံရံပြီးသားပါ''

နှုတ်ခမ်းနှစ်လွှာ ဖိကပ်လျက်၊ သူ ... ပြုံး၏။ ပြီးနောက်

''ကိုရီးယားပြန် မစွတာထွန်းတောက်ထက်၊ ဘယ်က,ဘယ်လို အနားရောက်လာမှန်း မသိတဲ့၊ ကြောင်တောင်တောင် ပြောင်စပ်စပ်, ရပ်ကွက်ကြို ရပ်ကွက်ကြားထဲက၊ ဘယ်လို ကောင်မှန်းမသိတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရ ခေတ်ပညာတတ် လမ်းဘေးဈေးသည် ထွန်းတောက်ကိုပဲကြည့်ပါ၊ ချစ်ခဲ့တာနော်။

ငွေကြေးညစ္စာ ဂုဏ်ပကာသနတွေ၊ မက်မောရင် ငွေက၊ လွှဲပြီး၊ ဘာမှ မသိတတ်တဲ့၊ လူကြီးလူကောင်းတွေဆီ ပြေးကပ်လိုက်လို့ ရတယ်နော်၊ ထွန်းတောက်''

''နင့် စကားက,လည်းဟာ၊ မနှုးညံ့လိုက်တာ''

''ဟဲ့၊ တားဆီးတယ်ဆိုတာ၊ ဇာပဝါလေးကန့်လန့်ကာချရုံနဲ့၊ အထ,မြောက်ပါ့မလား ကြမ်းကြမ်းတမ်းတမ်း၊ ထုထုထပ်ထပ်လေးနဲ့ တားမှထိရောက်တော့မပေါ့''

''သူများတွေများ၊ နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ်ဆို၊ ပျော်လို့မော်လို့မဆုံးဘူး။ နင့်ကျ ဘယ်လိုဖြစ်တာလဲ''

''ချစ်သူ ရည်းစား၊ လင်ယောကျ်ား ဆိုတာ အိမ်သုံးနွားလားညှသဖတွေ မဟုတ်ဘူး၊ ယောကျ်ားကို၊ အားကိုးတကြီး စီးပွားရှာနိုင်းတယ် . . . ဆိုတာ ကိုယ်ပိုင်အင်အားမရှိတဲ့သူတွေ လုပ်တဲ့အလုပ်၊ နင့်ကို ငါပြောဖူးပါတယ်။ခေတ်မီတယ် . . . ဆိုတဲ့စကား

စိတ်တွေပြောင်းမှ၊ ခေတ်ပြောင်းမှာ။ စိတ်





တွေ ခေတ်မီမှ၊ လူတွေ ခေတ်မီမှာ။ ငွေတွေရှာနေရုံ ဝေါဟာရတွေ ပြောင်းနေရုံနဲ့ ခေတ်မမီဘူးဟ။

ယောကျ်ားလည်း . . . လူ၊ မိန်းမ,လည်း . . . လူ။ လူချင်းအတူတူ၊ ယောကျ်ားက်, ဦးစီး၊ မိန်းမက မီးနေ၊ ထမင်းချက် . . . ဆိုတဲ့ အစဉ်အလာ အဟောင်းထဲက, ထွက်ပြီး၊ အလုပ်တွေ လုပ်ဖြစ်ကြရင်။ အားလုံး ခေတ်မီလာလိမ့်မယ်။

နိုင်ငံတကာ အဝတ်အစားတွေကို၊ လူရှေ့သူရှေ့ မရှောင် မလုံ့တလုံဝတ်။ အ,ဂါရေတွေ ဖြစ်၊ အလှပြင်နည်း ပေါင်းစုံကိုလေ့လာ၊ အလှပြ၊ ကိုယ့်ကို ဘယ်ယောကျ်ားများ တော်ကောက်မလဲ တွေးပြီး၊ ကတော်လောင်း ဖြစ်ချင်နေသမျှ၊ ငါတို့ မိန်းကလေးတွေ၊ ဘယ်တော့မှ ခေတ်မီမှာ မဟုတ်ဘူး။

ယောကျ်ားက ဦးစီးဆိုရင်၊ မိန်းမက, ဦးရွက်ပေါ့၊ မြန်မာစကားရှိပါတယ်။ ဦးစီးဦးရွက် ဆိုတာလေ''

''ဒါဆို . . .၊ ငါ . . . မသွားရဘူးလား''

''ငါ့အတွက်သွားတာ မဟုတ်ဘူးဆိုရင် သွား''

''ဒါ . . . နင့်အတွက် သွားမှာ'' . . . ဟု၊ ကျွန်တော်၊ အားမွဲစွာ ပြောလိုက်သည်။

''အဲဒါဆို၊ မသွားနဲ့၊ ကိုမြတ်သူ့ဒိုပဲ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



၆

ကူညီလိုက်ပေါ့''

ကျွန်တော်၊ သူ့မျက်နှာကို၊ ချစ်ခင်မြတ်နိုးစွာ၊ ငေးကြ
မိသည်။ စိတ်ထဲက,တော့၊ သိပ်, မကျေနပ်ချင်။ ထို့ကြောင့်, ဘာ
သိပ်မဆိုင်သော၊ မေးခွန်းတစ်ခွန်း၏ ပါးစပ်ထဲမှ ထွက်သွား၏။

''နင် . . . မြန်မာပြည်ကို တော်တော် ချ
သလား''

''ထွန်းတောက်။ နင်မို့လို့ မေးထွက်တယ်
မြန်မာစာနဲ့ ဘွဲ့ယူရတော့မယ့်။ မြန်မာမိန်းကလေ
တစ်ယောက်ကို၊ မြန်မာပြည်ကို တော်တော် ချ
သလားလို့ မေးတာ။ နင့်အဖေအမေ မြန်မာ ဟုတ်
ရဲ့လား . . . လို့ မေးတာနဲ့ အတူတူပဲ။

မြန်မာမိန်းကလေးက၊ မြန်မာပြည်ကို မချ
လို့၊ ဘယ်ပြည်ကို သွားချစ်ရမှာလဲ။ မြန်မာစကား
မြန်မာလူမျိုး မြန်မာယဉ်ကျေးမှုအပြင်၊ ဘယ်စကား
ဘယ်လူမျိုး, ဘယ်ယဉ်ကျေးမှုကို၊ ငါက, ချစ်ရ
လဲ''

''ချစ်ရင်၊ ချစ်တယ်ပေါ့ဟာ။ နင်ကလည်
. . . စကားများလိုက်တာ''

''များရမယ်။ နင့်မေးခွန်းက, တစ်တိုင်းပြည်
လုံးကို စော်ကားတဲ့မေးခွန်းလေဟာ။

ဘဝအခြေအနေကြောင့်၊ ဘယ်နိုင်ငံ ဘယ်





ဒေသ,ကိုပဲ၊ ရောက်နေရောက်နေ၊ မြန်မာဟာ,
မြန်မာပြည်ကိုပဲ ချစ်တယ်။ အဲဒါ . . . နင်, မြဲမြဲ
မှတ်ထား။

နင့် ကြည့်ရတာ။ မြန်မာစာနဲ့ဘွဲ့ယူရမှာကို၊
သိမ်ငယ်နေပုံရတယ်။ ဟုတ်လား . . . ထွန်းတောက်''

''အဲဒါတော့ . . ။ ဟုတ်တယ်။ Institute
မဟုတ်တဲ့အပြင်၊ မေဂျာထဲမှာ၊ အနိမ့်ဆုံးဆိုတော့၊
မျက်နှာငယ်တယ်ဟာ''

''မျက်နှာငယ်တယ်၊ မငယ်ဘူးဆိုတာ။ မိမိ
ကိုယ်တိုင်ရဲ့ သတ်မှတ်ချက်ပါဟာ။ လူမျိုးတစ်မျိုးရဲ့
အသက်ဟာ။ အဲဒီလူမျိုးရဲ့စာပေပဲ။ ငါတို့က, ဘာ
မျက်နှာငယ်စရာ ရှိလဲ။ တစ်မျိုးလုံးရဲ့ အသက်ကို၊
အဓိက, ဘာသာအဖြစ် ငါတို့ သင်ယူထားတာလေ။
ဘာမှ၊ မျက်နှာငယ်စရာ မလိုဘူး။

ရှာဖွေရတဲ့ စီးပွားရေးဝင်ငွေနဲ့တော့ မနိုင်း
နိုင်းနဲ့ပေါ့။ အခုအချိန်အထိ၊ တချို့ဆိုင်တွေ ကနား
တွေမှာ၊ တစ်ခွန်းဆိုင်ကို တခွန်းဆိုင် ရေးနေကြ
တုန်းပဲ။ အဲဒါ . . . မြန်မာစာကို သေသေချာချာ
မတတ်လို့ပေါ့''

''ဒါဆို၊ ငါက . . . ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူ
ရမှာပေါ့။ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့။ ဂုဏ်ဆိုတာ ငွေ မဟုတ်ဘူး။ ဝေ

တောင်ကြီး ဂုဏ်ရှိန်မြင့်မားနေရင်၊ ခြတောင်ပို့

ကလည်း။ သူ့တစ်ထွာတစ်တောင်နဲ့ သူ၊ ဂုဏ်ယူ

တတ်ဖို့လိုတယ်၊ အဲဒီလိုမှ မဟုတ်ရင်၊ တောင်ကြီး

မော့ကြည့်ပြီး။ လည်ချောင်းရှိုး ကျိုးသွားလိမ့်မယ်

"ငါ့ကို၊ နိုင်ငံရပ်ခြားမသွားခိုင်းတာ။ တ

အကြောင်းပြချက်ရော ...၊ နင့်မှာ ရှိသေးလား

"ဘာ အကြောင်းပြချက်လဲ"

ကျွန်တော်က, ပြုံးလျက် ...

"အဟဲ။ ငါ့ကို၊ မခွဲနိုင်တာမျိုးပေါ့"

"ဘာလဲ။ နင့်က, ကို့ကို၊ ပျိုက, မခွဲနိုင်

... လို့၊ ပြောစေချင်လို့လား"

"မဟုတ်ပါဘူး။ သိချင်လို့ပါ"

"သိချင်ရင်။ မြင်အောင်ကြည့်ရတယ်"

"မြင်တယ်။ ဒါပေမဲ့ ... မသိဘူး"

"ချစ်တယ်ဆိုရင်။ ရင်ထဲကို မြင်အောင်ကြည့်တ

တယ်"ဟု၊ ပျိုမေခင်ပြော၏။ ရေးရေးမျှသာ၊ ကျွန်တော် မြင်သည်

( ၂၁ )

နောက်ကျောဘက်မှ မြင်ရုံဖြင့် မြတ်သူ၏ နှမ ဒေဝီ ... ဟု သိ၏။ သူ့နံဘေးတွင် သူနှင့်ရွယ်တူ ကောင်လေး နှစ်ယောက်။ တစ်ယောက်က သူ့အနားသို့ ကပ်လွန်းနေသည်။ ကျွန်တော် ဘာလုပ်ရည် မသိ။

ဒေဝီ၏ အသက်သည် ဆယ့်ရှစ်နှစ်မျှ။ ကျောင်းထား နောက်ကျခဲ့သူ ဖြစ်၏။ သည်နှစ်မှ တက္ကသိုလ်ဝင်တန်း ဖြေဆိုရမည်။ စာမေးပွဲနီးနေချိန်။ ကျူရှင်အပြန်၊ ရည်းစားသနာနှင့် သွားလာနေသလား။ ခပြောတတ်။

လျှောက်လက်စ ခြေလှမ်းကို ရပ်ပြီး၊ နောက်ဘက် ပြန်လှည့်ဖို့ရာလည်း မဖြစ်နိုင်။ ကိုယ့်အိမ်ကိုယ် ပြန်နေသည့်လမ်း။ ဒေဝီနှင့်တွေ့မှ တမင်ရှောင်ဖို့ဆိုတာကလည်း၊ မသင့်လျော်။ ကျွန်တော့်နေရာမှာ မြတ်သူဆိုလျှင် ဘာလုပ်မလဲ။ တွေးလျက်။ ခြေလှမ်းကို မြန်လိုက်၏။

မဆူ၊ မပြော၊ မနှုတ်ဆက်ဘဲ၊ နံဘေးမှ ဖြတ်လျှောက်ပြီး သိုက်မည်ဟု ကျွန်တော်ဆုံးဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတောက်"

ကျွန်တော်ကို မြင်လျှင် မြင်ချင်း၊ ဒေဝီလှမ်းခေါ်၏။

"ဩော်"

ကျွန်တော်က ယခုမှ သတိပြု မြင်တွေ့ဟန်ဖြင့် ခြေစုံရပ်လိုက်၏။

"သူတို့ လိုက်နှောင့်ယှက်နေတယ်"

သူတို့ . . . ဟု၊ ဒေဝီ ညွှန်ပြသည့် ကောင်လေးနှစ်ယောက်ကို ကျွန်တော်ကြည့်လိုက်သည်။ တစ်ယောက်ကို၊ ကျွန်တော် သိ၏။ ဒေဝီက ကျွန်တော့်အနားသို့ လာရပ်သည်။

"ညီလေး မင်းက . . . ရဲမင်းရဲ့ညီ မဟုတ်လား"

"ဟုတ်တယ်"

"ဟုတ်တယ်" ဟူသော လေသံသည် ကိုင်းရှိုင်းရိုကျိုးခြင်း မရှိ။ ကျွန်တော် ဝင့်လိုက်ပြီ . . . ဟု၊ ကိုယ့်ကိုယ်ကိုယ် ခံစားရသည်။ ပို့မေခင်ကို စကားလိုက်ပြောခဲ့သောနေရာသည် ဤနေရာ၊ ဤလမ်း ထိုစဉ်က သူ့အစ်ကိုနှင့် တွေ့ကြုံရသည့်တိုင်၊ ပို့မေခင်၏ ညွှာတာ မှုကြောင့်၊ ဘာပြဿနာမျှ မဖြစ်ခဲ့။

ယခုမူ ကိုယ့်နှမကို သူတစ်ပါးက ကိုယ်ပြုမူသကဲ့သို့ ပြုနေပြီကို ကြုံတွေ့ရသော အစ်ကိုတစ်ယောက်ကဲ့သို့ ကျွန်တော် ခံစား၏။

"သူငယ်ချင်းတွေ မဟုတ်ဘူးလား" . . . ဟု အခိုပါ ကော





လေးကြည့်ရင်း ဒေဝီကို ကျွန်တော်မေးလိုက်၏။

"မဟုတ်ဘူး၊ ကျူရှင် အသွားတုန်းကလည်း လိုက်လာသေးတယ်"

ဒေဝီက အားကိုးရသွားပြီဖြစ်သဖြင့်၊ မျက်စောင်းဝင့်လျက် တိုင်တန်းသည်။

"ညီလေး နောင်ကို မနှောင့်ယှက်နဲ့တော့နော်"

ရဲမင်း၏ညီ မဟုတ်သော ကောင်လေးက "ဟုတ်ကဲ့" ၏။ ရဲမင်း၏ညီက . . .

"နှောင့်ယှက်တာမှ မဟုတ်တာ၊ အပျိုကို လူပျိုက၊ စကားလိုက်ပြောတာပဲ"

အမိအဘ မဆိုဆုံးမ, ထားသူ၏ လေယူလေသိမ်း။ ဒေဝီနှင့် ရွယ်တူ . . . ဟု၊ ထင်မိခဲ့သော်လည်း၊ အနီးကပ် ကြည့်လိုက်တော့မှ နှစ်နှစ်၊ သုံးနှစ်လောက် ပိုကြီးနေမည့် အသက်အရွယ်။

"ဒါ . . . ငါ့သူငယ်ချင်းရဲ့နှမကွ။ ငါ့နှမပဲပေါ့၊ အပျိုကို လူပျိုက, စကားလိုက်ပြောတာ ဆိုပေမယ့်၊ မင်းကို၊ သူ . . . လက်မခံဘူးလေ။ အဲဒါကြောင့်၊ ငါတားတာ"

"ခင်ဗျားညီမမှ မဟုတ်တာ"

အရွယ်ချင်း, အနည်းငယ်ကွာဟနေသဖြင့်၊ ကျွန်တော် . . . တော်တော်လေး စဉ်းစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီမမဟုတ်ပေမယ့်၊ သူက, ငါ့ကို အာ
အညီလှမ်းတောင်းနေတယ်လေကွာ။ ငါက ...
သူ့ကို၊ ကူညီရလိမ့်မယ်။ မင်း လစ်တော့"

"ဘာရိတ်စား"

ကျွန်တော်တို့ ဝန်းကျင်၌၊ ကြားဖူးနေကျ ဗန်းစကား၊ တစ်
တစ်ဦး၏၊ နှမ,သားချင်းအပေါ်၊ ခင်မင်မှုကို အခွင့်ကောင်းယူလေ
သူအား ကပ်လိုးတယ် ...,ကပ်ရိတ်စာယ်, ... ဟူသည့် အဓိပ္ပါ
မျိုးဖြင့် ဘာရိတ်စား ... ဟု၊ ခေါ်ဝေါ်လေ့ရှိသည်။

ကျွန်တော်၊ ထိုကောင်လေး၏ မျက်နှာကို လက်ဝါးဖြ
"ဖြောင်း" ခနဲ ရိုက်ချပစ်လိုက်သည်။ သူက, ကျွန်တော့်ကို ပြန်ထိုး
သူ့အရှိုက်အတွင်းသို့၊ ခြေထောက်ဖြင့်၊ ကျွန်တော် ဆောင့်က
လိုက်မိသည်။ အနီးရှိကောင်လေးအား ...

"မင်းရော ပါချင်သလား"

ခေါင်းခါပြသည်။ ရဲမင်း၏ ညီဖြစ်သူမှာ၊ ဗိုက်ကိုနှိပ်က
မလှုပ်နိုင်တော့ချေ။

"မင်းသူငယ်ချင်းကို၊ မင်း, ခေါ်သွားလို
တော့"

မထူးတော့သည့်အဆုံး၊ ကျွန်တော် မှိုသိပ်ထားရသော
ဒေါသ, စကားတစ်ခွန်းပါ ...၊ အမှာပါးလိုက်မိချေသည်။

"မင်းအစ်ကို ရဲမင်းကိုပါ ... မင်း, ခေါ်လာ
မင်းကို၊ သိပ်လိုက်တဲ့ငါ့ နာမည်ကိုလည်း မှတ်သွာ





ဦး။ ထွန်းတောက် ...တဲ့။ ဒီ ... အရှေ့ပိုင်းထဲမှာပဲ
နေတယ်"

"လာ"

ဒေဝီကိုခေါ်ပြီး ကျွန်တော်လှည့်ထွက်ခဲ့သည်။
ရပ်ကွက်အနီးသို့ရောက်သော်၊ ဒေဝီက, ...

"ကိုတောက်။ ကိုကိုကြီးကို မပြောရင်
ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ရန်တွေ ထပ်ဖြစ်မှာစိုးလို့"

"နင်မပြောလည်း ရန်က, ထပ်ဖြစ်ဖို့ သေချာ
သွားပြီ"

ဒေဝီက ...,ခေါင်းလေးကို၊ ကုတ်ကာ ...

"ဒုက္ခပဲ၊ အဆူခံရမှာလည်း သေချာပြီ"

"ဘာလို့ ဆူရမှာလဲ"

"ဆိုက်ကားနဲ့ပြန်ဖို့ မှာလိုက်တာ။ ကိုကို
ကြီးက"

"အဲဒါတော့၊ နင့်ထိုက်နဲ့နင့်ကံပဲ။ ငါပြော
စကားမှ၊ နင် မလိုက်နာတာ။ ခံလိုက်ပေါ့"

"ကိုတောက်က၊ ဘာဖြစ်လို့ သွားထိုးရ
တာလဲ"

"ဘာလဲ နင်က, နင့်ကျေးဇူးနာသွားတာ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်လို့လား"

"ဒေဝီကောင်မဟုတ်ပါဘူးနော်။ ကိုတောက်က၊ လက်ပါလိုက်တော့၊ ရန်စရှည်မှာ စိုးလို့ ပြောတာပါ"

"ယယ်ယယ်ရွယ်ရွယ်နဲ့ မိုက်ရိုင်းတာ၊ ငါ ... ဒီတစ်ခါပဲ မြင်ဖူးတယ်။ အဲဒါကြောင့်, ငါ ... ကိုင်လိုက်တာ"

ဒေဝီက ...,

"ပထမတုန်းက ကိုတောက်, ဒေါသ မဖြစ်သေးဘူး။ အဲဒီကောင်က၊ ဘရိတ်ဓား ... လို့ ခေါ်လိုက်တော့မှ၊ ကိုတောက်၊ ပေါက်ကွဲသွားတာ။

ကိုတောက်။ ဘရိတ်ဓားဆိုတာ။ ဘာပြောတာလဲ"

"ငါ့ကို သတ္တိမရှိတဲ့သူ ... လို့ ပြောတာနေပေါ့"

"ဟွန့်၊ မဟုတ်နိုင်ပါဘူး"

"ကဲ ...။ မဟာ ... ချက်ကာရီသီရိဒေဝီ အမေးအမြန်း ထူမနေနဲ့။ အိမ်ရောက်ရင် ... ဆိုက်ကားနဲ့ မပြန်တဲ့ပြစ်မှုနဲ့၊ ဆော်ပလော်တီးခံရဖို့ ပရုတ်ဆီလေး ဘာလေး၊ ရှာဝယ်သွား"

"ကိုတော်က်ကလည်း။ ပြန်မပြောစေချင်





ပါဘူးဆို"

"အဲဒါတော့ ... မဖြစ်ဘူး။ ငါတို့ သူငယ်ချင်းတွေထဲမှာ ငါနဲ့မြတ်သူနဲ့က, အချစ်ဆုံးတွေ တို့နှစ်ယောက်ကြားမှာ၊ တစ်ယောက် သိတာ၊ နောက်တစ်ယောက်မသိဘူး ... ဆိုတာ မရှိစေရဘူး"

ဒေဝီက, သူ့ဆံပင်ကုပ်ဝဲကို၊ တဖျင်းဖျင်းကုတ်၏။

"ကဲ ...၊ ရပ်ကွက်ထဲ ရောက်ပြီ၊ သွားတော့။ ငါ ... ညကျမှ၊ လာခဲ့တော့မယ်၊ ငါ ... မလာခင် နင့်အစ်ကိုကို နင့်ဘာသာ၊ ပြောပြထားလိုက်တော့"

"အခုပဲ၊ လိုက်ခဲ့လိုက်ပါ ကိုတောက်ရာ၊ အဆူခံရမယ့်အတူတူ၊ ချက်ချင်းပြောပြီး ချက်ချင်းခံလိုက်တော့မယ်"

"နင့်ဘာသာ၊ ပြောပြလိုက်ပေါ့"

"ဒေဝီဘာသာ ပြောပြလိုက်တော့၊ ကိုကိုကြီးဆူရင်၊ အနားမှာ၊ အမေပဲရှိမှာ။

အမေက, အခု ... နေသိပ်မကောင်းတော့၊ ဆွဲမယ့်သူ ရှိမှာမဟုတ်ဘူး။ ကိုတောက်ရှိတော့၊ နည်းနည်းပါးပါး၊ ဝင်ပြောပေးလို့ ရတာပေါ့။ နော်၊ ကိုတောက်။ လိုက်ခဲ့ပေးပါ"

"ငါ၊ ပျိုမေခင့်အိမ်ရှေ့က, ဖြတ်ရမှာဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြတ်ရတာ၊ ဘာဖြစ်လဲ"

"သူရှေ့မှာ၊ သူစိမ်းကောင်မ,လေး တစ်ယောက်နဲ့၊ တွဲမလျှောက်ချင်လို့"

"ဒေဝီ့ကို၊ သူ ... သိတာပဲဟာ"

"သိသိ၊ မသိသိလေ၊ သူ ... သဝန်တိုရင် ဘယ်လိုလုပ်မလဲ"

"မတိုပါဘူး၊ တိုတော့လည်း၊ ကျွန်မ လိုက်ရှင်းပြပါ့မယ်၊ လုပ်ပါ။ အိမ်ကို ... အခု လိုက်ပို့ပြီး ကိုတောက်ဖဲ ဦးဆောင်ပြောပေးပါ"

"ပြီးရောဟာ၊ ဒါနဲ့ ... အဲဒီကောင်လေး နာမည်၊ ဘယ်သူလဲ"

"ဘယ်ကောင်လေးလဲ"

"ခုနက ကောင်လေးလေ"

"ဘယ်လိုလုပ်သိမှာလဲ"

"ဟဲဟဲ"

"ဘာ ... ဟဲဟဲတာလဲ"

"ငါ ... နှင့်ကို၊ စကားအစ်တာပါ၊ အဲဒီကောင်လေးနာမည်ကို၊ ငါ ... မေးလိုက်လို့၊ နှင် သိနေပြီဆိုတာနဲ့၊ မြတ်သူ နားရင်းမအုပ်ခင်၊ နှင့်ကို ... ငါ,အရင်အုပ်မလို့"

ဒေဝီက ...,





"သိသားပဲ၊ အဲဒါကြောင့်၊ ဒီကလည်း တမင်မသိဘူးလို့ ပြောလိုက်တာ"

"ဘာပြောတယ်"

ကျွန်တော် လက်ရွယ်လိုက်သည်။ "နောက်တာ" ... ဟု ဆိုပြော၏။ ပို့မေခင်၏ အိမ်ကို ကျော်လာကြသည်။ ဘာမဆိုင် ညာမဆိုင်၊ ချစ်သူကို သတိရမိ၏။ ရင်ထဲတွင် တစိမ့်စိမ့် သွားပြီး၊ တလှပ်လှပ် ခုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၂ )

စာမေးပွဲနီးနေပြီ ဖြစ်သဖြင့် ဒေဝီကို မဆူမပြောဖို့ မြတ်သူအား ကျွန်တော် ပြောသည်။ မြတ်သူ မကျေနပ်ချင်။

"ပိုက်ဆံ နမြောလို့ လမ်းလျှောက်ပြန်တာ နေမှာပေါ့ကွာ"

မြတ်သူက ...

"ကျူရှင်ပြီးချိန်က, ညနေစောင်း။ ဆိုက်ကား စီးပြန်ရင် အိမ်ကို မမှောင်ခင်ရောက်တယ်။ လမ်းလျှောက်ပြန်ရင် ရပ်ကွက်ထဲမရောက်ခင် နေဝင်သွားရော။

စာလည်း စောစောကျက်ရအောင်၊ အမေ့အတွက်လည်း ဩ ... ဆေးလေးဘာလေး ထွက်ဝယ်ချင်လို့၊ စောစောပြန်ရောက်အောင်၊ တမင် ဆိုက်ကားစီးဖို့ မှာလိုက်တာ"

"ကဲပါကွာ။ ဆူမနေနဲ့တော့။ Mother လည်း၊ နေမကောင်း ဖြစ်နေတဲ့အချိန်။ တော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



. . . မပြောနဲ့တော့။

ဆေးဝယ်မယ်ဆို။ ထ, သွားမယ်။ ဒေဝီ . . .

စာကျက်တော့ . . .။ ငါတို့ပြန်လာမှ၊ ထမင်းစား

ငါ . . . ကြက်ရိုးသုပ် ဝယ်လာခဲ့မယ်"

ဒေဝီ ခေါင်းညိတ်၏။ မြတ်သူ ထိုင်ရာမှ ထသည်။ ရှင်

ဘောင်းဘီနှင့် တီရှပ်ဝတ်သည်အထိ၊ ကျွန်တော် ဘာမှမဖြစ်။ အပေါ်

ဂျင်းကုတ် ဝတ်လိုက်သည်ကို၊ ကျွန်တော် ဘဝင်မကျ။ သို့သော်

. . . အနီးအပါးတွင်၊ သူ့မိခင် ဒေါ်သူဇာ ရှိနေသဖြင့်၊ မြတ်သူ့ကို

ကျွန်တော် ဘာမှ မပြောဖြစ်သေး။

"မားက, ဘာဖြစ်လို့ထည့်လာတာလဲ . . .

မြတ်သူ။

လက်နက်ဆောင်တာ၊ ပုဒ်မ . . . ဆယ့်

ထဲမှာ အကျုံးဝင်တယ်နော်"

"ဘယ်သူမှ မသိပါဘူးကွာ"

ဘောင်းဘီခါးနောက်ကျောတွင်၊ မားမြှောင်။ ပြီးမှ . . .

အပေါ်က အင်္ကျီတစ်ထည်ထည်၊ ထပ်ဝတ်လိုက်ပြီဆိုသည်နှင့်

မြတ်သူထံတွင်၊ မားမြှောင် (သို့မဟုတ်) ချွန်ထက်သော ပစ္စည်း

တစ်ခုခု ပါလေပြီ . . . ဟု၊ ကျွန်တော်သိနေကျ။





"ငါ . . . ပြောထားပြီးပြီပဲ၊ လက်နက်အား

ကိုးတာ၊ ကိုယ်ပိုင် အရည်အချင်း မရှိတဲ့လူတော့်

လုပ်တဲ့အလုပ် . . . လို့" ကာ

"ပါးစပ်နဲ့ ပြောလို့မရရင်၊ လက်၊ လက်

ပြောလို့မရရင် လက်နက်တစ်ခုခုနဲ့ပြောမှ , တမ်း

သတ္တဝါတွေက, လိုက်နာတတ်ကြတာ။ လူကောင်ဘ်

သူကောင်းတွေအတွက်၊ ငါ့မားမြှောင်က အန္တရာယ်

မရှိပါဘူး။ စကားသိပ်မများနဲ့ ထွန်းတောက်။ ဘူး။

မင်း, တီးလိုက်တာ၊ ရဲမင်းရဲညီ ဆိုရင်၊ ရဲမ

သောက်ကျင့်ကို ငါသိတယ်၊ မင်းကို ချောင်းရိုက်ဖို့

လိမ့်မယ်။ အဲဒါကြောင့်, မားထည့်လာတာ။ နည်းမှ

နည်းပါးပါးလည်း၊ သတိလေးနဲ့ နေ။ စကားတွေ

စွပ်များမနေနဲ့"

"အေးပါ"

"အဲ့ဒီ . . . ရဲမင်း ညီဆိုတဲ့ ကောင်ကို၊ မင်း,

အကွဲရိုက်ထည့်လိုက်ရမှာ။ မင်းက, မစို့ မပို့ . . ."

"အရှုယ်မတူဘူးလေကွာ။ အနိုင်ကျင့်သလို

မဖြစ်ချင်ဘူး"

"မြွေသေးသေးလေးကိုက်လည်း၊ သေတတ်

တယ်။ ဒီ . . . ခေတ်မှာ၊ ဘယ်သူ့မှ လျှော့မတွက်နဲ့။

မိုက်ရိုင်းတဲ့ သူနဲ့တွေ့နေရင်၊ တရားဟော



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့။ ကြီးကြီး ငယ်ငယ်။ ကိုင်ပစ်လိုက်''

မြတ်သူ့စကားကို၊ နားထောင်ရင်း၊ ကျွန်တော့်မှာ ...
ဘားဘီကို ကြည့်နေမိပေပြီ။

''မင်းရော ... ငါရော။ ကိုရီးယားသွားေ
ရင်။ ဒေဝီ့ကို၊ ငါ စိတ်မချဘူး မြတ်သူ''

''မတတ်နိုင်ဘူးလေကွာ။ ဆွေမျိုးညာတိ
မရှိတာ။ ခင်ရာဆွေမျိုးပဲ လုပ်နေရတော့မှာပေ
ပျိုမေခင်နဲ့ မိတ်ဆက်ပေးခဲ့မယ်။ ပြီးတော့ ...
မင်းတို့အိမ်ကို၊ အပ်, ထားခဲ့မှာပေါ့''

''အေးပေါ့။ ဒါပဲရှိတာ''

မြတ်သူက ...,

''ရှင်ပြုခါနီးရင်၊ ရေထဲမဆင်းနဲ့။ သင်
မတက်နဲ့ ... ဆိုတဲ့၊ လူကြီးတွေ စိုးရိမ်သလို၊ မ
ကိုလည်း၊ ငါ ... သတိပေးချင်တယ်။ အသွ
အလာဆင်ခြင်ပါ။

နိုင်ငံခြားသွားတော့မယ့် သူတွေလည်း၊ သွ
ခါနီးလာခါနီး၊ အနှောင့်အယှက်မရှိအောင်၊ သ
လေးနဲ့ ဆင်ခြင်ပေါ့။

ဒါနဲ့ ... ပျိုမေခင်က, မင်းကို ခွင့်ပြုပါ့မလာ

''လိုလိုလားလားတော့ မဟုတ်ဘူးပေါ့ကွ
ဒါပေမဲ့ ... ခွင့်ပြုမှာပါ။ သူက ... ငါ့ကို ချစ်တာကို





မြတ်သူ နှုတ်ခမ်းမဲ့လေ၏။ ပြီးနောက် ...,

''မင်းအစ်ကိုက၊ ငါတို့နှစ်ယောက်စလုံးကို ခေါ်တာ၊ တကယ် ဟုတ်ရဲ့လား။ မင်းတစ်ယောက်တည်းကို ခေါ်တာ မဟုတ်ဘူးလား''

''နှစ်ယောက်စလုံးကို ခေါ်တာပါဆို။ မင်းကလည်း။ ဟိုနားဒီနားသွားရမယ့် ကိစ္စမှ မဟုတ်တာ။ ငါက,မင်းကို လောကွတ်လုပ်ပါ့မလား။ သူတောင် ရောက်ရောက်ချင်း၊ အဆင်မပြေဘူး။ အခု ... အဆင်ပြေလို့၊ လှမ်းခေါ်တာ''

''ငါက, အားနာလို့ကွ။ လိုတဲ့ငွေ၊ မင်းတို့ စိုက်ပေးထားမယ်ဆိုတာ။ နည်းနည်းနောနော ငွေမှ မဟုတ်တာ။ သိန်းပေါင်းများစွာ။

ငါ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာလည်း၊ စိုးရိမ်တယ်''

''ဘာမှ မစိုးရိမ်နဲ့။

တစ်နှစ်လောက် ကြိုးစားလိုက်ရင်၊ နောက်ပိုင်း စုဖို့ဆောင်းဖို့ ရပြီ။

ငါတောင်, ဟိုတုန်းက, အစီအစဉ်မရှိဘူး။ မင်းနဲ့ဈေးရောင်းရင်း၊ တစ်နေ့လုပ်မှတစ်နေ့ စားဝင်ငွေမျိုးထက်စာရင်၊ တစ်နှစ်, နှစ်နှစ်လောက် လုပ်ပြီး၊ စုစုဆောင်းဆောင်း ရှာကြံနိုင်ရင် ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



. . . လို့ ငါ . . . တွေးလိုက်တာ''

''ဘာကြောင့် အဲဒီလိုတွေးမိတာလဲ''

''ချစ်သူ ရှိနေပြီလေကွာ။ တူနှစ်ကိုယ် တဲ

ပျက်မှာ နေရ, နေရ . . . ဆိုတဲ့ အခြေအနေမျိုး

ချစ်သူ ရင်မဆိုင်စေချင်ဘူး''

''မိဘ, နှစ်ပါးအတွက်၊ ကြိုးစားပမ်းစား ရှာ

ဖွေမယ်ဆိုတာမျိုးရော . . . မင်းမှာ မရှိဘူးလား''

''ဟဲဟဲ၊ အဲဒါ . . . ငါ့အစ်ကို လုပ်လိမ့်မယ်

ငါ့အစ်ကို မစွမ်းဆောင်နိုင်တော့လည်း၊ တစ်နေ့

ပေါ့ကွာ''

''မင်း . . . ရည်ရွယ်ချက်က၊ သားကျွေးမှု မယားကျွေး

အတွက်ပဲ'' . . . ဟု၊ မြတ်သူပြောရှ၏။ ''ဒါ . . . , ချစ်ခြင်းမေတ္တာ

ရာဇဝင်တိုင်းအတွက်၊ သမိုင်းပေးတာဝန်ပဲ'' . . . ဟု၊ ကျွန်တော်

ပြောလိုက်သည်။

( ၂၇ )

''အား''

သတိရရချင်း အမှောင်ကိုတွေ့သည်။ အမှောင်ကို တွေ့သောကြောင့်၊ မျက်လုံးကို အထိတ်တလန့် ဖွင့်ကြည့်လိုက်သည့် အခါ၊ အားလုံးကို မှုန်မှုန်ဝါးဝါးတွေ့သည်။ လဲနေရာမှ ထ,ထိုင်မည် ပြုကာမှ၊ ဦးခေါင်းအနောက်ဘက်မှ၊ နာကျင်စွာ ခံစားရ၏။ နောက် စေ့တွင် ဒဏ်ရာတစ်ခုခု ရှိနေပြီမှန်း သိလိုက်စဉ်၊ လက်နှစ်ဖက်ဖြင့် ဦးခေါင်းကို ကိုင်ကြည့်သောအခါ၊ ခေါင်း တစ်ပတ်လုံး ပတ်တီး စည်းထားလေ၏။

အနီးဆုံးနေရာတွင်၊ အာကာ့ကိုတွေ့သည်။ ခပ်လှမ်းလှမ်း တွင်၊ အမေ့ကိုတွေ့သည်။ ''ခေါင်းကို ငြိမ်ငြိမ်ထား'' . . . ဟု၊ အာကာပြော၏။

''အာကာ''

ကျွန်တော့်ခေါ်သံကြောင့်၊ အမေပါ အနားရောက်လာသည်။

''သတိရပြီလား သား''

ခေါင်းကို, လှုပ်ရုံသာ၊ ညိတ်ပြနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ရဲမင်း၊ ဝင်ရိုက်သွားတာကွ"

— "အေး …, ဟုတ်ပါတယ်ကွာ။ အဲဒါတွေ

ပြောမနေနဲ့တော့။ နေကောင်းအောင်နေ"

"ကောင်းပါတယ်" … ဟု၊ ကျွန်တော်ပြောလိုက်သည်

ဆေးရုံစားပွဲပေါ်ရှိ ပြက္ခဒိန်ငယ်တစ်ခု၏၊ ယနေ့ရောက်နေသော

နေ့စွဲကို ကြည့်ကာ၊ ကျွန်တော်က …

"ငါ … ဒီကိုရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး။ သုံးရက်နဲ့ တစ်မနက်

ပဲ ရှိသေးတယ်"

"သုံးရက်"

"အေး။ ဟုတ်တယ်။ မင်း, သတိလစ်နေ

တာ၊ သုံးရက်ရှိသွားပြီ။ အခုမှ သတိရလာတာ"

ရဲမင်း၏ညီနှင့်လမ်းမှာ ပြဿနာဖြစ်သည့်ညက၊ မြတ်

၏အိမ်မှ၊ တော်တော် နောက်ကျပြီးမှ ပြန်လာဖြစ်သည်။

မီးရောင် အနည်းငယ်သာရှိသော အမှောင်ရိပ်တစ်ခုတွင်

တစ်စုံတစ်ဦးက, ကျွန်တော့်၏အောက်ခြေကို ခုတ်မိုင်းလိုက်သည်

သိ၏။ သိလျှင်သိချင်း၊ ကျွန်တော် အစွမ်းကုန် ခုန်ရှောင်လိုက်သည်

ပြီးနောက်, ခုန်ရင်းမှ၊ တိုက်ခိုက်သူ၏ အရှိက်သို့ ခြေစောင်း

ဆောင့်ကန်လိုက်၏။ တလိမ့်ခေါက်ကွေး လွင့်ထွက်သွားသည်။

မြေသို့အကျတွင်၊ တစ်စုံတစ်ယောက်က၊ ရှေ့တည့်တည့်

မှ ဆီးရိုက်ဖို့ပြင်သည်ကို လှစ်ခနဲမြင်လိုက်၏။ မည်သူမည်ဝါ





ကျွန်တော် စဉ်းစားချိန်မရ။ ခြေလှမ်းကျဲ သုံးလေးလှမ်းမျှသာ ကွာ

ဝေးတော့သော၊ ထိုသူ့ဆီသို့ မြေပြင်တွင် လက်မောင်းထောက် ကျွမ်း

ထိုးသွားပြီး၊ ခြေဖနောင့်နှင့်၊ ၎င်း၏ အရှိက်ဆီသို့ ဆောင့်နင်း

လိုက်သည်။

"အွတ်"ခနဲ အသံကိုကြားကြားချင်း၊ ရင်ဘတ်ကို လက်ဖြင့်

ဆောင့်ဆွဲကာ၊ မျက်ခွက်ကို၊ ကျွန်တော် ထပ်ထိုးလိုက်သည်။ ထိုစဉ်

နောက်မှ ခြေသံအကြား လှည့်ကြည့်ချိန်မျှ မရလိုက်။ ဦးခေါင်း

နောက်စေ့ပိုင်း တစ်ခုလုံးဆီမှ "ဒုန်း"ခနဲ အသံတစ်ခုကို ကြားလိုက်ရသည်။

တစ္ဆာကြီး ဟက်တက်ကွဲသွားသကဲ့သို့၊ ကျယ်လောင် တုန်ခါသွားရ၏။

ကျွန်တော် ကြိုးစား၍ နောက်သို့ လှည့်ကြည့်သည်။ သံပိုက်

လုံးတစ်လုံး ကိုင်ထားသော၊ ရဲမင်းကို မြင်တွေ့လိုက်ရသည်။ ကျွန်တော်

အစွမ်းကုန်သော အင်အားဖြင့်၊ ကုန်းထ,သေးသည်။ ဒူးညွတ်

သွားသည်မှ အပ၊ အခြားဘာကိုမျှ မသိတော့ချေ။

"ဖိုးမေခင် သိလား" … ဟု၊ ကျွန်တော် မေးသည်။

ဆာကာက, ခေါင်းညိတ်သည်။

"ဘယ်သူသွားပြောတာလဲ"

"ဘယ်သူမှ မပြောပါဘူး၊ သူ့ဘာသာသိတာ

မနက်ကတောင် လာသွားသေးတယ်"

အမေ့ကို မသိမသာ ဝေ့ကြည့်ပြီးမှ၊ ကျွန်တော်က …,

"ဘယ်သူမှ မပြောဘဲနဲ့၊ သူက ဘယ်လိုလုပ်

သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အာကာ ခေါင်းကုတ်၏။

ပြီးမှ ...

"တစ်ရပ်ကွက်လုံး သိတော့ သူလည်း သိတာပေါ့"

မေးရင်း, ဖြေရင်း, ကျွန်တော် ခေါင်းရှုပ်လာသည်။

"ရပ်ကွက် ဟိုဘက်ထိပ်၊ ချောင်ကြို ချောင်ကြားမှာ ဖြစ်တဲ့ကိစ္စ။ ပြီးတော့ ... ညဘက်၊ ဘယ်လိုကြောင့် တစ်ရပ်ကွက်လုံး သိရတာလဲ"

"ကဲပါ သားရယ်။ လူသတင်း လူချင်းဆောင်လို့ သိကြတာပေါ့" ... ဟု၊ အမေဝင်ပြော၏။ အာကာ၏ အ,ထစ်ထစ် အလေ့အထ, ကို၊ ကျွန်တော် ဘဝင်မကျ။

"မင်းကို ရိုက်ပြီး။ ထွက်ပြေးသွားကြတယ် ထင်တယ်။ ရဲက, တော်တော်ကြာမှ၊ မင်းလဲနေတာကို တွေ့တာ။ ဘယ်သူတွေ ရိုက်သွားတယ်ဆိုတာ မသိဘူး။ အခု ..., နောက်မှ သိကြတာ"

"ဟာ။ ငါ အမှုမဖွင့်ချင်ဘူး။ ငါက ... ပြန်တီးချင်တာ"

"အမှုက၊ မဖွင့်လို့မရဘူး။ ပြီးတော့ ... အခု ..., အမှုက၊ ပိုကြီးသွားတော့၊ မင်းကိုတောင် ရဲက, လာမေးချင်မေးမှာ"

"သား။ ဆေးသောက်လိုက်ဦး" ... ဟု၊ ပြောပြီး အမေက၊ ဆေးတိုက်သည်။ ဆေးသောက်ပြီးနောက်၊ ကျွန်တော်က ...





"အမေ။ ကျွန်တော် ကြာဦးမှာလား။ ဒီမှာ"

"သတိရပြီးရင်၊ တစ်ရက်နှစ်ရက်ဆို ဆင်းရမှာပါ ... တဲ့။ ဆရာဝန်ပြောတယ်"

"အဖေရော ..."

"အိမ် ခဏပြန်သွားတယ်"

"အာကာ"

အာကာဘက်သို့လှည့်ပြီး ခေါ်လိုက်သည်။ အာကာက, ကျွန်တော်မေးမည့် အမေးစကားကို၊ စောင့်ဆိုင်းဟန်ဖြင့် ကြည့်၏။

"မြတ်သူ မလာဘူးလား။ ဒီကောင် သိတယ် မဟုတ်လား"

"အေး"

"ဒီကောင် ဘယ်သွားလဲ။ အခု ..."

"ဟို ...။ ..."

အာကာက၊ ကျွန်တော့်အမေကို ကြည့်ကာ၊ စကားတန့်သည်။ အမေက ...,

"သတိရရင်၊ စကားအများကြီး မပြောရဘူး ... တဲ့။ သားရဲ့။ ခဏ ငြိမ်ငြိမ်လေး ပြန်နေလိုက်"

ငြိမ်ဆို၍သာ ငြိမ်လိုက်ရသည်။ တစ်ခုခု ဖုံးကွယ်ထားကြပြီ ... ဟု၊ ကျွန်တော် သိ၏။

"ပျိုမေခင် ငါ့ကို စိတ်ပူနေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပူတာပေါ့။ ဒါပေမဲ့ . . . , မိဘရှေ့မှာ
တော့၊ သည်းသည်းသန်သန် ဘယ်ပူလို့ရပါ့ မလဲ"

"ဝါ့ကို စိတ်ဆိုးနေမလား မသိဘူး"

"ဘာကို ဆိုးရမှာလဲ"

"ဩော် . . .။ ရန်ဖြစ်လို့ပေါ့။ ပြီးတော့ . . . ခံလိုက်ရလို့"

"ဆိုးမယ် မထင်ပါဘူး"

"ဘယ်သူပဲဖြစ်ဖြစ်၊ ကိုယ့်ချစ်သူ၊ ကို... ရည်းစား၊ တစ်ခုခုဖြစ်ရင်၊ ဘယ်ကျေနပ်ချင်ပါ့မလဲ... ရန်ဖြစ်တဲ့အတွက်၊ ချစ်သူကို စိတ်ဆိုးမယ်။ ခံရ... အတွက်၊ တစ်ဖက်ရန်သူကို ငြိုးမယ်၊ အဲဒီလိုပဲပေါ့..."

သူငယ်ချင်း အချင်းချင်းလည်း၊ ကိုယ့်သူငယ်... ချင်း ခံရရင်၊ ဘယ် ကျေနပ်ကြပါ့မလဲ . . . နော်... တစ်ဖက်လူကို ငြိုးမှာ သေချာတယ်၊ ဟုတ်တယ်... မဟုတ်လား၊ အာကာ"

"အင်း၊ ဟုတ်တယ်"

"မြတ်သူ့၊ ငါ ခံရတာကြားပြီ၊ ရဲမင်းကို... တော်တော် တင်းသွားမှာပဲနော်၊ ပြီးတော့ . . . ငါ့ကို... လည်း၊ ခံလိုက်ရကောင်းလား၊ ဆိုပြီး . . . တော်တော်... စိတ်ဆိုးမှာ အမှန်ပဲ"

"မင်းကို မဆိုးပါဘူး"





"သား၊ အိပ်နေလေကွယ်" . . . ဟု၊ အမေဝင်ပြောရာ၏၊
"...ထနေရင်၊ အိပ်ပါ့မယ်" . . . ဟု၊ ပြောလိုက်သည်။ ပြီးမှ . . .
...အာကာ့ဘက်သို့ လှည့်ကာ . .

"ငါ့ကို မြတ်သူ စိတ်မဆိုးဘူးဆိုတာ မင်း ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့။ ဒါကတော့၊ မင်းကို၊ ဒီကောင် က ခင်တာပဲဟာ။ မင်းကို၊ သူ . . . ဘယ်တုန်းက၊ ကြာကြာစိတ်ဆိုးဖူးလို့လဲ"

"ထားပါတော့။ အခု . . . မြတ်သူ ငါ့ဆီကို ဘာကြောင့် မလာတာလဲ"

"သူ့ ညီမ၊ စာမေးပွဲဖြေနေလို့။ အဲ . . .။ သူ့အမေလည်း၊ နေမကောင်းဘူးလေ"

"ဩော် . . .။ ဟုတ်သားပဲ။ သူ့ အမေ၊ နေသိပ်မကောင်းဘူး။ ဟုတ်တယ်၊ ဟုတ်တယ်။ ဒီ . . . သုံးရက်အတွင်းမှာ၊ ဒီကောင်၊ တစ်ခါမှ ငါ့ဆီကို မလာဘူးလား"

အာကာ ခေါင်းခါသည်။ ပြီးမှ . . . "မင်း၊ ဆေးရုံ ရောက် ...ရောက်ချင်းညက၊ လာပါတယ်" . . . ဟု၊ ပြော၏။

"သား . . .။ အိပ်နေလို့ပြောတာ၊ မ...အိပ် သေးဘူးလား။ စကားများလွန်းတယ်ကွယ်"

အမေ့ အမိန့်ပေးသံက ငြ...လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ကျွန်တော် နာခံလိုက်၏။

## ( ၂၄ )

မည်သူမျှ ကြာကြာလိမ်၍ မရပါ။ ကျွန်တော့်ဦးခေါင်း ဒဏ်ရာ သက်သာသွားသောအခါ၊ ကျွန်တော့်ထံသို့ ဒုရဲအုပ် နေမျိုး ရောက်လာ၏။ ရဲမင်းကို၊ မြတ်သူက၊ ဓားဖြင့်ထိုးသတ်ပြီး ဖြစ်ကြောင်း၊ အံ့သြတုန်လှုပ်စွာ၊ ကျွန်တော် ကြားသိလိုက်ရပြီ။

ကျွန်တော် ဆေးရုံရောက်ပြီး၊ နောက်တစ်နေ့မနက်တွင်၊ ရဲမင်းတို့ အပိုင်းသို့ သွားပြီး၊ လက်ဖက်ရည်ဆိုင်ထဲတွင်၊ ရဲမင်းကို ဓားဖြင့်၊ အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ကြောင်း၊ ပြီးနောက် မြတ်သူက ကိုယ်တိုင်ကိုယ်ကျ လာရောက်အဖမ်းခံကြောင်း၊ ဒုရဲအုပ်နေမျိုးက၊ ကျွန်တော့်ကို ပြောပြ၏။

အခင်းမဖြစ်ပွားမီအချိန်အထိ၊ ကျွန်တော်သိသမျှကို၊ သက်ဆိုင်ရာအား၊ ကျွန်တော်ပြောပြသည်။ ရဲမင်းနှင့်ရန်ဖြစ်သူမှာ၊ ကျွန်တော်ဖြစ်ကြောင်း၊ ရဲမင်း၏ညီနှင့်ဖြစ်သည့်ကိစ္စ၊ ထို့နောက် ရဲမင်းနှင့် အပေါင်းပါနှစ်ယောက်တို့ကြောင့်၊ ကျွန်တော် ဆေးရုံပေါ်ရောက်သည့်ကိစ္စများတွင်၊ မြတ်သူလုံးဝ မပါဝင်ကြောင်း၊ ကျွန်တော် ပြောပြသည်။ မြတ်သူ ဓားဆောင်တတ်သည့် အကျင့်ကိုတော့၊ ကျွန်တော်ထိမ်ချန်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့၏။

ဒုရဲအုပ်နေမျိုးက ...

"မင်းသူငယ်ချင်း မြတ်သူက, သတ္တိရှိပါတယ်ကွာ။ လုပ်ရဲရင်ခံရဲတယ် ... ဆိုတဲ့ ယောကျ်ားစိတ်ရှိတယ်။ သူ ... စခန်းကို လာ အဖမ်းခံတုန်းက စကားတစ်ခွန်းတည်းပြောပြီး၊ လာ အဖမ်းခံတာ အသေးစိတ် မပြောပြဘူး။ အဲဒါကြောင့် မင်း လာမေးရတာ။ ငါ့ညီအနေနဲ့လည်း မေးသမျှ သေသေချာချာ ဖြေပေးတာ ကျေးဇူးတင်တယ်"

ကျွန်တော်က ...

"မြတ်သူက၊ ဘယ်လို ... စကားတစ်ခွန်းတည်း ပြောပြီး၊ အဖမ်းခံတာလဲ"

"ညတုန်းက၊ ကျွန်တော့်သူငယ်ချင်းကို ခွေးကိုက်သွားလို့၊ ကိုက်တဲ့ခွေးကိုကျွန်တော် သတ်လိုက်တယ် ... တဲ့"

မျက်ရည်မကျလိုသဖြင့်၊ လက်သီးများကို ... ကျွန်တော် ကျစ်လျစ်စွာ ဆုပ်ထားရသည်။ မြတ်သူ ဒေါသ, ကြီးပုံတွေ။ ကျွန်တော်နှင့်ပတ်သက်လျှင်၊ ဝန်းဒိုင်းကျဲပုံတွေ။ သူနှင့်ကျွန်တော် တစ်ဦးအပေါ်တစ်ဦး၊ ဂရုတစိုက်ရှိပုံတွေကို၊ မိနစ်ပိုင်းအတွင်း၊ ရင်နှင့်ဖွယ် ပြန်မြင်ယောင်လာသည်။

မြင်ယောင်လာစဉ်အတွင်း၊ ရင်နှင့်မဆန့်တော့စွာ၊ ခံစား





နည်းလာသည်။

ကျစ်လျစ်စွာ ဖိဆုပ်ထားသော လက်သီးဆုပ်ကို၊ ဖြေလျော့ တ်ရသည်။ ထိန်းထားသော်လည်းမရ၊ မျက်ရည်တို့ စီးကျလာရ၏။

ဆေးရုံမှ ဆင်းလျှင်ဆင်းချင်း၊ မြတ်သူထံသို့၊ ကျွန်တော် သွားသည်။ ကျွန်တော့်ကို မြင်မြင်ချင်း၊ အချုပ်ခန်း၏ သံတိုင်များအနီး၊ ကျွန်တော်ရှိရာသို့၊ အပြေးလာ၏။

"ထွန်းတောက်။ နေကောင်းရဲ့လား။ မင်း ဒဏ်ရာက သာတယ် မဟုတ်လား။ ချုပ်ရိုးဖြေပြီးပြီလား"

သူက ... ကျွန်တော့်အတွက်၊ စိုးရိမ်နေပါပကောလား။

"ငါ ...။ ကောင်းသွားပါပြီကွာ။ မင်းရော အဆင်ပြေရဲ့လား"

မြတ်သူ ပြုံး၏။ ပြီးမှ ...

"အချုပ်ထဲက လူကို၊ အဆင်ပြေရဲ့လား မေးတော့၊ ငါက ... မပြေဘူးအဲ ပြောရတော့မှာပဲ။ ဒါပေမဲ့ ... ရောက်တဲ့နေရာမှာ ကြုံသလို ဖြစ်သလို နေနိုင်ဖို့တော့၊ ငါ ... ကြိုးစားထားရမှာပေါ့။

ငါ့ နှမလည်း၊ စာမေးပွဲ မဖြေဖြစ်တော့ဘူး ထင်တယ်။ ငါ့အမေလည်း၊ အခြေအနေ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အပြင်မှာ၊ လိုအပ်သမျှကို၊ မင်းပဲ . . . ကြည့် ကျက်ပြီး ဖြေရှင်းလိုက်ပါကွာ။ အထဲက ငါ့အတွက် ဘာမှ မပူနဲ့။

လုပ်လိုက်ပြီ၊ ပြီးသွားပြီ၊ ပြင်လို့ရရင် . . ပြင် ပြင်လို့မရရင် . . ခံ။ အဲဒါ လောကဓံပဲ''

ကျွန်တော် မြတ်သူကို စကားတွေအများကြီး၊ ပြောချင်နေသည်၊ သို့သော် . . . တစ်ခွန်းမျှ ပြော၍မထွက်။ ပြောလို့မရ၊ အာခေါင်ထဲ၌ နင်နေသည်။ ရင်ထဲ၌ ဆို့နေသည်။

''မင်း . . . မျက်ရည်ဝဲနေတာလား၊ ထွန်းတောက်။ မင်းက, ငါ့ကို မျက်ရည်တွေနဲ့ ဂုဏ်ပြုနေတာလား။ ရှုတ်ချနေတာလား''

မြတ်သူ၏ အမေးစကားသံ၊ မာထန်၏။

''ငါ . . . ရှုတ်ချတာမဟုတ်ပါဘူးကွာ''

''လူ့လောကရဲ့ အမှိုက်စ,တစ်စကို၊ ငါ . . . သုတ်သင်လိုက်တာ။ မင်း, ဂုဏ်မယူချင်ရင်တောင် မင်း . . . မျက်ရည်တော့ မကျသင့်ဘူး။

မျက်ရည်ဆိုတာ ရှုံးတဲ့သူတွေရဲ့ သင်္ကေတပဲ ငါ . . . နိုင်တယ်လေ ထွန်းတောက်။ မင်း, ဘာ ကြောင့် မျက်ရည်ကျရတာလဲ''

ကျွန်တော်၊ ကြိုးစား၍ စကားဆိုရ၏။

''စိတ်မကောင်းလို့ ကျတာပါကွာ။ ရှုံးလို့





ငိုတာ မဟုတ်ပါဘူး''

''ပြီးရော။ ငါ . . . , မင်းကို တစ်ခါတည်း မှာလိုက်မယ်။ သန်ဘက်ခါ၊ ငါ . . . ရုံးထုတ်မယ်။ ပြီးတာနဲ့ . . ထောင်ကြီးချုပ် ရောက်မယ်။

ငါ့ အမှု လွှတ်ရာလွှတ်ကြောင်း၊ သက်သာရာ သက်သာကြောင်းအတွက်၊ မုသားစကားလေး, နည်းနည်းပြောမိတာနဲ့၊ မင်း . . . ငါ့ရန်သူပဲနော်။

ငါ့ . . . သက်သာရာရဖို့အတွက်။ ဘယ်ရှေ့နေမှ မငှားနဲ့။ ဘယ်သက်သေမှ မခေါ်နဲ့။ မင်းကို လိုအပ်လို့ ခေါ်စစ်ရင်တောင်။ ရဲမင်းကို . . . ,ငါ . . . သတ်ချင်နေတာ ကြာပြီဆိုတဲ့ အကြောင်း။ မင်း ပြောလိုက်။ ငါလည်းပြောမယ်''

''အဲဒီလို ပြောလိုက်ရင်၊ မင်း . . . အပြစ်ဒဏ်က ပိုကြီးသွားမှာပေါ့ကွ''

''ကြီးပေ့စေပေါ့ကွ။

ရှေ့နေတွေ၊ တရားသူကြီးတွေမှာ၊ မျက်စိတွေ နားတွေပါသလို၊ တရားဥပဒေမှာလည်း မျက်စိနဲ့ နားနဲ့ ရှိမှာပဲ။

အမှုကိုအမှန်အတိုင်း ထွက်ဆိုလို့၊ အပြစ်ဒဏ် ပိုကျမယ်ဆိုလည်း၊ ကျပေစေပေါ့။ ရှေ့နေတွေ၊ တရားသူကြီးတွေ၊ ဥပဒေဝန်ထမ်းတွေမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပါသလို့။ တရားဥပဒေမှာတော့၊ ပါးစပ်မပါ ဘူးကွ။

သူက, တစ်ခွန်းတစ်ပါဒမှ၊ ဝင်မပြောဘဲ တရားကို စောင့်တဲ့နတ်တွေရဲ့ အကူအညီနဲ့၊ တိတ် တိတ်လေး ဝင်ပြီး စီရင်ပေးလိမ့်မယ်။

တရားခံကို၊ အပြစ်ဒဏ်စီရင်တာ၊ တရား သူကြီးက, စီရင်တာမဟုတ်ဘူး။ ဥပဒေက, စီရင်တာ၊ သူ့အရင်းအတိုင်း ရှိပြီးသား ဥပဒေကို၊ ဘယ်လို မှသားစကားက,မှ၊ ပြောင်းလဲပစ်လို့ မရဘူး။ ဘယ်လို လာဘ်လာဘက,မှ၊ ပယ်ဖျက်ပစ်လို့ မရဘူး။

ရှေ့နေတွေ၊ တရားသူကြီးတွေသာ၊ ဥပဒေကို လိုတိုးပိုလျှော့ လုပ်လို့ရချင်ရမယ်။ အမှန်တရားကို တော့၊ ဘယ်သူမှ လေလျှော့လို့မရဘူး။ အဲဒါကြောင့် ဘာမှ မလုပ်နဲ့။ ကျချင်သလောက် ကျပေ့စေ။

လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး စီရင်နေတာ အဲဒါ ... ဥပဒေမဟုတ်ဘူး။ အဲဒါ လူတွေ လုပ်နေ တာ။ အဲ့ဒီ လူတွေထဲမှာ၊ မင်းမပါနဲ့."

ကျွန်တော်က ...,

"မင်းပြောသလိုဆိုရင်။ အမှုခံဝင်တာတွေ အသနားခံတာတို့က၊ ဘယ်အသုံးဝင်တော့မှာလဲ ဘယ်သူပဲဖြစ်ဖြစ်၊ သက်သာရာသက်သာကြောင်း





တော့၊ ရှာကြရတာပဲ။ တစ်ယူသန်တော့ ..
ပါနဲ့ကွာ"

"အယူခံဝင်လို့ရတယ် ... ဆိုရင်၊ ဒ တရားဥပဒေရဲ့ ချို့ယွင်းချက်ပဲ။ ရှေ့လူ ဆုံးဖြတ်ပေး သွားကိစ္စကို၊ နောက်လူက ...၊ တိုးတာ လျှော့မယ်၊ ကင်းလွတ်တာ လုပ်လို့ရနေတယ် ဆိုရင်။ ဟာ၊ ခိုင်မာမှုမရှိတဲ့သဘောပဲ"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ကွ။ ဥပဒေ အရ ဆုံးဖြတ်ပြီးသားဆိုရင်တောင်၊ တခြားအကြီး အကဲတွေရဲ့၊ ကရုဏာစိတ်အရ၊ ပြန်ပြီး စီရင်ပေးတာ၊ ကင်းလွတ်ပေးတာ။ ဒါ ...၊ အသနားခံခြင်း တစ်မျိုး ပေါ့ကွာ"

"အသနားခံတယ်ဆိုတာ၊ ကိုယ် ... လုပ် တုန်းက၊ လုပ်ခဲ့ပြီးသား၊ အလုပ်နဲ့ထိုက်တန်တဲ့ အပြစ် ဒဏ်ကို၊ မခံယူရဲဘူးဆိုတဲ့ သဘောပဲ။ ငါ ... အဲဒီ အလုပ်မလုပ်ဘူးနော် ထွန်းတောက်။

ငါ ... ရဲမင်းကို၊ တမင်ကို သတ်တာ။ ဘယ် သူမှ မသိရင်တောင်။ မင်းနဲ့ အာကာနဲ့ သိလိမ့်မယ်။ မင်းတို့ မယိမ်းကြနဲ့။

လောကမှာ ...၊ အာကာ့လို၊ သူတစ်ပါး အနိုင်ကျင့်သမျှ၊ ငြိမ်ခံနေတဲ့လူတွေများလာရင်၊



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းလို . . . လှူယုတ်မာတွေလည်း ပိုများလာ
မယ်။

အဲဒါကြောင့် . . . ,ယုတ်မာမှုတွေ၊ သိမ်မွေ
ပွား ခင်၊ ငါ အစ, တုံးပစ်လိုက်တာ။ သေဒဏ်
ကျကျ၊ ကြိုးမိန့်ပဲပေးပေး၊ ငါ . . . မကြောက်
စျေးမဆစ်ဘူး။

လူ ယုတ်မာတွေ ဟန်ဆောင်ကောင်း
ဥပဒေက, မျက်စိမှောက်တတ်တယ်ကွ။ အဲ
ကြောင့်၊ မြင်တဲ့သူက မြင်တဲ့အမှိုက်ကို,, ရှင်း
လိုက်တာ။ ဥပဒေ ဝန်ထမ်းတွေသာ လောက,ကြီး
သေသေချာချာ မြင်တတ်မယ်ဆိုရင်, လောက,ကြီး
မေ့ဗ္ဗာရာယ်တစ်ကောင်ကို ရှင်းပေးတဲ့ ငါ့ကို၊ တ
သေတောင်, လွှတ်ပေးရလိမ့်မယ်။ ငါ့ကို . . . လူ
လူမိုက်၊ လူရမ်းကားလို့၊ မထင်ဘူးဆိုရင်၊
မျက်ရည်တွေကို၊ ဖယ်ပစ်လိုက်စမ်းပါ . . . ထွ
တောက်ရာ''

''အေးပါကွာ'' . . . ဟုသာ၊ ကျွန်တော် ပြန်ပြောနိုင်သည်
အချုပ်ခန်းထဲမှ သူ့လက်ကို ကျွန်တော် ဆွဲဖျစ်ထား၏။ သူက, ကျ
လက်တစ်ဖက်ဖြင့်၊ ကျွန်တော့် ပခုံးကို လှမ်းပုတ်သည်။

''တစ်ယောက်နဲ့ တစ်ယောက်၊ အားပေး
— . ရမယ့် အချိန်မဟုတ်ဘူး သူငယ်ချင်း။





ရင်ဆိုင်ရမယ့် အချိန်ရောက်နေပြီ။ ငါက,
တော့၊ အထဲမှာ . . . အပြင်က, ကိစ္စတွေအတွက်၊
ဘာမှ မတတ်နိုင်တော့ဘူး။

မင်းက, အပြင်က၊ ကိစ္စတွေကို ရင်ဆိုင်ပေး။
ငါက . . . အထဲက, ဒုက္ခတွေကို၊ ရင်ဆိုင်မယ်။
ထောင်က, ပြန်ထွက်လာမှ၊ ကိုရီးယား သွားကြတာ
ပေါ့ကွာ။

ကိုရီးယားမှာ၊ ရဲမင်းလို ကောင်မျိုးတွေနဲ့ ကြုံ
ရင်လည်း၊ ကိုရီးယားထောင်ထဲ ဝင်လိုက်ကြတာပေါ့''
မြတ်သူက, ရယ်ရယ်မောမော ပြောနေသည်။

ကျွန်တော့်စိတ်တွေ နိုင်မာ၊ မာကျောအောင်၊ ပြင်ဆင် လေ့
ကျင့်ရဦးမည်။ . . . ဟု၊ တွေးသိလျက် အားတင်းမိ၏။

မြတ်သူက,တော့၊ တိမ်ရိုင်းတို့လို ကျော်လွှားရန်၊ ခွာပေါက်
မြည့်ဟည်းနေသော၊ သိန္ဓောမြင်းကြီးတစ်ကောင်ကဲ့သို့၊ ဝင့်ကြွား
မာထန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၉ )

မြတ်သူက, ခွင့်မပြုသော်လည်း၊ ဥပဒေအကျိုးဆောင်များကို
ကျွန်တော် ငှားခဲ့သည်။ အမှုရင်ဆိုင်နေစဉ်အတွင်း၊ မြတ်သူ၏မိခ
ခေါ်သူဖာ ကွယ်လွန်သည်။ မြတ်သူကို၊ ကျွန်တော် ချက်ချင်း အသိ
မပေးသေး။

စီရင်ချက်ချပြီးသည့်နောက်၊ တစ်ပတ်လောက်ကြာမှ
အကျဉ်းထောင်တွင်၊ ကျွန်တော် ပြောပြအသိပေးသည်။ "ဝါ . . . နှမ
အဝီ။ တစ်ယောက်တည်း ဖြစ်နေပြီ" . . . ဟု၊ မြတ်သူ ပြော
"ငါ . . ., ရှိပါတယ်" . . . ဟု၊ ကျွန်တော် ပြောသည်။ မြတ်သူက
. . .

"အဖမဆုံးတာကို၊ မင်း၊ အခုမှ ပြောပြတာ
တော်သေးတယ်။ တရားရုံးမှာသာ၊ ပြောလိုက်မိရင်
ငါ . . ., အမေ့ဆီကို၊ အပြေးလာချင်စိတ်နဲ့၊ ဝရမ်
ပြေးလုပ်မိမှာ၊ အမှန်ပဲ။

ကောင်းတယ်။ မင်း . . ,အချိန်အခါ ရွေးတာ
မှန်တယ်။ မင်းရွေးတဲ့အချိန်အခါ၊ အကောင်းဆုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစိတ်ဖြစ်ဖြစ်၊ ဘယ်ကို . . . ဘယ်လိုမှ ထွက်
ပြေးလို့မရတဲ့နေရာကို၊ ငါ . . . ရောက်မှ၊ မင်း . . .
အသိပေးတယ်။ မင်း လူလည်ပဲ''

ပြုံးကာ ရယ်ကာ ပြောသည်။ ကျွန်တော်က . . .

''မင်း စိတ်မဆိုးရင် ပြီးတာပဲ။ တရားရုံး
ဝန်းဒိုင်းကျဲမှာစိုးလို့၊ အခုမှ . . . ငါ့, ပြောရတာ''

''မဆိုးပါဘူးကွာ။ စေတနာနဲ့ စီမံတာပဲ
နောက်နှစ်ပတ်ကျော်လောက်ရောက်ရင်၊ ငါ . . .
ဒီမှာ၊ မရှိနိုင်တော့ဘူး။ လေ့လော့အင်း . . .
ခေါ်တဲ့၊ ရဲဘက်စခန်းတစ်ခုကို ရောက်လိမ့်မယ်

အကြာကြီးနေမှ၊ တစ်ခါလာပါကွာ။ လာ
. . . သွားရတာ ငွေကုန်တယ်။ လူပန်းတယ်''

''မင်း . . ရဲဘက် မသွားလို့ မရဘူးလား''

''ထောင်လေကွာ။ ငါ့ဆန္ဒကို လိုက်လျော
မယ့်သူဆိုလို့၊ မင်းပဲရှိတယ်''

''ဟုတ်တယ်လေ။ မင်း . . . ဘာလုပ်
သလဲ . . . ပြော။ ငါ . . . , မင်းနားမှာ လာ
မလား''

မြတ်သူ မျက်ခုံးတွန့်၏။

''မင်း . . . ဘယ်လို လာနေမှာလဲ''

''လွယ်ပါတယ်ကွာ။ ငါ . . . တစ်ယော





ယောက်ကို, သတ်လိုက်မှာပေါ့။ အဲဒါဆို၊ မင်းနဲ့
. . . ငါနဲ့ . . . နေရာတူသွားပြီ''

''တော်စမ်း၊ ထွန်းတောက်။ တော် . . .''

နံဘေးမှ အခြားသူများ၏ စကားသံထက်ပင်၊ မြတ်သူ၏
အော်သံ ပို၍ကျယ်လောင်မြည်ဟိန်းသွားသည်။

''ထောင်ဆိုတာကို၊ မင်း, ဘာအောက်မေ့နေ
လဲ။ မင်းကို၊ ငါ . . . သေသေချာချာ မှာလိုက်မယ်။
ရန်မဖြစ်နဲ့။ လုံးဝ, ရန်မဖြစ်နဲ့တော့။ သူ
တစ်ပါး ရန်စ,ရင်၊ ရဲကိုသာ၊ သွားတိုင်။ ကိုယ်တိ
လက်ရောက် မလုပ်နဲ့။ မင်း . . . မသေမချင်း မှတ်
ထား။ ထောင်ဆိုတာ . . . ရောက်ကောင်းတဲ့နေရာ
မဟုတ်ဘူး''

မြတ်သူက, ကျွန်တော့်ကို လက်ညှိုး တထိုးထိုးဖြင့် ပြော၏။
ကျွန်တော်က . . .

''ငါက . . . မင်းဆီကို ငါ . . . လာစေချင်မယ်
ထင်လို့ ပြောတာ''

''မလာနဲ့။ မင်းကို . . . ငါ, အကူအညီ
တောင်းစရာရှိတယ်''

''ပြော . . သူငယ်ချင်း။ ဘာကူညီရမလဲ''

''ငါ . . . နမ,ကို မင်းစောင့်ရှောက်ပေးစမ်းပါ။
အထူးသဖြင့်၊ သူ့ကို၊ ဆယ်တန်းအောင်အောင်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ်ပေးစမ်းပါ"

"စိတ်ချပါ။ ငါ တာဝန်ယူပါတယ်ကွာ။ မင်း
.. နှမ၊ လုံးဝ ... ပညာတတ်ဖြစ်စေရမယ်။ ငါ ...
ကတိလည်းပေးတယ်"

"ကျေးဇူးပဲကွာ"

"ဒေဝီ တစ်ခုတော့၊ ငါ့ကို တောင်းဆိုတယ်
မင်းနဲ့တွေ့ချင်တယ် ... တဲ့"

"ငါ ... ခေါ်မလာစေချင်ဘူး"

"နောက် ... တစ်ခေါက်မှ လိုက်ခဲ့ဖို့၊ ငါ
... ကတိပေးထားတယ်ကွ"

"ငါ့အမေကိုရော၊ ငါ့ နှမ,ကိုရော ... ဘယ်
အနိဋ္ဌာရုံကိုမှ၊ ငါ ... မမြင်စေချင်ဘူးကွာ"

"မင်း ..., ရဲဘက် မထွက်ခင်။ တစ်
လောက်တော့။ မောင်နှမ နှစ်ယောက်၊ တွေ့
တယ် ထင်တယ်။ မင်း ... မှာစရာရှိတာ သေ
ချာချာ မှာလို့ရတာပေါ့"

မြတ်သူ ... ခေါင်းညိတ်၏။ ပြီးမှ ...,

"ဩော် ..., ငါ ပြောဖို့မေ့နေတယ်"

"ဘာလဲ ... သူငယ်ချင်း"

"ကိုရီးယားကို၊ မင်း တစ်ယောက်တည်
သွားလို့ရတာပဲ။ မင်း ... သွားချင်သွားလေ"





"မသွားပါဘူးကွာ။ မင်း ပြန်လာမှ၊ အတူတူ
သွားကြတာပေါ့"

မြတ်သူက, မဲ့မဲ့လေး ပြုံး၏။

"ဘာပြုံးတာလဲ"

"ဩော် ... အနေအထိုင် အသွားအလာ၊
သတိရှိဖို့၊ မင်းကို သတိပေးတဲ့၊ ငါက .. ထောင်ထဲ
ရောက်နေတာကို၊ တွေးမိလို့ပါ"

"ငါ ... ကံသီ, တာပါကွာ။ မင်းနဲ့အတူ ရှိ
နေတဲ့ အချိန်ဆိုရင်။ ငါလည်း၊ မင်းနဲ့ တစ်ခန်းတည်း
နေရလောက်ပြီ၊ ငါ့ပြဿနာကို၊ ငါ ... မရှင်းနိုင်တာ
ကိုတော့၊ ငါ ... ယူကျုံးမရဘူး။ ငါ ... မရှင်းနိုင်လို့
မင်း ... အခုလိုဖြစ်ရတာ"

"ငါ ... ဘာမှ မဖြစ်ပါဘူး ထွန်းတောက်
ရယ်။ ငါ့အဖြစ်က၊ ဘယ်လောက်ဆိုးဆိုး၊ နောင်
ခုနှစ်နှစ်ကြာရင်၊ မင်းတို့ဆီကို၊ ငါ .. ပြန်လာလို့
ရပြီလေ။

သေသွားတဲ့ ရဲမင်း၊ ဘယ်တော့မှ ပြန်လာလို့
မရနိုင်တော့ဘူး။ သူ့အဖြစ်က၊ ငါ့အဖြစ်ထက် ပိုဆိုး
တာပေါ့။ မဟုတ်ဘူးလား"

"မင်းက ... စိတ်, ဿက်သာအောင်ပဲ တွေး
တတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အုတ်တံတိုင်း။ အဝန်းအဝိုင်း။ အချုပ်အနှောင်။ အကာအရံ။ အဆီးအတား။ အဖိအစီး မျိုးစုံအောက်မှာ၊ နေရမယ့်လူတိုင်း။ ဒီလိုပဲ စိတ်သက်သာစရာ ရှာပြီး၊ တွေးရတော့မှာပေါ့"

"အဲဒီလို တွေးတတ်အောင်။ မင်းကို ... ဘယ်သူသင်ပေးလဲ"

"ကျောင်းက၊ မင်းတို့ ငါတို့ကို ..., စာတွေ သင်ပေးတယ်။ တခြားအရွေတွေကိုတော့၊ လောက,ကြီးက ... သင်ပေးလိမ့်မယ်"

"လောက,ကြီးဆိုတာ။ ဘယ်မှာလဲ။ လောက,ကြီးက၊ တော်တော်ကြီးသလား"

"မင်းရှိနေတဲ့နေရာဟာ။ မင်းရဲ့ လောက,ပဲ။ မင်းရဲ့လောက, ကြီး၊ ကြီးမကြီးက, တော့၊ မင်း... အပေါ်မှာ မူတည်တယ်။ မင်းက, သေးသေးမွှားမွှား လေးဆိုရင်၊ မင်းရဲ့လောက,က သေးသေးမွှားမွှား လေးပေါ့။ မင်းက, ရောမ, ကြီး ဆိုရင်။ မင်းရဲ့ လောက, ကလည်း၊ ရောမ, အကြီးကြီးပေါ့"

"ဒါဆို၊ မင်း ... အခု ဘယ်လောက, ကိုရောက်နေတာလဲ" ... ဟု၊ ကျွန်တော် မေးလိုက်၏။ "အပယ်လောက, ကို ရောက်နေတာပေါ့"။ ... ဟု၊ မြတ်သူ ပြန်ဖြေ၏။ "အပယ်က , လေးပါးတော်ရှိတာ" ... ဟု၊ ကျွန်တော် ပြန်ပြောသည်။ မြတ်သူက ... ရေ



( ၂၆ )

မခံ့မှဖြစ်သည်မှာ ကြာပြီဖြစ်သော အချိန်များအတွင်း၊ ပျိုမေခင် လူလာ၏။ အလုပ်ဌာနတစ်ခုတွင်၊ အရောင်းမြှင့်တင်ရေး ဦးဆောင်သူ အဖြစ် တာဝန်ထမ်းဆောင်နေပေပြီ။ ပို၍ တည်ကြည်ရင့်ကျက်လာသော လူမျက်နှာထား။

"ဒေဝီကို နိုင်ငံအိမ်မှာ ခေါ်ထားမယ်ဆိုတာ၊ မသင့်တော်ဘူး ထင်တယ်"

ပျိုမေခင်၏ အလိုမကျသည့်၊ လေသူလေသိမ်း။

"စောင့်ရှောက်မယ့်သူဆိုလို့၊ ငါရယ် ... အာကာရယ် ... နင်ရယ် ...။ ဒီလူတွေပဲ ရှိတာ။ ငါ့အိမ်မှာ ခေါ်မထားစေချင်ရင်၊ နင့်အိမ်မှာ၊ ခေါ်ထား ပေးမလား"

ပျိုမေခင် ခေါင်းကို မြန်မြန်ခါ၏။

"မင်းလှေမျောလည်း။ မဆယ်နဲ့။ ခြေနှစ်ချောင်းလည်း၊ မကယ်နဲ့တဲ့၊ အခု ... ခြေနှစ်ချောင်း ကို ကယ်လို့၊ နင်နဲ့ငါ၊ ပြဿနာတက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ပြဿနာတက်စရာရှိလဲဟာ။ မြတ်
ငါ့သူငယ်ချင်းဆိုတာ၊ နင် ... သိရက်သားနဲ့"

"ကိုမြတ်သူက၊ နင့်သူငယ်ချင်းဆိုပေမယ့်
ဒေဝီက, နင့် ... သူငယ်ချင်းမှ၊ မဟုတ်တာ"

"ခွေမျိုးသားချင်း၊ မရှိဘူးဟ"

"အမြင်မတော်တဲ့သူ စောင့်ရှောက်လိမ့်မယ်
နင်က ..., ကိုယ်ဖိုရင်ဖို စောင့်ရှောက်ချင်လို့လား"
ကျွန်တော့်စိတ်, ပါးပျဉ်းထောင်သွားသည်။

"ငါ ... နင့်ကို၊ တစ်ခါမှ စိတ်မဆိုးဖူးဘူး
နော်၊ ပျို့မေခင်၊ စကားကို၊ ကိုယ်ချင်းစာစိတ်နဲ့ပြော"

"နင့်ကို၊ မကူညီနဲ့ ... လို့၊ ငါပြောတာ
မဟုတ်တာ။ တော်၏ ... လျော်၏ပေါ့။ အခုတော့
..., နင်က၊ အိမ်ပေါ်အထိ ခေါ်တင်ထား ရပြီ
တော့ ...။

ငါ့ကို၊ စာနာလေ။ ငါ့ကို ... ကိုယ်ချင်းစာ
ကြည့်လေ။ ငါက, နင့်ရည်းစား၊ နင့်ချစ်သူ။ နင်
... ရည်ရွယ်ထားတယ် ... ဆိုရင်၊ နင့်ရဲ့ ...
လောင်း။

ငါ ... ဘာမှ မစိုးရိမ်ရတော့ဘူးလား"

"နင် ... စိုးရိမ်ရလောက်တဲ့၊ ယောက်ျား
အမျိုးအစားထဲမှာ၊ ငါ ... မပါဘူး ပျို့မေခင်၊





ဒေဝီ့ကို၊ ငါ ... အိမ်ပေါ် ခေါ်တင်ထားတာ မဟုတ်
ဘူး။ ခေါ်ပြီး စောင့်ရှောက်ထားတာ။ ကူညီရုံနဲ့ မလုံ
လောက်ဘူး။ စောင့်ရှောက်မှုပါ, လိုတယ်။

မြတ်သူရဲ့ နှမ၊ ငါ့နှမပဲ ဆိုတာ၊ နင် ...
မြဲမြဲမှတ်ထား။ တစ်နေကုန်၊ သူ့အိမ်သူနေ။ လုပ်စရာ
ရှိတာလုပ်။ ငါတို့အိမ်ဘက်လည်း၊ သူ့ဘာသာ ကိစ္စ
ရှိရင်၊ ကူးလာ။ အိမ်အလုပ် လာကူလုပ်။ ည ...,
အိပ်တဲ့အချိန်၊ သူ့အိမ်မှာ၊ သူ တစ်ယောက်တည်း၊
မအိပ်စေချင်လို့ ငါ့အမေကိုယ်တိုင်၊ အိမ်မှာ ခေါ်သိပ်
တာ။ နင် ..., ဘာမှ စိုးရိမ်စရာ မရှိဘူး"

"နင် ... သူ့ကိုစောင့်ရှောက်ရမှာ၊ တစ်လ,
နှစ်လ မဟုတ်ဘူးနော်၊ ထွန်းတောက်။ တော်ကြာ
...။ သူ့အစ်ကို ထောင်ထဲမှာ၊ ထစ်ခုခု ဖြစ်သွားလို့
တစ်သက်လုံး၊ စောင့်ရှောက်နေရဦးမယ်"
မဲ့မဲ့တဲ့တဲ့ အမူအယာဖြင့်၊ ပြောလေသည်။

"နင့်ကြောင့်၊ သူ ... ထောင်ထဲဝင်ရတယ်
... လို့၊ နင် ထင်နေတာလား"

"ငါ့ကြောင့် မဟုတ်ဘဲ။ တခြားအကြောင်းနဲ့
မြတ်သူ တစ်ခုခုဖြစ်လည်း။ ငါ ...,အခုလိုပဲ စီစဉ်မှာ
ပဲ။

ငါနဲ့ ... မြတ်သူနဲ့က၊ လက်ပေါက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



အတူတူထိုင်၊ ဂစ်တာ အတူတူတီး၊ ကျောင်းသွား
အတူ ... သူငယ်ချင်းမျိုးထက်ပိုတယ်''

''ဩော် ... ။ ယောက်ဖရေ ... သူငယ်ချင်း
ဆိုတာမျိုးပေါ့''

''ငါ ... ပြန်တော့မယ်၊ ပျိုမေခင်''

ဒေါ်သ, ကို ဖောက်ခွဲ၍ ရအပ်သော နေရာမျိုးမဟုတ်
ယူဆ, ကာ၊ နှုတ်ဆက်စကားသာ၊ ကျွန်တော် ပြောလိုက်သည်။

''ပြန်လေ''

ကျွန်တော်ထိုင်နေရာ ခုံငယ်လေးဆီမှ မတ်တပ်ရပ်လိုက်

''နင် ... ကိုရီးယား မသွားတော့ဘူးလား''

ကျွန်တော် ခေါင်းခါပြလိုက်သည်။ ပျိုမေခင်က, ကျွန်တော်
အတူ၊ ထ, ရပ်ရင်း ...

''ငါ ခွင့်ပြုတယ်လေ၊ မတားတော့ဘူးလေ''

''မြတ်သူ ထောင်က ထွက်လာမှ သွားတော့
မယ်''

''ခုနစ်နှစ်ဆိုတဲ့အချိန်အတွင်းမှာ၊ ငါနဲ့ နင်
ဘာလုပ်နေကြရမှာလဲ ထွန်းတောက်''

''ငါက, ရတဲ့အလုပ်ကို၊ ဖယ်ဆက်သည်
လုပ်ပြီး၊ မြတ်သူတို့ မောင်နှမကို၊ စောင့်ရှောက်မယ်
နင်က ... နင့်အလုပ် ... နင် ဆက်လုပ်ပေါ့
လိုအပ်ရင် ... ငါ့ကို နင် ကူညီပေါ့ဟာ''





''ငါ့အတွက်၊ နင် ... အာစီစဉ်ထားလဲ၊ ငါတို့
နှစ်ယောက်ရဲ့ နောင်ရေးဆိုတာကိုလေ''

''ကိုယ်ရေးကိုယ်တာ အစီအစဉ်တွေ အားလုံး
ကို၊ နောက်သို့ ရွှေ့ဆိုင်းလိုက်တယ်ပဲ ပြောရမှာပဲ
ပျိုမေခင်''

''ဘာလဲ။ နင်က, အမျိုးသမီး ကယ်ဆယ်
ရေးနဲ့ အကျဉ်းသား ထောက်ပံ့ရေး လုပ်နေရလို့
မဟုတ်လား''

ပြုံးလျက် နောက်ပြောင်ဟန်။

ထိုအပြုံးနောက်ကွယ်မှ၊ အစွယ်ဖွေးဖွေးလေးကို၊ ကျွန်တော်
နေ့မိပြီ။

''ငါ ... ပလက်ဖောင်း ဈေးသည်အဖြစ်ပဲ
ရှိနေဦးမှာပါ၊ ပျိုမေခင်။ နင့်ကိုလည်း၊ ငါ့ချစ်သူ
အဖြစ်၊ ဆက်ရှိနေစေချင်သေးတယ်။ ဒုက္ခရောက်နေ
တဲ့ မောင်နှမ,နှစ်ယောက်ကို၊ ချစ်သူနှစ်ယောက်က၊
ကူညီတာမျိုးပေါ့ဟာ''

''သဝန်ကြောင်တဲ့စိတ်၊ ရှိနေတာက, လွဲရင်၊
ငါလည်း၊ ခပ်လှမ်းလှမ်းက၊ ကူညီချင်ပါရဲ့။ နင့်လို
... တစ်ကိုယ်လုံးတော့၊ မနှစ်နိုင်ဘူး။ ပတ်ဝန်းကျင်
ရှိတယ်ဆိုတာ၊ နင် ... ဘယ်တော့မှ မေ့မနဲ့
ထွန်းတောက်။



www.burmeseclassic.com

www.burmeseclassic.com



သွေးမတော် သားမစပ်တဲ့ ယောကျ်ားလေး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို အတူ တကွ၊ ကာလ, ကြာကြာ တွေ့ကြ မြင်ကြရပြီဆိုရင် ပတ်ဝန်းကျင်ဆိုတာ ‥ အတင်းစကားနဲ့ မေးငေါ့ တတ်ကြတယ်။ ပေးစားတတ်ကြတယ်။ သမုတ် တတ်ကြတယ်။

အဲ့ဒီ ပတ်ဝန်းကျင်ဆိုတဲ့ လူ့တန်းစားတွေထဲ မှာ၊ ငါ့မိသားစုရော … ငါ့,ကိုယ်တိုင်ရော ပါနေ တယ်ဆိုတာ၊ နှင် … သတိထားထားပါ''

''စကားတင်းပြောကြမယ့်အထဲမှာ၊ ချစ်သူ ကိုယ်တိုင်ပါနေမယ်ဆိုရင်တော့၊ ဂျူးလိယက် ဆိုတာ လို အဖြစ်ဆိုးမျိုးတော့၊ ငါ ကြုံရတော့မှာပဲ''

''ငါ … နိုင်ငံရေး နားမလည်ဘူး၊ လူမှုရေး လည်း နားမလည်ဘူး။ ဒါပေမဲ့ … မိန်းမတစ် ယောက်ရဲ့ စိုးရိမ်စိတ်ကိုတော့၊ ငါ … နားလည် တယ်။ ဒေဝီကို၊ အိမ်ပေါ်ခေါ်တင်ထားတာက လွဲရင်၊ ငါ့မှာ … ကန့်ကွက်စရာ ဘာမှ မရှိပါဘူး''

''ခေါ်တင်ထားတဲယ် … လို့၊ မသုံးနှုန်းပါနဲ့ ဟာ။ ငါ့ ‥ စာလည်း သင်ပေးရမှာ။ စောင့်လည်း စောင့်ရှောက်ရမှာ။ ည, အိပ်ချိန်တစ်ချိန်ပဲ၊ အိမ်မှာ လာအိပ်တာ။ ကျန်တဲ့အချိန်က, ဝင်လိုက်





ထွက်လိုက်။ သွားလိုက် လာလိုက်ပဲ။ အမေ့အတွက်၊ အကူအညီလို့မှ၊ နေ့ခင်းဘက် အိမ်ကိုလာတာ''

''အလိမ္မာ။ အိမ်ပါဆိုတာမျိုးပေါ့''

ပြောလေ၊ ရိလေ ဖြစ်နေသည်။

''ငါ့ နှမ, အငယ်ဆုံးလေး အရွယ်ပါ ပျို့မေခင် ရယ်။ နှင် … မသမုတ်ပါနဲ့။ မြတ်သူ ကြားသွား သိသွားရင်၊ မကောင်းတဲ့ စကားနာထိုးတဲ့ ပြဿနာမျိုး ကြီး၊ မလုပ်ပါနဲ့။ မပြောပါနဲ့။ မစိုးရိမ်ပါနဲ့''

''နှမ အငယ်ဆုံး အရွယ်ဆိုပေမယ့်။ အရုပ် အမောင်းက၊ ငါ့ထက်တောင် ပိုလှသေးတယ်။ ငါ … ကျန်ခဲ့တော့မယ် ထင်တယ်''

''တောက်''

လမ်းပေါ်ရှိ ခဲလုံးတစ်လုံးကို၊ ကျွန်တော် လွှဲကန်လိုက်သည်။ …ည်း နည်းနည်း နာသွားတာ။ ခြေမ, တစ်ချောင်းလုံး၊ အပြည့် …သည်။ အသည်းနှလုံးသည်၊ လွှဲကန်လိုက်မိသော၊ ခဲလုံးပမာ။

www.burmeseclassic.com

www.burmeseclassic.com

# ( ၂၇ )

မြတ်သူ ရဲဘက်စခန်း မသွားမီ၊ ဒေဝီ့ကို မြတ်သူ ရှိရာသို့ ကျွန်တော် လိုက်ပို့သည်။ ဒေဝီက မြတ်သူကို မြင်မြင်ချင်း ရင်ခွင်သို့ပြေးဝင်သွား ဟန်တူ၏။ သတိလက်လွှတ် ပစ်လဲသွားလေသည်။ မြတ်သူမှာ နှမ ဖြစ်သူကို မည်သည့်စကားမျှ မမှာလိုက်ရ။ ဒေဝီ သတိလည်လာချိန်၌ မြတ်သူနှင့် ကျွန်တော်၊ စကားအနည်းငယ် ပြောခွင့်ရလိုက်သည်။

"ဒေဝီ။ ညီမလေး။ နေကောင်းအောင် နေစမ်း"... ဟု သာ၊ မြတ်သူလှမ်းပြောနိုင်သည်။ မျက်ရည်မကျသော်လည်း မြတ်သူ၏ မျက်လုံးများ၊ နီရဲနေသည်ကို၊ ကျွန်တော် မြင်တွေ့ရ၏။

"ငါ့နှမ ကို၊ မင်းလက်ထဲ ဝ ကွက် အပ်လိုက်တယ်ကွာ။ သွန်းတောက်။ ငါ... အားကိုးပါရစေ"... ဟု၊ မြတ်သူ ပြော၏။ "စိတ်ချစမ်းပါကွာ။ မင်းပြန်လာတဲ့နေ့မှာ၊ ဒေဝီ ဘွဲ့ရပြီးသား ဖြစ်နေစေရမယ်"... ဟု၊ ကျွန်တော် ပြော၏။ မြတ်သူ လက်မ ထောင်ပြသည်။ ပြီးမှ ...

"မင်း ... ဘွဲ့ယူပြီးပြီလား"

"မင်းရော၊ ငါရော၊ အာကာရော။ အဝေးရောက်ဘွဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ကြတယ်''. . . ဟု၊ ကျွန်တော် ပြောပြသည်။ ''အပြင်မှာ အာကာ ပါလာတယ်၊ ဝင်လို့မရလို့ နေခဲ့ရတယ်''. . . ဟု၊ ကျွန်တော် ပြောပြ၏။ ''ရဲဘက်ရောက်မှ၊ လူစုံလာကြပေါ့ကွာ။ ငါ့နှမ,ကိုတော့ အသည်းမာအောင် သင်ပေးပြီးမှ ခေါ်လာပါ တော့''. . . ဟု၊ မြတ်သူ မှာ၏။

အပြန်လမ်းတွင်၊ ဒေဝီ့ကို၊ ကျွန်တော် ဖေးတွဲခဲ့ရလေသည်။

''ကောင်မလေးလက်ကို နင်က၊ ကိုင်ထားတယ် . . . တဲ့။ ကောင်မ, လေးကလည်း။ နင့်ကို မှီမှီတွယ်တွယ်လေး . . . တဲ့၊ အဲဒါ . . . ဒေဝီ မဟုတ်လား''

''ဟုတ်တယ်။ ဒါပေမဲ့ . . . , ငါနဲ့ဒေဝီနဲ့ နှစ်ယောက်ထည်း မဟုတ်ဘူး။ အာကာလည်း ပါတယ်။ မြတ်သူဆီသွားကြတာ''

''အခု. . . , နင်၊ ဒေဝီ့ကို ဈေးရောင်းကျွေး နေရတာပေါ့၊ ဟုတ်လား''

''ငါ ကျွေးတာ မဟုတ်ပါဘူးဟာ။ ငါ့မိဘ ကျွေးတာပါ။ ငါက,တော့၊ အလုပ်, ပို့လုပ်ရတာပေါ့''

''ဒေဝီ့ကို၊ နင့်အိမ်မှာ ထားခဲ့ပြီး။ နင်





ကိုရီးယားကို သွားလို့ မရဘူးလား''

''ရတာပဲ။ ဒါပေမဲ့ . . . , ငါ မသွားတော့ဘူး။ သူ့ပညာရေးကိုပါ၊ ငါ. . . ရှုစိုက်ရဦးမယ်''

'''ဒေဝီ နင့်ကို တွယ်နေတယ် . . . လို့၊ နင်, မထင်ဘူးလား''

''တွယ်တယ်. . . လို့၊ မသုံးနှုန်းပါနဲ့ဟာ၊ အားကိုးတာဖြစ်မှာပါ။ တွဲထားပြုထားတယ် ဆိုတာလည်း၊ သူ. . . နေမကောင်းဖြစ်သွားလို့၊ ငါ . . . တွဲပေးထားတာ''

ပျိုမေခင်၊ ခေါင်းခါ၏။

''သာမန်အဆင့်ထက် ပိုနေပြီ . . . တဲ့။ ပြော ကုန်ကြပြီ''

''အဲဒါ. . . နင့်၊ ကိုယ်ပိုင်စကားလား''

''ငါ့ စကား မဟုတ်သေးပါဘူး။ တစ်ဆင့် စကား တစ်ဆင့်နားပေါ့''

''ပျိုမေခင်။ ငါက, နင့်ချစ်သူမို့။ သူတစ်ပါး ပြောတဲ့ တစ်ဆင့်စကားနဲ့၊ ကိုယ့်ချစ်သူကို စွပ်စွဲတာ ဟာ၊ သူတစ်ပါးပေးတဲ့ ဓားနဲ့၊ ကိုယ့်ချစ်သူကို၊ ထိုးလိုက်တာနဲ့ အတူတူပဲ''

''စွပ်စွဲတယ်၊ သမုတ်တယ်၊ စကားတင်း ဆို တယ်ဆိုတာ။ ကာယကံရှင်တွေရဲ့၊ အပြုအမူ,



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်တွေကြောင့်၊ ပေါ်ထွက်လာရတာ။

နင်, အနေအထိုင် ဆင်ခြင်ရင်၊ ဘာသံမှ ထွက်မလာပါဘူး။ လူတိုင်းလူတိုင်းက၊ ကိုယ့်အလုပ် ကိုယ်လုပ်နေကြရတာ။

ကိုယ့်အလုပ် ကိုယ်လုပ်နေကြတဲ့ လူတွေရဲ့ ပါးစပ်ဖျားမှာ၊ စကားတင်းဖြစ်စရာတစ်ခုခု ရောက်နေရတယ်ဆိုတာ။ အဲဒါ ‥ သာမန်အခြေအနေထက် ပိုတဲ့ ‥‥ တစ်ခုခုကြောင့်ဆိုတာ၊ အသေအချာပဲ"

ကျွန်တော်က ‥‥

"နင့်ချစ်သူ၊ ငါက။ နင်, ပြောသလို၊ ဝန်းကျင်ရဲ့ စကားတင်းပြောတာကို၊ အနေအထိုင်မဆင်ခြင်လို့၊ ခံနေရပြီပဲထား။ နင်က ‥‥ ငါ့ချစ်သူ တစ်ယောက်အနေနဲ့၊ ငါ့ကို၊ ဘယ်လိုကာကွယ်ပေးနိုင်မလဲ"

ပျိုမေခင်က ‥‥,

"ဘယ်မိန်းကလေးပဲ ဖြစ်ဖြစ်။ သူနဲ့ ပတ်သက်တဲ့ ယောကျ်ားလေးကို၊ ယုံကြည်စိတ်ချချင်တယ်။ သဝန် မကြောင်ချင်ဘူး။

ကိုယ့်စကားကို၊ နားထောင်လိုက်နာတတ်တဲ့ ကိုယ့်ချစ်သူကို၊ ဘယ်မိန်းကလေးပဲ ဖြစ်ဖြစ်၊ စိတ်ချ ယုံကြည်ပြီးသားပဲ။





နင့်ကို၊ ငါ ‥‥, စိတ်လည်းမချဘူး။ ယုံလည်း မယုံဘူး။ အဲဒါကြောင့်၊ ပတ်ဝန်းကျင် စကားအတင်းတွေကြားမှာ၊ မရှက်မကြောက်၊ နေရဲတဲ့ နင့်ကို၊ ငါ ‥‥ ဘယ်လိုမှ ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး။ ပတ်ဝန်းကျင်ဘက်က,ပဲ၊ ငါ ‥‥ ရပ်နေရလိမ့်မယ်"

"မြတ်သူ ပြန်လာရင်၊ ဒီကိစ္စတွေ ‥‥ အားလုံး၊ ထမင်းစားရေသောက် ကိစ္စလေး၊ ဖြစ်သွားမှာပါ။ အဲ့ဒီအချိန်အထိ၊ နင်, ငါ့ကို၊ နားလည်ခွင့်လွှတ် ‥‥"

ပျိုမေခင်၊ လက်ကာ၏။ စကားလုပြောသည်။

"ခြောက်နှစ် ခုနစ်,နှစ် မပြောနဲ့။ နင့်သားနားမှာ ခြောက်ရက် ခုနစ်ရက်တောင်, ဘယ်မိန်းကလေးမှ ငါ ‥‥ မတွေ့ချင်ဘူး။ အဲဒါ ‥‥ ငါ့ဆန္ဒပဲ။

နင်လည်း ‥‥ ငါ့ဆန္ဒကို၊ မလိုက်လျောမယ့် အတူတူ၊ ကျောချင်းကပ်လိုက်ကြတာပဲ ကောင်းမယ် ထင်တယ်"

"ငါ ‥‥ ဈေးရောင်းနေတာ ‥‥ ပျိုမေခင်။ ငါ ‥‥ ဈေးရောင်းနေတဲ့အခါ၊ နင် ‥‥ ကူမရောင်း ပေးပေမယ့်၊ အနားမှာ လာလာရပ်ပေးနေတာကို၊ ငါ ‥‥ အမြဲတမ်း ကျေးဇူးတင်တယ်။ အဲဒီလို လာလာရပ်ပေးနေတာကိုပဲ၊ အတူတူနေတယ် ‥‥ လို့



www.burmeseclassic.com

www.burmeseclassic.com



ငါ ... ခံယူထားခဲ့မိတယ်။

အခု ...၊ ငါ့မှာ၊ ဘေးကျပ် နံကျပ်၊ စိတ်ကျပ်၊ ကိုယ်ကျပ်၊ ခံစား ရင်ဆိုင်နေရတာတွေ အများကြီးပဲ။ အဲဒါတွေကို၊ နင် ... ကူရှင်းပေးဖို့ မလိုပေမယ့်၊ ငါ့အနားမှာ၊ နင်၊ ကူပြီး ရပ်ပေးနေရင် ငါ ... အားရှိမှာ အမှန်ပဲ။

ဒါပေမဲ့ ...၊ နင်က၊ ငါ့ဘက်မှာ မရပ်နိုင်ဘူး ဆိုတော့၊ ငါ၊ ဘာတတ်နိုင်တော့မှာလဲ။ ဘာမှ မတတ်နိုင်တော့တူ။ ချစ်သူနဲ့ စိတ်ဝမ်းကွဲရတဲ့ သူဟာ ... ကမ္ဘာပေါ်မှာ၊ အကြီးမားဆုံး၊ အထီးကျန်တဲ့သူပဲ။

အရာရာကို၊ ရင်ဆိုင်ဖို့၊ ငါ တစ်ယောက် တည်းလို့ပဲ၊ တွေးပြီး၊ အားတင်းရတော့မှာပေါ့ဟာ"

"နင့်မှာ၊ အဖော်ရှိပါတယ် တွန်းတောက်ရယ်၊ တစ်ယောက်တည်းလို့၊ နင် မညည်းညူပါနဲ့"

တစိမ့်စိမ့် စိမ်းစွာ ကြည့်မိသည်။

ပန်းအစိမ်း မပန်ထားပါဘဲလျက်၊ ကေသာဆံဖျားမှ ခြေဖျား အဆုံး၊ တစ်ကိုယ်လုံး စိမ်းနေသည့်၊ ချစ်သူမျက်နှာစိမ်း ... ဟု ရင်မှ အထပ်ထပ် တွေးမြင်မိသည်။

ပြောသောစကားတို့ စိမ်းလွန်းသဖြင့်၊

ပန်သော ပန်းတို့ စိမ်းနေသကဲ့သို့ သူ့ တစ်ကိုယ်လုံး အစိမ်း ရောင် ဖုံးနေခဲ့လေပြီ။ အသည်းနှလုံးသည်၊ အားလုံးအနက်၊ ပို၍





သာ၍ အစိမ်းဆုံးဖြစ်နေသည်။

ချစ်သူ စိမ်းကားလေမှ

တစ်တောလုံး၊ တစ်တောင်လုံး၊ တစ်မြို့လုံး၊ တစ်လောက လုံး၊ အစိမ်းရောင် ဖုံးလွှမ်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၉ )

အသွင်အပြင် တမင်စိမ်းသည်မျှ မကား၊ တစ်ပင်လုံး စိမ်းပြီကို
နေပြီ ဖြစ်ပါလျက်၊ ရေသောက်မြစ်ပါမကျန်၊ အပြန်အလှန်
ဆက်အောက်၊ စိမ်းနေပါသည်ဟု၊ ဖော်ပြလိုသည်ထင့်။

အလုပ်ဌာနမှ အပြန်၊ ကျွန်တော့်လမ်းဘေး ဈေးဆိုင်ဖနေရာ
အဖော်အမျိုးသားတစ်ယောက်ကို၊ ပျို့မေခင်၊ လက်တို့ ခေါ်ဆောင်
လေ၏။

"ဒါ ...၊ ပျို့သူငယ်ချင်း၊ ထွန်းတောက်
... တဲ့။ ဟဲ့ ... ထွန်းတောက်။ ဒါ ... ငါ့ ချစ်သူ၊
ကိုဖော်။ အဲ ...။ ဖော်ဖော်ဦး။ နာရီ လာဝယ်တာ။
အကောင်းဆုံးလေး ရွေးပေး"

လက်မှ နာရီအဟောင်းကို၊ သူ ဖြုတ်သည်။ ဖော်ဖော်ဦး
သူက၊ ကူ၍ ဖြုတ်ပေးနေလေသည်။

"ကို့။ ဒီနာရီက ဟောင်းနေပြီ။ ဒီ နာရီနဲ့၊
ပုံစံရော ... အရောင်ရော ... အမျိုးအစားရော၊
မတူတဲ့ တခြားနာရီ၊ ကိုပဲ ရွေးပေး"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါ်လောလော၊ ကျွန်တော့် နာရီဈေးခင်းထဲသို့ ချစ်
နှစ်ဦး၏ လက်များ၊ ရှာဖွေ မြူးတူးနေကြ၏။

"ပုံစံတွေက, လည်း၊ ရှိုးလိုက်တာ"

မြတ်သူ ကိစ္စနှင့်ပတ်သက်ပြီး၊ ဝင်, ထွက် သွားလာခဲ့ရသော
. . .၊ အချုပ်ခန်း၊ ထောင်နံရံ၊ မြင်တွေ့ထိတ်လန့်ခဲ့ရသည့် လက်ထိပ်
ခြေချင်း၊ အကျဉ်းထောင်၏ ဓလေ့စရိုက် မျိုးစုံ။

စသည်တို့ကိုသာ၊ မြင်ယောင်ပြီး၊ မျက်စိနှီးရှေ့ မြင်ကွင်းမျာ
ကို၊ သာမန်ကိစ္စတစ်ခုမျှသာ၊ သဘောပိုက်နိုင်အောင်၊ ကျွန်တော်
ကြိုးပမ်းဖြစ်သည်။ ချစ်သူချင်း အထင်လွဲအောင်၊ သဝန်တိုအော
အခြားသော အသိမိတ်ဆွေ တစ်ယောက်ကို၊ အကူအညီယူပြီး တ
ပြုမူနေခြင်းပဲ . . . ဟု၊ စိတ်ကူးယဉ် ဆန်စွာ၊ ကျွန်တော် တွေးသည

နာရီ အပါအဝင်, လူ့အသုံးအဆောင်ပစ္စည်းတိုင်း၊ အဟော
အမြင်း ဟူသမျှတို့သည်၊ တစ်ချိန်ချိန်တွင်၊ ပျက်စီးလေ့ ရှိကြ
ထို့ကြောင့်၊ တစ်ချိန်ချိန်တွင်၊ စွန့်ပစ်ခံကြရမည်မှာ မမွေထား။

ကျွန်တော့် အသည်းနှလုံးသည်လည်း၊ ချစ်သူ၊ ထာဝ
ရည်စူး သုံးဆောင်ရန်၊ ကိုယ်တိုင်ပေးအပ်ခဲ့သော၊ အသုံးခံပစ္စည
ဖြစ်ခု။ မဟောင်းနွမ်းသေး . . . ဟု၊ ကျွန်တော် ယုံကြည်သည
သို့သော် . . . လူ့အသုံးအဆောင် တချို့ကိုပင်၊ မဟောင်းမပျက်သေ
ဘဲ၊ မနှစ်သက်တော့သည့်အခါ၊ အသစ်တစ်ခု လဲလှယ်ခွင့် ရှိသ
အနေအထားမျိုးကဲ့သို့ မဟောင်းနွမ်း မယိုယွင်းသေးသည့် ကျွန်တေ
အသည်းနှလုံးကို၊ မနှစ်သက်တော့သဖြင့်၊ အသစ်တစ်ခု လဲလှယ်လ





ပို့ဖြစ်ကြောင်း၊ ချစ်သူ ကြေငြာနေပေပြီ။

တောင်းပန်တိုးလျှိုးချင်ပါသည်။ ဆွေးနွေးညှိနှိုင်းချင် ပါသည်။ သူလိုရာ အခြေအနေကို၊ ကိုယ်, ကိုယ်တိုင်က၊ ပြောင်းလဲဖန်တီးပေးနိုင်မည် မဟုတ်သည့်အတူတူ၊ မည်သို့မျှ ရင်ကြားစေ့ဖို့ မဖြစ်နိုင်ကြောင်း တစ်ကိုယ်တည်း သိနေသဖြင့်၊ တစ်ကိုယ်တည်းသာ မျိုသိပ်လိုက်ပါသည်။

နာရီအဟောင်းလေးကို "ဘုတ်ခနဲ" ပစ်ချရင်း . . ပျိုမေခင်က . . . "ဈေးပေါ်လို့လား မသိဘူး။ ရွေးစရာ သိပ်မရှိ ဘူး။ ဒီ . . . အဟောင်းကြီးကိုလည်း၊ ပတ်ချင်စိတ် မရှိတော့ဘူးလေ။ ဘယ်လိုလုပ်ရမလဲ"

ကျွန်တော်က . . .

"ဟို နားမှာ၊ နာရီချည်းပဲ သီးသန့်ရောင်းတဲ့ ဆိုင်ကြီး တစ်ဆိုင်ရှိတယ်။ အဲ့ဒီမှာ သွားဝယ်လိုက်ပေါ့"

ပျိုမေခင်က . . .,

"မထူးပါဘူး။

အသစ်ဆိုရင်ပြီးရော။ ဒီအထဲက, အဆင်ပြေတာပဲ၊ ပတ်လိုက်တော့မယ်။ အရေးကြီးတာက အဟောင်းကို မပတ်ချင်တော့တာပါ။ နော် . . . ကို"

စားစရာမဟုတ်ဘဲ၊ လာနားနေသော ယင်ကောင်တစ်ကောင်ကို၊ ကျာနယ်လိပ်ဖြင့် "ဖျတ်ခနဲ" ကျွန်တော် ရိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်ကောင်ကို မထိမိသော်လည်း၊ လက်ရိုက်သော အရှိန်၊ လွန့်ရှာ ပြင်းထန်သွားသည်ကိုတော့၊ သူတို့ သိကြလေသည်။

သူငယ်ချင်း တစ်ဦးကို၊ ဆုံးရှုံးသကဲ့သို့ ခံစားနေရပါလျက်၊ ချစ်သူတစ်ယောက်ကို၊ ထပ်မံဆုံးရှုံးရမည့် ကျွန်တော့် အဖြစ် ကျွန်တော့် ဝေဒနာကို၊ ပျို့မေခင်, နည်းနည်း စာနာဖို့ ကောင်းသည်

အလိုမကျ ဆန္ဒမညီ၍၊ သည်ဘဝ သည်မျှသာ ...ဟု နှုတ်ဆက် ခွဲခွာမည်ဆိုလျှင်ပင်၊ သူ ... တရားမျှတ, ပါသေးသည်

စစ်ကို ကြိုတင်မကြေငြာဘဲ၊ ကမ်းတက်တိုက်ပွဲကို၊ ဝုန်းခနဲ တိုက်၊ မြို့သိမ်းတိုက်ပွဲကို ဝုန်းခနဲဆင်ပြီးကာမှ၊ စစ်ကြေငြာသော တိုင်းနိုင်ငံကဲ့သို့၊ မတရားသောအမှုကို၊ သူ ... ပြုမူသည်။

ဒါကြောင့်, ...

''အချစ်နဲ့စစ်မှာ၊ တရားတာ, မတရားတာ၊ မရှိဘူး''... ဟူသော၊ စကားဆိုရိုး၊ ပေါ်ပေါက်လာသည်ထင်၏။

ချစ်သူသည် ...,

နာရီအသစ် တစ်လုံးကို၊ ဝယ်ပတ်သွားသည်၊

နာရီအသစ်။ ဝယ်ပေးသူ အသစ်။

ကျွန်တော်သာ၊ တစ်ကိုယ်တည်း၊ နာရီအဟောင်းလေးနှင့် ကျန်ရစ်ခဲ့ရ၏။ နာရီအဟောင်းလေးသည်၊ အရောင် မယွင်းသေး စက်သံ, လက်တံ မပျက်စီးသေး။ အချိန် မမှားသေး။

သို့သော် ..., ကျွန်တော် လွှင့်ပစ်လိုက်မိသည်။

( ၂၉ )

မြတ်သူ ရှိရာ ရဲဘက်စခန်းသို့၊ ကျွန်တော် မကြာမကြာ သွားသည်။ အာကာတစ်ယောက် ဇီဇဝါနှင့် ပြန်ပတ်သက်လိုက်သည့် အကြောင်း၊ ကျွန်တော်နှင့် ပျို့မေခင်တို့ အဆက်ပြတ်သွားသည့် အကြောင်းတို့ကို မြတ်သူအား၊ ကျွန်တော် အသိမပေးဖြစ်တော့ချေ။

ဒေဝီ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြောင်း၊ မြတ်သူကို ကျွန်တော် ပြောသည့်နေ့က၊ မြတ်သူ အလွန်ဝမ်းသာသွား၏။ ကျွန် တော့်ကို ကျေးဇူးတင်ကြောင်း အခါခါပြောသည်၊ ''မင်းတို့ ငါတို့လိုပဲ၊ အဝေးသင်ပဲ တက်နိုင်းလိုက်ပါကွာ''... ဟု၊ မြတ်သူ အကြံပြုသည်။ ''အမှတ်ကောင်းရင်၊ သူ ... တက်ချင်တာ တက်ပလေ့စေ၊ ငါ... အဆင်ပြေပါတယ်''... ဟု၊ ကျွန်တော် ပြောသည်။ ''မင်း, ယှဉ်မန်း နေပြီ''... ဟု၊ မြတ်သူ ညည်းပြော,ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတောက်၊ ကိုတောက်နဲ့အတူ၊ ကျွန်မ ရေးရောင်းလိုက်ချင်တယ်"

ဒေဝီကို၊ ကျွန်တော် သေသေချာချာကြည့်မိသည်။ ကလေးဆန်စွာ၊ ပူဆာ တောင်းဆိုခြင်းမျိုး မဟုတ်။ ဆွေးနွေးခွင့်ပန်သည့် လေယူလေသိမ်းဖြင့် ပြောခြင်းဖြစ်သည်။ တည်ငြိမ်စွာ နေထိုင်တတ်ပြီ . . . ဟု၊ သတိပြုဖြစ်၏။

ဒေဝီကို၊ ကျွန်တော် ခေါင်းခါပြလိုက်သည်။ ဒေဝီက . . .

"ကျောင်း နားတုန်းမို့ပါ"

"ကျောင်းနားတော့လည်း၊ အပြင်ကိစ္စတွေ လေ့လာပေါ့။ ဥပမာ၊ ကွန်ပျူတာတို့ Languageတို့ လိုအပ်မယ်ထင်ရင်၊ အပြင်စာလည်း ဖတ်ပေါ့"

"အပြင်စာဆိုတာ၊ ဘယ်လိုဟာမျိုးတွေလဲ"

"မဖတ်သင့်တဲ့ စာအုပ်ဆိုတာ၊ တစ်အုပ်မှ မရှိဘူး။ အကုန်ဖတ်။ ဖတ်ရင်းနဲ့ ကိုယ့်ရဲ့ ကိုယ်ပိုင်အသိက၊ ဆန်ကာစစ်သွားလိမ့်မယ်၊ ဘယ်ဟာ မဖတ်သင့်ဘူး၊ ဘယ်ဟာဖတ်သင့်တယ် . . . ဆိုတာ"

"စာဖတ်ရင်၊ ဘာဖြစ်မလဲ"

"ယဉ်ကျေးသိမ်မွေ့လာမယ်။ ကိုယ့်လူမျိုး . . . ကိုယ့်ဇာတိ။ ကိုယ့် အစဉ်အလာကို၊ မြင်တတ် ခင်တတ်လာမယ်။ လူတွေ . . . လက်လွတ်စပယ်





နေထိုင်ပြောဆိုနေကြတာ စာမဖတ်ကြလို့"

"လက်လွတ်စပယ်ဆိုတာ၊ ဘယ်လိုဟာမျိုး ကို ပြောတာလဲ"—

"အများကြီးပေါ့။ လူတွေ သတိမပြုမိတဲ့ အသေးအဖွဲကိစ္စတွေ။ အများကြီးပဲ"

"အသေးအဖွဲကိစ္စက၊ အရေးကြီးလို့လား"

"စစ်တိုက်ထွက်တဲ့ သူရဲကောင်း တစ်ယောက် မြင်းခွာမှာ၊ သံမှိုလေး တစ်ချောင်းပြုတ်နေတာကို၊ အရေးမကြီးဘူးထင်ပြီး၊ ဂရုမစိုက်ခဲ့လို့ စစ်ရှုံးဖူးတယ်။

ဘယ်လောက်ကြီးတဲ့ သင်္ဘောကြီး ဖြစ်ပါစေ။ အပေါက်သေးသေးလေး တစ်ပေါက်၊ ပေါက်နေရင်၊ တစ်ချိန်ချိန်မှာ . . . အဲဒီ သင်္ဘောကြီး မြုပ်သွားမှာပဲ၊ လောက, ကြီးမှာ, ဘယ်နေရာမှာ ဖြစ်ဖြစ် ဘယ်ကိစ္စဖြစ်ဖြစ်၊ ဒါလေးများဆိုတာ မရှိဘူး။ ဘယ် အသေးအဖွဲကိစ္စကိုမဆို၊ ဒါလေးများ . . . လို့ သဘောမထားနဲ့။ ဒါကြီးများ ဖြစ်သွားလိမ့်မယ်"

ကျွန်တော့် စကားကြောင့်၊ ဒေဝီ ပြုံးရယ်လေ၏။ပြီးနောက်

"အသေးအဖွဲဆိုပေမယ့်၊ လူတွေ မလိုက်နာမိတဲ့၊ ကိစ္စတစ်ခုလောက်၊ ကိုတောက်ပြောပြမလား"

"လေ့ကားအတက်အဆင်းမှာ ဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ညီတဲ့ နေရာမှာပဲ ဖြစ်ဖြစ်၊ ခြေနင်း မကြ
ရဘူး။ အဲဒါ . . . လူ တော်တော်များများ သတိမထာ
မိတဲ့ အသေးအဖွဲ ကိစ္စတစ်ခုပဲ။

အင်္ဂလိပ်တွေ၊ အမေရိကန်တွေက, ဖော
ခြေနင်းကြမ်းရင်တောင်၊ ခြေလှမ်းအကျလှအော
လျှောက်တတ်ကြတယ်။

ငါတို့ မြန်မာတွေကျတော့၊ အစဉ်အလာ
အားဖြင့်ကို၊ သိမ်မွေ့ပြီးသား။ တကူးတက သင်
စရာကိုမလိုဘူး။ ဒါပေမဲ့ သတိမပြုမိရင်တော့၊ အ
မကြီးလို့ ထင်ပြီး၊ မလိုက်နာမိကြဘူး။

ငါတို့ မြန်မာ ရှေးလူကြီးတွေက၊ ခြေနင်
ကြမ်းရင်၊ သဘောမကျဘူး။ ခေတ်မီမီပြောရရင်
Gentleman မပီသ, ဘူးပေါ့ဟာ။ ခြေနင်းကြမ်းရင်
ဘဝပါကြမ်းတတ်တယ် . . . တဲ့”

“ဟုတ်လို့လား”

“ဟုတ်မဟုတ် လေ့လာဖို့ နင့်ကို စာဖတ်ခိုင်း
တာပေါ့။ နောက်တစ်ခု ရှိသေးတယ်။

မြန်မာမိန်းကလေးဆိုတာ၊ မျက်လုံး မကစား
ရဘူး . . . တဲ့”

“မျက်လုံး ကစားတယ်ဆိုတာ၊ ဘယ်လို လုပ်
တာကို ပြောတာလဲ”





“ဟိုကြည့် ဒီကြည့်၊ ကြည့်တာကိုပြောတာ”

“အဲလို . . . ကြည့်ရင်၊ ဘာဖြစ်လဲ”

“သိချင်ရင်၊ လေ့လာပေါ့။ ပြီးတော့ . . .
မြန်မာမိန်းကလေးတိုင်း၊ ဟိရိဩတ္တပ္ပ, အရှက်
အကြောက်တရားနဲ့, ပြည့်စုံကြတယ် . . . တဲ့။

ပြုံးတာ, ရယ်တာ၊ စကားပြောတာ၊ ခြေ
လှမ်းတာ၊ . . . အားလုံး၊ ကျနေနဲ့ ပြည့်စုံကြတယ်။

မြန်မာမိန်းကလေးဆိုတာ၊ အလှပြဖို့ နေနေ
သာသာ၊ သူတစ်ပါးက၊ အလှကြည့်ခဲ့ရင်တောင်၊
ရှက်ရွံ့တတ်တဲ့ အမျိုးအစား။

အခု . . . ငါပြောတာတွေ အားလုံးက၊
အသေးအဖွဲလေးတွေပါ။ ဒါပေမဲ့ . . . ဒါလေးများ
. . . လို့တော့, မပြောနဲ့၊ အရေးကြီးတယ်၊ ဒါကြီးများ
. . . လို့ပြော”

“ခေတ်မမီတော့ရင် ဘယ်လိုလုပ်မလဲ” . . . ဟု၊ ဒေဗီ
မေး၏။

“ရှိသမျှ ခန္ဓာကိုယ်ရဲ့ အလှအပ,တွေကို
လူရှေ့ သူရှေ့ထုတ်ပြတာ၊ ခေတ်မီတာလား။

အဲဒါဆိုရင်တော့၊ ငါတို့ မြန်မာမိန်းကလေး
အားလုံး၊ ခေတ်မီချင်မှာ မဟုတ်ပါဘူး။ ဂျင်း
ဘောင်းဘီနဲ့ ရှပ်အကျီလေးဝတ်ရင်လည်း ခေတ်မီ



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။

ပညာရေးတွေ ... အသိတရားတွေ ... ကုန်ထုတ်လုပ်မှုတွေ။ တိုင်းပြည်တည်ဆောက်မှုတွေကို နိုင်ငံရပ်ခြားက, အတုမယူဘဲ။ မလုံ့တလုံဝတ်တဲ့ အဝတ်အစားဝတ်နည်းကိုတော့၊ ခေတ်မီချင်လို့ တုပြီး လိုက်ဝတ်တာပါဆိုရင်၊ အဲဒါ ... တကယ် ခေတ်မမီသေးဘူး''

''ကိုတောက်က၊ ဒေဝီ့ကို၊ ဘာဖြစ်စေချင်တာလဲ''

''စာဖတ်စေချင်တာ။ အဲ ... လိုရင်းကို ပြောရမယ် ... ဆိုရင်တော့၊ အရမ်းတော်တဲ့ အရမ်း ဣန္ဒြေရှိတဲ့၊ မြန်မာမိန်းကလေး ဖြစ်စေချင်တာ''

ဒေဝီက, ခေါင်းလေးကို၊ ငုံ့စောင်းကာ ...

''ကိုကိုကြီးကို သတိရတဲ့စိတ်၊ ကိုတောက်ကို၊ အားနာတဲ့စိတ်။ ပြီးတော့ ... ကြီးကြီးတို့ ဘကြီးတို့ကို၊ ကျေးဇူးပြုချင်တဲ့စိတ်နဲ့ ကြိုးစားလိုက်ရင်၊ လွယ်လွယ်လေးပါ''

ကျွန်တော် အဖေနှင့် အမေကို ဒေဝီက ... ဘကြီး၊ ကြီးကြီး ... စသည်ဖြင့်၊ ခေါ်ဝေါ်လေသည်။ ကျွန်တော်က ...

''မြတ်သူ ပြန်လာတဲ့အခါ၊ နင် ... ဘွဲ့ရပြီးသား၊ ဖြစ်နေရင်ပဲ၊ နင့်တာဝန်ကျေပါပြီ''





''စိတ်ချပါ၊ ကိုတောက်ရယ်။ ဒေဝီ ကြိုးစားပါ့မယ်။ ကိုတောက်ပြောသလို၊ အရမ်းတော်တဲ့၊ မြန်မာမိန်းကလေး ဖြစ်အောင်၊ ကြိုးစားမယ်။ တတ်နိုင်ရင်၊ မြန်မာကို ကမ္ဘာက, သိအောင်၊ လုပ်ပစ်လိုက်မယ်''

ကျွန်တော်က ...

''မြန်မာကို ကမ္ဘာက, သိဖို့၊ ကမ္ဘာကို မြန်မာက သိဖို့လည်း လိုတယ်။ မြန်မာကို ကမ္ဘာက,သိဖို့၊ ထွေထွေထူးထူး သိပ်မလိုပါဘူး။ မြန်မာ ပီသ,နေဖို့ပဲ လိုတယ်။ မြန်မာ စစ်စစ်ဖြစ်နေဖို့ လိုတယ်။

ကမ္ဘာက, သိဖို့ ကမ္ဘာ့အဝတ်အစားတွေ ဝတ်ပြစရာမလိုဘူး။ မြန်မာ့အဝတ်အစား ဝတ်ထားရုံနဲ့၊ ပြည့်စုံတယ်''

ကျွန်တော် ပြောသမျှတိုင်းကို၊ ဒေဝီက၊ ''ဟုတ်ကဲ့'' ... သည်။

''တစ်ခု မေးချင်သေးတယ်၊ ကိုတောက်။ ဆူတော့ မဆူနဲ့''

''မေး''

''မယ်မြို့မေခင်နဲ့ ပြတ်သွားရတာ၊ ဒေဝီ့ကြောင့် မဟုတ်လား''

''မဟုတ်ဘူး။ တစ်ယောက်အကြောင်းအနေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ မြင်အောင် မကြည့်တတ်လို့ ပြတ်သွားတာ''

''ဘယ်လိုမှ၊ မခံစားရဘူးလား''

''မြတ်သူက၊ ထောင်ထဲမှာ မရှိဘူးဆိုရင် ချစ်သူနဲ့ ချစ်သူရဲ့ချစ်သူအသစ်ကို၊ စားနဲ့ခုတ်သတ်တဲ့ အမှုနဲ့ ငါ ... ထောင်ထဲ ရောက်နေလောက်ပြီ''

''အဲဒါ ...၊ ခံစားရတာမှ မဟုတ်တာ ဒေါသ, ဖြစ်တာပါ''

''ဒေါသ, ဆိုတာ၊ လိုချင်တာမရတော့တဲ့ လူရဲ့၊ အမြင့်ဆုံး။ စိတ်ခံစားမှုပဲ။ အပြင်းထန်ဆုံး ခံစားမှုရဲ့၊ အထွတ်အထိပ်''

''ဒေဝီ၊ ဘာကူညီရမလဲ''

''နှင် ... တကယ် ကူညီချင်လား''

''ဟုတ်''

''နှင့်ပါးစပ်ကို၊ ပိတ်။ ပြီးတော့ ... ,နောက်ကို၊ ကိုယ့်ကိစ္စမဟုတ်ရင်၊ မစပ်စုနဲ့။

နှင်က ... ကျောင်းသူ။ ဒီကိစ္စမျိုးကို မေးတာ ... မြန်းတာ။ ဒါ ... နောက်ဆုံးဖြစ်ပေ့စေ။ ငါ့ကို ကူညီချင်ရင်၊ ငါ ... ပြောတာ နားထောင်၊ လိုက်နာ စာကြိုးစား၊ ဒါပဲ''

လျှာ တစ်လစ်လေးပြလျက်၊ ဒေဝီခေါင်းပုသွားသည်။





သူ့ငယ်ထိပ်ကို၊ လက်သီးဖွဖွဖြင့်၊ ကျွန်တော် ထုလိုက်၏။

ဒေဝီက ...

''တစ်ခုလောက်တော့ ပြောချင်သေးတယ်''

''ဘာပြောမှာလဲ။ ပြော''

''ဟိုတုန်းက, ကျတော့၊ မပျိုမေခင်ကို၊ စာပေးခိုင်းတာတို့ ဘာတို့ လုပ်ခိုင်းပြီး၊ အခုကျတော့ ဒီကိစ္စမျိုး၊ မေးတာမြန်းတာ၊ ဒါ ... နောက်ဆုံး ဖြစ်ပေ့စေ ... လို့၊ ဘာဖြစ်လို့တားတာလဲ''

ကျွန်တော် ဘာမျှပြန်မဖြေဘဲ နေဖို့ စဉ်းစားသေးသည်။ ဟုတ်လည်း ဟုတ်တာပဲ။ ပျိုမေခင်နဲ့ပတ်သက်ပြီး၊ သူ့ကို ... ကျွန်တော် အကူအညီတောင်းခဲ့ဖူးသည်။ အခုကျမှ, ဒီကိစ္စမျိုးကို မေးမမြန်းနဲ့တော့လို့ တားဆီးပိတ်ပင်တာ၊ တစ်နည်းအားဖြင့်၊ ရှေ့နောက် မညီသလိုဖြစ်နေ၏။

သို့သော် ...

ကျွန်တော် အရိုးရှင်းဆုံးနှင့် အတိုတုတ်ဆုံး၊ ရှင်းပြလိုက်ပါသည်။

''ဟိုတုန်းက။ နှင်က, မြတ်သူရဲ့ နှမ။ အခု ..., နှင်က၊ ငါ့ နှမ။

မြတ်သူရဲ့ နှမ, အဖြစ်နဲ့တုန်းက၊ မြတ်သူလည်း အနားမှာရှိတော့၊ ငါ ... အကူအညီတောင်းခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ...၊ မြတ်သူလည်း အနားမှာမရှိဘူး
ငါ့ နှမ၊ ကိုလည်း ငါ့ရဲ့ ရည်းစားသနာကိစ္စတွေ
မဆွေးနွေးသင့်တော့ဘူး။ အဲဒါကြောင့်ပဲ”

ထိုစကားအဆုံးတွင်၊ ဒေဝီ ကျွန်တော့်ကို တွေတွေလေး ငေးကြည့်လေသည်။ သူ ... ဘာကိုတွေးပြီး၊ ဘယ်လိုခံစားသွားသည် မသိ။ မျက်လုံးအိမ်ထဲတွင်၊ မျက်ရည်တွေ ဝေ့တက်လာ၏။ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီးမှ၊ “ကျေးဇူးပါပဲ ကိုတောက်ရယ်” ... ဟု၊ သူပြော၏။ “ဘာကို ကျေးဇူးတင်တာလဲ” ... ဟု၊ ကျွန်တော် မမေးဖြစ်တော့။ ကျွန်တော့်ဆိုလိုရင်းကို၊ သူ နားလည်သဖြင့်၊ သူ့ကိုလည်း ကျွန်တော် ကျေးဇူးတင်လိုက်လေသည်

❦ ❦ ❦

( ၃၀ )

အနိစ္စ ဟူသော တရားကို၊ ကျွန်တော် ရေရေရာရာ မသိပါ။ သို့သော် ...၊ ဘဝဟူသည်၊ တစ်ခုပြီးတစ်ခု ပြောင်းလဲနေတတ်သည်ကိုတော့၊ ထင်ထင်ရှားရှား ကျွန်တော် သိလာ၏။

ကျွန်တော်နှင့် ပြတ်ပြီး နှစ်နှစ်ကျော်ခန့်တွင်၊ ပျို့မေခင် အိမ်ထောင်ပြုသည်။ ကျွန်တော့်ကို ဖိတ်စာ လာပေးသည်။ မည်သူနှင့် လက်ဆက်သည်ကို၊ ကျွန်တော် ချက်ချင်းမသိချေ။ မင်္ဂလာဆောင်ပြီးနောက် သူ့အိမ်သို့ သူ့ခင်ပွန်းနှင့် ဝင်ထွက်သွားလာသည်ကို မြင်ရမှ၊ မည်သူမည်ဝါ ... ဟု၊ ကျွန်တော် သိရ၏။ ကျွန်တော့် နာရီလေး နေရာတွင်၊ နာရီသစ်ဝယ်ပတ်ပေးသူ၊ ဖြစ်ကြောင်း ... ကျွန်တော် လှမ်းကြည့်မြင်တွေ့သဖြင့်၊ မှတ်မိလေသည်။ မင်္ဂလာဆောင်ကို၊ ကျွန်တော် မသွားဖြစ်။

ဒေဝီသည်လည်း ယဉ်ကျေးမှုတက္ကသိုလ်တွင်၊ ထက်ရောက် ပညာသင်ကြားလျက်ရှိသည်။ မြတ်သူလည်း၊ ပြန်လာဖို့ သိပ်မလို တော့။ အာကာလည်း၊ အိမ်ထောင်ပြုလိုက်၏။ ရဲမင်း၏ မိဘများနှင့် ကျန်ရစ်သူ မိသားစုအားလုံး၊ တစ်နယ်တစ်ကျေးသို့ ပြောင်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်တော့်ဖခင်က, သာသနာ့ဘောင်သို့ အပြီးဝင်သွား၏။ ကျွန်တော့်အစ်ကိုလတ်၊ အိမ်ထောင်ကျသည်။ ကျွန်တော့် အစ်ကို အကြီးဆုံးက, အခြားနိုင်ငံတစ်ခုသို့ ထပ်မံ ကူးပြောင်းသွားသည်။ အာရှတိုက်တွင်၊ မဟုတ်တော့။ အိမ်တွင် . . .

အမေနှင့် ကျွန်တော်။ ပြီးတော့ . . . ,ဒေဝီ။ ဤသုံးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ဒေဝီက, သူ့အိမ်ကို သော့ခတ်ပြီး၊ ကျွန်တော်တို့အိမ်တွင်သာ အနေများတော့၏။ သူ့အိမ်ကို တစ်ပတ်ဆယ်ရက်ကြာမှ သွားရောက်ဖုန်ခါသည်။ ကျွန်တော်က,တော့ . . . ၊ လမ်းဘေးဈေးသည်ဘဝမှ ကား, ဝယ်ရောင်းသမားအဖြစ်၊ ရပ်တည်နေတော့သည်။ ကျွန်တော့် အစီးအပွားသည်၊ အစ်ကိုနှစ်ယောက်၏ ကျေးဇူးမကင်း။

"သား . . . ။ ထွန်းတောက်"

"ဗျာ။ အမေ"

"ဒေဝီရော . . ."

"ကျောင်းသွားတယ်လေ . . . အမေ"

"သြော် . . . ။ သွားပြီလား။ သား . . . လိုက်မပို့ဘူးလား"

"အားနာလို့ မနိုးတာနဲ့တူတယ်။ ကျွန်တော် အခုမှ၊ အိပ်ရာ နိုးတာ"

"အမေ . . . သားကို ပြောစရာရှိတယ်"





"ပြောလေ . . . အမေ"

"သား။ အိမ်ထောင်ပြုတော့မလား"

"အာ . . . , အမေက, လည်း"

"သား အသက်သုံးဆယ် ပြည့်နေပြီနော်။ ကလေး မဟုတ်တော့ဘူးလေ။

ဟို . . . မျက်စောင်းထိုးက, ကလေးမ,လေး တော့၊ သား မရနိုင်တော့ဘူး"

အမေက၊ အရယ်အမောပြုလျက်၊ စကားရွှန်းဆိုသည်။ ချိုမေခင် အိမ်ထောင်ကျသွားသည်ကို၊ အမေသိ၏။

"သူနဲ့ သားနဲ့က၊ သမီးရည်းစားဖြစ်ခဲ့ကြတယ် မဟုတ်လား"

"ခဏပါ အမေရယ်။ တစ်ယောက်နဲ့တစ်ယောက် ခင်တွယ်ချိန်တောင် မရလိုက်ပါဘူး"

"ဘာကြောင့် ပြတ်သွားတာလဲ"

"ဒီလိုပါပဲ"

"ဒီလိုပါပဲ ဆိုတာ၊ ဘာကိုပြောတာလဲ။ အကြောင်းအရင်းကို၊ အမေ့ကို သေသေချာချာ ပြောစမ်း"

ကျွန်တော် လိမ်ပြောဖို့ စဉ်းစားသေးသည်။ သို့သော် . . . ကျွန်တော် အတတ်နိုင်ဆုံး၊ မလိမ်တော့သည်မှာ၊ တော်တော်ကြာခဲ့ပြီ၊ ထို့ကြောင့်၊ အမေ့ကို၊ အမှန်အတိုင်း၊ ရင်ဖွင့်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရင်ဖွင့်လွှာ ပြီးဆုံးသောအခါ၊ အမေက ...,

"သား။ ဘာမှ မခံစားရဘူးလား"

"သူများနဲ့ တွဲလာတာမြင်တော့၊ ဒေါ်သ, ဖြ တာပေါ့ အမေရယ်။ ဒါပေမဲ့ ...,ဒေါ်သ,ကို ဒေါ်သ အတိုင်း၊ လွှတ်ထားလိုက်ရင် ကျွန်တော် ... မြတ်သူ နဲ့ အတူသွားနေရတော့မှာပေါ့။ အဲဒါကြောင့် ... အဲ့ဒီဒေါ်သကို၊ ဖနောင့်နဲ့ပေါက်ပြီး ဖိချေပစ်လိုက် တယ်"

"ဒေါ်သ, ကို၊ ထိန်းလို့ရခဲ့တယ်ပေါ့။ ဟုတ် လား ... သား"

"ရတာပေါ့ အမေရယ်။ မြတ်သူ ရဲမင်း မသတ်ခင်တုန်းက, တော့၊ ကျွန်တော်လည်း စိတ် လက်လွှတ်စပယ်ထားမိခဲ့တာပါပဲ။ ရန်ကို ရန်ချင် တုံ့နှင်းဖို့ ဝန်မလေးခဲ့ဘူး။နောက်ပိုင်းကျတော့ သတ် လေးနဲ့ပဲ နေတော့တယ်။

ဒေါ်သ,ဖြစ်စရာ၊ ဘာကိုပဲတွေ့တွေ့၊ အခြေ အနေအားလုံးက၊ မင်းကို၊ ထောင်ထဲပို့နေကြတယ် ဒါကြောင့် ...., ဘာပဲဖြစ်ဖြစ်၊ မင်း စိတ်ကိုသ ထောင်ချထားလိုက်ပါ ... လို့၊ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရတယ်။

ရည်းစားလူလု၊ အူနုကျွဲခတ်ဆိုတာ၊ အခေ





ကြားဖူးမှာပါ။ ကျွန်တော်, တော်တော် ခံစားရတယ်။ ဒါပေမဲ့ ... ကျွန်တော် နှမျောစိတ်, ဒေါ်သ, စိတ်ကို၊ မရမက ထိန်းနိုင်ခဲ့တယ်။

ဩော် ...။ သူလည်း မိန်းမသားဆိုတော့၊ မိန်းမသားတစ်ယောက်ရဲ့၊ သဝန်တိုစိတ်နဲ့ပဲ၊ အရာရာ ကို၊ ဆုံးဖြတ်လိုက်တာပဲ ... လို့၊ တွေးပြီး စိတ်ကို လျှော့ပစ်လိုက်တယ်"

"မှန်တာပေါ့သားရယ်။ စိတ်လိုက်မာန်ပါ ဆို တာ၊ ဘယ်နေရာမှာမှ၊ မကောင်းဘူး"

"ဟုတ်တယ်။ အသက်လည်း၊ တဖြည်းဖြည်း ကြီးလာပြီဆိုတော့။ အခုဆိုရင် ... ကြီးမိုက်မဖြစ် စေနဲ့ ... လို့ပဲ။ ကိုယ့်ကိုယ်ကိုယ် သတိပေးပစ်လိုက် တယ်။

ညောင်သီးလေး တစ်သီးကို ကြည့်ပြီး၊ ကျွန်တော်၊ တော်တော်လန့်သွားဖူးတယ် အမေ"

"ညောင်သီးလေး၊ တစ်သီးကိုကြည့်ပြီး။ ဟုတ်လား။ သား"

"ဟုတ်တယ် အမေ။ ညောင်သီးလောက် လှူပြီး၊ ညောင်ပင်ကြီးလောက် ရ ... ဆိုတဲ့ စကား ကို၊ စူးစူးစိုက်စိုက် တွေးကြည့်တာပေါ့။

ညောင်သီးလောက်လှူပြီး၊ ညောင်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လောက် ရတာ, မရတာ ကိစ္စမရှိဘူး။ ညောင်သီး လောက်လေးများပြီး ညောင်ပင်ကြီးလောက် ... အပြစ်ဒဏ်တွေ၊ အ, ကုသိုလ်အရှိန်အဝါတွေ ပြမယ် ... ဆိုရင်၊ ဘယ် ... လွယ်မလဲ"

"အင်းပေါ့"

"ညောင်သီးတစ်စေ့ဟာ၊ ညောင်ပင်ကြီး တစ် ပင်လည်း ဖြစ်နိုင်တယ်။ အဲဒီညောင်ပင်ကြီးက တစ် ဆင့်၊ နောက်ထပ် ညောင်သီးတွေ အများကြီး ထပ် သီးနိုင်တယ်၊ အဲဒီ ... ထပ်သီးတဲ့ အသီးတွေက,နေ နောက်ထပ် ညောင်ပင်တွေ ... အသီးတွေ ... မဆုံး တော့ဘူး အမေရာ။ ကျွန်တော် တွေးတာ မောသွား တယ်။

ပြီးတော့ ... ညောင်ပင်ဆိုတာ တော်ရုံ တန် အုတ်နံရံလောက်ကိုလည်း၊ ဝါးမျိုနိုင်တယ်။ တခြား အပင်တွေကိုလည်း ဝါးမျိုနိုင်တယ်

ဒီ ... ညောင်သီးလေး တစ်သီးထဲမှာ နောက်ထပ်စွမ်းအားတွေ၊ မရေမတွက်နိုင်အောင် နေတာပါလားလို့ တွေးပြီး။ လန့်သွားတာ အမေ

"သားရဲ့အတွေးက၊ ကောင်းလိုက်တာ ဆက် ပြောပါဦး"

"အဲဒီ ...၊ ညောင်သီးလေးနေရာမှာ





ဒေါသ, သေးသေးလေးဆိုပါတော့၊ အဲဒီ ဒေါသ, ညောင်သီးလေးကို၊ အပင်ပေါက်ခွင့် ပေးလိုက် တာနဲ့။ ဒေါသ၊ ညောင်ပင်ကြီးတစ်ပင်။ ပြီးတော့ ... ဒေါသ, ညောင်သီးတွေ ... အများကြီး၊ ပြီးတော့ ... အဲဒီ ညောင်သီးတွေက, နော၊ ထပ်ပြီးပေါက်ဦး မယ့် နောက်ထပ်, ဒေါသ ညောင်ပင်တွေ ...။

နောက်ထပ် ဆိုတဲ့၊ ဒေါသ, အစွယ်အပွား တွေ၊ အတောမသတ်တော့ဘူး အမေ။

လောဘ တဏှာပဲဖြစ်ဖြစ်။ ဒေါသ တဏှာပဲ ဖြစ်ဖြစ်။ မောဟ တဏှာပဲဖြစ်ဖြစ်။ ညောင်သီး လောက်လေး သေးနေချိန်မှာ၊ ဖနောင့်နဲ့ ပေါက်။ တူနဲ့ ထု။ အမှုန့်ကြိတ်လိုက်ရင်၊ အပင်ပေါက်လာစရာ အကြောင်းမရှိတော့ဘူး

အဲဒီ တဏှာညောင်သီးလေးကို၊ အပင် ပေါက်ခွင့် ပေးလိုက်ရင်တော့ ...။ ညောင်သီးအမျိုး မျိုး၊ ညောင်ပင်အမျိုးမျိုး။ နောက်ထပ် အစွယ်အပွား အမျိုးမျိုး၊ အရှိန်အဝါအမျိုးမျိုးတွေ ... ဆက်တိုက်, ဆက်တိုက်၊ ထပ်ဖြစ်လာဦးမှာ သေချာတယ်။

တဏှာဆိုတဲ့ ညောင်သီးလေးကို အခြေခံပြီး သံသရာဆိုတဲ့ နောက်ထပ် ညောင်ပင်တွေ ... ညောင်သီးတွေ ဆက်ဖြစ်လာရတာပေါ့အမေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်တွေ ထပ်မပေါက်စေချင်ရင်၊ ညောင်သီး လေးကို အမှုန့်ထောင်းပစ်ရမယ် ဆိုသလိုမျိုးပေါ့

သံသရာကို၊ ထပ်၊ မဖြစ်စေချင်ဘူးဆိုရင် အဲဒီ ... တဏှာကို၊ အပြီးသတ်ပစ်ရမယ် ... ဆိုတဲ့ အသိ၊ တွေးမိတယ် ... အမေ။ လောဏ, ကြိုးကို တဏှာနဲ့မျှား တည်ဆောက်ထားသလား ...လို့ တောင်၊ တွေးမိနေပြီ အမေရဲ့"

"သြော် ...။ ငါ့သားက, ကိုယ့်အတွေးနဲ့ကိုယ်။ လိမ်မာမာ ဖြစ်နေတာကိုး" ... ဟု၊ အမေပြောသည်။

ကျွန်တော်က ...

"ကျွန်တော့် ကိုယ်ပိုင်အတွေး မဟုတ်ပါဘူး အမေရယ်။ ဒီ အတွေးအခေါ်တွေဟာ၊ ဗုဒ္ဓဝါဒထဲမှာ ရှိနေပြီးသားပါ။ အမေ ပြောသလိုပဲ ... အသက် သုံးဆယ်ဆိုတာ၊ မငယ်တော့ဘူးလေ။ စိတ်အခန့် မသင့်တိုင်းသာ၊ လက်ပါရမယ် ဆိုရင်၊ လက်နှစ် ချောင်းတည်းနဲ့၊ လောက်မှာ မဟုတ်ဘူး"

အမေက၊ ကျွန်တော့်ကို၊ ငေးကြည့်လျက် ...

"အမေက၊ သားကို ဒေဝီနဲ့ ပေးစားချင်လို့ စကား စ,တာ။ သားရဲ့ စကားတွေက၊ ကာလိုက် သလို ဖြစ်နေပြီ"

"ဟာ။ အမေ။ မလုပ်ပါနဲ့။ မတွေးကောင်





ပါဘူး အမေရယ်။ ဒီ.. ကောင်မလေးက၊ ကျွန်တော့် နှမလေးပါ။

အမေ့စိတ်ကူးကို ဖျက်လိုက်ပါ။ ပတ်ဝန်းကျင် မြင်သလို တွေးသလို၊ အမေ ... မတွေးမိပါစေနဲ့"

"ပတ်ဝန်းကျင်လို အမေ မတွေးပါဘူး သား ရယ်။ ပတ်ဝန်းကျင်ဒဏ်ကို အမေ မခံနိုင်လို့ပါ။

ပတ်ဝန်းကျင်က၊ မေးငေါ့, ကဲ့ရဲ့တာတော့ မဟုတ်ပါဘူး။ သားက, အိမ်ထောင်ကျသွားပြီလား ... တဲ့။ ချွေးမလောင်းလေးကို၊ အိမ်ပေါ်မှာ တင် ထားတာကြာပြီနော် ... တဲ့။ နှုတ်ဆက်သလိုလို၊ သတင်းမေးသလိုလို၊ စကားလက်နက်တွေပေါ့ သား ရယ်။

ပတ်ဝန်းကျင်၊ အတင်းစကားတွေ ရပ်သွား အောင်၊ သားများ နှစ်သက်မယ်ဆိုရင်၊ အမေ စီစဉ် မလို့ပါ"

ကျွန်တော် ခေါင်းခါလိုက်ပြီး ...

"မြတ်သူ၊ တခြားကိစ္စနဲ့၊ တခြား တစ်နေရာ သွားနေရင်လည်း၊ ကျွန်တော် သူ့နှမကို စောင့်ရှောက် မှာပဲ အမေ။

သူငယ်ချင်းနှမ၊ ကိုယ့်နှမ, ဆိုတဲ့ နှလုံးသား ကို၊ ဘယ်ပတ်ဝန်းကျင်က, မဖြိုလှဲနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြောတဲ့အတိုင်း၊ ပြုမူလိုက်မှ ပြီး
သွားမှာပါ . . . အမေ။

သူ့အစ်ကိုပြန်လာတဲ့အခါ၊ သူ့ညီမကို သူ့
လက်ထဲ ပြန်အပ်ပြီးရင်၊ ကျွန်တော့်တာဝန် ပြီးသွား
အမေ''

''အိုးချင်းထား . . . အိုးချင်းထိ ကြိုးချင်း
ကြိုးချင်းငြိ . . . လို့၊ ထင်နေကြတယ် . . . သား

''ကျောက်တောင်ကို ထွင်းထားတဲ့ . . . အိ
သံမဏိနဲ့ ကျစ်ထားတဲ့ကြိုး။ ဘယ်အိုးမှ ဖော်မထိ
ဘယ်ကြိုးမှလာမငြိစေရဘူး အမေ။ စိတ်ချ''

အမေက, ကျွန်တော့် ဦးခေါင်းကို လက်ချောင်းများ
ထိုးဖွ၍ ချေးသိပ်သည်။ ပြီးနောက် ပခုံးကို တဖတ်ဖတ် ပုတ်နေ
ပြီးနောက် . . . ပြုံး၍ ကြည့်နေသည်။ အမေ့အကြည့်တွေ . . .
ကြည်လင်ပေ၏။

❦ ❦ ❦

( ၃၁ )

''မင်း . . ., ထောင်ကထွက်ပြီးရင်၊ ဘာလုပ်မလဲ'' . . . ဟု၊ မြတ်သူကို ကျွန်တော် မေးသည်။ မြတ်သူ၏ မျက်နှာသည်၊ ထောင်တွင်း၊ အကျဉ်းသားတစ်ယောက်၏ မျက်နှာမျိုး မဟုတ်။ ကြည်လင်နေ၏။

''မင်း အမေနဲ့ အဖေကို ကန်တော့ချင်တယ်ကွာ။ အမေ့အတွက် ပြီးတော့ . . . ရဲမင်းအတွက်၊ ပေတာကုသိုလ်တစ်ခုလောက် လုပ်ချင်တယ်။ ဘာဝနာကုသိုလ်လုပ်ရင်း . . . ဒီက,နေ အမျှတော့ ဝေဖြစ်ပါတယ်။ အလှူအတန်း တစ်ခုခု လုပ်ပြီး၊ ဒါနကုသိုလ် လုပ်ပေးချင်တာပေါ့ကွာ

ပြီးရင် . . . ၊ ရဲမင်းရဲ့ မိဘ,တွေကို၊ သွားတောင်းပန်ချင်တယ်။ ငါ . . . မှားသွားတယ် ဆိုတဲ့အကြောင်း . . . ''

''သူတို့ အိမ်ပြောင်းသွားကြပြီကွ။ မရှိတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း၊ စိတ်နှလုံးထဲက, [illegible] တောင်းပန်ရတော့မှာပေါ့ကွာ"

လေ့လော်အင်း အကျည်းဦးစီးဌာန၏ အဝင်းအဝိုင်း အတွင်း နေထိုင်နေသူ တစ်ဦးနှင့်မတူဘဲ၊ လွတ်လပ်အေးချမ်းနေသူ တစ်ဦးနှင့် တူနေသည် ... ဟု၊ မြတ်သူကို၊ ကျွန်တော် မြင်၏။

"မင်း ..., ဒီမှာ နေတာ၊ စိတ်ချမ်းသာ လား"

မြတ်သူက, ပြုံးလျက် ...,

"မှန်လှောင်ကန်ထဲက ငါးလေးတွေ။ သံ လှောင်ချိုင့်ထဲက၊ ငှက်လေးတွေကို၊ မင်း ...,အဲဒီ လို သွားမေးကြည့်ပါလား။ သူတို့သာ စကားပြော တတ်ရင်၊ လွတ်လပ်တဲ့ စိမ့်စမ်းရေ ... လွတ်လပ်တဲ့ အာကာပြင်မှာ၊ ကူးချင် ပျံချင်တယ် ... လို့ပဲ ပြောမှာ ပေါ့။

ငါက, လူဆိုတော့ ... ချမ်းသာအောင် နေ တာပေါ့"

"ထောင်ထဲမှာ။ ချမ်းသာအောင်နေလို့ ရပ် မလား"

"နေတတ်ရင်၊ ရတာပေါ့။

ဒီနေရာ၊ ဒီဌာနဟာ။ အပြစ်တွေကို ဆေး ကြောတဲ့နေရာဆိုတာ၊ တကယ်မှန်ပါတယ်။ အပြစ်





ဒဏ်ခံတဲ့နေရာ ... လို့တောင်၊ ငါ ... မယူဆ[illegible] ဘူး"

"လွတ်လွတ်လပ်လပ် နေရ .. လို့လား"

"စိတ်က, လွတ်လပ်အောင် နေရင်၊ ဘယ်မှာ နေနေ၊ လွတ်လပ်ပါတယ်ကွာ။ လမ်းပေါ်မှာ လျှောက် နေရင်၊ လမ်းစည်းကမ်း။ ကျောင်းမှာနေရင်၊ ကျောင်း စည်းကမ်း။ စစ်တပ်မှာနေရင်၊ စစ်စည်းကမ်းတွေ ... လိုက်နာရသလိုပဲ၊ ထောင်ထဲမှာနေရင်၊ ထောင် စည်းကမ်းအတိုင်း နေရဲတာပေါ့။

ဘယ်မှာနေနေ၊ နေတဲ့နေရာရဲ့ စည်းကမ်းကို မဖောက်ဖျက်ရင်၊ ချမ်းသာအောင်နေလို့ ရပါတယ် ကွာ။

ဒီမှာနေရင်း။ ငါ ... တရားထိုင်ဖြစ်တယ် ကွ။ တရားထိုင်ရင်းနဲ့၊ စာနာစိတ်၊ ညှာတာစိတ် ဆိုတာတွေကို၊ ငါ ... ထားတတ်ချင်လာတယ်။ တိရစ္ဆာန်လေးတွေကို၊ အလှအပ, အတွက်၊ လှောင် ပိတ်ပြီး၊ မွေးတာမျိုးကိုတောင်၊ လူတွေကို မလုပ်စေ ချင်တော့ဘူး။

သတ္တဝါတိုင်း၊ လွတ်လပ်မှုကို၊ လို[illegible]ကြ တယ်လေ။ ငှက် ကလေးတွေကို၊ ရွှေလှောင်အိမ်နဲ့ ထားလည်း၊ သူတို့ ... သဘာဝအတိုင်း၊ လွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်လပ် ပျံသန်းခွင့်ကိုပဲ၊ လိုချင်ကြမှာပါ။ ငါး ကလေး တွေကို ဘယ်လို တန်ဖိုးကြီးတဲ့ မှန်လုံကန် မျိုးနဲ့ထားထား၊ သူတို့ သဘာဝ, အတိုင်း၊ လွတ် လွတ်လပ်လပ် ကူးခပ်ချင်ကြမှာပါ။

လူ ... ဆိုတော့ ..., ပိုပြီး လွတ်လပ်ချင် တာပေါ့ကွာ။ ရဲမင်းကို၊ ခွင့်မလွှတ်နိုင်လို့ ငါ ... သတ်လိုက်မိတာ။ ဒီအထဲမှာ၊ ဘာဝနာနဲ့ နေကြည် တော့မှ ခွင့်လွှတ်တယ် ... ဆိုတာ၊ တော်တော်ခက် တဲ့ အလုပ်ပဲ ... လို့၊ ငါ .. တွေးမိတယ်။ သူ့ကို ခွင့်လွှတ်လိုက်ရင်၊ ငါ ... ထောင်ကျမှာ မဟုတ်ဘူး လေ။

တရားဘာဝနာ၊ နှလုံးမသွင်းဟတ်ခင်တုန်း ကတော့၊ စိတ်ကြမ်းလူကြမ်းနဲ့၊ ဆုံးဖြတ်ချက်တွေ ကြမ်းခဲ့မိတာပေါ့"

"ငါ ... စိတ်မကောင်းပါဘူး ... သူငယ် ချင်းရာ။ ငါ့ ပယောဂ, လည်း မကင်းဘူးလေ"

မြတ်သူ ... ခေါင်းခါ၏။

"မဟုတ်ဘူး ... ထွန်းတောက်။ သာမန် အတွေးနဲ့ တွေးမယ်ဆိုရင်၊ ဘယ်ကိစ္စဖြစ်ဖြစ်၊ သူ့ ကြောင့်, နင့်ကြောင့် ... ဆိုပြီး အစိက, တရားခံ ရှိနေနိုင်တယ်။





တကယ်၊ စူးစူးနစ်နစ် တွေးမယ်ဆိုရင်တော့၊ အရာရာမှာ၊ ဘယ်ကိစ္စဖြစ်ဖြစ်၊ ကိစ္စတိုင်းရဲ့ တရား ခံဟာ၊ မိမိကိုယ်တိုင်ပဲ။

ဘယ်သူ့ကြောင့်ပဲ သတ်သတ်၊ ရဲမင်းကို သတ်ခဲ့မိတာ၊ ငါပဲလေကွာ။ ငါ့ကို ဘယ်သူမှ ထောင် ထဲထည့်တာ မဟုတ်ဘူး။ ငါကိုယ်ငါ ... ထည့်ခဲ့တာ၊

ငါက ... လွယ်တဲ့အလုပ်ကို၊ လုပ်လိုက်ပြီး ခက်တဲ့အလုပ်ကို၊ မလုပ်ခဲ့မိလို့ ငါ ထောင်ထဲ ရောက် ရတာ"

"လွယ်တဲ့အလုပ်ဆိုတာ၊ ဘာကိုပြောတာ လဲ"

"သူတစ်ပါးကို၊ ကိုယ်ထိလက်ရောက် ပြုမှုတဲ့ အလုပ်က၊ လွယ်တဲ့အလုပ်ပေါ့။ ကိုယ့်ကိုလည်း စော်ကားနေပြီ။ ဝန်းကျင်ကိုလည်း စော်ကားနေပြီ။ အဲဒီလိုလူမျိုးကို၊ သတ်ပစ်လိုက်ရတာ။ သတ်ပစ် ချင်စိတ်ဖြစ်တာ။ အင်မတန် လွယ်တာပေါ့။

ဒါပေမဲ့ ... အဲဒီလို လူမျိုးကို၊ ခွင့်လွှတ်ဖို့ ဆိုတာက, တော့၊ တော်တော်ခက်တဲ့အလုပ်ပေါ့။ အဲ့ဒီ ... တော်တော်ခက်တဲ့အလုပ်ကို၊ ငါ မလုပ် နိုင်ခဲ့လို့ ငါ ... ထောင်ထဲရောက်ခဲ့ရတာပေါ့"

"ခွင့်လွှတ်ဖို့ဆိုတာ၊ မလွယ်ဘူးနော် ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူ"

"ငါ့ကို စော်ကားနေတယ်။ ငါ့ကို မတရား ပြုမူနေတယ် . . . လို့ တွေးနေမိရင်တော့ ခွင့်လွှတ်ဖို့ ခက်တာပေါ့။

ငါဟာ . . . ဒီလို လူစားနဲ့ တွေ့ရ ကြုံရမယ်ဆိုတဲ့ အတိတ်ကံ, ဒါမှမဟုတ် ပစ္စုပ္ပန်ကံ တစ်ခုခုကို ပြုမူခဲ့မိလို့သာ၊ ဒီလိုလူနဲ့ တွေ့ရတာပါလား . . . ။ ငါ့ရဲ့ ကံက, သာလျှင် အဓိက, အကြောင်းပါလား . . . လို့၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှာတတ်ပြီ ဆိုရင်တော့ . . . ။ သူတစ်ပါးကို ခွင့်လွှတ်ဖို့၊ ဒါမှမဟုတ် သူ့အပေါ် ပြုမူမယ့် အ,ကုသိုလ် အမှုကို၊ မကျူးလွန်မိဖို့၊ ရှောင်ရ ရှားရတာ၊ လွယ်သွားပြီပေါ့ကွာ"

ကျွန်တော်၊ မြတ်သူကို၊ ပြုံးလျက်ကြည့်ရင်း . . .

"မင်းရော . . . ငါရော။ လူကြီးတွေ ဖြစ်သွားကြပြီ နော်"

မြတ်သူက၊ ပြုံးလျက် . . .

"တကယ့် လူကြီးဖြစ်ဖို့၊ ကြိုးစားရမယ့် အရွယ်ကိုရောက်ပြီ။ ဒါပေမဲ့ . . . , ဘဝမှာ . . . လူတစ်ယောက်ကို၊ သတ်ခဲ့မိတယ် . . . ဆိုတဲ့၊ ဒီ . . . လောကီ အ, ကုသိုလ်ကြီးကို၊ နောင်, လောကုတ္တရာမှာ၊ ထပ်ပြီး ပါမသွားဖို့တော့။ ငါ . . . အရမ်း





ကြိုးစားရဦးမယ် သူငယ်ချင်း"

"အ, ကုသိုလ် အရှိန်အဝါလျော့ဖို့ ကုသိုလ် အလုပ်ကို၊ အရှိန်ပြင်းပြင်းနဲ့၊ အများကြီး လုပ်ရတော့မှာပေါ့"

"အဲ့ဒီပေါ့၊ ပြောသူ အသစ်၊ ဖြစ်သူ အဟောင်း . . . တဲ့။

သံသရာကိုပါ ကြောက်ရတဲ့အထဲမှာ, ကံကြမ္မာကိုပါ၊ ငါ . . . ထပ်ကြောက်နေရပြီ"

"ဒီ . . . အထဲမှာ၊ နေရတဲ့ လေးငါးခြောက်နှစ်။ မင်း . . . အဲဒါတွေပဲ၊ တွေးနေတာလား"

"ဒါပေါ့။ တွေးမိတာပေါ့။ အတွေးထဲမှာ၊ ကြောက်နေပြီဆိုရင်၊ ခြေထောက်က, ဘယ်လို ပြေးပြေး၊ ပြေးမလွတ်ဘူးကွ။

မင်း . . . ခုနက၊ မေးသလိုပဲ။ ထောင်ထဲမှာ ချမ်းသာအောင်နေလို့ ရပါ့မလား . . . ဆိုတာ။ ငါ . . . , ဒီအထဲမှာ ချမ်းသာအောင် နေဖို့၊ တော်တော် တွေးခဲ့ရတယ်"

"ပြောပါဦး"

"ထောင်ကို သေးသေးလေးဖြစ်အောင်၊ ငါ . . . တွေးရတာပေါ့"

"ဘယ်လို . . . ၊ . . ."



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူက, လက်ကာပြီး ...

"ဒီမှာ ... တရားစာအုပ်တွေ ဖတ်ရတယ်ကွ။ ဖတ်ရင်းနဲ့။ သံသရာဆိုတာကို သိလာတယ်။ ဘဝ ... ဘဝ ... ဘဝ ... ဘဝ ... ဘဝ ... တွေ အကြိမ်အကြိမ် အလီလီ ... ဖြစ်,လိုက်၊ တည်လိုက် ပျက်လိုက်နဲ့။ အခုထိကို မပြီးဆုံးသေးဘူး။

တဏှာကြောင့်၊ ဇာတိဖြစ်လိုက်။ ဇာတိကြောင့်၊ မွေး ...။ ဇရာကြောင့် ... အို။ မရဏကြောင့် ... သေ။ နောက်တစ်ခါ ... ဇာတိ ထပ်ဖြစ်။ ထပ်မွေး။ ထပ်သေ။ သံသရာ အကျဉ်းထောင်ကြီးထဲမှာ ... အိုဒဏ်တွေ၊ နာဒဏ်တွေ၊ သေဒဏ်တွေ ခဏခဏ ကျခံရတယ်။ ကျနေကြရတယ်။ ဆိုရင် ...

ဒီ, လူ့ဘဝက၊ အကျဉ်းထောင်ဟာ။ သံသရာအကျဉ်းထောင်ကြီးနဲ့ နှိုင်းဆ,လိုက်ရင်၊ တော်တော်သေးသွားတာပါလား။

ဒီ, လူ့ဘဝ၊ ဒီ ..., ထောင်က၊ လွတ်ရင်တောင်, သံသရာအကျဉ်းထောင်က၊ မလွတ်နိုင်သေးပါလား ... လို့ တွေးလိုက်တာ။ ထောင်,ထက် သံသရာကို၊ ငါ ... ပိုကြောက်သွားတယ်ကွာ။

အဲဒါကြောင့်၊ ထောင်က, လွတ်ဖို့၊ မစဉ်း





စားတော့ဘူး။ သံသရာက, လွတ်ဖို့ပဲ၊ စဉ်းစားတော့တယ်။ အဲ့ဒီ စဉ်းစားဉာဏ်နဲ့ပဲ။ ငါ ... တရားထိုင်တယ်။

လေးလေးနက်နက် ပြောရရင်တော့၊ တရားအားထုတ်တယ်ပေါ့ကွာ။

တရားအားထုတ်ဖြစ်တာနဲ့ အမျှ ဆောက်တည်ရမယ့် ... သီလ။ ကျင့်ကြံရမယ့် သမာဓိ၊ ပွားများအားထုတ်ရမယ့် ... ဘာဝနာကိစ္စတွေနဲ့ နှိုင်းယှဉ်လိုက်ရင်၊ ထောင်စည်းကမ်းဆိုတာ၊ မလိုက်နာနိုင်စရာကို၊ မရှိတော့ပါဘူး။

ရောက်တဲ့နေရာရဲ့ စည်းကမ်းကို၊ ရောက်လာတဲ့ လူတိုင်း ... လိုက်နာနိုင်ပြီဆိုရင်၊ မချမ်းသာစရာ၊ မရှိတော့ဘူးပေါ့။

ရောင်းမှား ... ဝယ်မှား ... ပြောမှား ဆိုမှား၊ အပြုအမူမှားတဲ့သူတွေ၊ ဒီထဲမှာ အားလုံး ရှိတယ်။ သံသရာမှာ။ ဒါမှမဟုတ်၊ ပစ္စုပ္ပန်မှာ ...။ ငါဟာ ... တစ်စုံတစ်ဦးကိုများ၊ လျောင်မိ ပိတ်မိခဲ့လေသလား ... လို့ တွေးလိုက်ရုံနဲ့ ကိုယ့်အပြစ် ကိုယ်ခံ၊ ကိုယ့်အကြွေး ကိုယ်ဆပ်ရတာပါလား ... လို့ နှလုံးသွင်းနိုင်တာပေါ့ကွာ"

"မင်း ... ဒီက, ထွက်ရင်၊ ဘုန်းကြီးဝတ်



www.burmeseclassic.com

www.burmeseclassic.com



မလား''

''သာသနာ့ဘောင်ကို၊ ထောင်ထွက်တော် ယောက်၊ သွားပြီး၊ အနှောင့်အယှက် မပေးချင်ပါဘူး ကွာ။

လူ့ရုပ် . . . လူ့ရွာမှာ၊ လူ့စည်းကမ်းတွေကို လိုက်နာပြီး၊ လူအဖြစ်နဲ့ပဲ အားထုတ်လိုက်ပါဦးမယ်

''ဝမ်းရေးအတွက်ကော။ မင်း . . . ဘာလုပ် မလဲ''

''ပိုးမျိုး ကုဋေရှစ်ဆယ်လောက်ရှိတဲ့ ဒီ . . . ခန္ဓာကိုယ်ထဲကို၊ ပိုးတွေစားဖို့ ထည့်တာပဲကွာ။ ဘာ ထည့်ထည့်ပေါ့။ ထမင်း မထည့်နိုင်တောင်၊ ကော ညှင်းပေါင်းတို့၊ ဘိန်းမုန့်တို့၊ မုန့်ပေါက်စီတို့၊ ယ်သွင် လိုက်တာပေါ့ကွာ။ ဗျား . . . ဟား''

အလွန်အင်မတန် ငြိမ်းချမ်းနေသူ၊ သူငယ်ချင်းကို ကြည့် ပျက်၊ အနိစ္စာရုံအတွေး . . . အမြင်များပင်၊ စိတ်မှ ပျောက်ကွယ်လှ ရလေသည်။

မင်းရန်သူဟာ၊ ငါ့ရန်သူ။ ငါ့ရန်သူဟာ မင်း ရန်သူ . . . ဆိုတဲ့၊ စိတ်မျိုး။ ညီအစ်ကို, မောင်နှမ, ဆွေမျိုးသားချင်းတွေ တောင်မှ၊ ထားပေးနိုင်ဖို့ ခဲယဉ်းတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

ကျွန်တော့် ဖခင်ဘုန်းကြီးရှိရာသို့ မြတ်သူကို၊ ကျွန်တော် အရင် လိုက်ပို့သည်။ ပြီးနောက်, ရွှေတိဂုံစေတီသို့ လိုက်ပို့ပြီး၊ သဉ်ကျေးမှုတက္ကသိုလ်တွင်၊ ပညာသင်ကြားနေသော၊ နောက်ဆုံးနှစ် ကျောင်းသူ၊ မဒေဝီထံ၊ ကျောင်းကြိုဖို့ ထွက်ခဲ့ကြ၏။

"မင်း ... နေ့တိုင်းကြိုရတာပဲလား"

"အားတဲ့အချိန် ကြိုတယ်။ အားတဲ့အချိန် ပို့တယ်။ မအားရင်တော့၊ သူ့ဘာသာ Taxi ငှားသွားတယ်။

မင်း ... နမကာ၊ အားနာတတ်တယ်ကွ။ တစ်ခါတစ်ရံ ငါ ... အိပ်ရာထ, နောက်ကျရင်၊ နိုး မနေတော့ဘူး။ သူ့ဘာသာ ဖြစ်သလို သွားတော့တာပဲ"

လက်မှနာရီကို တစ်ချက်ကြည့်ကာ၊ ကျောင်းအတွင်းသို့ ကားကို ညင်သာစွာ ကွေ့ဝင်လိုက်သည်။

"သူ့ အတန်းဆိုန်ပြီးဖို့၊ လိုသေးတယ်ကွ"



www.burmeseclassic.com

ပြောပြီး၊ ကားကို ရပ်လိုက်သည်။ ကားပေါ်မှ ဆင်း…
နှစ်ယောက်စလုံး ကားကို ကျောမှီလျက်ရပ်၏။

"ပို့မြေခင်နဲ့ မင်းနဲ့ ဘာဖြစ်လို့ ပြတ်သွား…
တာလဲ"

မည်သို့သော စကားဆက်စပ်မှုမျှ မရှိဘဲ၊ ရုတ်တရက်
မေးမြန်းလိုက်သည်။ မြတ်သူ၏ အမေးစကား။

"ပြတ်သွားတာ၊ မင်းဘယ်လိုလုပ်သိလဲ"

"ငါ့ဆီလာတဲ့၊ ဒီ … ခြောက်နှစ် ခုနှ…
နှစ်အတွင်းမှာ၊ မင်း … ပို့မြေခင့် အကြောင်း
မပြောဘူး။ ပြီးတော့ …, အာကာ့အကြောင်း
မပြောဘူး။

အဲဒီအနေအထားကို ထောက်ပြီး စဉ်း…
ကြည့်ရင်၊ ပို့မြေခင်နဲ့မင်းနဲ့ မပတ်သက်ဘူး…
အာကာ, တစ်ခုခု …"

မြတ်သူက၊ စကားလုံးအဆုံးကို အမူအရာဖြင့် ပြော လေ…
သူ ထောက်ပြသည်ကို၊ ကျွန်တော် မငြင်းတော့ဘဲ …

"အာကာက၊ ဇီဇဝါနဲ့ ယူသွားပြီ…
ပို့မြေခင်က … ငါ မဟုတ်တဲ့ တခြားတစ် ယော…
ယူသွားပြီ"

မြတ်သူက …,

"ဘာဖြစ်လို့ ပြတ်သွားတာလဲ … လို့ …





… မေးတာလေ"

"ဒီလိုပါပဲကွာ"

"အသေးစိတ် ပြောပြဖို့ မင်း … ခက်
နေလို့လား"

"မင်း … ခန့်မှန်းချက်တွေ၊ မှန်လှချည်
လား"

"လူ … စွမ်းဆောင်ဖို့ ကျဉ်းမြောင်းတဲ့
နေရာမှာ၊ စိတ်ကို စွမ်းဆောင်ထားရင်၊ အရာရာ
ကို ခန့်မှန်းရတာ၊ နီးစပ်တယ်ပေါ့ကွာ။

နောက်ပြီး … ထောင်ထဲမှာလည်း၊ ငါ
ကြားတယ်ကွ။ မင်းကို အားနာလို့ ငါ … မမေး
တာပါ။ ငါ့နှမ, မင်းနဲ့ ယူသွားပြီ ဆိုတဲ့ စကား
အထိ၊ ငါ, ကြားတယ်"

ကျွန်တော် စိတ်ပျက်,လက်ပျက်၊ မျက်နှာ ပျက်သည်။

"စကားတင်း ဆိုတာ၊ တစ်ဆင့်တစ်ဆင့်
ပြန့်ကားသွားတတ်တာပဲလေ။ အဲဒါတွေကို၊
ဆက်စပ်ကြည့်လိုက်ရင်၊ မင်းနဲ့ပို့မြေခင်၊ ပြတ်ပြီ။
ပြတ်ရတဲ့အကြောင်းရင်းက,လည်း ငါ့ကိစ္စ၊ ငါ့နှမ
နဲ့ မင်းကို သဝန်တိုတဲ့ကိစ္စ။ ဒါပဲ နေမှာပေါ့။
ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ငါ ... စိတ်မကောင်းဘူးကွာ"

"မင်းက၊ စိတ်မကောင်းဖြစ်နေ ဟိုဘ ... ကလေးတောင် ရပြီးနေပြီ"

"ဩော်"

ထိုစဉ် ... ခပ်လှမ်းလှမ်းမှ၊ ဒေဝီ လမ်းလျှောက်လာသည်ကို မြင်နေရ၏။ ဒေဝီလည်း၊ ကျွန်တော်တို့ကို မြင်လေသည်။

"အဲဒါ ...၊ဒေဝီလား။ ငါ့နှမ,ဒေဝီလား။ ကျက်သရေရှိလိုက်တာကွာ။ မင်း ... အရမ်းတော်တယ်။ မင်းကို ငါ ... အရမ်းကျေးဇူးတင်တယ်ကွာ"

"ငါ ... တော်တာမဟုတ်ဘူးကွ။ သူ့တက္ကသိုလ်က တော်တာယေ။ ယဉ်ကျေးမှုတက္ကသိုလ်။

ဆတ်ကော့လတ်ကော့ တက္ကသိုလ်မဟုတ်ဘူး။ ပျံ့ပျံ့လန်လန် တက္ကသိုလ် မဟုတ်ဘူး"

မြတ်သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးနောက် ...

"မင်းနဲ့ ငါ့နှမနဲ့။ သူတစ်ပါးတွေ ထင်သလို ဟုတ်များ ဟုတ်နေသလား။

ဟုတ်ရင်လည်း၊ ငါ ... စိတ်မဆိုးဘူးနော်။ မဟုတ်ရင်လည်း ငါ့ကို စိတ်မဆိုးနဲ့"

ကျွန်တော် မဖြေ။ ပြုံးလျက်သာ နေ၏။ ခြေလှမ်းမှန်





ခြေလှမ်းမြန်မြန်ဖြင့်၊ ဒေဝီ ရောက်လာသည်။

"ကိုကိုကြီး"

မြတ်သူကို၊ ပြေးဖက်ကာ၊ ငိုလေတော့၏။ မြတ်သူက, နှစ်သိမ့်စကား ဆို၏။ အုန်းဝန်းကျင်တွင်၊ လူသူ မကင်းသောကြောင့်၊ ခေတ္တမျှသာ သူ ... ငိုသည်။

အငိုရပ်ကာ၊ သူ့အစ်ကိုကို၊ ကန်တော့သည်။ ပြီးနောက် ... ကျွန်တော့်ကို ကန်တော့သည်။

"ဒေဝီ၊ အိမ်ကျမှ လုပ်ပါ"

ကျွန်တော့်အတားအဆီး အထ,မမြောက်။

"ကိုကိုကြီး မရှိခင်မှာ၊ တကယ့် အစ်ကို တစ်ယောက်လို၊ တကယ့် နှမကို စောင့်ရှောက်သလို မျိုး၊ ပွဲပြင်စောင့်ရှောက်ခဲ့တဲ့၊ ကိုတောက်ကို၊ ဒေဝီ့ တက္ကသိုလ်မြေပေါ်မှာ၊ ဒေဝီ ရိုရိုသေသေ လေးလေး မြတ်မြတ်။ ကန်တော့ချင်လို့ပါ"

ပြောပြောငိုငိုဖြင့်၊ ဒေဝီ ကန်တော့လေ၏။

ကျွန်တော် မျက်ရည်ဝဲသည်။ မြတ်သူ မျက်လုံးတွေ နီနေသည်။

"ဟော့ကောင်၊ ဆုပေးလိုက်လေကွာ"

မြတ်သူက၊ အငိုသံ, အငိုဟန်ကို ထိန်းကာ၊ လည်ချောင်း တစ်ဆို့သံဖြင့်၊ ကျွန်တော့်ကို၊ ပြော၏။ ဝေ့ဝဲသော မျက်ရည်ကို သုတ်ခတ်ပြီးမှ ...

www.burmeseclassic.com



"အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို၊ ကိုယ်စားပြုသော၊ မြန်မာ အမျိုးသမီးတစ်ဦးအဖြစ်၊ ကမ္ဘာတင်းကြည့်ရသောသူ ဖြစ်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဒေဝီ့လက်ကို၊ ကျွန်တော် ဆွဲယူဖေးမ,လိုက်သည်။ ကျွန်တော့်အပြုအမူကို၊ မြတ်သူ ကြည့်ငေးနေ၏။

"သတိမထားမိခင် အခါတုန်းက,တော့ ချစ်သူရည်စားဆိုတာ၊ အသည်းနှလုံးရဲ့ ဘယ်လက်ရုံး ... လို့၊ ထင်ခဲ့မိသေးတယ်။

သူငယ်ချင်းဆိုတဲ့ ဝေါဟာရရဲ့ အတိမ်အနက်ကို သိလိုက်ရတဲ့အချိန်မှာက စ,ပြီး၊ ငါ့ သူငယ်ချင်းတွေကို၊ ငါ့ရင်ထဲမှာ၊ ငါ ... ထည့်ထားခဲ့တယ် မြတ်သူ။

အထူးသဖြင့်၊ မင်းကိုပေါ့။ မင်းရန်သူဟာ ငါ့ရန်သူ။ ငါ့ရန်သူဟာ မင်းရဲ့ရန်သူ ... ဆိုတဲ့ စိတ်မျိုး။ ညီအစ်ကို၊ မောင်နှမ, သွေးမျိုးသားချင်းတွေတောင်မှ၊ ထားပေးနိုင်ဖို့ ခဲယဉ်းတယ်။

အဲဒီစိတ်မျိုးအတိုင်းပဲ။ မင်းရန်သူဟာ၊ ငါ့ရန်သူ ... လို့ သဘောပိုက်ထားသလို၊ မင်း နှမ,လေးဟာ၊ ငါ့နှမ,လေးပေါ့ကွာ။

ယောက်ဖ,ရေ သူငယ်ချင်း ... ဆိုတဲ့ စကားကိုတောင်၊ ငါ ... သိပ်မုန်းတယ် သူငယ်ချင်း။ ဘယ်



## အသည်းနှလုံး၏ဘယ်လက်ရုံး

သူငယ်ချင်းကိုမှ၊ ငါ ... ယောက်ဖ မတော်ချင်ဘူး"

ပြုံးလျက် နူးညံ့စွာ ကျွန်တော် ပြောသည်။ ပြီးနောက် ... ကျွန်တော့်လက်ထဲရှိ၊ ဒေဝီ၏ လက်ဖဝါးလေးကို၊ မြတ်သူ၏ လက်ထဲသို့ လွှဲပြောင်းပေးလိုက်၏။

"မင်း မရှိခင်မှာ၊ မင်းနှမကို၊ ငါ ... စောင့်ရှောက်ပေးထားတယ်။

အခု ... မင်း, စောင့်ရှောက်ထဲ့အလှည့်"

မြတ်သူက၊ သူ့ နှမ,ကို လက်တွဲသည်။ ပြီးနောက် ..., ကားနောက်ခန်းတံခါးကို ဖွင့်ပေးသည်။ ဒေဝီ, ဝင်ထိုင်သည်။

"ငါ့ မေးခွန်းအမှားအတွက်၊ ငါ့ကို စိတ်မဆိုးနဲ့ကွာ"

မြတ်သူ၏တောင်းပန်၊ စကား။

ဒေဝီ သဲ့သဲ့မျှမကြား။

"သိချင်လို့ မေးတာပဲ။

စော်ကားချင်လို့ မေးတာမှမဟုတ်တာ။ ငါ ... စိတ်မဆိုးပါဘူး။

ကဲ ...။ ကားပေါ်တက်။ အိမ်သွားရအောင်"

မြတ်သူက၊ သူ့,နှမ, နံဘေးတွင်၊ ထိုင်မည်ပြုသည်။ ပြီးမှ၊ ကျွန်တော့်နံဘေးတွင် ဝင်ထိုင်၏ နောက်ခန်းရှိ ဒေဝီ့ကို၊ နှစ်ယောက်သား လှည့်ကြည့်ဖြစ်ကြသည်။

ဒေဝီ၊ မျက်ရည်၊ သုတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

"မြတ်သူဆိုတာ ခင်ဗျားလား"

အိမ်ရှေ့တွင်၊ ကားရပ်ရပ်ချင်း၊ ကောင်လေး, လေးယောက်၊ ကျွန်တော့်ကားကို ဝိုင်းလိုက်သည်။ ထိုအထဲမှ၊ တစ်ယောက်ကို၊ ကျွန်တော် သိ၏။ ထိုတစ်ယောက်က, မြတ်သူကို မေးလိုက်ခြင်း ဖြစ်သည်။

"ဒေဝီ။ အိမ်ထဲမြန်မြန်ဝင်"

ကားတံခါးကို အလျင်အမြန်ဖွင့်ပြီး၊ ကျွန်တော် ဒေဝီ့ကို၊ နှင်ထုတ်သည်။ ဒေဝီ ပေကပ်ကပ်လုပ်နေသေး၏။ "မြန်မြန်ဝင်စမ်းပါ" ...ဟု၊ ပြောပြီး၊ ကျွန်တော် ဆတ်ဆတ်ကလေး တွန်းလိုက်ပြီး၊ မြတ်သူ နံဘေးတွင် ရပ်သည်။

"ငါနာမည် မြတ်သူပဲ။ ဟုတ်တယ်"

"ကျုပ်ကို သိလား"

"ဟိုတုန်းက,တော့ မသိဘူး။ အခု ... အခု ... ချက်ချင်း သိလိုက်တယ်။ မင်းဟာ၊ ငါ ... သတ်မိခဲ့တဲ့ ရဲမင်းရဲ့ ညီပဲ ဖြစ်ရမယ်"

"ဟုတ်တယ်။ အခု ... ကျုပ်အကြွေး လာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတာ''

ထိုကောင်လေးနှင့်အတူ ကျွန်သုံးကောင်ကိုပါ ကျွန်တော် မျက်ခြည်မပြတ် သတိမလပ်စွာ ကြည့်နေရသည်။

ကျွန်တော် ... မြတ်သူကို တီးတိုးမေးလိုက်သည်။

''မြတ်သူ။ ကျော့ချင်းကပ်မလား။ ရင်ချင်း အပ်မလား''

''ငါ ... ရင်ချင်း အပ်ကြည့်ချင်တယ်။ ရင်ချင်းအပ်လို့ မရရင်တောင်၊ ကျော့ချင်း မကပ်ချင်တော့ဘူး။ လွတ်အောင် ရှောင်ချင်တယ်''

''အေး။ ကောင်းပါတယ်။ ကြိုးစားကြည့်တာပေါ့''

ကျော့ချင်းကပ်သည် ... ဟူသော အဓိပ္ပာယ်မှာ ရန်သူကို ရင်ဆိုင်ရန် သူငယ်ချင်းနှစ်ယောက် ကျောချင်းကပ်ပြီး ရန်သူဘက်ကို မျက်နှာမူခြင်း ဖြစ်ပြီး၊ ရင်ချင်းအပ်သည် ... ဟူသော အဓိပ္ပာယ်မှာ တစ်ဖက်ရန်သူနှင့် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်သည်။

''အကြွေးဆိုတာ၊ ဆပ်ရမှာပဲ။ ဟုတ်တယ် မင်း ... မှန်တယ်။

ထောင်ထဲမှာ၊ ငါ့ အပြစ်ဒဏ်ကို၊ ငါ ခံပြီးပြီ ... လို့ ငါ ... မစာမနာ မပြောဘူး။ ထောင်ထဲမှာ ငါ ... ဘယ်လိုအပြစ်ဒဏ်ပဲ၊ ခံခံ။ သေသွားတဲ့ ရဲမင်း၊ ပြန်ရှင်မလာနိုင်တော့ဘူး။





အဲဒီတော့ ...,

ညီတစ်ယောက်အနေနဲ့၊ အကြွေး လာတောင်းတဲ့ မင်းဟာ။ ငါ့အသက်က,လွဲလို့၊ တခြားဘာကိုမှ ယူမှာမဟုတ်ဘူး။

ငါ့အသက်မှ မပေးရင်လည်း၊ မင်း ... ကျေအေးမှာမဟုတ်ဘူး။ ငါ ... ကိုယ်ချင်းစာတယ်။ အချိန်မီဦးမယ်ဆိုရင်၊ ငါ ... တောင်းပန်ချင်တယ်။ ငါ့ကို ခွင့်လွှတ်ပါကွာ''

''လုံးဝ ... ခွင့်မလွှတ်ဘူး''

''ငါ့ကို မသတ်ပါနဲ့ ... လို့၊ ငါ ... တောင်းပန်တာ မဟုတ်ဘူး။ ငါ ... ကျူးလွန်မိခဲ့တဲ့ အပြစ်အတွက်၊ ငါ ... ကိုယ်ချင်းစာမိပြီ ဆိုတာ၊ သိစေချင်လို့ တောင်းပန်တာ။

ကဲ ...။ ခါးကြားထဲမှာ၊ ပါလာတဲ့ မင်းရဲ့ ဓားနဲ့၊ ငါ့ကို ထိုးလိုက်တော့''

မြတ်သူက ... အင်္ကျီကြယ်သီးများကို၊ တစ်လုံးချင်း ဖွင့်ပေးလေသည်။ ပြီးနောက် ... ရဲမင်း၏ညီဖြစ်သူ အနားသို့ ကပ်သွား၏။ ကျွန်သုံးယောက်မှာ မလှုပ်မယှက်။

''တစ်ချက်တည်းနဲ့၊ အသေထိုး။ တစ်ချက်ထက် ပိုထိုးမိရင်။ ထောင်ဒဏ်ပိုများတယ်။ အဲဒါကို မင်း ... သိလား''

www.burmeseclassic.com



"မသိဘူး။ ကျုပ် သတ်ချင်တာပဲသိတယ်"

"ဟုတ်တယ်။ လူသတ်မှုနဲ့ ထောင်ထဲ ရောက်သွားတဲ့သူတိုင်း၊ အဲဒီ သတ်ချင်စိတ် တစ်ခု တည်းကြောင့်၊ ထောင်ထဲရောက်သွားကြရတာ။

ငါလည်း၊ မင်းလိုပဲ။ သတ်ချင်စိတ် တစ်ခု တည်းကြောင့်၊ ထောင်ထဲမှာ ခုနစ်နှစ်ယောက် ကြာ သွားရတယ်။

ငါက,မှ၊ တစ်ယောက်တည်း၊ ဆုံးဖြတ်ပြီး တစ်ယောက်တည်း ကျူးလွန်ခဲ့တာ။ တားမယ့်သူ မရှိဘူး။ မင်းကမှ၊ ငါ့ထက် ကံကောင်းသေးတယ်။ အနားမှာ တားမယ့်သူတွေ ရှိနေတယ်။

မင်း ... သူငယ်ချင်းတွေ၊ မတားရင်၊ ငါ တားတယ်ကွ။ လွယ်တဲ့အလုပ် မလုပ်စမ်းပါနဲ့။ လူသတ်တယ်ဆိုတာ၊ ခက်တယ်ထင်လို့လား ...။ လွယ်လွယ်လေးကွ။

၀ ငါ ... အဲဒီ လွယ်တဲ့အလုပ်ကို၊ လုပ်ခဲ့လို့ ထောင်ကျခဲ့တာ။ ခွင့်လွှတ်ခြင်း ... ဆိုတဲ့ ခက်တဲ့ အလုပ်ကိုသာ၊ ငါ ... လုပ်နိုင်ခဲ့ရင်၊ ငါ့ဘဝ နောက် ကျောမှာ၊ ထောင်ထွက်ဆိုတဲ့ ဝေါဟာရကြီး ကပ်ပါ လာမှာမဟုတ်ဘူး"

မြတ်သူက၊ စကားရပ်သည်။ ပြီးနောက် ...





မည်သူ့ကိုမျှ မကြည့်တော့ဘဲ၊ မျက်လွှာချကာ စကား ဆပ်၏။

"ခွင့်လွှတ်လို့ ရရင်၊ ခွင့်လွှတ်ကြည့်ပါလား ကွာ။ အရမ်းခက်တဲ့အလုပ်ကို၊ မင်း ... လုပ်ကြည့် ပါလား၊ ဗိုက်ထဲကို ဓားတစ်ချောင်း ထိုးသွင်းရတာ၊ လွယ်လွယ်လေးပါကွာ။ ဒါပေမဲ့ ... အဲဒီလို မလုပ်မိ အောင်၊ ထိန်းသိမ်းရတာ၊ အရမ်းခက်ပါတယ်"

ရဲမင်းဇော်ညီဖြစ်သူက၊ သူ့အဖော်တွေကို ဝေ့ခနဲကြည့်၏။

"ခင်ဗျား၊ ကျုပ်အစ်ကိုကို သတ်ခဲ့တုန်းက, အဲဒီလိုမျိုး လုပ်ခဲ့လို့လားဗျ"

ငိုသံ စကား။

"မလုပ်ခဲ့လို့၊ ထောင်ကျတာပေါ့။ ထောင် ... ဆိုတာ၊ ဘယ်လိုပုဂ္ဂိုလ်မှ မရောက်သင့်တဲ့ နေရာ ပဲ။

တချို့လူတွေက,တော့ ပြောတာပေါ့ကွာ။ ယောကျ်ားဆိုတာ၊ ထောင်တချုပ်ရတယ် ... တဲ့။

အဲဒါ ... တော်တော်မှားတဲ့၊ အယူအဆပဲ။ ထောင်ဆိုတာ မကောင်းဘူး ... ညီလေး။ မနေအပ် ဘူး။

မီး ... ဆိုတာကို၊ ကိုယ်တိုင် မကိုင်မိခင်၊ ကိုင်မိတဲ့သူ ပူသွားတာကို ကြည့်ပြီး၊ ကိုယ့်အလှည့်



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ကိုင်ကြည့်စရာမလိုတော့ပါဘူး။

ငါ . . . ထောင်ထဲက ပြန်လာတာပါကွာ။ ထောင်ထဲမှာ၊ ဘယ်သူမှ မနေအပ်ဘူး။ ရောက်ဖူးတဲ့လူ ပြောတာကို၊ မသွားဖူးဘဲနဲ့ ယုံကြည်ပါကွာ။ ထောင်ဆိုတာ၊ ဘယ်သူမှ မသွားသင့်တဲ့ နေရာဆိုတာ၊ ယုံပါ။

အဲဒီ ထောင်ထဲကို၊ လူတွေ မရောက်အောင် စည်းရိုး၊ ကာပေးထားပါသေးတယ်။ အဲဒီစည်းရိုးကို ကျော်မိမှ၊ ထောင်ထဲကို၊ ရောက်ကြရတာ။

အဲဒါ က,တော့၊ ဥပဒေပဲ၊ ဘယ်သူ့မှ မထိုးရ သေးဘဲ၊ ထိုးဖို့ရည်ရွယ်ချက်နဲ့ လက်နက် ကိုင် ဆောင်ရင်၊ အဲဒါ . . . ထောင်ကျတတ်တယ်။ ပုဒ်မ ရှိတယ်။

အခု . . . မင်းတို့ ထိုးတောင်မထိုးရသေးဘူး ခါးကြားမှာ ဓားဆောင်ရုံနဲ့ ထောင် နှစ်နှစ်လောက် ကျနိုင်တယ်''

''ဘာဖြစ်လို့ကျရမှာလဲ။ ထိုးမှ မထိုးရသေး တာ''

''လက်နက်ကိုင်ဆောင်မှုဆိုတာ၊ ပုဒ်မ ရှိ တယ်ကွ။ ဥပဒေရှိတယ်။ ဥပဒေကို၊ ဖောက်ဖျက်မိ ဆိုတာနဲ့ ထောင်ထဲကို ရောက်ပြီပဲ။





ထောင်ထွက်ဆိုတဲ့၊ တံဆိပ်ကြီးကို၊ စိတ်ထဲက ခွာချဖို့၊ ပတ်ဝန်းကျင်က၊ ခွာချဖို့၊ မနည်း ကြိုးစားရဦးမှာ။

ငါ့ကိုတွင် မဟုတ်ဘူး။ မင်း . . . ဓားနဲ့ ထိုးချင်တဲ့ လူတိုင်းကို၊ ခွင့်လွှတ်ကြည့်ပါလားကွာ။

ခက်တဲ့အလုပ်ကို၊ တစ်ခါလောက် လုပ်ကြည့်ပါ။ ငါက,တော့၊ တစ်ခါမက, အခုက, စပြီး၊ လုပ်တော့မယ်။ မင်းကို လက်တို့ပြန်ပြီး၊ ထောင်ထဲလည်း၊ ပြန်မဝင်ချင်တော့ဘူး။

မင်း . . . လုပ်တာပဲ ခံတော့မယ်။ မင်း . . . ငါ့ကို သတ်လိုက်လို့၊ သံသရာမှာ၊ ငါက . . . မင်းကို ပြန်ပြီး၊ မကြွေးမိအောင်၊ ငါ, မင်းကို၊ အခုကတည်းက, စ,ပြီး ခွင့်လွှတ်ပါတယ်။

ဝဋ်ဆိုတာ၊ သေချာပေါက် ပြန်လည်တတ်တယ် . . . ဆိုတာ၊ ငါ . . . ယုံကြည်တယ်။

အဲဒီတော့၊ ငါ့ညီရယ်။ ရဲမင်း ခံရသလို၊ ငါ . . . ပြန်ခံရတယ် . . . လို့ပဲ၊ ငါ . . . နှလုံးသွင်းပါ့မယ်။ မင်းကိုတော့၊ ငါ . . . ထောင်ကျသလို မကျစေချင်ဘူးကွာ၊ ကဲ . . . မင်းသဘောပဲ ငါ့ညီရေ''

ပြောပြီး၊ မြတ်သူ မျက်စိမှိတ်ကာ၊ ဝမ်းဗိုက်ကို ပြ၍ နေသည်။ ကျွန်တော် မျက်တောင်မခတ်မိအောင် နေရသည်။



www.burmeseclassic.com

"ထောင်က ထွက်ထွက်ချင်း၊ ထောင်ထဲတော့ ပြန်မဝင်တော့ဘူးကွာ။ နောင် . . . ,တခါလွန်ပဲ သွားတော့မယ်။ ကဲ . . . ,

မင်း, စိတ်ထဲက အတိုင်း လုပ်လိုက်တော့"

ရဲမင်း၏ညီ၊ သူ့ခါးကြားထဲကို လက်နှိုက်၏။

"တောက်"

တက်ခေါက်သည်။ ပြီးနောက် ဓားမြှောင်တစ်ချောင်း ထုတ်ပြီး မြတ်သူ၏ နံဘေး၊ ကျွန်တော့်ကားရှေ့ဖုံးပေါ်သို့ တင်လိုက်သည်။

"ခွင့်လွှတ်တယ်ဗျာ၊ ဓားလည်း မကိုင်ချင်တော့ဘူး၊ ခင်ဗျားဘာသာ ယူလိုက်တော့။

ဟော့ကောင်တွေ . . . သွားမယ်။ မင်းတို့လည်း၊ မှတ်ထားကြ၊ လူသတ်တာ လွယ်တယ်ကွ၊ မသတ်ချင်အောင် ထိန်းရတာ ခက်တယ်"

ပြောပြောဆိုဆိုဖြင့်၊ အနားမှ ထွက်သွားကြ၏။

မြတ်သူ မျက်လုံး၊ မဖွင့်သေး။

တည်ကြည်စွာ မျက်လုံးမှိတ်ထားသော မြတ်သူကို၊ ကြည့်ပြီး . . . ကျွန်တော် လွန်စွာ တုန်လှုပ်မိချေသည်။ ကျွန်တော့် အမေနှင့် ဒေဝီတို့ အိမ်ထဲမှ ထွက်လာကြလေ၏။

"မြတ်သူ"

မြတ်သူ မျက်လုံးဖွင့်သည်။

"မင်း . . . သေမှာ မကြောက်ဘူးလား"





"လူတိုင်း ကြောက်တာပေါ့ကွာ။ အသက်၊ အသက်ချင်း အကြွေးဆပ်လိုက်မယ် . . . လို့၊ နှလုံးသွင်းလိုက်တော့လည်း၊ ငါ့အဖို့ သေတယ်ဆိုတာ၊ အကြွေးတစ်ခါဆပ်တာနဲ့ အတူတူပါပဲ။

ရဲမင်းရဲ့ ညီက,တော့၊ ငါ့ကို ခွင့်လွှတ်သွားပြီ၊ သံသရာကြီးက ငါ့ကိုခွင့်လွှတ်ပါ့မလား။ အဲဒါကိုသေမှာထက်၊ ငါ . . . ပိုကြောက်တယ်" 13

မဲ့ပြုံးပြုံးလျက်၊ မြတ်သူ ပြော၏။

သူ ပြောသော သံသရာကို၊ ကျွန်တော်လည်း၊ ကြောက်တတ်နေသည်။ သို့သော် . . . သူ့ကဲ့သို့ ကျွန်တော့်မှာ၊ မတည်ကြည်၊ မငြိမ်သက်နိုင်သေး။ ဘဝ တက္ကသိုလ်ကြီးက၊ သူ့အား၊ လေ့ကျင့်သင်အံ့ပေးခဲ့ပြီ။

"သားတို့၊ အထဲဝင်ကြလေ" . . . ဟု၊ အမေ ပြောသည်။

"ဟုတ်ကဲ့" . . . ဟု၊ ကျွန်တော်ပြောပြီး မြတ်သူ၏ ပခုံးကို ဖက်လိုက်၏။

တစ်စုံတစ်ဦးကြည့်နေသလိုလို ခံစားရသဖြင့်၊ လှရိပ် ဈေးရာသို့ ကျွန်တော် ငဲ့ကြည့်မိသည်။

ကလေးဆိုးကာ၊ ကျွန်တော်တို့ကို ကြည့်နေသော၊ ဖိုးဇေ

www.burmeseclassic.com



ခင်ကိုတွေ့၏။ ကျွန်တော် အကြည့်လွှဲလိုက်စဉ်၊ မြတ်သူက…

"ဘာ ကြည့်တာလဲ"

"ငါတို့ကို၊ ဖို့မေခင် ချောင်းကြည့်နေတယ်

ကွ။ ရန်ဖြစ်မယ်ထင်ပြီး၊ ကြည့်တာထင်တယ်"

"တစ်ရပ်ကွက်လုံး ကြည့်နေတာ" …ဟု၊ မြတ်သူ ပြောသည်။ အိမ်ပြတင်းများ၊ အိမ်ဝင်ပေါက်များတွင်၊ လူတွေ ပြုံ့တစ်ဘစ်ဖြစ်နေသည်ကို၊ တွေ့ရ၏။

ကျွန်တော် …တစ်ကိုယ်တည်း၊ ပြုံးမိသည်။ "ဘာပြုံးတာလဲ" …ဟု ဒေဝီမေး၏။ "ဪ …။ ပတ်ဝန်းကျင်ကိုကိုယ်က …ပြန်ချောင်းကြည့်ရတာ၊ သဘောကျလို့ပါ" …ဟု၊ ကျွန်တော် ပြောလိုက်၏။ ပြီးနောက် …ဖို့မေခင် ရှိရာ ပြတင်းပေါက်သို့၊ မကြည့်မိအောင်၊ ထိန်းရပြန်သည်။ သံသရာက၊ ကျွန်တော့်ကို၊ သေသေချာချာ ချောင်းကြည့်နေလေ၏…။ ∎

❦ ❦ ❦

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

2007 June 14

8:02 (A.M)



BURMESE CLASSIC .com

www.burmeseclassic.com